WASH Cluster
Water Sanitation Hygiene

# ရေ/သန့် လုပ်ငန်းစုအဖွဲ့ မဟာဗျူဟာမြောက်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခြေခံစနစ် (မူဘောင်သတ်မှတ်ချက်)

## ရခိုင်ပြည်နယ်နှင့်ကချင်ပြည်နယ်များရှိ ရွှေ့ပြောင်းနေရာချခြင်းခံရသူများ၏ပဋိပက္ခဆိုင်ရာတုန့်ပြန်မှု

၂၀၁၅



## (ရခိုင်ပြည်နယ်)

| ရေ/သန့်လုပ်ငန်းဆိုင်ရာ ရည်မှန်းလူဦးရေ | လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်မှုအစီအစဉ်လိုအပ်နေသည့်လူထု | ဖြစ်ပျက်မှုပမာဏ ရေ/သန့်အဖွဲ့မှရည်မှန်းချက် |
|---|---|---|
| စခန်းများတွင်ရှိနေသည့် ရွှေ့ပြောင်းနေရာချထားခံရသူများ | ၁၁၆,၁၈၃ | ၁၁၄,၃၉၂ |
| မိသားစုနေအိမ်များတွင် ရွှေ့ပြောင်းရောက်ရှိနေသူများ | ၈,၁၅၈ | ၁၃,၇၂၄ |
| မူလနေထိုင်ရာကျေးရွာအတွင်း၌ပင် ရွှေ့ပြောင်းချထားခြင်းခံရသူများ | ၁၄,၉၆၉ | ၁၁,၁၉၄ |
| ရွှေ့ပြောင်းနေရာချထားခံရခြင်းမရှိသော<br>သော မူလနေထိုင်ရာ ကျေးရွာများ | ၁၀၀၀၀၀ | ၁၀၀,၀၀၀ |
| ရွှေ့ပြောင်းနေရာချထားခြင်းခံရသူများ မရှိသော ပတ်ဝန်းကျင်ကျေးရွာများ | | |
| ရွှေ့ပြောင်းနေရာချထားခြင်းခံရသူများမရှိသောပဋိပက္ခဖြစ်ပွားခဲ့သည့်နေရာများ | ၁၇၇၂၉၀ | ၇၀,၀၀၀ |
| Total | ၄၁၆,၆၀၀ | ၃၀၉,၃၁၀ |

## (ကချင်ပြည်နယ်)

| လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်မှုအစီအစဉ် ရည်မှန်းသတ်မှတ်ချက် | ရေ/သန့် လုပ်ငန်းဆိုင်ရာ ရည်မှန်းလူဦးရေ | ဖြစ်ပွားမှုပမာဏ |
|---|---|---|
| စခန်းများတွင်ရှိနေသည့် ရွှေ့ပြောင်းနေရာချထားခံရသူများ | အစိုးရထိန်းချုပ်မှုအောက်ရှိစခန်းများ ရွှေ့ပြောင်းနေရာချထားခြင်းခံရသူများ | ၃၉,၃၉၂ |
| | အစိုးရထိန်းချုပ်မှုပြင်ပရှိစခန်းများတွင် ရွှေ့ပြောင်းနေရာချထားခြင်းခံရသူများ | ၄၆,၉၉၄ |
| မိသားစုနေအိမ်များတွင် ရွှေ့ပြောင်းရောက်ရှိနေသူများ | အစိုးရထိန်းချုပ်မှုအောက် | ၃၈၆၅ |
| | အစိုးရထိန်းချုပ်မှုပြင်ပ | ၈၈၁၉ |
| ကျေးရွာများ | ကျောင်းသူကျောင်းသားများ | ၁၀,၀၀၀ |
| | ကျေးရွာများ | ၁၀,၀၀၀ |
| ပန်လည်နေရာချထားခြင်းခံရသူများ | | ရ၃၁ |
| | အနည်းအကျဉ်းမျှသာဖြစ်သော အရေးပေါ်အခြေအနေ | ၂၀,၀၀၀ |
| | စုစုပေါင်း ရည်မှန်းအကျိုးခံစားရသူများ | ၁၃၉,၈၀၁ |
| | | |

## **အလုပ်အမှုဆောင်စီမံခန့်ခွဲမှု အကျဉ်းချုံး**

*၂၀၁၅ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်မှုအစီအစဉ် မဟာဗျူဟာ ရည်မှန်းချက်များ*

**၁ ။ ပဋိပက္ခ ကြောင့် သို့မဟုတ် သဘာဝ ဘေး အန္တရာယ် ကျရောက်မှုကြောင့် ထိခိုက် အကျိုးသက်ရောက် သောသူများ ၏ ဘဝလုံခြုံ ရေးကို ကာကွယ်ခြင်း နှင့် ကူညီဖေးမခြင်း များ သေချာခိုင်မာမှုရှိစေရန်။**

**၂ ။ ပဋိပက္ခ ကြောင့် သို့မဟုတ် သဘာဝ ဘေး အန္တရာယ် ကျရောက်မှုကြောင့် ထိခိုက် အကျိုးသက်ရောက် သောသူများ ၏ အခြေခံ ဝန်ဆောင်မှု နှင့် စားနပ်ရိက္ခာ ရရှိ ပိုင်ခွင့်များကို အညီအမျှရရှိစေ ခြင်းများ သေချာခိုင်မာမှုရှိစေရန်။**

**၃ ။ လူ့အဖွဲ့အစည်း ၏ ပဋိပက္ခ သို့မဟုတ် သဘာဝ ဘေး အန္တရာယ် ကျရောက်မှု ဒဏ်ခံနိုင်ရည် မြင့်တင်ခြင်း နှင့် စောလျင်စွာ ပြန်လည်တည်ထောင်နိုင်ခြင်း နှင့် ရည်ရှေတည်တန့် နိုင်သောရလဒ် ရရှိ နိုင်ရေး။**

*ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ရည်မှန်းချက်များ*

**ရည်မှန်းချက် (၁)**

ရည်မှန်းလူဦးရေအတွက် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာအညီအမျှနှင့် ရေရှည်ရရှိစေရန်၊

**ရည်မှန်းချက် (၂)**

ရည်မှန်းလူဦးရေအတွက်ဘေးအန္တရာယ်ကင်းရှင်းပြီးရေရှည်သန့်ရှင်းရေးအခွင့်အလမ်းများကို အညီအမျှရရှိစေရန်နှင့် ညစ်ညမ်းမှုကင်းမဲ့သော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်စေရန်၊

**ရည်မှန်းချက် (၃)**

ရည်မှန်းလူဦးရေအတွက် အခြေခံကျသည့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်လူထုသန့်ရှင်းရေး အလေ့အကျင့်ကောင်းများ လက်ခံကျင့်သုံးလာစေရန်၊

ရည်မှန်းချက် တခုစီ နှင့် သက်ဆိုင်သော ညွှန်းကိန်း များကို 4W ဟုခေါ်သော အချက်အလက် များဖြင့်လစဉ် စောင့်ကြည့်လေ့လာ တိုင်းတာပါသည်။

## ရခိုင်

- ရေသန့်လုပ်ငန်းဆိုင်ရာလုပ်ငန်းစုအဖွဲ့များအနေဖြင့် နေရာဒေသတစ်ခုစီတွင် မူအဖွဲ့အစီး၏ရေသန့်လုပ်ငန်းဆိုင်ရာအဆောက်အအုံ အထောက်အပံ့များအပေါ် တက်ကြွစွာတာဝန်ယူမှု နှင့် ၎င်းတို့၏အမူအကျင့်များ တိုးတတ်ပြောင်းလဲမှုပေါ်တွင် ပုံမှန်စောင့်ကြည့်လေလာမှုအား ထိန်းသိမ်းထားရန်။
- စီမံကိန်း၏သတ်မှတ်ချက်များသည် လူမှုအဖွဲ့အစည်းတိုးတတ်မှုနှင့် ခံနိုင်ရည်ရှိမှုအား ပိုမိုအားဖြည့်ခြင်းကို အလေးထားစေရမည်။
- ရေ၏အရည်အသွေးကောင်းမွန်စေရန် အလေးထားစေရမည်။
- ဘေးဒုက္ခအန္တရာယ်များ မကျရောက်စေရေးနှင့်ပဋိပက္ခများကာကွယ်တားဆီးရေးအတွက် ပတ်ဝန်းကျင်ကျေးရွာများတွင် ထောက်ပံ့မှုလုပ်ဆောင်ချက်များဆောင်ရွက်ရန် (ဖွံ့ဖြိုးတိုးတတ်မှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ချိတ်ဆက်ခြင်းအားဖြင့်) အလှူရှင်အဖွဲ့အစည်းအား စဉ်ဆက်မ ပျက်တိုက်တွန်းနိုးဆော်ခြင်း။
- တကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာမြှင့်တင်ရေးလုပ်ငန်းစဉ်များကို နေရာဒေသအားလုံးတွင် လူတစ်ဦးချင်းစီအတွက်၎င်း၊ ဒေသခံလူထုတစ်ရပ်လုံးအတွက်၎င်း၊ ထိုသူတို့၏မတူညီသော ကွဲပြားခြားနားမှုများနှင့် အတားအစီးများကို ထိမ်းချုပ် ခြင်းဖြင့် အသိပညာပေးခြင်း
- ရေသန့်လုပ်ငန်းစဉ် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်စီစစ်ခြင်းတို့အား တိုးမြှင့်စေရန်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသနှင့် ဘူးသီးတောင်ဒေသတွင် ပြန်လည်အကောင်ထည်ဖော်ရန်။

## ကချင်

- ၂၀၁၄ ရခိုင်ပြည်နယ်နှင့် နိူင်းယှဉ်ပြီး ကချင်ပြည်နယ်သည် ထောက်ပံ့ငွေရရှိမှုအောက်တွင် တည်ရှိနေစဉ်လိုအပ်ချက် များကိုဖြည့်တင်းနိုင်ရန် စီမံကိန်းမှလွမ်းချုံနိုင်မှုအားကိုတိုး မြင့်ရန် ။
- ခံနိုင်ရေပိုမိုလာစေရန် အရေးပေါ်အဆောက်အအုံအနေအထားမှအမြဲတမ်းနီးပါးအသုံးပြုနိုင်သည့်ပုံစံ အနေအနားထားသို့ ပြောင်းလဲလာစေရန် လှုံ့ဆော်ခြင်း။
- မြို့နယ်အဆင့် အညစ်အကြေးပြန်လည်စွန့်ပစ်ခြင်းနည်းလမ်းတိုးတတ်ဖွံ့ဖြိုးစေခြင်း။
- နည်းပါးသောဝင်ငွေဖြင့် အကျိုးခံစားခွင့်ရှိသူတို့၏ကိုယ်ပိုင်စီမံမှုအရည်အသွေးအား အားသစ်လောင်းခြင်း၊ အကျိုးခံစားခွင့်ရှိသူတို့၏ မှန်ကန်သော ထိန်းသိမ်းမှုနည်းစနစ် ရရှိသေခြာစေရန်။
- သေးငယ်သောအရေးပေါ်အခြေအနေပြန်လည်တုန့်ပြန်မှု အရည်အသွေးနှင့်လုပ်ထုံးလုပ်နည်းအား ကျစ်လစ်ခိုင်မာစေခြင်း။
- 

## ကြားဖြတ်

- ကျန်းမာရေး အခြေအနေပေါ်တွင် ကောင်းမွန်သောအကျိုးသက်ရောက်မှုရှိစေရန် ရေထွက်ရာနေရာများကိုအဆင့်မြှင့်တင်ခြင်းနှင့် အိမ်သုံးရေသန့်နည်းကို တစ်ခုထက်မကအောင်ပြုလုပ်ခြင်းတို့ဖြင့် စိတ်ချရသောရေရှိနိုင်မှုကိုတိုးတက်အောင်လုပ်ဆောင်ရန်

- ရွှေ့ပြောင်းအခြေခံအသိုင်းအဝိုင်းများ၏ စွမ်းဆောင်ရည်တိုးတက်စေရေးကိုပို၍ရည်ရွယ်သောမဟာဗျူဟာချမှတ်ပြီး အထောက်အပံ့ ပစ္စည်းများဖြန့်ဝေခြင်းကို တဖြည်းဖြည်းရုတ်သိမ်းသွားရန်

- ဘုံချဉ်းကပ်မှုများအပေါ်အခြေခံ၍ CCCM အဖွဲ့နှင့်ပူးပေါင်းပြီး လူ့အဖွဲ့အစည်းစွမ်းအားတိုးမြှင့်ရေးအတွက် ကိုယ့်အားကိုယ်ကိုးနိုင်စွမ်း ရှိမှုကို ဖော်ဆောင်ရန်

- ရေ/သန့်ဆိုင်ရာအခြေခံအဆောက်အဦများအပေါ်ဖိအားကျရောက်မှုကိုလျှော့ချရေးအတွက် ရွှေ့ပြောင်းအခြေချခံရသူတို့၏ မူလအခြေအနေသို့ပြန်လည်ဖွံ့ဖြိုးမှုတွင်ပါဝင်ဆောင်ရွက်သည့်အနေဖြင့် ရွှေ့ပြောင်းအခြေချစခန်းရှိလူများကို အသက်မွေးဝမ်းကျောင်း အထောက်အကူပြုနိုင်မှုကိုတိုးမြှင့်ရန်

- ကချင်ပြည်နယ်တွင် အနာဂတ်ကောင်းမွန်ရေးအတွက် ရေရှည်တည်တံ့သည့်ဖြေရှင်းနည်းမူဘောင်လုပ်ငန်းစဉ်တွင် ပိုမိုပူးပေါင်းပါဝင်ရန် အစိုးရကို အားပေးထောက်ခံရန်နှင့် ပြောင်းရွှေ့မှုများကိုထောက်ပံ့ရန်အတွက် အကာအကွယ်ပေးအပ်ခြင်း၏အချက်အချာကျမှုကို အလေးထားသော အဖက်ဖက်မှရေရှည်တည်တံ့နိုင်သည့်ဖြေရှင်းနည်းမူဘောင်တစ်ရပ်အရ အနိမ့်ဆုံးရေ/သန့်စံနှုန်းသတ်မှတ်ချက် အတွက် အခြေခံနည်းစနစ်ပိုင်းနှင့် စွမ်းဆောင်ရည်တိုးတက်မှုအပေါ်တွင် အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန် သောချိတ်ဆက်မှုရှိစေရန်အတွက် ရခိုင်ဆောင်ရွက်မှုအစီအမံအကြောင်း ပိုမိုမြင်သာမှုရှိစေရန်

- ပိုမိုအားကောင်းသောလုပ်ငန်းစုအဖွဲ့စွမ်းဆောင်ရည်တစ်ရပ်ထောက်ပံ့ရန်လိုအပ်သော အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးရလဒ်များနှင့်အားနည်းချက်များကို ဖော်ထုတ်ခြင်းနှင့်အတူ ပိုမိုကောင်းမွန်သော အရေးပေါ်အခြေအနေ တုန့်ပြန်မှု အချိတ်အဆက်ဖြစ်စေရန်အတွက် လုပ်ငန်းစုအဖွဲ့သည် ပိုမို၍ကဏ္ဍအလိုက်ချဉ်းကပ်မှုတစ်ရပ်ပါဝင်သော ၎င်း၏လေ့လာ သုံးသပ်မှုကို တိုးချဲ့ရန် လိုအပ်ချက်နှင့် ဖြစ်နိုင်ချေများကို ဖော်ထုတ်ရန်

*လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရေ/သန့် လုပ်ငန်း တုန့်ပြန်မှုအစီအစဉ် ကုန်ကျစရိတ်*

*ရခိုင်*

**လုပ်ငန်းလုပ်ဆောင်မှု ကုန်ကျစရိတ် (အမေရိကန်ဒေါ်လာ) : ၁၆, ၅၂၂, ၉၆၂**

*ကချင်*

**လုပ်ငန်းလုပ်ဆောင်မှု ကုန်ကျစရိတ် (အမေရိကန်ဒေါ်လာ) : ၉, ၈၈၂, ၁၇၆**

# မာတိကာ


**အလုပ်အမှုဆောင်စီမံခန့်ခွဲမှုအကျဉ်းချုပ်** ........ ၂
၂၀၁၅ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်မှုအစီအစဉ် မဟာဗျူဟာ ရည်မှန်းချက်များ ........ ၂
ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာရည်မှန်းချက်များ ........ ၂
**ရည်မှန်းလူဦးရေ** ........ ၃
ရခိုင်ပြည်နယ် ........ ၃
ကချင်ပြည်နယ် ........ ၃
**ရေ/သန့်လုပ်ငန်းစုအဖွဲ့၏အဓိကဆောင်ရွက်သင့်သောအချက်များ** ........ ၄
ရခိုင် ........ ၄
ကချင် ........ ၄
ကြားဖြတ် ........ ၄
**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရေ/သန့် လုပ်ငန်း တုန့်ပြန်မှုအစီအစဉ် ကုန်ကျစရိတ်** ........ ၅
**ဘက်စုံရေ/သန့်လုပ်ငန်းစုအဖွဲ့၏ ဖွဲ့စည်းဆောက်ရွက်မှုနှင့်လုပ်ဆောင်ချက်များ** ........ ၈
**နိဒါန်း** ........ ၈
**ရေ/သန့်လုပ်ငန်းစုအဖွဲ့၏အခန်းကဏ္ဍ** ........ ၈
**အဖွဲ့အစည်းများဆိုင်ရာ အခြေခံသတ်မှတ်ချက်** ........ ၁၀
**ရေ/သန့် လုပ်ငန်းစုအဖွဲ့ ဖွဲ့စည်းပုံ** ........ ၁၃
ရှင်းလင်းတင်ပြချက် ........ ၁၃
ရခိုင်ပြည်နယ် ........ ၁၅
ကချင်ပြည်နယ်နှင့်မြောက်ပိုင်းရှမ်းပြည် ........ ၁၅
**မဟာဗျူဟာ အကြံပေးအဖွဲ့** ........ ၁၆
**လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့၏ ချဉ်းကပ်မှုစနစ်(လုပ်ထုံးလုပ်နည်းများ)** ........ ၁၆
**ရေ/သန့်လုပ်ငန်းစုအဖွဲ့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသူများ (လုပ်ဖော်ကိုင်ဖက်များ)** ........ ၁၈
**ညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာစိန်ခေါ်မှုများ** ........ ၁၈
**လုပ်ငန်းစုအဖွဲ့၏ ခွဲခြမ်းဆန်းစစ်မှုဆိုင်ရာစွမ်းဆောင်ရည်** ........ ၂၀
**ဌာနအချင်းချင်းညှိနှိုင်းဆောင်ရွက်ခြင်း** ........ ၂၁
**ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများနှင့်နည်းလမ်းများ** ........ ၂၇
**၂၀၁၄-ခုနှစ် လုပ်ငန်းဆောင်ရွက်မှုအကျဉ်းချုပ်** ........ ၂၈
**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်ငန်းများ** ........ ၂၈
**အသွင်ကူးပြောင်းခြင်းနှင့်ပြန်လည်ဆုတ်ခွာသောမဟာဗျူဟာ** ........ ၂၉
**ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ ၂၀၁၅-ခုနှစ်အတွက် လုပ်ငန်းအစီအစဉ်** ........ ၃၁
**ရခိုင်ပြည်နယ်ရေ/သန့်လုပ်ငန်းစုအဖွဲ့၏မဟာဗျူဟာဆိုင်ရာမူဘောင်သတ်မှတ်ချက်** ........ ၃၂
**နောက်ခံသမိုင်း** ........ ၃၄
**လတ်တလောရေ/သန့်ဆိုင်ရာအခြေအနေ** ........ ၃၄
ရေ/သန့်လုပ်ငန်းလုပ်ဆောင်နေသူများ၏နယ်မြေဒေသလွှမ်းခြုံနိုင်မှု ........ ၃၆
**သန့်ရှင်းသောသောက်/သုံးရေ လုံလောက်စွာ အညီအမျှနှင့် ရေရှည်ရရှိရေး** ........ ၃၇
အကျိုးခံစားခွင့်ရှိသူအမျိုးအစား အားလုံး လွှမ်းခြုံနိုင်မှု ........ ၃၇
ကြွေရေစစ်အိုး ရေသန့်စင်နည်းလမ်း ........ ၃၈
အကြံပြု ထောက်ခံခြင်း ........ ၄၀
စခန်းအနေအထား ........ ၄၁
ကျေးရွာများ ........ ၄၂

**သန့်ရှင်းရေးအလေ့အကျင့်ကောင်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်အမူအကျင့်များပြောင်းလဲလာရေး** ................. ၄၂
သန့်ရှင်းရေးအဆင့်မြင့်တင်ရေး ........................................................................................ ၄၂
သန့်ရှင်းရေးပစ္စည်းများ ................................................................................................ ၄၃
အကြံပြု၊ ထောက်ခံခြင်း ................................................................................................ ၄၄
**ရေ/သန့်လုပ်ငန်းဆိုင်ရာတုန့်ပြန်မှုအတွက် ကြားဖြတ်ပေါ်ထွက်လာသည့်အချက်အလက်များ စီးဆင်းရာ လမ်းကြောင်း**
ယောကျ်ား- မိန်းမဖြစ်မှုဆိုင်ရာ` ........................................................................................ ၄၅
အရေးပေါ်အခြေအနေမှဖွံ့ဖြိုးတိုးတက်ရေးသို့ ဖြစ်နိုင်ချေရှိသည့် အသွင်ကူးပြောင်းမှုအတွက် အခွင့်အလမ်း
များ ................................................................................................................................ ၄၆
တာဝန်ရှိသူများ၏လုပ်ပိုင်ခွင့်များနှင့်ဆက်ဆံရေးများတိုးမြှင့်ရေး ........................................... ၄၇
**ချဉ်းကပ်မှုနည်းလမ်းများအခိုင်အမာတည်ရှိမှု** ........................................................................ ၄၈
ဘေးဒုက္ခအန္တရာယ်များမကျရောက်စေရေးနှင့်ပဋိပက္ခများကာကွယ်တားဆီးရေး ............................ ၄၈
ရေနှင့်ပတ်သက်သော ဘူမိဗေဒသွင်ပြင်ဆိုင်ရာ အသိဉာဏ်တိုးမြှင့်ခြင်း၊ ........................................ ၅၁
ကိုယ့်အားကိုယ်ကိုးခြင်းနှင့် လူထုအားတာဝန်လွှဲပြောင်းပေးအပ်ခြင်း ........................................ ၅၁
ပြုပြင်ပြောင်းလဲပေးရမည့် အခြေခံသဘောတရား ................................................................ ၅၃
**ရှာဖွေဖော်ထုတ်ထားသည့် ဦးစားပေးရမည့်အချက်များ** ............................................................ ၅၄
ရေ .................................................................................................................................. ၅၄
သန့်ရှင်းရေး ...................................................................................................................... ၅၅
တစ်ကိုယ်ရေသန့်ရှင်းရေးအဆင့်မြှင့်တင်ခြင်းနှင့် အမူအကျင့်ပြောင်းလဲရေးဆိုင်ရာနည်းလမ်းများ ............ ၅၅
ကြားဖြတ်ထွက်ပေါ်လာသည့် အချက်အလက်များ ...................................................................... ၅၅
အရေးပေါ်အခြေအနေ တုန့်ပြန်မှုဆိုင်ရာ ကြိုတင်ပြင်ဆင်ထားရှိမှုများ ........................................ ၅၆
အသိပေးရှင်းလင်းဆွေးနွေးခြင်း ........................................................................................ ၅၇
ဦးစားပေးသတ်မှတ်ရမည့်နေရာဒေသများ .......................................................................... ၅၇
**ရည်မှန်းလူဦးရေ ပြန်လည်သုံးသပ်ခြင်း** ............................................................................... ၅၇
ခန့်မှန်းစရိတ် .................................................................................................................... ၆၀
**ကချင်ပြည်နယ်ရေ/သန့်လုပ်ငန်းစုအဖွဲ့၏မဟာဗျူဟာဆိုင်ရာဘောင်သတ်မှတ်ချက်/အခြေခံစနစ်**
**နောက်ခံသမိုင်း** ................................................................................................................ ၆၁
**လက်ရှိ ရေ/သန့် အခြေအနေ** ............................................................................................. ၆၄
ရေ/သန့်လုပ်ငန်းစုအဖွဲ့၏လုပ်ဆောင်မှုအခြေအနေ ................................................................ ၆၄
ရေ/သန့် ဆိုင်ရာလုပ်ငန်းလုပ်ဆောင်သူများ၏ ရောက်ရှိနိုင်မှု ...................................................... ၆၅
ရွှေ့ပြောင်းအခြေချခံဒုက္ခသည်စခန်းများ ........................................................................... ၆၅
ဒုက္ခသည်စခန်းဝန်းကျင်ရှိ ကျေးရွာများ/ရပ်ကွက်များ ........................................................... ၆၆
၂၀၁၄ -ခုနှစ်အတွင်းပိုမိုညီမျှလာသည့်တုံ့ပြန်လုပ်ဆောင်မှုတစ်ရပ် ............................................ ၆၇
**ရေ/သန့် လုပ်ငန်းနှင့်ဆက်နွယ်နေသော အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရေးနည်းလမ်းများ** .......... ၆၈
**လုံလောက်သောသောက်ရေ၊သုံးရေပမာဏ ရေရှည်ညီညီမျှမျှရရှိရေး** ........................................ ၇၀
**ဘေးအန္တရာယ်ကင်းရှင်းပြီးရေရှည်သန့်ရှင်းရေးအခွင့်အလမ်းများအညီအမျှရရှိစေရန်နှင့်**
**ညစ်ညမ်းမှုကင်းမဲ့သောပတ်ဝန်းကျင်တွင် နေထိုင်နိုင် စေရေး** ................................................. ၇၃
**တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ဆောင်ချက်များနှင့် အပြုအမူများပြောင်းလဲရေး တိုးတက်ဖြစ်ထွန်းမှု** .......... ၇၇
**ရေ/သန့်လုပ်ငန်းနှင့် ကာကွယ်စောင့်ရှောက်ရေး** ...................................................................... ၈၁
**ခိုင်လုံသည့်ချဉ်းကပ်နည်းများ** .............................................................................................. ၈၁
**ဦးစားပေးအဆင့်များ သတ်မှတ်ခြင်း** ..................................................................................... ၈၉
**ရည်မှန်းလူဦးရေ ပြန်လည်သုံးသပ်ခြင်း** ............................................................................... ၉၂
**လုပ်ငန်းများအတွက်ခန့်မှန်းစရိတ်** ........................................................................................ ၉၃

# ဘက်စုံရေ/သန့်လုပ်ငန်းစုအဖွဲ့၏ ဖွဲ့စည်းဆောက်ရွက်မှုနှင့်လုပ်ဆောင်ချက်များ

## *နိဒါန်း*

ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး(ရေ/သန့်)ဆိုင်ရာ လုပ်ငန်းစုအဖွဲ့သည် အရေးအခင်းဖြစ်ပွားခဲ့သည့် ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်ဒေသများတွင် ၂၀၁၂-ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းမှစ၍ ကျန်းမာရေးနှင့် နေထိုင်စရာအဆောက်အအုံများဆိုင်ရာ လုပ်ငန်းစုအဖွဲ့ခွဲနှင့်အတူ သက်ဝင်လှုပ်ရှားခဲ့သည်။ ရခိုင်ပြည်နယ်တွင် ဒုတိယကြိမ်မြောက် ကြီးမားသည့်ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဆုံးဖြတ်ချက်ကိုချမှတ်ခဲ့သည်။ ၂၀၁၁-ခုနှစ်ကစ၍ သိသိသာသာတိုးပွားလာသည့် ကချင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်၏အကျိုးဆက်ဖြစ်သည့် ဂန်ထုပ်ဂန်ပိုး အပါအဝင် လူသားချင်းစာနာထောက်ထားမှု အထောက်အကူပြုရေးလိုအပ်ချက်များကို အလေးအနက်ထား၍ နိုင်ငံ တစ်ဝှမ်းလုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်တုန့်ပြန်မှုစွမ်းရည်လိုအပ်ချက်များကို တိုးမြှင့်ဆောင် ရွက်ခဲ့သည်။

ရေ/သန့်လုပ်ငန်းစုအဖွဲ့ လုပ်ဆောင်ချက်များကို အနည်းဆုံး ၂၀၁၃-ခုနှစ်အကုန်တွင် အဆုံးသတ်ရန် ရည်မှန်းထား ပါသည်။ ပဋိပက္ခဖြစ်စဉ်နှစ်ရပ်စလုံးသည် လူသားချင်းစာနာထောက်ထားမှု အခြေအနေများကို ပို၍ကြာရှည်လာစေ ပါသည်။ ကချင်ပြည်နယ်ဒေသတွင် လူပေါင်းများစွာသည် နေရာရွှေ့ပြောင်းချထားခံရသည်မှာ နှစ်နှစ်ကာလအထိ ပင်ကြာမြင့်နေပြီဖြစ်သည်။ မည်သည့်အခြေအနေများက ရခိုင်ပြည်နယ်၏ လက်ရှိအခြေအနေများကို အဆုံးသတ်နိုင်မည့်အသွင်ကူးပြောင်းကာလအချိန်ကို မည်ကဲ့သို့ထင်မြင်မှတ်ယူရပါမည်နည်း။ မည်သည့်နိုင်ငံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းစဉ်များကို အစပျိုးလုပ်ဆောင်မှုများသည် ဒေသတွင်းအိုးအိမ်များမှစွန့်ခွာထွက်ပြေးနေရသူများအား လုံခြုံစိတ်ချရသည့်ပတ်ဝန်းကျင်နေရာသို့ ပြန်လည်နေရာချထားနိုင်ရန် ဦးဆောင်လမ်းညွှန်ပေးနိုင်ပါမည်နည်း။

ဤမှတ်တမ်း အထောက်အထားများတွင် (၂၀၁၄-ခုနှစ် မဟာဗျူဟာများအပေါ်အခြေခံပြီး) ၂၀၁၅- ခုနှစ်အတွက် မဟာဗျူဟာများကို အသေးစိတ်ဖော်ပြထားသည်။ ရေ/သန့်လုပ်ငန်းအဖွဲ့ လုပ်ဖော်ကိုင်ဖက်များ၏ သဘောတူညီမှုဖြင့် ကွင်းဆင်းဒေသရေ/သန့်အဖွဲ့၏ မဟာဗျူဟာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်လျှောက် ပဋိပက္ခဖြစ်ပွားမှုတစ်ခုချင်း အလိုက် ကွင်းဆင်းဒေသတွင်လုပ်ဆောင်နေသူများနှင့်အတူ စေ့စပ်သေချာစွာအမြင်ချင်းဖလှယ်ခဲ့ကြရာမှတစ်ဆင့် လွတ်လွတ်လပ်လပ် စည်းရုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အမျိုးသားအဆင့် ရေ/သန့်လုပ်ငန်းအဖွဲ့ မိတ်ဖက်များ၏ စုပေါင်းဆောင်ရွက်မှုနှင့်အတူ စုစည်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မဟာဗျူဟာပြန်လည်သုံးသပ်စိစစ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်မှုလုပ်ငန်းစဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့သည်။ OCHA အဖွဲ့မှဦးဆောင်ပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာနိုင်ငံအဖွဲ့က တရားဝင်အသိအမှတ်ပြုထားပြီးဖြစ်သည်။ ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ မဟာဗျူဟာများသည် လိုအပ်သည့်အချက်အလက်နှင့်မှတ်တမ်းများအားလုံးကို ပံ့ပိုးထားပြီး မြန်မာနိုင်ငံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုန့်ပြန်မှုလုပ်ငန်းစဉ်များ၏ မကြာမီက တရားဝင်အသိအမှတ်ပြုထားချက်များနှင့်ပတ်သက်၍ ကချင်ပြည်နယ် နှင့် ရခိုင်ပြည်နယ်ဒေသနှစ်ခုလုံးအတွက် အရေးပေါ်ရေ/သန့်ဆိုင်ရာလုပ်ငန်းများတုန့်ပြန်ရေးအတွက် အသေးစိတ်စီစဉ်ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

လုပ်ငန်းအဖွဲ့၏မဟာဗျူဟာသည်-

- ကြုံတွေ့ခဲ့ရသည့်သင်ခန်းစာများနှင့် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာများ၏ ဆင့်ကဲ ဖြစ်စဉ်မှုများ အပေါ် အခြေခံ၍ အကျိုးသက်ရောက်မှုရှိစေမည့် လူဦးရေအတွက် အသင့်လျော်ဆုံးသော ရေ/သန့် ဆိုင်ရာ တုန့်ပြန်မှုများကို ပြဌာန်းသတ်မှတ်ရန်၊
- ရေ/သန့်လုပ်ငန်းစု၏ လုပ်ထုံးလုပ်နည်းများ၊ တုန့်ပြန်မှုများအတွက်ကျိုးကြောင်းဆက်စပ်ညီညွတ်စေရန် အထောက်အကူပေးခြင်းများမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းစဉ်အတွက် လိုအပ်သည့်ဖွံ့ဖြိုး တိုးတက်မှုနည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန်။
- အကျိုးခံစားခွင့်ရှိသူများနှင့်အလှူရှင်များကိုရှေးရှု၍ တုန့်ပြန်မှုကို တာဝန်ခံမှုနှင့်တာဝန်ယူမှုတိုးပွားလာစေရန် လုပ်ဆောင်မှုအတွက် တိုင်းတာနိုင်သည့်ချဉ်းကပ်နည်းများကို သေချာမှုရှိစေရန်ဆောင်ရွက်ထားရန်၊
- စီမံချက်သတ်မှတ်ပြဌာန်းချက်များအတွက် အလှူရှင်များနှင့်ရေ/သန့်လုပ်ငန်းလုပ်ဆောင်သူများကို ပံ့ပိုးကူညီရန်၊ အတည်ပြုထောက်ခံထားသည့်ချဉ်းကပ်နည်းလမ်းများနှင့် အဓိကဦးစားပေးသတ်မှတ်ချက်များ အပေါ် ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် ကွာဟချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့အပြင် လိုအပ်သည့် ရံပုံငွေများသတ်မှတ်ပေးခြင်းများဖြင့် အကျိုးခံစားခွင့်ရှိသူများ၏ ဂုဏ်သိက္ခာအတွက် အသေအချာ စီမံဆောင်ရွက်ပေးရန်၊
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံအသင်းအဖွဲ့၏အောက်တွင် လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာတုန့်ပြန်မှုအားလုံးအတွက် သတ်မှတ်ပြဌာန်းချက်များကို ပံ့ပိုးကူညီပေးရန်၊

## *ရေ/သန့်လုပ်ငန်းစုအဖွဲ့၏အခန်းကဏ္ဍ*

ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းစုအဖွဲ့၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မြန်မာနိုင်ငံရေ/သန့်လုပ်ငန်းစုအဖွဲ့၏ လုပ်ငန်းလမ်းညွှန်ချက်တွင် အပြည့်အစုံဖော်ပြထားပါသည်။ (နောက်ဆက်တွဲ-၀၁) ရေ/သန့်လုပ်ငန်းစုအဖွဲ့ကို ယူနီဆက်ဖ်ရေ/သန့်လုပ်ငန်းဦးဆောင်အဖွဲ့က အဓိကဦးစီးဆောင်ရွက် လျက်ရှိပါသည်။ လုပ်ငန်းစုအဖွဲ့သည် ရေ/သန့်လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေသူအားလုံး၏ စုပေါင်း ပါဝင်ဆောက်ရွက်မှုကို အခြေခံထားပြီး ရှင်းလင်းဖော်ပြရန် လိုအပ်ချက်များနှင့် ဆက်စပ်သည့်အကြောင်းအချက်များ လိုက်လျောညီထွေမှုရှိစေရန် စီမံဆောင်ရွက်ထားပြီးဖြစ်သည်။ မဟာဗျူဟာအပြောင်းအလဲများအတွက် ပူးပေါင်း ဆောင်ရွက်မှုများဖြင့် ဆောင်ရွက်လျက်ရှိပြီး အကျိုးရလဒ်များသည်လည်း အပြန်အလှန် သဘောတူညီချက်များကို အခြေခံထားသည်။ ယူနီဆက်ဖ်အနေနှင့် ရေ/သန့်လုပ်ငန်းစုအဖွဲ့ကို အမျိုးသားရေ/သန့်လုပ်ငန်းစုအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ရာတွင် ဦးစီးဆောင်ရွက်မှုပြုစေပြီး အစိုးရဌာနအဖွဲ့အစည်းများနှင့်လည်း ဆက်သွယ်ဆောင်ရွက်ရန် တာဝန် ပေးအပ်ထားပါသည်။ သို့ရာတွင် နည်းဗျူဟာများတွင် ဖော်ပြပါရှိသည့် ရည်မှန်းချက်များသည် စုပေါင်းဆုံးဖြတ်ချက်၏ အကျိုးရလဒ်များဖြစ်ပြီး ခိုင်မာသည့်အကျိုးသက်ရောက်မှုကိုရရှိစေရန်နှင့် အကျိုးခံစားခွင့်ရှိသူများအတွက် အကျိုး ရလဒ်များလည်းဖြစ်သည်။

နိုင်ငံ၏ပထဝီအနေအထားအရ လက်လှမ်းမီနိုင်မှုအခြေအနေနှင့် လုပ်ဆောင်မှုအကန့်အသတ်များကြောင့် ရေ/သန့် လုပ်ငန်း လုပ်ဆောင်နေသူများသည် ကွင်းဆင်းဒေသများတွင် ခိုင်မာသည့်အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ သည်။ ရန်ကုန်ရုံးတွင်လည်း လုပ်ဆောင်နေသူများအတွင်း မလိုလားအပ်သည့် လွန်ကဲသည့်ညှိနှိုင်းဆောင်ရွက်မှုများ မပါရှိဘဲ ရေ/သန့်အဖွဲ့ခွဲများ၏ ညှိနှိုင်းဆက်သွယ်ရေးမှုများ၏ ပံ့ပိုးကူညီမှုဖြင့် လုပ်ငန်းခွင်အဆင့်များတွင် ခိုင်မာသည့် အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ခြင်း၊ ထို့အပြင် ညှိနှိုင်းဆောင်ရွက်မှုလုပ်ထုံးလုပ်နည်းများတွင် ဗဟိုချုပ်ကိုင်မှု ကိုလျှော့ချခြင်း၊ ဆုံးဖြတ်ချက်အများစုကိုလည်း လုပ်ငန်းခွင်နယ်ပယ်အတွင်း တိုက်ရိုက်ဆုံးဖြတ်ပေးနိုင်ရန် ခွင့်ပြု ပေးထားခြင်းတို့ကြောင့် ကောင်းမွန်စွာလုပ်ငန်းလုပ်ဆောင်နိုင်ရန် ဖန်တီးဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၃-ခုနှစ် နှစ်လယ် တိုင်သည်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ အမျိုးသားအဆင့် ရေ/သန့်

လုပ်ငန်းနှင့်ပတ်သက်၍ တင်ပြချက်များသည် စိန်ခေါ်မှုတစ်ရပ်အသွင် ဖော်ဆောင်လျက်ရှိသည်။ ဤအဖြစ်အပျက် သည် ၂၀၁၄-ခုနှစ်တွင် သိသိသာသာတိုးတက်မှုများဖြစ်ပေါ်လာသော်လည်း အမျိုးသားအဆင့် ရေ/သန့်လုပ်ငန်းစု အဖွဲ့၏ လစဉ်အစည်းအဝေးများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့မြင်နိုင်သည်။ မည်သို့ပင်ဖြစ်စေ လုပ်ငန်းခွင်လုပ်ဆောင်မှုများအတွက် အချိန်အများအပြား ပံ့ပိုးမှုပေးနေသော်လည်း လုပ်ဆောင်နေသူများအတွင်း ညှိနှိုင်းဆောင်ရွက်မှုအကျိုးရလဒ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်မှာ အမျိုးသားအဆင့် ရေ/သန့်လုပ်ငန်းများအတွက် စိန်ခေါ်မှုများ ဆက်လက် ကြုံတွေ့နေရဦးမည် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အမျိုးသားအဆင့်လုပ်ငန်းစုအဖွဲ့အတွက် လိုအပ်ချက်နှင့်မျှော်မှန်းချက်အပေါ် အကျိုးတူဆောင်ရွက် နေသူများအားလုံးက အောက်ပါအချက်အလက်များအပေါ်အလေးထား၍ သဘောတူဆောင်ရွက်ကြရမည် ဖြစ်သည်။

- ဌာနစုအဖွဲ့ချင်းချင်း လုပ်ငန်းရှင်းလင်းဆွေးနွေးပွဲများပြုလုပ်ခြင်း၊ (လူသားအချင်းချင်းညှာတာထောက်ထားမှု ဆိုင်ရာနိုင်ငံအဖွဲ့၊ အစိုးရဌာနများ၏ ချမှတ်ထားသောမူဘောင်များ၊ မူဝါဒများအတွင်း)
- ရေ/သန့်လုပ်ငန်းနှင့်ဆက်စပ်၍ အရေးပေါ်အခြေအနေများ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ အရန်သင့်ရှိနေမှုနှင့် ဖြစ်ပေါ်လာနိုင်သည့် အရေးပေါ်အခြေအနေများအတွက် အမျိုးသားအဆင့်တွင် ဆက်စပ်သည့် အာဏာပိုင် များနှင့် တာဝန်ရှိသူများအချင်းချင်း ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊
- လိုအပ်ပါက သို့မဟုတ် တောင်းဆိုမှုများပြုလာပါက ရေ/သန့်လုပ်ငန်းစုအဖွဲ့လုပ်ပိုင်ခွင့်များဆိုင်ရာ အဓိပ္ပါယ် သတ်မှတ်ချက်နှင့် လက်ရှိတစ်ကမ္ဘာလုံးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များအပေါ်အခြေခံ၍ မဟာဗျူဟာ ကျသည့် ရပ်တည်မှုများအတွက် ပံ့ပိုးကူညီပေးခြင်း၊
- စံကိုက်သည့် အဓိကအချက်အလက်များနှင့်အထောက်အထားများ မ,တည်ရန်နှင့် တစ်စုတစ်ပေါင်း တည်းဖြစ် စေရန်အတွက် ပံ့ပိုးပေးခြင်း၊
- လိုအပ်သည့်ကိရိယာတန်ဆာပလာများ သို့မဟုတ် နည်းလမ်းများကိုရှာဖွေဖော်ထုတ်ခြင်း၊ ဖြစ်နိုင်ပါက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တပြေးညီဖြစ်စေရန် စီမံဆောင်ရွက်ခြင်း၊
- သတင်းအချက်အလက်များစီမံခန့်ခွဲခြင်းနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အမျိုးသား အဆင့်တွင် နီးနွယ်ရာဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊
- အကယ်၍ အများဆန္ဒမရရှိခဲ့ပါက အငြင်းပွားမှုအတွက် ပြေလည်အောင်ဖြေရှင်းခြင်း၊
- မဟာဗျူဟာဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန် အလှူရှင်များအပြန်အလှန်ရင်းနှီး ဆက် သွယ်ရေး၊

### *အဖွဲ့အစည်းများဆိုင်ရာ အခြေခံသတ်မှတ်ချက်*

မြန်မာနိုင်ငံ၏ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများကို ဝန်ကြီးဌာန အများ အပြားကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုး ရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့က အဓိကတာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။ ပထမဦးစွာ သန့်ရှင်းရေးလုပ်ငန်းများအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနစိတ်က တာဝန်ယူဆောင်ရွက် လျက်ရှိပြီး တစ်ကိုယ်ရေသန့်ရှင်းရေးမြှင့်တင်ရေးလုပ်ငန်းများအတွက် ဗဟိုကျန်းမာရေးပညာဌာနက တာဝန်ယူ ဆောင် ရွက်လျက်ရှိသည်။ ဒုတိယပိုင်းအနေနှင့် ကျေးလက်ဒေသရေရရှိရေးနှင့် ယင်းနောက်ပိုင်း အချို့သော နယ်စပ်ဒေသများ တွင် သောက်သုံးရေပေးဝေရေးဆိုင်ရာ အခြေခံအဆောက်အအုံများနှင့်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက် ရှိနေပါသည်။

မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန သည် ကျေးလက်ဒေသနှင့်ကျေးလက်ဒေသခွဲများ၏ သောက်သုံးရေရရှိရေးအပါအဝင် ကျေးလက်ဒေသ ရေပေးဝေရေး ဆိုင်ရာ အခြေခံအဆောက်အအုံများ ဆောက်လုပ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် ၂၀၁၄- ခုနှစ်ကစတင်၍ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနစိတ်နည်းတူ ကျေးလက်ဒေသ

ပတ်ဂန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်နက်တည်း တာဂန်ယူဆောင်ရွက်လျက်ရှိပါသည်။ မြို့ပေါ် ဒေသများရေပေးဂေရေးအတွက် မြို့ပေါ်ကစီမံဆောင်ရွက်ပေးလျက်ရှိနေပါသည်။

အမျိုးသားကျန်းမာရေးစီမံကိန်းအောက်တွင် လူထုရေပေးဂေရေး၊ သန့်ရှင်းရေးနှင့် ရေနှင့်လေထုညစ်ညမ်းမှု ထိန်းသိမ်း ရေးများနှင့်ပတ်သက်၍ ပတ်ဂန်းကျင်ကျန်းမာရေးလုပ်ငန်း အစီအစဉ်အများအပြားကို ၁၉၉၃ မှ ၂၀၁၁- ခုနှစ်ကာလ အချိန်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ကျန်းမာရေးဂန်ကြီးဌာနသည် ပြည်သူလူထုနှင့်ဆက်စပ်သည့် အဖြစ်အပျက်များနှင့်ပတ်သက်၍ ဆယ်စုနှစ်များစွာ စုစည်းဆောင်ရွက်ပေးလျက်ရှိနေပါသည်။

ရေအသုံးပြုမှုအပါအဂင် ရေအရင်းအမြစ်များစီမံခန့်ခွဲမှုများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဂန်ကြီးဌာနက တာဂန်ယူဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် သောက်သုံးရေများတွင် (အာစင်းနစ် ပါဂင်မှုစသည့်) ရေအရည်အသွေး သတ်မှတ်ချက်များပြည့်မှီရေးအတွက် စောင့်ကြည့်ထိန်းကျောင်းခြင်းလုပ်ငန်းများကိုလည်း ရေအရင်းအမြစ်အသုံးချရေး ဌာနက စီမံဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကျန်းမာရေးဂန်ကြီးဌာနအောက်ရှိ အမျိုးသားကျန်းမာရေးဓါတ်ခွဲဌာန၊ အစားအစာနှင့်ဆေးဂါးကွပ်ကဲရေးဌာန၊ လုပ်ငန်းခွင်ကျန်းမာရေးဌာနနှင့် ပတ်ဂန်းကျင်သန့်ရှင်းရေးဌာနများကလည်း ရေအရည်အသွေး စောင့်ကြည့်ထိန်းကျောင်းခြင်းလုပ်ငန်းများကို တာဂန်ယူဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မြန်မာ နိုင်ငံ သိပ္ပံနှင့်နည်းပညာသုတေသနပြုရေးဌာနကလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ ဌာနများအကြား ပူပေါင်းဆောင်ရွက်မှုအားနည်းနေသော်လည်း မြန်မာ့ရေအရည်အသွေးဆိုင်ရာလမ်းညွှန်ချက်များ ဖော်ထုတ်ရေးဆွဲရေး လုပ်ငန်းများကို ပတ်ဂန်းကျင်သန့်ရှင်းရေးဌာနက အလုံးစုံတာဂန်ယူပြီး အပြီးသတ်ရေးဆွဲပေးရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး ၁၉၉၀- ခုနှစ်လွန်ကာလများကတည်းက ဖွံ့ဖြိုးတိုးတက်မှုများရှိခဲ့သည်။

ပညာရေးဂန်ကြီးဌာနသည် ကျောင်းများတွင် ရေ/သန့်လုပ်ငန်းများအပါအဂင် ရေ/သန့်ဆိုင်ရာ လူထုပညာပေး လုပ်ငန်း စဉ်များဆောင်ရွက်ရာတွင် အဓိကကဏ္ဍက ပါဂင်ဆောင်ရွက်လျက်ရှိသည်။ ဘဂတွက်တာကျွမ်းကျင်မှုဆိုင်ရာ သင်ရိုး ညွှန်းတမ်းတွင် ထည့်သွင်းရေးဆွဲပြုစုခြင်းနှင့် ကမ္ဘာ့ လက်ဆေးရေးနေ့ များကိုလည်း စုစည်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ရေ/သန့်ဆိုင်ရာ အခန်းကဏ္ဍအတွက် ရေ/သန့်လုပ်ငန်းအဓိကဦးဆောင်အဖွဲ့ (WTG) ကို ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံအတွင်းရှိ ရေ/သန့်လုပ်ငန်းများတွင် ပါဂင်ဆောင်ရွက်လျက်ရှိနေသည့် ပြည်တွင်းနှင့်နိုင်ငံတကာ အဖွဲ့ အစည်းအများအပြားပါဂင်ပြီး နှစ်လခြားတစ်ကြိမ် ရန်ကုန်တွင် တွေ့ဆုံဆွေးနွေးလေ့ရှိသည်။ ဆွေးနွေးပွဲတွင် အရေး ပေါ်အခြေအနေများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးမြှင့်တင်ရေး နှင့် ယောကျာ်း-မိန်းမဖြစ်ခြင်းဆိုင်ရာ အချက်အလက် များနှင့်ဆက်စပ်သည့်လုပ်ငန်းများကို အလေးပေးဆောင်ရွက်နေသည့် အဖွဲ့ငယ်များနှင့်အတူ နိုင်ငံတစ်ပှမ်း ရေ/သန့် လုပ်ငန်းအတွက် ညှိနှိုင်းဆောင်ရွက်မှုနည်းလမ်းများ ဖွံ့ဖြိုးတိုးတက်စေလိုသည့် ရှုဒေါင့်အမြင်မှ တွေ့ဆုံဆွေးနွေး လေ့ရှိသည်။

ရေ/သန့် လုပ်ငန်းအဓိကဦးဆောင်အဖွဲ့သည် ဦးစွာ နာဂစ်မုန်တိုင်းကာအစပြုခဲ့ပြီး နောက်ပိုင်းတွင် အဖွဲ့ဂင်များလည်း တိုးပွားလာခဲ့သည်။ မူလအစက "အရေးပေါ်အခြေအနေရေ/သန့်လုပ်ငန်းအဖွဲ့" အဖြစ် စတင်ပေါ်ပေါက်ခဲ့ပြီး ကျယ်ပြန့် လာသည်နှင့်အမျှ မြန်မာရေ/သန့်လုပ်ငန်းအဓိကဦးဆောင်အဖွဲ့ခွဲ အဖြစ်မှတ်ယူနိုင်သည်။ ဤအဖွဲ့၏ တက်ကြွ လှုပ်ရှားမှုသည် စုစည်းမှုအားနည်းလျက်ရှိပြီး သို့မဟုတ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှုလည်း သိပ်မရှိလှသေးပေ။ သို့သော်တာဂန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်မှုတိုးတက်လာစေရန် နောင်တွင်ကောင်းမွန်သည့်အခွင့်အလမ်းများ ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည်။ ထို့ပြင်အနာဂတ်တွင် ပြန်လည်ဆုတ်ခွာသောနည်းဗျူဟာ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း အသိပေးအကြောင်းကြားရမည်ဖြစ်သည်။

ယခုအခါ အမျိုးသားအဆင့်အဖွဲ့အစည်းများ၏ ကျယ်ပြန့်နက်နဲလာမှုကြောင့် ရေ/သန့်ကဏ္ဍအတွက် ဂန်ကြီးဌာနများ အကြား မျှဂေတာဂန်ယူကြရပြီး အမျိုးသားအဆင့် ရေ/သန့်လုပ်ငန်းစုအဖွဲ့ အစည်းအဂေးများအတွက် ရန်ကုန် သို့ မဟုတ် နေပြည်တော်များတွင် အခြားမည်သည့်အမျိုးသားအဆင့် တာဂန်ရှိသူများနှင့်မျှ ဆက်သွယ်ဆောင်ရွက်မှု မရှိ ခဲ့ပေ။

သို့သော်ငြားလည်း အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့်ဆက်နွယ်၍ အသိပေးရှင်းလင်း ပြောကြားရန်အတွက် ပိုမိုအထောက်အကူပြုနိုင်ရေးနှင့် အရေးပေါ်လုပ်ငန်းများအတွက် အရည်အသွေးပြည့်လုပ်ငန်း များ လွှဲပြောင်းပေးနိုင်ရေးအတွက် အသေအချာစီမံဆောင်ရွက်မှုများပြုနိုင်စေရန်နှင့် အဆိုပါအခြေအနေများကို အသိ ပေးတင်ပြနိုင်ရန် ၂၀၁၄-ခုနှစ်က ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ အမျိုးသားအဆင့် စံနှုန်းများနှင့်မူဝါဒများအဖြစ် မြန်မာ နိုင်ငံတွင်ပြန်လည်အသုံးချနိုင်ရန် အဖွဲ့လုပ်ငန်းစုများကို တစ်စုတစ်ပေါင်းတည်းဖြစ်အောင် ပေါင်းစည်းထားသော လုပ်ငန်းစုအဖွဲ့၏စံနှုန်းများကို ရှာဖွေဖော်ထုတ်ပြီး နေပြည်တော်တွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တစ်နှစ် နှစ်ကြိမ် တွေ့ဆုံဆွေးနွေးပြီး ရေ/သန့်လုပ်ငန်းစု ဦးဆောင်အဖွဲ့နှင့်ပူးတွဲစီစဉ်ခြင်းဖြင့် လုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းရှိနေပါသည်။ ဆက်လက်၍ အစိုးရအနေဖြင့် အလုံးစုံသောချဉ်းကပ်မှုနည်းလမ်းများ တစ်စုတစ်ပေါင်း တည်းဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေစဉ် သက်ဆိုင်ရာကဏ္ဍအလိုက် သီးခြားဆပ်ကော်မတီများကို သတ်သတ် မှတ်မှတ်တာဝန်ပေးခြင်းများဖြင့် အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအပေါ် အခြေခံ၍ အချိတ် အဆက်များကို ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်သည်။ ဖွဲ့စည်းပုံကို တစ်စုတစ်ပေါင်းတည်းဖြစ်စေရန် လိုအပ်လျက် ရှိနေသေးသော်ငြားလည်း ၂၀၁၄-ခုနှစ် SIMEX တွင် ရှင်းလင်းတိကျစွာဖော်ပြထားသည့်အတိုင်း အမျိုးသားအဆင့် အဖွဲ့အစည်းနှင့် နိုင်ငံတကာအေဂျင်စီများအကြား ပေါင်းကူးဆက်ဆံမှုကို ပြန်လည်တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ပေသည်။ ထို့အပြင် ဖြစ်လာနိုင်သောအရေးပေါ်ကိစ္စများ ကြိုတင်ပြင်ဆင်မှုအစီအစဉ်ကို 2015 HCT တွင်ပြောကြားသင့်ပါသည်။

ကချင်ပြည်နယ်ဒေသတွင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်မှုကို ပြန်လည်တွန်းအားပေးဆောင်ရွက်ရန် လိုအပ်သည်။ ပြည်နယ်တာဝန်ရှိသူများနှင့် တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင် အဖွဲ့အစည်းများနှစ်ဘက်အကြား ဆက်သွယ်ဆောင်ရွက်မှုသည် နှစ်ထပ်စိန်ခေါ်မှုဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနသည် လက်ရှိအခြေအနေတွင် အဓိကအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၁၅-ခုနှစ်တွင် ရေ/သန့်လုပ်ငန်းစုအဖွဲ့ကို ပူးတွဲဦးဆောင်သွားမည်ဖြစ်ပြီး အခြားသော ရေ/သန့်နှင့်ဆက်နွယ်နေသည့် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်မှုကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

အခြားတစ်ဘက်တွင်လည်း ရခိုင်ပြည်နယ်ဒေသတွင် ဒေသဆိုင်ရာတာဝန်ရှိသူများမှ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များကို အဓိကဦးစားပေး ဆောင်ရွက်လျက်ရှိနေရာ ၂၀၁၃-ခုနှစ် အောက်တိုဘာလအထိ အိုးအိမ်များ အသစ်ပြန်လည်တည်ဆောက်ရေးနှင့် ရွှေ့ပြောင်းနေရာချရေးဆပ်ကော်မတီက အပတ်စဉ်အလိုက် ရေ/သန့်လုပ်ငန်း အဖွဲ့ကို ပူးတွဲဦးစီးဆောင်ရွက်လျက်ရှိသည်။ ၂၀၁၃-ခုနှစ်ကုန်ပိုင်းတွင် ပြန်လည်တည်ဆောက်ရေးနှင့် ရွှေ့ပြောင်း နေရာချထားရေးဆပ်ကော်မတီအနေဖြင့် အလှည့်ကျတာဝန်ယူဆောင်ရွက်ရန် ယေဘူယျအားဖြင့် သဘောတူညီခဲ့ကြ သည်။ အဖွဲ့၏အစည်းအဝေးများသည် ဂန်ထုပ်ဂန်ပိုးဖြစ်နေပြီး ရေ/သန့်လုပ်ငန်းလုပ်ဆောင်နေသူများအတွက် နည်း ပညာများ ပိုမိုတိုးတက်ရေးနှင့် ချဉ်းကပ်မှုနည်းလမ်းများကို အလေးထားသည့်ဆွေးနွေးခြင်းများအတွက် လွတ်လွတ် လပ်လပ်ဖလှယ်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအပါအဝင် အခြားဌာနများ၏ မေတ္တာရပ်ခံချက်အရ ပူးပေါင်းဆောင်ရွက်မှုသည်ဆက်လက်၍ နီးနီးကပ်ကပ်ရှိနေဦးမည်ဖြစ်သည်။ ထို့ပြင် ၂၀၁၄-ခုနှစ် ပဋိပက္ခဖြစ်စဉ်သည် ရေ/သန့်လုပ်ငန်းလုပ်ဖော်ကိုင်ဖက်များအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် အရန်သင့်ဖြစ်နေစေရန် တွန်း အားပေးလျက်ရှိနေသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသည် အသက်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တိုက်ရိုက်ပံ့ပိုးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ပြည်နယ်တွင်ဖြစ်စေ သို့မဟုတ် အမျိုးသားအဆင့်တွင်ဖြစ်စေ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အနီးကပ်ပူးပေါင်းဆောင်ရွက်မှုကို လုပ်ငန်းစုအဖွဲ့အတွက် အဓိကဦးစားပေး ဆောင်ရွက်ရမည်ဖြစ် သည်။ ရေ/သန့်လုပ်ငန်းအရေးပေါ်အခြေအနေများအတွက် လုပ်ဆောင်မှုနည်းလမ်းများအပေါ် ဩဇာသက်ရောက်မှု ရှိနေစေရန် -

- ရေ/သန့်လုပ်ငန်းအရေးပေါ်စံနှုန်းသတ်မှတ်ချက်များအတွက် နည်းပညာကျနစွာ ရှင်းလင်းဆွေးနွေးမှုကို ပိုမိုကောင်းမွန်စွာ လုပ်ဆောင်ခြင်း၊

- အရေးပေါ်အခြေအနေများနှင့်ဆက်စပ်၍ အသွင်ကူးပြောင်းချိန်များတွင် အမျိုးသားမူဝါဒများ ဖေါ်ထုတ်ချမှတ်နိုင်ရေးအတွက် ပိုမိုစုပေါင်းလုပ်ဆောင်ခြင်း၊
- လုပ်ပိုင်ခွင့်အပါအဝင် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယ်ဆယ်ရေး ပြန်လည်ထူထောင်ရေး ချိတ်ဆက်များအဆင့်အတွက် ကောင်းမွန်သည့်သတ်မှတ်ချက်များချမှတ်ခြင်း၊
- ပြန်လည်ဆုတ်ခွာသော မဟာဗျူဟာများချမှတ်နိုင်ရေးအတွက် ကြိုတင်၍ကောင်းမွန်စွာ ဖန်တီး တည် ဆောက်ခြင်း၊
- ဒေသဆိုင်ရ တာဝန်ရှိသူများအား တိကျသည့်လုပ်ဆောင်ချက်များကို လွှဲပြောင်းပေးအပ်ခြင်း၊
- လုပ်ငန်းစဉ်များချမှတ်ရာတွင် ပိုမိုကောင်းမွန်စွာမျှဝေပေးခြင်းနှင့် လိုအပ်ချက်များ ခွဲခြမ်းစိစစ်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း

တာဝန်ရှိသူများနှင့် ကောင်းမွန်သည့်ကနဦးလုပ်ငန်းစတင်ရန် သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုရှိမာစေရန်မှာ အရေးပေါ်အခြေအနေများတွင် တိကျသည့်ဦးတည်ချက်များနှင့်အတူ နိုင်ငံအတွင်းရေ/သန့်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စပ်လျဉ်း၍ အလုံးစုံသောအစိုးရဆိုင်ရာ အဖွဲ့အစည်းများ (အညွှန်း-၁၃)အားလုံးကို ကိုယ်စားပြုဖော်ပြနေသည်။

## *ရေ/သန့် လုပ်ငန်းစုအဖွဲ့ ဖွဲ့စည်းပုံ*
## ရှင်းလင်းတင်ပြချက်

အဖွဲ့ကိုအောက်ပါအတိုင်းဖွဲ့စည်းထားပါသည်။

- လုပ်ငန်းစုအဖွဲ့ကို နိုင်ငံတကာယူနီဆက်ဖ်အရင်းအမြစ်များအဖွဲ့ဦးဆောင်သော အမျိုးသားအဆင့် ရေ/သန့် လုပ်ငန်းအဖွဲ့ အခြေခံအဖွဲ့ (NWCC)
- ရခိုင်ပြည်နယ်နှင့်ကချင်ပြည်နယ်ဒေသနှစ်ခုစလုံးတွင် လုပ်ငန်းအဖွဲ့ခွဲ / အဖွဲ့ငယ်တစ်ခုစီ (အဖွဲ့ငယ်တစ်ခုခြင်းကို နိုင်ငံတကာယူနီဆက်ဖ် အရင်းအမြစ်များအဖွဲ့မှ ဦးဆောင်သည်။)
- ပထဝီအနေအထားအခက်အခဲကြောင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင်တွင် ဒုတိယလုပ်ငန်းစု အဖွဲ့ခွဲကို ဖွဲ့စည်းခဲ့ခြင်း၊
- အခြေခံဖြစ်ရပ်အခြေအနေများကို စောင့်ကြည့်ထိန်းကျောင်းခြင်းလုပ်ငန်းများစီမံဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ယူနီဆက်ဖ်ရေ/သန့်လုပ်ငန်းစုအဖွဲ့ အတိုင်ပင်ခံအရာရှိတစ်ဦးကို တာဝန်ချထားခြင်း၊

ပဋိပက္ခဖြစ်ပွားမှုနှင့် တိုက်ရိုက်ထိခိုက်ခံစားနေရသော လူဦးရေအတွက် ပထမနှစ်တွင် အလေးထား ဆောင် ရွက်နေစဉ် ၂၀၁၃-ခုနှစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတွင်းကျရောက်သည့် ဘေးအန္တရာယ်များဖြစ်ပွားမှုတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မောင်တောမြို့နယ်နှင့်ဘူးသီးတောင်မြို့နယ်များ မပါဝင်ပေ။ ၂၀၁၄-ခုနှစ်တွင် ဘေးအန္တရာယ်ပိုမိုကျရောက်စေနိုင်သည့် အရိပ်အရောင်များ ပိုမိုမြင့်မားလာမှုအခြေအနေကြောင့် ၂၀၁၄-ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းသည် SRP 2014 တွင်ပါဝင်လာခဲ့သည်။ မည်သို့ပင်ဖြစ်သော်ငြားလည်း ၂၀၁၄-ခုနှစ်တွင် လုပ်ငန်းစု အဖွဲ့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းအတွက် တိုက်ရိုက်ပံ့ပိုးကူညီမှုပေးရန် ကြိုးပမ်းအားထုတ်မှုသည် အောင်မြင်မှု မရရှိခဲ့ပေ။ အဓိကအကြောင်းရင်းမှာ အဆိုပါဒေသများတွင် ဆက်စပ်ဆောင်ရွက်နေသူများထံမှ သတင်းအချက် အလက်များမျှဝေမှုစနစ်အားနည်းခြင်းကြောင့်ဖြစ်သည့်အပြင် ဖြစ်ပွားရာနေရာဒေသများသို့ လုပ်ငန်းစုအဖွဲ့မှ သွား ရောက်နိုင်ရန် လုံလောက်သည့်အင်အားမရှိသည့် အခြေအနေများကြောင့်လည်းဖြစ်သည်။ အလေးထားဆောင်ရွက်ရန် လိုအပ်ခြင်းကြောင့် မတ်လဖြစ်ရပ်သည် ဘေးအန္တရာယ်ကျရောက်စေနိုင်ပါသည်။ ရခိုင်ပြည်နယ်နှင့်စပ်လျဉ်း၍ ၂၀၁၅-ခုနှစ်လုပ်ငန်းအစီအစဉ်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းအတွက် လိုအပ်သည့်ပံ့ပိုးကူညီမှုများ ပိုမိုရရှိစေရန်အတွက် ဦးစားပေးထည့်သွင်းစဉ်းစားထားရန် လိုအပ်သည်။ ဘေးအန္တရာယ်ဆိုးရွားစွာကျရောက်နေသည့်ဒေသများအတွက် အသိပေးရှင်းလင်းဆွေးနွေးခြင်းများနှင့်ယှဉ်တွဲလျက် လက်ရှိအခြေအနေများကို ခွဲခြမ်းစိတ်ဖြာရာတွင် ချဉ်းကပ်မှုနည်းလမ်းအသစ်များသည် ပိုမိုကောင်းမွန်စွာပံ့ပိုးပေးနိုင်မည်ကို ကြိုတင်သိရှိနိုင်မည်ဖြစ်သည်။

ကချင်ပြည်နယ်တုန့်ပြန်မှုအစီအစဉ်တွင် တိကျသည့်လုပ်ငန်းစဉ်တစ်ခုကို အလေးထားသတိပြုကြရန်လိုအပ်သည်။ ကနဦးပိုင်းတွင် တုန့်ပြန်မှုလုပ်ငန်းစဉ်အတွက် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသသည် တရားဝင်ပါဝင်ပါသည်။ ကချင်


ပြည်နယ်တွင်ကြုံတွေ့ခဲ့ကြရသည့် တူညီသည့်အခြေအနေနှင့် တူညီသည့်ပဋိပက္ခဖြစ်ပွားမှု ဖြစ်ရသည့်အကြောင်းရင်းခံများနှင့် တွေ့ကြုံရင်ဆိုင်ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ အဆိုပါဒေသသည် အခြားသောဒေသများနှင့် ထောက်ပံ့ရေးဆိုင်ရာဆက်နွယ်မှုများ မရှိသည့်ဒေသဖြစ်ခြင်းကြောင့် (တစ်ဖက် တရုတ်နိုင်ငံနယ်စပ်သို့ ဖြတ်သန်းသွားလာနိုင်ရုံလောက်သာ) အဆိုပါဖြစ်ရပ်သည် ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်ရန်တာဝန်ရှိမှုအတွက် စိန်ခေါ်မှုများပင်ဖြစ်သည်။ အခြားဒေသများထက်နှိုင်းယှဉ်လျင် ဖြစ်ပွားမှုမကြီးမားသော်လည်း ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို စုစည်းဆောင်ရွက်ရန်မှာ လိုအပ်နေဦးမည် ဖြစ်သည်။

ယူနီဆက်ဖ်၏အရေးပေါ်အခြေအနေများနှင့် လုပ်ငန်းစုအဖွဲ့ခွဲဆက်သွယ်ညှိနှိုင်းရေးမှူး၏ နှစ်ထပ်တာဝန်ယူ ဆောင်ရွက်နေရခြင်းသည် ရေ/သန့်ဆိုင်ရာလုပ်ဖေါ်ကိုင်ဖက်များအကြား အပြင်းပွားဖွယ်ရာကိစ္စရပ်အချို့ ၂၀၁၃-ခုနှစ်က ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတကာယူနီဆက်ဖ်ဝန်ထမ်းအဖွဲ့ဝင်အဖြစ် လူအင်အားစုဆောင်းဖြည့်တင်းခြင်းများကို ဆောင်ရွက် ခဲ့ပြီး ရခိုင်ပြည်နယ်လုပ်ငန်းစုအဖွဲ့ခွဲအတွက်ရည်ရွယ်၍ ရေ/သန့်လုပ်ငန်းစုအဖွဲ့တွင် တာဝန်ချထားခဲ့သည်။ ယူနီ ဆက်ဖ်ကို အခြားခြားသောရေ/သန့်လုပ်ငန်းစုအဖွဲ့မှ လုပ်ဖေါ်ကိုင်ဖက်များကဲ့သို့ သိရှိနိုင်ရန်အတွက် ပံ့ပိုးကူညီပေးနိုင် ရန်ဖြစ်သည်။ ၂၀၁၄-ခုနှစ်မဟာဗျူဟာတွင် သတ်မှတ်ထားသည့် တိကျသည့်အသေးစိတ်လိုအပ်ချက်များနှင့် ပတ် သက်၍ အောက်ပါရာထူးအဆင့်များကို ဖော်ထုတ်စီစဉ်ပေးခဲ့သည်။


- ရခိုင်ပြည်နယ်အတွက် နိုင်ငံတကာအမာခံလုပ်ဖော်ကိုင်ဖက်အရင်းအမြစ်(ACC)မှဦးဆောင်သည့် စောင့်ကြည့်ထိန်းကျောင်းခြင်းနှင့် လေ့လာအကဲဖြတ်သည့်အဖွဲ့တစ်ဖွဲ့၊
- ကချင်ပြည်နယ်အတွက် နိုင်ငံတကာအမာခံလုပ်ဖော်ကိုင်ဖက် (MSB) မှ ဦးဆောင်သည့် အရည်အသွေးမြှင့်တင်ရေးအရာရှိ ၊

လက်ရှိ အခြေအနေတွင်အောက်ပါရည်မှန်းဖွဲ့စည်းပုံအတိုင်းဦးစီးဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်



ကချင်ပြည်နယ်နှင့်မြောက်ပိုင်းရှမ်းပြည်




ဤရည်မှန်းအဖွဲ့အစည်းသည် (ယူနီဆက်ဖ်) ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ အရေးပေါ်ရေ/သန့်လုပ်ငန်း အတွက် ရရှိနိုင်သောရည်မှန်းရန်ပုံငွေပေါ်မူတည်သည်။ သို့သော်လည်း ၂၀၁၅-ခုနှစ်အတွက် ရန်ပုံငွေသည် ပြည့်မှီ လုံလောက်မှုမရှိသေးပေ။

ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ အစည်းအဝေးများကို ရခိုင်ပြည်နယ်တွင် နှစ်ပတ်လျှင်တစ်ကြိမ် ကျင်းပပြုလုပ်လေ့ရှိပြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် လစဉ်ကျင်းပပြုလုပ်လေ့ရှိသည်။

*မဟာဗျူဟာ အကြံပေးအဖွဲ့*

၂၀၁၃-ခုနှစ် အစဦးပိုင်းက ရန်ကုန်တိုင်းဒေသကြီးတွင် မဟာဗျူဟာအကြံပေးအဖွဲ့ကိုဖွဲ့စည်းရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ အကြောင်းအားလျော်စွာ လုပ်ဖော်ကိုင်ဖက်များသည် သူတို့၏အရင်းအမြစ်များကို လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရာလုပ်ငန်းခွင်တွင် အာရုံစူးစိုက်ဆောင်ရွက်လျက်ရှိစဉ်ကာလကတည်းက ရန်ကုန်လုပ်ငန်းစုအဖွဲ့ သို့ လာရောက်သူအရေအတွက်နည်းပါးခြင်းသည် အတိုင်ပင်ခံအဖွဲ့ဖွဲ့စည်းတည်ထောင်မှုအတွက် ဆီလျော် ဆက်စပ်မှု မပြုလုပ်နိုင်သော်လည်း နောက်ပိုင်းတွင် ရန်ကုန်လုပ်ငန်းစုအဖွဲ့သည် မဟာဗျူဟာအကြံပေးအဖွဲ့၏ လုပ်ငန်းလမ်းညွှန် ကို လွှမ်းခြုံပြီးဖြစ်သည်။

ထို့ပြင် Google အုပ်စု၏စုစည်းမှုပေါ်အခြေခံ၍ ပြုပြင်ပြောင်းလဲမှုများသည် ပြန်လည်သက်ဝင်လှုပ်ရှား ဆောင်ရွက်ရန် နှင့် ပါဝင်ဆောင်ရွက်မှုများကို ဖြစ်ပေါ်စေနိုင်သော်လည်း ၂၀၁၅-ခုနှစ်တွင် အဆိုပါ online ပစ္စည်းများကို အတွင်းကျကျ အကျိုးရှိစွာ အသုံးချနိုင်ရန် စီစဉ်ချမှတ်ထားသည်။

*လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့၏ ချဉ်းကပ်မှုစနစ်(လုပ်ထုံးလုပ်နည်းများ)*

လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့၏ လုပ်ထုံးလုပ်နည်းများကို လုပ်ငန်းစုအဖွဲ့သက်ဝင်လှုပ်ရှားသည့် အချိန်အခါ ကတည်းကပင် လုပ်ငန်းစုအဖွဲ့ခွဲနေရာနှစ်ခုစလုံးတွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၄-ခုနှစ်တွင် လုပ်ငန်းဆောင်ရွက် သည့်အဖွဲ့၏ လုပ်ထုံးလုပ်နည်းများကို ပြန်လည်လေ့လာသုံးသပ်ခဲ့ပြီး တစ်ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းလမ်းညွှန် (TOR) (နောက်ဆက်တွဲ-၁၃) တွင် စနစ်တကျထည့်သွင်းဖော်ပြထားသည်။

လုပ်ငန်းလုပ်ဆောင်သည့်အဖွဲ့၏ လုပ်ထုံးလုပ်နည်းမှာ ကျွမ်းကျင်မှုဆိုင်ရာ အထောက်အကူများ ပံ့ပိုးကူညီမှု ပေးရန်ဖြစ် ပြီး ရေ/သန့်လုပ်ငန်းစုအဖွဲ့က ရှာဖွေဖော်ထုတ်ထားသည့် တိကျသည့်ဦးဆောင်မှုဆိုင်ရာ အချက်အလက်များ ဖွံ့ဖြိုး တိုးတက်စေရန်နှင့် လုပ်ဆောင်နေသူအားလုံးက စုစည်းခိုင်မာမှုရှိစေရန်အတွက် လုပ်ငန်းစုအဖွဲ့ခွဲသို့ လုပ်ငန်းခွင် အတွေ့အကြုံများအပေါ်အခြေခံ၍ ပဏာမနေရာချထားမှုကို အဆိုပြုတင်ပြရန်ဖြစ်သည်။ ကချင်ပြည်နယ်နှင့် ရခိုင် ပြည်နယ်အကြား နေရာချထားမှုလိုက်ဖက်ညီမှုအတွက် မေးခွန်းထုတ်စရာများရှိလာသည့်အခါ သို့မဟုတ် လုပ်ဆောင် ချက်များသည် နည်းပညာထက် ဆောင်ရွက်မှုနည်းလမ်းများဖက်သို့ သွေဖီသွားပါက သို့မဟုတ် နိုင်ငံတကာလမ်းညွှန် ချက်များနှင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးရန် လိုအပ်လာသည့်အခါ သို့မဟုတ် အလှူရှင်များနှင့်အသေအချာ တိုင်ပင် ညှိနှိုင်းမှုဖြင့် အချို့သောကိစ္စရပ်များတွင် လုပ်ငန်း နေရာချထားခြင်းကို အမျိုးသားအဆင့် ရေ/သန့်လုပ်ငန်းစုအဖွဲ့သို့ အဆိုပြုတင်ပြရန်လိုအပ်သည်။ မည်သည့်ဖြစ်ရပ်များတွင်မဆို ပြန်လည်လုပ်ဆောင်မှု တရားဝင်ခိုင်မာစေရန်နှင့် ရင်းနှီး မ,တည်ခြင်း၊ တစ်စုတစ်စည်းတည်းပေါင်းစည်းခြင်း၊ စိမ့်ဝင်ပျံ့နှံ့ခြင်းနှင့်အဆင့်တိုးမြှင့်ခြင်းလုပ်ငန်းများကို လုပ်ဆောင် ရန် ရေ/သန့်လုပ်ငန်းစုလုပ်ငန်းညှိနှိုင်းရေးမှူးက မျှော်မှန်းထားသည်။

အဆိုပါလုပ်ငန်းလုပ်ဆောင်မှုအဖွဲ့များကို လုပ်ငန်းဆောင်ရွက်မှုအတွက် ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့၏အဖွဲ့ခွဲ အဖြစ် မသတ်မှတ်နိုင်သော်လည်း နည်းပညာရပ်ဆိုင်ရာဦးဆောင်မှုကို အလေးထားရန်နှင့် နည်းလမ်းများကိုလည်း အထောက် အကူဖြစ်စေရပါမည်။

၂၀၁၄-ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် လုပ်ငန်းလုပ်ဆောင်မှုအဖွဲ့၏ အရှိန်အဟုန်ကောင်းသည့် လုပ်ဆောင်မှုများ သည် မတ်လအရေးအခင်းနှင့်အတူ လျော့နည်းလာသော်လည်း အောက်ပါအချက်များသည် စုပေါင်းဖလှယ်မှု အောက်တွင် ရှိနေပါသည်။

- ကျေးရွာအဆင့် လုပ်ထုံးလုပ်နည်း၊
- သန့်ရှင်းရေးအဆင့်မြှင့်တင်ခြင်း၊
- စောင့်ကြည့်ထိန်းကျောင်းခြင်းနှင့်လေ့လာအကဲဖြတ်ခြင်း၊

ကချင်ပြည်နယ်တွင် လုပ်ငန်းလုပ်ဆောင်မှုအဖွဲ့၏ လောလောဆယ်ဖြစ်ရပ်များကိုရွေးချယ်ခဲ့ပြီး ဗန်းမော်နှင့် မြစ်ကြီးနား လုပ်ငန်းစုအဖွဲ့ခွဲများသို့ မျှဝေပေးခဲ့သည်။

- နည်းပညာရပ်ဆိုင်ရာ ဒီဇိုင်းပုံစံ၊
- အိမ်ထောင်စုအလိုက် ရေသန့်စင်ခြင်း၊
- အညစ်အကြေးများကို ပြန်လည်စွန့်ထုတ်ဖယ်ရှားခြင်း၊

မဟာဗျူဟာပြန်လည်သုံးသပ်ခြင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးပွဲတွင် တင်ပြရန်မျှော်မှန်းထားသည့်ခေါင်းစဉ်နှင့် အကြောင်း အရာများအားလုံးကို လုပ်ငန်းလုပ်ဆောင်မှုအဖွဲ့၏ လုပ်ငန်းအစီအစဉ်တွင် စုစည်းဖော်ပြထားသည်။ (နောက်ဆက်တွဲ-၁၂)

အောက်ပါတစ်ခုခုကို နေရာချထားခြင်း၊ ဦးဆောင်မှုပေးခြင်း သို့မဟုတ် သင်ခန်းစာအဖြစ် နာယူမှတ်သားခြင်းအဖြစ် ၂၀၁၄-ခုနှစ်တွင် စုစည်းဖော်ပြထားသည်။

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအမြင်ဖြင့် ကျေးရွာအဆင့်ချဉ်းကပ်နည်းစနစ်၊

- အမြေပုံတမ်းနီးပါးအသုံးပြုနိုင်သည့်အိမ်သာပုံစံ၊
- အရေးပေါ်အခြေအနေအရပ်ရပ်တွင်အညစ်အကြေးများကိုပြန်လည်စွန့်ထုတ်ဖယ်ရှားခြင်း၊
- ရာသီအချိန်အခါအလိုက် စီမံခန့်ခွဲခြင်း၊
- ဖြစ်လာနိုင်ချေဖွယ်ရှိသော အခြေအနေတစ်ရပ်တွင် အရေးပေါ်အိမ်သာနှင့် ရေချိုးရန်နေရာလွတ်၊
- စံကိုက်ပြုလုပ်ထားသော ကြွေရေစစ်အိုး အသုံးပြုသည့်နည်းလမ်း၊
- သန့်ရှင်းရေးဆိုင်ရာပစ္စည်းကိရိယာများ ပံ့ပိုးပေးသည့်ဗျူဟာနှင့်လမ်းညွှန်ချက်၊
- ပညာပေးအထောက်အကူပစ္စည်းများ၊
- ရေကန်များတူးဖော်ပေးခြင်းနှင့်ပြန်လည်ထူထောင်ခြင်း၊
- ကလေးများအသုံးပြုနိုင်သည့်အိမ်သာများ၊

ဤမြန်မာ ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ လမ်းညွှန်ချက်များသည် တစ်စုတစ်ပေါင်းတည်းနေရာချထားမှု နိုင်မာမှုကို ထင်ဟပ်စေပြီး တုန့်ပြန်မှုဆိုင်ရာလုပ်ငန်းအစီအစဉ်တွင် ပြန်လည်အသုံးပြုနိုင်ရန် ရည်မှန်းထားသည်။ အဆိုပါလုပ်ဆောင်ချက်အများအပြားကို သင်ခန်းစာရရှိမှုအပေါ်အခြေခံ၍ ၂၀၁၅-ခုနှစ်တွင် ပြန်လည်အကဲဖြတ် သုံးသပ်ရမည့် အပြင် တစ်ဆက်တည်းမှာပင် ဆက်စပ်မှုများကိုလည်း ပြောင်းလဲပေးရမည်ဖြစ်သည်။

## *ရေ/သန့်လုပ်ငန်းစုအဖွဲ့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသူများ (လုပ်ဖော်ကိုင်ဖက်များ)*

ကချင်ပြည်နယ်တွင် အောက်ဖော်ပြပါ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများရှိနေနှင့်ပြီး လုပ်ငန်းစုအဖွဲ့ခွဲများ တွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

| | |
|---|---|
| ▪ Action Contre la Falm (ACF) | - Oxfam |
| ▪ အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် ဒတ်ချ်နိုင်ငံအစိုးရမဟုတ်သောအဖွဲ့အစည်း | နိုင်ငံတကာကယ်ဆယ်စောင့်ရှောက်ရေးအဖွဲ့ |
| ▪ ဒိန်းမတ်နိုင်ငံဒုက္ခသည်များဆိုင်ရာကောင်စီ | ကလေးသူငယ်များ ကယ်ဆယ်စောင့်ရှောက်ရေးအဖွဲ့ |
| ▪ နိုင်ငံတကာကယ်ဆယ်စောင့်ရှောက်ရေးကော်မတီ | နိုင်ငံတကာ စည်းလုံးညီညွတ်မှုအဖွဲ့ |

ကချင်ပြည်နယ်ဒေသတွင် ဒေသဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများသည် ပြန်လည်တုန့်ပြန်ရေး ဆိုင်ရာလုပ်ငန်းများအတွက် အရေးကြီးသည့် လွှမ်းခြုံမှုများရရှိစေရန် ဆောင်ရွက်လျက်ရှိသည်။ အကန့်အသတ်များမရှိဘဲ လွတ်လပ်စွာ သို့မဟုတ် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကချင်ပြည်နယ် ရေ/ သန့်လုပ်ငန်းစုအဖွဲ့ခွဲတွင်လည်း ပူးပေါင်းပါဝင်လုပ်ဆောင်လျက်ရှိသည်။

| | |
|---|---|
| KBC | AVSI |
| KMSS | CESVI |
| Metta | Oxfam |
| Shalom | Save the Children (SCI) |
| Community based Organization non-registered | Solidarities International (SI) |

## *ညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာစိန်ခေါ်မှုများ*

ရန်ကုန်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများသည် ၂၀၁၄-ခုနှစ်တွင် စွမ်းဆောင်ရည် အပြည့် လုပ်ဆောင်နိုင်ခဲ့ပြီး ၂၀၁၄-ခုနှစ်တစ်နှစ်တာပတ်လုံး တက်ရောက်သူလူဦးရေ အတက်အကျရှိခဲ့သည်။ ရှုတ် ထွေးလှသည့် ခရီးသွားလာခွင့်ပြုချက်အစီအစဉ် အပိုလိုအပ်ချက်များနှင့် ကွင်းဆင်းဒေသ လုပ်ငန်းများဆောင်ရွက် ရာတွင်

တရားဝင်ဦးစားပေးသတ်မှတ်ချက်များကြောင့် ထိုသူတို့၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းဆောင်ရည် ယခုထက် ပိုမို၍ ပုံမှန်ကောင်းမွန်လာစေရန် (သို့မဟုတ်) ဦးဆောင်အဖွဲ့လဲလှယ်မှုသည် အကန့်အသတ်များစွာရှိနေဆဲ ဖြစ်နေ သော်လည်း လုပ်ဖော်ကိုင်ဖက်များ၏ ကတိကဝတ်ပြုမှုသည် ခိုင်မာပြီး အထောက်အကူ ဖြစ်စေသည်။

သို့ကြောင့် အစည်းအဝေးတွေ့ဆုံမှုအကြိမ်ကိုလျှော့ချခြင်း၊ ရေ/သန့် လုပ်ငန်းဦးဆောင်မှုအဖွဲ့နှင့် ဆက်သွယ်နိုင်ခြင်း၊ အသိအမြင်ဖလှယ်သော အစည်းအဝေးပြင်ပလိုအပ်ချက်များနှင့် နေပြည်တော်ရှိတာဝန်ရှိသူများနှင့် ဆက်သွယ်ဆောင် ရွက်နိုင်သည့်အခွင့်အလမ်းများရှာကြံခြင်းများကို အောက်ပါအတိုင်း စီစဉ်ချမှတ်ခဲ့သည်။

| | ဇန္န ဂါရီ | ဖေဖော် ဂါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩ ဂုတ် | စက် တင်ဘာ | အောက် တိုဘာ | နိုဝင် ဘာ | ဒီဇင် ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| လုပ်ငန်း စုအဖွဲ့ | | သီးခြား လုပ်ငန်း စုအဖွဲ့ မဟာဗျူ ဟာ | X | | X | | X | | X | | X | |
| WTG | | X | | X | | | | X | | X | | |
| NPT | | | | | | X | | | | | | X |

လုပ်ဖော်ကိုင်ဖက်များ၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုနှင့် ပါဝင်ဆောင်ရွက်သူ ပိုမိုများပြားလာခြင်းဖြင့် ရခိုင်ပြည် နယ်ရှိလုပ်ငန်းစုအဖွဲ့ခွဲသည် တက်ကြွစွာလှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ မည်သို့ပင်ဖြစ်စေ မတ်လအရေးအခင်း ကာလအပြီးတွင် ရေ/သန့်လုပ်ငန်းစုအဖွဲ့အတွက် ဂန်ထုပ်ဂန်ပိုး စတင်ဖြစ်ပေါ်စေခဲ့သည်။ စုစည်းဆောင်ရွက်သည့် မဟာဗျူဟာကျသည့် အလေးထားဆောင်ရွက်မှုများသည် နှေးကွေးလာပြီး တိုက်တွန်းလှုံ့ဆော်ပေးရန်လည်း လိုအပ် လာသည်။ တစ်ဆက်တည်းမှာပင် လုပ်ငန်းစုအဖွဲ့ခွဲအနေဖြင့် ရခိုင်ပြည်မြောက်ပိုင်းဒေသ( ဘူးသီးတောင်နှင့် မောင်းတော) ၏ တုန့်ပြန်မှုဆိုင်ရာလုပ်ငန်း များ၏ ဦးဆောင်မှုအခန်းကဏ္ဍ ပြန်လည်ရရှိစေရန် ထုတ်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။

လုပ်ငန်းအဖွဲ့ခွဲ၏လုပ်ဆောင်မှုများသည် အပိုအလိုမရှိဘဲတိကျသေချာမှုရှိပြီး ကွာဟမှုများအတွက်လည်း တုန့်ပြန်မှု များ ဆောင်ရွက်ပေးလျက်ရှိပြီး ပထဝီအနေအထားဆိုင်ရာ အချက်အလက်များအတွက်လည်း ခွဲခြားရွေးထုတ်နိုင်ခဲ့ သည့်အပြင် ဦးဆောင်မှုကိုလည်းပေးနိုင်ခဲ့သည်။ အရေးပေါ်အခြေအနေအတွက် ကြိုတင်ကာကွယ်ပြင်ဆင်ရေးနှင့် တုန့်ပြန်ရေးလုပ်ငန်းများကို လုပ်ဖော်ကိုင်ဖက်များ၏စွမ်းဆောင်ရည်အပေါ် အခြေခံပြီး အရန်သင့်ပြုလုပ်ထားသည့် နည်းလမ်းများမှတစ်ဆင့် "နေရာဒေသတစ်ခုအတွက်အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုမူဝါဒ" ကို အလေးထားခြင်း ဖြင့် ဖော်ထုတ်ဆောင်ရွက်ခဲ့သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်မှုသည် အပြုသဘောဆောင်ပြီး အကျိုးဖြစ်ထွန်းလျက်ရှိသော်လည်း နှစ်ဦးနှစ်ဘက်အခွင့်အလမ်းရှာကြံမှုနှင့် အခြေအနေ အပေါ်မူတည်၍ လက်ခံကျင့်သုံးမှုများ များပြားလျက်ရှိနေသေးသည်။

ကချင်ပြည်နယ်၏ ပထဝီအနေအထားအကန့်အသတ်များနှင့် ကန့်သတ်ချုပ်ချယ်မှုများကြောင့် (NGA) လုပ်ဆောင်နေ သူများအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုအတွက် စိန်ခေါ်မှုများ များပြားလျက်ရှိနေသေးသည်။ ထို့ပြင် ညှိနှိုင်းဆောင်ရွက် မှု လုပ်ထုံးလုပ်နည်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လုပ်ဆောင်သူများ၏ စွမ်းဆောင်ရည်ကန့်သတ်ချက်များ လည်းရှိနေခြင်းကြောင့်ပင်ဖြစ်သည်။ ဒေသခံ အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းစုအဖွဲ့အပေါ် ကြီးမားသည့်အလေးထားမှုနှင့် စွမ်းပကားကြီးမားမှုများကို ဖော်ထုတ်သတ်မှတ်ခဲ့ရာ ယုံကြည်အလေးထားမှုပိုမိုမှုနှင့် ပတ်သတ်၍ လုပ်ငန်းစုအဖွဲ့အနေဖြင့် ဆက်လက်တွန်းအားပေးရမည်ဖြစ်သည်။ အဆိုပါလုပ်ဆောင်ချက်သည် အကျိုး ခံစားရသူများအတွက် တုန့်ပြန်မှုပိုမိုအကျိုးဖြစ်ထွန်းစေရန်နှင့် ညှိနှိုင်းဆောင်ရွက်မှုကို ဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။ ၂၀၁၃-ခုနှစ်ကထက်စာလျင် လုပ်ဆောင်နေသူများအချင်းချင်း အမြင်ခြင်းဖလှယ်မှု ပိုမိုတိုးပွားလာခြင်း၊ အတွေ့အကြုံ များ

မျှဝေပေးခြင်းနှင့် အရည်အသွေးမြှင့်တင်ရေးအတွက် လေ့ကျင့်သင်တန်းပေးခြင်း၊ ၂၀၁၃-ခုနှစ်ကထက် ပိုမို ကောင်းမွန်သည့် စုပေါင်းလုပ်နည်းကိုင်နည်းများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် အများလက်ခံနားလည်နိုင်သည့် ညှိနှိုင်း ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းများဖြင့် ဒေသခံအစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ တောင်းဆိုချက်အရ လုပ်ဆောင်နေသူများအတွက် အရည်အသွေးမြှင့်တင်ရေးကို ၂၀၁၄-ခုနှစ်က ဆောင်ရွက်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ လုပ်ငန်းစုအဖွဲ့ခွဲများ၏သတ်မှတ်ချက်အရ အထူးသဖြင့် ဗန်းမော်ခရိုင်တွင် လုပ်ဆောင်နေသူအများ အပြားနှင့်အကျိုးခံစားနေရသူများ၏ အာရုံစူးစိုက်မှုကို ရရှိနေပေရာ လုပ်ငန်းစုအဖွဲ့များ၏ ဦးဆောင်မှုအခန်းကဏ္ဍသည် ယခုအချိန်ထိ ပိုမိုတိုးပွားလျက်ရှိနေပါသည်။

## *လုပ်ငန်းစုအဖွဲ့၏ ခွဲခြမ်းဆန်းစစ်မှုဆိုင်ရာစွမ်းဆောင်ရည်*

ယနေ့အချိန်ထိ လတ်တလောအခြေအနေကို ခွဲခြမ်းစိတ်ဖြာလေ့လာရန်အတွက် အဓိကထားလေ့လာရမည့် အချက် များမှာ-

- နိုင်ငံဆိုင်ရာအချက်အလက်အမျိုးမျိုး၊ အစီရင်ခံစာများနှင့်မြေပုံများ၊
- "ဘ"လေးလုံး(4W) လုပ်ငန်းဆောင်ရွက်နေသည့်နေရာများတွင် ဆက်နွယ်နေသည့်ကွာဟချက်များနှင့် လိုအပ်ချက်များကို ကောင်းမွန်သည့်သရုပ်ဖော်ပုံများ ရေးဆွဲခွင့်ပြုခြင်းဖြင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ၏ ၁၀၀% တုန့်ပြန်မှုနှုန်းဖြင့် ကောင်းမွန်စွာအသုံးချခြင်း၊
- "ဘ"လေးလုံး (4W) အချက်အလက်များ အသင့်အတင့်ရှိနေမှုအတွင်း ဘဏ္ဍာရေး(ရန်ပုံငွေ) ဖွံ့ဖြိုးတိုးတက် လာမှု၊
- လုပ်ငန်းခွင်ဒေသအတွင်း လုပ်ငန်းဆောင်ရွက်သည့်အုပ်စုမှ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊
- လုပ်ဖော်ကိုင်ဖက်များ၏ ဆန်းစစ်အကဲဖြတ်ခြင်းနှင့်ခန့်မှန်းလေ့လာခြင်း အစီရင်ခံစာများ၊
- လုပ်ငန်းစုအဖွဲ့အစည်းအဝေးများ၊ ဌာနအချင်းချင်းတွေ့ဆုံစည်းဝေးခြင်း၊ (အမျိုးသားအဆင့်နှင့်နိုင်ငံတော် အဆင့်)
- လုပ်ဖော်ကိုင်ဖက်များနှင့်အမြင်ခြင်းဖလှယ်ခြင်းနှင့် နှစ်ဦးနှစ်ဘက်အပြန်အလှန်အချေတင်ပြောဆို ဆွေးနွေး ခြင်း၊
- လုပ်ငန်းခွင်ခန့်မှန်းလေ့လာခြင်း၊
- လုပ်ငန်းစုအဖွဲ့လိုက် စောင့်ကြည့်ထိန်းကျောင်းခြင်း (ပုံမှန်ဖြစ်သောဖွံ့ဖြိုးတိုးတက်မှုအောက်တွင်)

ကယ်ဆယ်ရေးအတွက် သတ်မှတ်ထားသော အနိမ့်ဆုံးစံနှုန်းများ (SPHERE) များမှတစ်ဆင့် လုပ်ဆောင်ချက်များကို အခြေခံပြီး လုပ်ဖော်ကိုင်ဖက်များက ပံ့ပိုးပေးထားမှုကိုကျော်လွန်၍ လိုအပ်ပါက သာမန်အရေအတွက်ကိုသာ ဖော်ပြ သော အချက်အလက်များကောက်ယူခြင်းကို ၂၀၁၄-ခုနှစ် မဟာဗျူဟာတွင် ဖော်ပြထားပါသည်။ အဆိုပါ လိုအပ်ချက် များကို တုန့်ပြန်ရာမှာ လုပ်ငန်းစုအဖွဲ့နှစ်ခုစလုံးက စောင့်ကြည့်ထိန်းကျောင်းခြင်းနည်းလမ်းများ( နောက်တွဲ-၁၄ နှင့် ၁၅) ကို တိကျစွာ ဖော်ထုတ် ရမည်ဖြစ်သည်။ ရေ/သန့်ဆိုင်ရာ အနိမ့်ဆုံးစံနှုန်းများနှင့်ဆက်နွယ်နေသည့် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များ ခွဲခြမ်းလေ့လာမှုအပေါ်အခြေခံ၍ စခန်းများနှင့်ရည်မှန်းကျေးရွာများတွင် နည်းစနစ်ပိုမိုကျနပြီး နည်းလမ်းတကျရှိသော စောင့်ကြည့်ထိန်းကျောင်းခြင်းများကို ဆောင်ရွက်ခွင့်ပြုရမည်ဖြစ်သည်။ ရေအရည်အသွေးဆိုင်ရာ နည်းစနစ်များကို လည်း စောင့်ကြည့်ထိန်းကျောင်းခြင်းနည်းလမ်းများအားလုံးတွင် ထည့်သွင်းဖော်ပြထားပါသည်။ ဤအချက်ကြောင့် ယူနီဆက်ဖ်မှတစ်ဆင့် လုပ်ငန်းစုအဖွဲ့ကို အင်အားတိုးချဲ့ဖြည့်တင်းခဲ့သည်။ နိုင်ငံတကာအချိန်ပြည့်တာဝန်ကို ၁၂-လ အတွင်း ရခိုင်ပြည်နယ်တွင် စောင့်ကြည့်ထိန်းကျောင်းသည့်စနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် သတင်းအချက်အလက်များ စီမံ ခန့်ခွဲခြင်းလုပ်ငန်းများတွင် ပံ့ပိုးကူညီပေးနိုင်ရန်ဖြစ်သည်။ လုပ်ငန်းစဉ်များ သူ့နေရာနှင့်သူ နေသားတကျဖြစ်နေရန် စီစဉ်ထားရှိပြီး အဖွဲ့မှ ဆက်လက်ဆောင်ရွက်နိုင်ချိန် ၂၀၁၅-ခုနှစ် မတ်လတွင် ဤရာထူးသည် ကုန်ဆုံးမည်ဖြစ်သည်။

ကချင်နှင့် ရခိုင်ပြည်နယ်၏ စောင့်ကြည့်လေ့လာရေးနှင့်အကဲဖြတ်ရေး စနစ်၏အဓိကရည်ရွယ်ချက်များမှာ ရေသန့်လုပ်ငန်းစဉ်အခြေအနေအား အောက်ပါတို့ကိုတိုးတတ်စေရန်ဖြစ်သည်။

- ရေထုတ်ယူသောနေရာနှင့် အိမ်ထောင်စုအဆင့်အသုံးပြုသောရေ၏အရည်အသွေး။

- အနိမ့်ဆုံးစံညွှန်းအရည်းအသွေးပြည့်မှီမှုရှိစေရန်။
- လူမှုအဖွဲ့အစည်း၏လက်ခံမှုနှင့်ကျေနပ် အားရမှုအား အကျိုးခံစားခွင့်ရှိသူတို့အပေါ် မိမိတို့၏တာဝန်ယူနိုင်မှု အားတိုင်းတာမှုပုံစံဖြင့် အကဲဖြတ်သင့်သည် ။
- တကိုယ်ရေသန့်ရှင်းမှု လူထုပူးပေါင်းဆောင်ရွက်မှု ကိုယ်ထူလကိုယ်ထစနစ်ဖြင့် အဆောက်အအုံ ထိမ်းသိမ်းခြင်း စသည့် ရေသန့်လုပ်ငန်းစဉ်၏ ပညာပေးအပိုင်းကို မိမိဒို့၏တာဝန်ယူမှုအ ပိုင်းအနေဖြစ်သေချာစွာလုပ်ကိုင်စေခြင်း ။

လေ့လာအကဲဖြတ်သုံးသပ်နိုင်မှု အခြေအနေမှာ အလွန်အားနည်းလျက်ပင် ရှိနေသေးသည်။ အကြောင်းမှာ သတင်းအချက်အလက်များ မျှဝေမှုနည်းပါးခြင်းကြောင့်အပြင် ပြီးပြည့်စုံသည့်လေ့လာသုံးသပ်မှုများမှာလည်း အားနည်းလျက်ပင်ရှိနေသေးသည်။ သာမန်လေ့လာသုံးသပ်အကဲဖြတ်မှုဖွံဖြိုးတိုးတက်ခြင်းသည် OCHA မှ ပြုလုပ်သည့် အရေးပေါ်အခြေအနေတွင်သာ အသုံးပြုနိုင်သည်။ ဌာနစုံပါဝင်သော ကနဦးလျင်မြန်သည် လေ့လာသုံးသပ်ချက်ထက်ပိုပြီး ကျယ်ပြန့်သည်။ ကျိုးကြောင်းညီညွှတ်မှုရှိပြီး ရေ/သန့်လုပ်ငန်းစုအဖွဲ့မှအသုံးပြုလျက်ရှိသည်။ သို့သော်လည်း အသိဉာဏ်ချို့တဲ့မှုကို လွှမ်းခြုံမိစေရန် မြေပုံရေးဆွဲခြင်းကို လေ့လာသုံးသပ်ရန်နှင့် စစည်းရေးဆွဲထားသည့်အစီအစဉ်ကိုလည်း ယခုအချိန်ထိ လုပ်ငန်းစုအဖွဲ့က ရေရှည်ပံ့ပိုးပေးနေရဦးမည်ဖြစ်သည်။ ယူနီဆက်ဖ်လုပ်ငန်းစုအဖွဲ့အနေဖြင့်လည်း လွတ်လပ်သည့် ဆန်းစစ်အကဲဖြတ်ခြင်းကို လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ရန် ၂၀၁၅-ခုနှစ်တွင် အရည်အသွေးပြည့်မှီနေရန် လိုအပ် သည်။

အတိတ်ကာလအတွေ့အကြုံများအပေါ်အခြေခံ၍ ရင်းနီးမြုပ်နှံမှုပြုလုပ်ရန်မှာ စဉ်ဆက်မပျက် အလုပ်လုပ်ရန် လိုအပ် သည်။ ထို့ပြင် အလုပ်ရုံဆွေးနွေးပွဲအတွေ့အကြုံများ၊ သတင်းအချက်အလက်များဖလှယ်ခြင်းနှင့် လမ်းညွှန်ချက် မှတ်တမ်းများကိုလည်း နောက်ဆုံးအခြေအနေအထိ ပြင်ဆင်ထားရှိခြင်းများမှတစ်ဆင့် လုပ်ငန်းစုအဖွဲ့မှလည်း ပံ့ပိုးကူညီ ရမည်ဖြစ်သည်။

## *ဌာနအချင်းချင်းညှိနှိုင်းဆောင်ရွက်ခြင်း*

- ရေ/သန့် လုပ်ငန်းစုအဖွဲ့နှင့်အဖွဲ့ခွဲများမှ ညှိနှိုင်းရေးမှူးများသည် ပြည်နယ်အဆင့်နှင့် ရန်ကုန်အဆင့် နှစ်ခုစလုံးတွင် ဌာနအချင်းချင်းချမှတ်ထားသည့် မူဂါဒလမ်းစဉ်အတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိခြင်း၊
- အဆိုပါအစည်းအဝေးပွဲများအတွင်း လုပ်ငန်းစုအဖွဲ့များနှင့်ဌာနများက နောက်ဆက်တွဲလုပ်ငန်းများအပေါ် ပိုမိုရှင်းလင်းဆွေးနွေးကြရမည်ဖြစ်သကဲ့သို့ ရေ/သန့်လုပ်ငန်းစုအနေဖြင် ့ဆွေးနွေးမည့်အကြောင်းအရာခေါင်းစဉ်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်စေပြီး အဆိုပါမူဂါဒလမ်းစဉ်များတွင် ဖော်ပြထားရမည်ဖြစ်သည်။ `
- ကွင်းဆင်းဒေသတွင် ညှိနှိုင်းဆောင်ရွက်ခြင်းသည် အခြားသောကဏ္ဍများနှင့် အပြန်အလှန်အကျိုး သက်ရောက်မှုဖြစ်စေပြီး ကောင်းမွန်သောကျေနပ်ဖွယ်ရာ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်စေနိုင်ပါသည်။ (အောက်ဇယားတွင် ခေါင်းစဉ်အကျဉ်းကိုဖော်ပြထားသည်)
- အစားအစာလုံခြုံရေးကဏ္ဍ၊ သက်မွေးဗမ်းကျောင်းဆိုင်ရာ လုပ်ဆောင်သူများအဖွဲ့ခွဲနှင့် စောစီးစွာ ကြိုတင်ပြန်လည်ထူထောင်ရေးကွန်ယက်များနှင့် အတိအကျချိတ်ဆက်မှုရရှိရန် ရှာဖွေဖော်ထုတ် ကြရန်လည်းလိုအပ်သည်။ တုန့်ပြန်မှုအစီအစဉ်နှစ်ခုစလုံးတွင် သက်မွေးဗမ်းကျောင်းလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများအတွက် ကောင်းမွန်သောနားလည်မှုများ ပေါ်ပေါက်လာနိုင်သကဲ့သို့ လွန်ခဲ့သည့်နှစ်များအတွင်း ယခင်စောစီးစွာ ပြန်လည်ထူထောင်ရေးကဏ္ဍအနေဖြင့် အဆိုပါမေးခွန်းများကို ပြန်လည်တုန့်ပြန်မှုဆောင်ရွက်ပေးစဉ် အချို့သောဖြစ်ရပ်များတွင် အကျိုးခံစားနေရသူများအတွက် စီးပွားရေးအထောက်အကူများ ချိတ်ဆက်ပေးခြင်း သည် အကျိုးသက်ရောက်မှုရှိနိုင်ပြီး ရေ/သန့်လုပ်ငန်းများနှင့်လည်း အချင်းချင်းဆုံတွေ့နိုင်သည်။

| ဌာန/ကဏ္ဍ | ဦးဆောင်အဖွဲ့အစည်း | သာမန် စိတ်ဝင်စားမှု |
| --- | --- | --- |
| ခိုလှုံစရာနေရာ (အဆောက်အဦး) | UNHCR | လုပ်ငန်းစုအဖွဲ့နှစ်ခုအချင်းချင်း/အကြားအနီးကပ်ညှိနှိုင်းဆောင်ရွက်ခြင်း<br>- လုပ်ငန်းစုအဖွဲ့တစ်ခုနှင့်တစ်ခုအစည်းအဝေးများကို မှန်မှန်တက်ရောက်ခြင်း၊<br>- ကွင်းဆင်းဒေသများသို့ ပူးတွဲသွားရောက်ခြင်း၊<br>- သီးသန့်ကြားဖြတ်လုပ်ငန်းများအတွက်ပူးတွဲစီစဉ်ခြင်း၊<br>သီးခြားကြားဖြတ်ပေါ်ထွက်လာသည့် အချက်အလက်များကို ဆွေးနွေးညှိနှိုင်းရန် လုပ်ငန်းစုအဖွဲ့အချင်းချင်း နှင့်/သို့မဟုတ် လုပ်ငန်းလုပ်ဆောင်သည့်အဖွဲ့များ အချင်းချင်းပူးတွဲအစည်းအဝေးကျင်းပခြင်း၊<br><br>ကြီးမားတောင့်တင်းခိုင်မာသည့် ခိုလှုံစရာအဆောက်အဦးများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တစ်ဦးချင်းကိုယ်ပိုင်အိမ်ခန်းများအတွက် လတ်တလောစီစဉ်ဆောင်ရွက်နေပြီဖြစ်ရာ ရေ/သန့်လုပ်ငန်းလိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားခြင်းဖြင့် လုပ်ငန်းခွင်အစီအစဉ်များရေးစွဲချမှတ်ထားရန် လိုအပ်ပါသည်။<br><br>ကချင်ပြည်နယ်ဒေသတွင် ကြာရှည်အသုံးပြုနိုင်သည့်နည်းလမ်းများနှင့် အိုးအိမ်များမှ စွန့်ခွာထွက်ပြေးနေရသူများအား နောက်ဆုံးအဆင့် ပြန်လည်အခြေချရန်နေရာချပေးခြင်းလုပ်ငန်းအတွက် အသေအချာ စိတ်ဝင်စားလျက်ရှိကြသည်။ ပြန်လာသူဦးရေအနည်းငယ်မျှနှင့် ပြန်လည်နေရာချပေးထားသည့်နေရာတွင် အမြဲတမ်းအိမ်ယာများအတွက် ဖြစ်နိုင်ချေရှိရာ အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ရေ/သန့်ဆိုင်ရာပံ့ပိုးပစ္စည်းများနှင့် ခိုလှုံစရာနေရာအဆောက်အဦးများအတွက် (အိုးအိမ်စွန့်ခွာထွက်ပြေးနေရသူများပြန်မရောက်မီ) အသေအချာ ညှိနှိုင်းဆောင်ရွက်ခြင်းကို မဖြစ်မနေစီမံဆောင်ရွက်ထားရမည်ဖြစ်သည်။ ပြန်လည်ဝင်ရောက်လာနေသူများအတွက် လုံလုံလောက်လောက်နှင့် ရေရှည်လက်ခံထားရှိနိုင်ရေးအတွက် ပံ့ပိုးကူညီရန်လည်း ဖြစ်သည်။<br><br>ရခိုင်ပြည်နယ်တွင်လည်း အဆောက်အဦးနှင့်ပံ့ပိုးပစ္စည်းများ ထိန်းသိမ်း စောင့်ရှောက်ရေးနှင့်ပက်သက်၍ ရေ/သန့်လုပ်ငန်းစုအဖွဲ့များသည် အတူတကွ မျှဝေတာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ထင်းနှင့်လောင်စာများချို့တဲ့မှု၏ သက်ရောက်မှု၊ နောက်ဆုံးအဆင့်ဖြစ်လာနိုင်ဖွယ်ရာ ပြောင်းရွှေ့ခြင်းလုပ်ငန်းများနှင့် စောစီးစွာပြန်လည်ထူထောင်ရေးကွန်ယက်ဖြင့် ညှိနှိုင်းဆောင်ရွက်ရန်၊ ညှိနှိုင်းဆက်သွယ်မှုလမ်းကြောင်းဖြင့် ဝင်ရောက်ဆောင်ရွက်နိုင်ရန်နှင့် တုန့်ပြန်မှုရေရှည်ဖြစ်ပေါ်နေစေရန်အတွက် တွန်းအားပေးရန်စသည်တို့ကို အတူတကွ ပူးပေါင်းစိတ်ဝင်စားမှုရှိနေရန်လည်း အတူတကွမျှဝေ တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်သည်။ |
| CCCM | UNHCR | ၂၀၁၅-ခုနှစ်အတွင်း အကျိုးခံစားနေရသူများ၏ ပိုင်ဆိုင်မှုအသိစိတ်ကို တိုးမြှင့်နိုင်စေရန်အတွက် ရေ/သန့်ဆိုင်ရာ အချက်အလက်များနှင့် လူထုစည်းရုံး လှုံ့ဆော် |

ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးများဖြင့် အဖွဲ့အစည်း၏ အခြေခံအဆောက်အအုံများအတွင်း လူထုအခြေပြုအဖွဲ့အစည်းများအား တာဝန်လွှဲပြောင်းပေးအပ်ရန်မှာ လွန်စွာအရေးကြီးပေသည်။ ဤလူထုချဉ်းကပ်မှုနည်းလမ်းများမှာ လက်ရှိကယ်ဆယ်ရေးစခန်းစီမံခန့်ခွဲမှုနှင့် လက်ရှိဖွဲ့စည်းတည်ဆောက်ပုံများနှင့် လိုက်ဖက်ညီနေမှုရှိနေစေရန်လည်း လိုအပ်သည်။

စခန်းအခြေပြုလုပ်သားများအတွက် အားပေးနိုးဆော်မှုများမှာလည်း စခန်းတစ်ခုချင်းအလိုက် လိုက်ဖက်ညီနေရမည် ဖြစ်သည်။

| | | |
|---|---|---|
| NFI | UNHCR | ၂၀၁၃-ခုနှစ် နှစ်လည်ပိုင်းမှစ၍ ရေ/သန့်လုပ်ငန်းစု အဖွဲ့သည် NFI လုပ်ငန်းစု အဖွဲ့သန့်ရှင်းရေး အထောက်အကူပြုပစ္စည်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အစီရင်ခံစာပေးပို့ရန် တာဝန်ယူဆောင်ရွက်ရသည်။ အစီရင်ခံစာပေးပို့ခြင်း လုပ်ငန်းစဉ်သည် ကျိုးကြောင်းခိုင်မာရန်လိုအပ်ပြီး ဖြစ်နိုင်ပါက လုပ်ငန်းဖြန့်ကျက်အသုံးချမှုနည်းလမ်းများကို မျှဝေသုံးစွဲရန်နှင့် လိုက်ဖက်ညီနေစေရန်လည်း လိုအပ်သည်။ |

ရခိုင်ပြည်နယ်တွင် အစားအသောက်မဟုတ်သော ပစ္စည်းများနှင့်ဆက်စပ်၍ ရောင်းဝယ်ဖောက်ကားမှု အတက်အကျကိုနားလည်သဘောပေါက်စေရန် ယေဘူယျလိုအပ်ချက်နှင့် အကျိုးခံစားရနေသူများ၏ လိုအပ်ချက်များကို ပိုမိုထိရောက်စွာဖော်ပြနိုင်ရန် ရှာဖွေဖော်ထုတ်ခဲ့သည်။ ဌာနပေါင်းစုံပါဝင်သော ဈေးကွက်ရောင်းဝယ်ဖောက်ကားမှု လေ့လာသုံးသပ်ခြင်းနှင့် အိမ်ထောင်စုငွေကြေးသုံးစွဲမှု လေ့လာခြင်း သည် အနာဂါတ်ဖြန့်ဝေခြင်းအတွက် လမ်းညွှန်ပေးနိုင်သည်။ ရည်မှန်းဘေးအန္တရာယ်ရှိနိုင်သူများနှင့် ဖြန့်ဝေမှုနည်းလမ်းများ၊ ဖြန့်ဝေမှုပြေစာများနှင့်ဖြန့်ဝေသည့် ပစ္စည်းအမျိုးအမည်များအတွက်လည်း အထောက်အကူဖြစ်စေသည်။

| | | |
|---|---|---|
| ကျန်းမာရေး | ကမ္ဘာ့ကျန်းမာအဖွဲ့ | ရေ/သန့် လုပ်ငန်းစုအဖွဲ့၏ လုပ်ဆောင်မှုများသည် ကျန်းမာရေးအကျိုး သက်ရောက်မှုနှင့် အလွန်နီးကပ်စွာ ဆက်စပ်နေသည်။ ရုတ်တရက် အန္တရာယ်ဖြစ်ပေါ်လာနိုင်ဖွယ်ရာ အခြေအနေများအတွက် ပြန်လည်တုန့်ပြန်နိုင်ရန် တာဝန်ဝတ္တရားများကို အနီးကပ်ညှိနှိုင်းဆက်သွယ်ခြင်းနှင့် သတင်းအချက်အလက်များ မျှဝေမှု အဆင်ပြေချောမွေ့ရေး လိုအပ်ချက်များနှင့်အတူ ရေ/သန့်အဖွဲ့နှင့်ကျန်းမာရေးတို့က ပူတွဲတာဝန်ယူထားသည်။ |

ရခိုင်ပြည်နယ်ရှိ မြို့နယ်တစ်ခုချင်းစီတွင် ဦးတည်ချက်များ ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းများကို ဆောင်ရွက်ခွင့်ပြုပြီး ကျန်းမာရေးဆိုင်ရာ အချက်အလက်များ မျှဝေခြင်းကို ၂၀၁၃-ခုနှစ်ကုန်ပိုင်းကစတင်ခဲ့သည်။ မတ်လအရေးအခင်းအပြီး ရပ်ဆိုင်းထားသော ကျန်းမာရေးအတွက် အနီးကပ်စောင့်ကြပ်ကြည့်ရှုသည့် အချက်အလက်များမျှဝေခြင်းကို ပြန်လည်စတင်ဆောင်ရွက်ခဲ့သည်။ ညှိနှိုင်းဆောင်ရွက်ခြင်းဖွံ့ဖြိုးတိုးတက်လာရေးအတွက် ယခုအချိန်ထိ မျှော်လင့်နေရဆဲဖြစ်သည်။ အချက်အလက်များ၏ အရည်အသွေးပြီးပြည့်စုံခြင်းနှင့် ရှင်းလင်းတိကျ

| | | |
|---|---|---|
| | | ခြင်း၊ အချက်အလက်များ အဓိပ္ပါယ်ဖွင့်ဆိုနိုင်ရေး အလေးပေးဖော်ထုတ်ခြင်းနှင့် ပြည့်သူ့ကျန်းမာရေးဆိုင်ရာ အခြေအနေများကို အဖက်ဖက်မှ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းများအတွက် ညှိနှိုင်းဆောင်ရွက်ကြရန်ဖြစ်သည်။ AWD တုန့်ပြန်မှုလုပ်ငန်းအစီအစဉ် နောက်ဆုံးအခြေအနေအတွက် ကျန်းမာရေးလုပ်ငန်းစုအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။<br><br>ယခုအချိန်ထိ ကချင်ပြည်နယ်တွင် ကျန်းမာရေးလုပ်ငန်းစုအဖွဲ့ဟူ၍ သတ်သတ်မှတ်မှတ် တိုက်ရိုက်မရှိသေးပေ။ ရန်ကုန်နှင့် ဆက်လက် ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်သည်။ |
| ကာကွယ်စောင့်ရှောက်ရေး | UNHCR | ရခိုင်ပြည်နယ်တွင် အဓိက ပတ်သက်နေသည့် ယောကျာ်း-မိန်းမဖြစ်ခြင်းနှင့် သီးခြားလိုအပ်ချက်များရှိနေသည့် လူထုနှင့်သက်ဆိုင်သည့် ဘေးဒုက္ခအန္တရာယ်များ မကျရောက်စေရေးနည်းလမ်းကို ၂၀၁၄-ခုနှစ်က ရှာဖွေ ဖော်ထုတ်ခဲ့သည်။ ဆက်လက်၍ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ၂၀၁၅- ခုနှစ်က ကာကွယ်စောင့်ရှောက်ရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပြီး အစီအစဉ် ရေးဆွဲခဲ့သည်။ ရေ/သန့် အခြေခံအဆောက်အအုံနှင့်အဓိကဆက်နွယ်နေသည့် ကယ်ဆယ်ရေးစခန်းများတွင် ကလေးသူငယ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ဖော်ပြနိုင်ရန် ရေ/သန့်လုပ်ငန်းနှင့် ကာကွယ်စောင့်ရှောက်ရေးအကြား အနီးကပ် ချိတ်ဆက်နိုင်မှုကို ဖော်ထုတ်ခဲ့သည်။ ထို့ပြင်သန့်ရှင်းရေးမြှင့်တင်ရေးသင်ခန်းစာတွင် စနစ်ကျသည့် အခြေခံဘေးအန္တရာယ် ကင်းရှင်းရေးခေါင်းစဉ်ကို ပေါင်းစပ်ထည့်သွင်းထားသည်။ ရေ/သန့်လုပ်ငန်းတွင် သီးခြားယောကျာ်း-မိန်းမဖြစ်ခြင်း ဆိုင်ရာတာဝန်ရှိမှုသည် ဆက်လက်တည်ရှိနေပြီး ကာကွယ်တားဆီးရေး လုပ်ငန်းလုပ်ဆောင်သည့်အဖွဲ့နှင့် Gen Cap advisor တို့နှင့် ခိုင်မာစွာချိတ်ဆက်၍ ဖော်ပြနိုင်ရန် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ |
| ပညာရေး | ယူနီဆက်ဖ် | ရေ/သန့် လုပ်ငန်းများကို (ယာယီစာသင်ကြားနိုင်သည့် ကွက်လပ်များသို့မဟုတ်ကျောင်းများ၏) ရေ/သန့်ဆိုင်ရာလိုအပ်ချက်များအတွက် စနစ်တကျ ကိုင်တွယ်ဖြေရှင်းကြရမည်ဖြစ်သည်။ ပညာရေးဌာနက ညှိနှိုင်းဆောင်ရွက်မှုဖြင့် ရှာဖွေဖော်ထုတ်ထားသည့် လိုအပ်ချက်များဖြင့် ရေ/သန့်လုပ်ဆောင်သူများက ဆောင်ရွက်ကြရမည်ဖြစ်သည်။<br><br>လတ်တလော ဖော်ထုတ်ထားသည့် အမျိုးသားအဆင့်မူဝါဒများအပေါ် အခြေခံ၍ ကျောင်းအခြေပြုနည်းလမ်းများတွင် ကျေးလက်ဒေသတွင်ဆောင်ရွက်မည့် ရေ/သန့် လုပ်ငန်းများကို ဖော်ထုတ်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။ |
| အစားအစာ လုံခြုံရေး/ သက်မွေးဝမ်းကျောင်းလုပ်ငန်း | WFP/FAO UNDP | ရေ/သန့်လုပ်ငန်း အကျိုးသက်ရောက်မှုနှင့်ပံ့ပိုးမှုများအတွက် အားပေးတိုက်တွန်းရန် ပဋိပက္ခကိုဆင်ခြင်သတိထားနိုင်သောနည်းလမ်းများကို အစားအစာလုံခြုံရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပံ့ပိုးပေးခြင်းတို့ဖြင့် ရှာဖွေဖော်ထုတ်ကြရမည်ဖြစ်သည်။ |

| | | |
|---|---|---|
| စောစီးစွာပြန်လည်ထူထောင်ရေး ကွန်ယက် | UNDP | ရေ/သန့်လုပ်ငန်း လုပ်ဆောင်ချက်များအတွက် စောစီးစွာ ပြန်လည်ထူထောင်ရေး ကွန်ယက်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့်ကျွမ်းကျင်မှုဆိုင်ရာပံ့ပိုးမှုကိုရယူ၍အခိုင် အမာချိတ်ဆက်မှု ရရှိရန်လိုအပ်သည်။ ရေ/သန့်အဖွဲ့အနေဖြင့် ကျေးရွာများတွင် ပူးပေါင်းဆောင်ရွက်နိုင်ပြီး ကယ်ဆယ်ရေးစခန်းများတွင်လည်း နောက်ကြောင်း ပြန်သက်ရောက်မည့် အချက်များကိုလည်း ရှောင်ရှားနိုင်ကြရမည်ဖြစ်သည်။ ဌာန ပေါင်းစုံပူးပေါင်းပါဝင်သည့် အစိတ်အပိုင်းအဖြစ် ပြန်လည်ဝင်ရောက်လာမှုကို ဦးစားပေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ အမှီအခို ပိုမိုကင်းလွတ်ရေးအတွက် လည်း လူထုကို ဦးဆောင်လမ်းပြနိုင်ရမည် ဖြစ်သည်။ |
| လူထုနှင့်ဆက် သွယ်ဆောင် ရွက်ခြင်း | OCHA | ရခိုင်ပြည်နယ်တွင် လုပ်ငန်းလုပ်ဆောင်နေသူများနှင့် လူထုအကြား သတင်း အချက်အလက် စီးဆင်းမှု တိုးတက်ကောင်းမွန်လာစေရန် ရေ/သန့် လုပ်ငန်းများ လုပ်ဆောင်ရန် CwC ၏ ပံ့ပိုးမှုများလိုအပ်သည်။ အမူအကျင့်ပြောင်းလဲရေး အတွက် ဆက်သွယ်ပညာပေးခြင်းတိုးတက်လာစေခြင်း၊ အုပ်စုအသီးသီးအထူး သဖြင့် အန္တရာယ်ဖြစ်လွယ်သောအုပ်စုအပါအဝင် အုပ်စုအားလုံး၏ ပူပေါင်းပါဝင် ဆောင်ရွက်မှုများကိုလည်း တိုးမြင့်ရန်လိုအပ်သည်။ |
| အသိပေး ရှင်းလင်းဆွေး နွေးခြင်း | OCHA/HACG | မူဝါဒ/ပေါ်လစီများဖွံ့ဖြိုးတိုးတက်ရေး၊ ဖြစ်ရပ်လေ့လာချက်များမျှဝေခြင်း၊ နိုးကြား တက်ကြွခြင်းနှင့် ဌာနအလိုက် ဦးစားပေးစနစ် သတ်မှတ်ချက်များအတွက် တိုက် ရိုက် ပါဝင်ဆောင်ရွက်ခြင်း၊ |
| အာဟာရ | UNICEF | ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများအတွက် စုစည်းဆောင်ရွက်သည့် လုပ်နည်း လုပ်ဟန်များကို ဖော်ထုတ်ရန်ဖြစ်သည်။ ကျန်းမာရေးအဆင့်မြှင့်တင်ရေး သီးခြား သင်ခန်းစာတွင် အခြေခံအာဟာရဘာသာရပ်ကို စနစ်တကျထည့်သွင်း ဖော်ပြ ထားရမည်ဖြစ်သည်။ |

ကချင်နှင့်ရခိုင်ပြည်နယ်နှစ်ခုစလုံးတွင် ခိုင်မာသည့်ဌာနချင်းညှိနှိုင်းဆောင်ရွက်သည့်နည်းလမ်းဖြင့် HCT/ OCHA တို့၏ စုစည်းမှုအောက်တွင် ရေရှည်အသုံးပြုနိုင်သည့်ဖြေရှင်းနည်းများကို ဖော်ထုတ်သတ်မှတ်ရန် လိုအပ်သည်။ ရေရှည် အသုံးပြုနိုင်သည့် ဖြေရှင်းနည်းလမ်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်းဖြင့် လုပ်ငန်းစဉ်များကို ဦးဆောင်မှုပေးနိုင်သည့် လုပ်ပိုင်ခွင့်ရှိသူအာဏာပိုင်များကို သဘောတူညီသည့် တစ်သံတည်းဖြင့် ဆက်သွယ် ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ကချင်ပြည်နယ် လူသားချင်းစာနာထောက်မှုဆိုင်ရာ လူ့အဖွဲ့အစည်းအနေဖြင့် ချဉ်းကပ် ဆောင်ရွက်မှုနည်းလမ်းများကို ရုပ်လုံးဖော်ပြီးဖြစ်ရာ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ မတူကွဲပြားသည့်ကဏ္ဍများအတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ထောက်ခံအတည်ပြုချက်ပေးရန်သာလိုအပ်တော့သည်။

ရခိုင်ပြည်တွင် ဘေးဒုက္ခခံစားနေရသူလူဦးရေအတွက် မူလနေရာပြန်လည်နေရာချထားရေးအစီအစဉ်နှင့် အခြေအနေ များသည် ရှင်းလင်းမှုမရှိသေးပေ။ ဒုက္ခသည်များ ရေရှည်နေထိုင်ရမည့်နေရာများအတွက် နေရာချထားနိုင်ရေး လုပ်ငန်း စဉ်မှာ ယခုအချိန်အထိ စာရင်းပြုစုဆောင်ရွက်နေဆဲပင်ဖြစ်သည်။

## *ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများနှင့်နည်းလမ်းများ*

အောက်ဖော်ပြပါနည်းလမ်းများနှင့်ပစ္စည်းကိရိယာများကို လတ်တလောအသုံးပြုလျက်ရှိသည်။

- ရေ/သန့် လုပ်ငန်းစုအဖွဲ့ - Google အုပ်စု (အမျိုးသားအဆင့်၊ ရခိုင်၊ ကချင်နှင့် ရန်ကုန်)
- လစဉ်လျှပ်တစ်ပြက်ရိုက်ချက် MIMU Website *http://www.themimu.info/emergencies/wash-cluster*
- စုစည်းထားသည့် "ဘ" လေးလုံး (4W) လစဉ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊
- လုပ်ငန်းစုအဖွဲ့ခွဲများ၏ လစဉ်အစီရင်ခံစာများ၊
- အစည်းအဝေးမှတ်တမ်းများ၊

သတင်းအချက်အလက်များ အလျင်အမြန်နှင့်ပူးပေါင်းမျှဝေခြင်းကို Google အုပ်စုက လက်ခံဆောင်ရွက်လျက်ရှိသည်။ (မှတ်တမ်းများ၊ အစီအစဉ်များ၊ လုပ်ဖော်ကိုင်ဖက်ချင်းဖလှယ်ခြင်း၊ သတင်းစုဆောင်းခြင်းနှင့် အမျိုးစားခွဲခြားခြင်းများကို မျှဝေပေးခြင်း) အပြန်အလှန်အသုံးပြုနိုင်သည့် အမျိုးသားအဆင့် ရေသန့်လုပ်ငန်းကျွမ်းကျင်သူများအတွင်း အွန်လိုင်းစနစ် အလဲအလှယ်လုပ်နိုင်ရန် လိုအပ်ချက်အတွက် ကောင်းမွန်သည့်တုန့်ပြန်မှုရရှိနိုင်ရန် ၂၀၁၅-ခုနှစ် အစပိုင်းတွင် စုစည်းဆောင်ရွက်ရန် ရန်ကုန် Google အုပ်စုက စီစဉ် ဆောင်ရွက်လျက်ရှိသည်။

ရေ/သန့် လုပ်ငန်းစု အဖွဲ့၏ သတင်းအချက်အလက်များကို MIMU Website (http:// www.theminu.info/emergencies/wash-cluster )တွင် ရှာဖွေဖတ်ရှုနိုင်သည်။

ထို့ပြင် အစည်းအဝေးမှတ်တမ်းများ သို့မဟုတ် လစဉ်ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းများအပြင် website အနေဖြင့် လုပ်ငန်းစုအဖွဲ့အား ပညာရပ်ဆိုင်ရာအစီအစဉ်များ၊ ဒီဇိုင်းပုံစံများနှင့်လမ်းညွှန်ချက်များ စုစည်းထားသည့် နေရာပြ စာရွက်စာတမ်းများသာမက လုပ်ဖော်ကိုင်ဖက်များကပြုစုထားသည့် ဆန်းစစ်အကဲဖြတ်ခြင်းနှင့် လေ့လာခြင်းများကို လည်း Website တွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။

လမ်းညွှန်ချက်များထုတ်ပြန်ခြင်း သို့မဟုတ် ရပ်တည်ချက်အခြေအနေပြစာရွက်စာတမ်းများကို ၂၀၁၅- ခုနှစ်တွင် ထုတ်လုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ရေ/သန့်လုပ်ငန်းစုအဖွဲ့က ထုတ်ပြန်သော ပညာရပ်ဆိုင်ရာ လမ်းညွှန်ချက် များနှင့် ရပ်တည်ချက်နေရာပြစာရွက်စာတမ်းများ ပိုင်ဆိုင်မှုနှင့်အသုံးပြုမှုများကို လုပ်ဖော်ကိုင်ဖက်များ၏ ကောင်းမွန်စွာ လက်ခံလိုက်နာမှု အနည်းဆုံးစံနှုန်းများ အသေအချာရရှိစေရန် ပိုမိုဖြန့်ဝေပေးရမည်ဖြစ်သည်။ ယင်းကဲ့သို့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အဆိုပါအုပ်စုများက အဓိကအခန်းကဏ္ဍမှဆောင်ရွက်စဉ် လုပ်ငန်းလုပ်ဆောင်မှုအဖွဲ့မှ ပူးပေါင်းပါဝင်မှုအတွက် ရေ/သန့်လုပ်ငန်းစုအဖွဲ့မှ ပိုမိုတိုက်တွန်းနိုးဆော်ရန်လိုအပ်ပြီး အထူးသဖြင့် ပစ္စည်းကိရိယာ/ နည်းလမ်းများ ရင်းနှီးမြှုပ်နှံခြင်းနှင့် တရားဝင်ဖြစ်စေခြင်းများ အတွက်ဖြစ်သည်။

မှတ်တမ်းမှတ်ရာများနှင့်ထောက်ခံချက်များကို ဤလုပ်ငန်းစဉ်မှတစ်ဆင့် စုစည်းဆောင်ရွက်ခြင်းသည် အလှူရှင်များ သဘောတူညီမှုရရှိသည်အထိရည်ရွယ်ပြီး အနာဂတ်စီမံချက်သတ်မှတ်ချက်များ ခွင့်ပြုချက်ရရှိစေရန် တာဝန်ရှိသူများ နှင့် အလွယ်တကူနားလည်မှုရရှိရန်၊ အလဲအလှယ်ပြုလုပ်နိုင်ရန်၊ အတွေ့အကြုံများအပေါ်အခြေခံ၍ အသွင်ကူးပြောင်း မှုလွယ်ကူစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်လည်း ရည်ရွယ်ပါသည်။

## ၂၀၁၄-ခုနှစ် လုပ်ငန်းဆောင်ရွက်မှုအကျဉ်းချုပ်

ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် IASC နှင့် ကမ္ဘာ့ရေ/သန့်လုပ်ငန်းစုအဖွဲ့မှ အသုံးပြုသောလုပ်ငန်းသုံးပစ္စည်းများအပေါ် အခြေခံ၍ ရေ/သန့် လုပ်ငန်းဆောင်ရွက်မှု ပြန်လည်သုံးသပ်ခြင်း (နောက်ဆက်တွဲ-ဂ၉) နောက်ဆုံးအခြေ အနေထိ မွမ်းမံခြင်းကို ဇန်နဝါရီလအတွင်းက ပြုလုပ်ခဲ့သည်။ ပြန်လည်သုံးသပ်ခြင်းကို အမျိုးသားအဆင့်နှင့် အမျိုးသားအဆင့် ရေ/သန့်လုပ်ငန်းစုအဖွဲ့ခွဲများမှ ညှိနှိုင်းရေးမှူးများနှင့် ဘန်ကောက်မြို့တွင်အခြေစိုက်သည့် ဒေသဆိုင်ရာရေ/သန့် လုပ်ငန်းစုအဖွဲ့အကြံပေးပုဂ္ဂိုလ်များက စီစဉ်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ရေ/သန့် လုပ်ငန်းစုအဖွဲ့ လုပ်ဖော်ကိုင်ဖက်များထံမှ လွယ်ကူစွာအပြန်အလှန်ဖလှယ်မှုနှင့် ပြန်လည်တုန့်ပြန်မှု အသေ အချာရရှိနိုင်စေရန် အဓိကကျသည့်အပြီးသတ်ကောက်ချက်များကို ဖွဲ့စည်းပေါင်းစပ်နိုင်ရန် အောက်ဖော်ပြပါ SWOT analysis ဖြင့် ဆောင်ရွက်ရန်ဖြစ်သည်။ ဖော်ပြပါအားထုတ်ကြိုးပမ်းမှုများကို ၂၀၁၅-ခုနှစ် ပထမလေးလပတ်က ဆောင် ရွက်ရန်ရည်မှန်းထားသော်လည်း ပိုမိုဓမ္မဓိဌာန်ကျသည့် ခွဲခြမ်းစိတ်ဖြာလေ့လာမှုကို လက်ခံခွင့်ပြုနိုင်ရန်မှာ “Monkey Survey” ကိုလည်း လမ်းစဉ်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်သည်။

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်ငန်းများ

ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ လုပ်ထုံးလုပ်နည်းများကို ကမ္ဘာ့လူသားချင်းစာနာထောက်ထားသည့် မူဝါဒ လမ်းစဉ်အပေါ် အခြေခံပြီး ၂၀၁၆-ခုနှစ် ဇူလိုင်လက ဖန်တီးခဲ့ခြင်းဖြစ်သည်။ ထိုမူဝါဒလမ်းစဉ်ကို ကုလသမဂ္ဂနှင့် ကုလသမဂ္ဂမဟုတ် သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းတို့ သဘောတူညီမှုမှုကိုအခြေခံပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြ ခြင်းဖြစ်သည်။ လုပ်ငန်းစုအဖွဲ့-အဖွဲ့ဝင်များသည် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပေါ် မူတည်၍ အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိုအခြေခံပြီး ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

တစ်ဆက်တည်းမှာပင် အောက်ပါတို့ကိုလေးစားလိုက်နာရန် ရေ/သန့်လုပ်ငန်းစုအဖွဲ့များက သဘောတူညီခဲ့ကြသည်။

- အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် ဘေးဒုက္ခအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများ၏ စီမံခန့်ခွဲမှုဆိုင်ရာကိုဥပဒေ (လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်များ)
- CDA ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သင်ယူမှုစီမံချက်မှ ဖော်ထုတ်ထားသော ဘေးဒုက္ခအန္တရာယ်များ မကျ ရောက်စေရန် ချဉ်းကပ်မှုနည်းလမ်းများ၊

| အားသာချက် | အားနည်းချက် |
|---|---|
| ▪ ကွင်းဆင်းဒေသတွင်းလုပ်ငန်းလုပ်ဆောင်နေသူများတွင် ကောင်းမွန်သော စုစည်းလုပ်ဆောင်မှုရှိခြင်း၊<br>▪ ရေ/သန့်လုပ်ငန်းစုအဖွဲ့ (ယူနီဆက်ဖ်) ဖွဲ့စည်းမှုပြန်လည် တည်ဆောက်ထားခြင်း၊<br>▪ ညှိနှိုင်းဆက်သွယ်ဆောင်ရွက်မှုနှင့် IMလုပ်ငန်းသုံးပစ္စည်း များ မှန်ကန်စွာစနစ်တကျအသုံးပြုနိုင်ခြင်း၊<br>▪ အလှူရှင်များစိတ်ဝင်စားမှုရှိခြင်း၊(အတည်ပြုရန်လိုအပ်)<br>▪ ဒေသခံအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တက်ကြွ စွာ ပါဝင်ဆောင်ရွက်ခြင်း(ကချင်)၊ | ▪ လုပ်ငန်းလုပ်ဆောင်သည့်အဖွဲ့ (WG)၏ လက်ရှိအနေ အထားအရ ထုတ်လုပ်နိုင်စွမ်းအားနိမ့်ကျ လျက်ရှိခြင်း၊<br>▪ လေ့လာသုံးသပ်မှုနှင့် လက်ရှိအခြေအနေများခွဲခြမ်း စိတ် ဖြာလေ့လာမှု အနည်းအကျဉ်းသာ ပြုလုပ်ထားရှိခြင်း၊<br>▪ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း/လေ့လာဆည်းပူးမှု အားနည်း ခြင်း၊<br>▪ အမျိုးသားအဆင့်ညှိနှိုင်းဆက်သွယ်ဆောင်ရွက်မှုနှင့် အမျိုးသားအဆင့် အစိုးရပိုင်းဆိုင်ရာမှ အဆင့်တူပုဂ္ဂိုလ် များ၏ ပါဝင်ပတ်သတ်မှုအားနည်းခြင်း၊ |

| | |
|---|---|
| ▪ ကချင်ပြည်နယ်တွင် အရည်အသွေးမြင့်တင်ရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ထားခြင်း၊<br>▪ ဘေးဒုက္ခအန္တရာယ်များ မကျရောက်စေရန် ချဉ်းကပ်မှုနည်းလမ်းများသတ်မှတ်ပြဌာန်းထားရှိခြင်း၊<br>▪ ရခိုင်ပြည်နယ်တွင် အရေးပေါ်အခြေအနေတွင် ရေအရည်အသွေးစမ်းသပ်နိုင်သည့် စွမ်းဆောင်နိုင်ရည်ရှိခြင်း၊<br>▪ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပေါင်းစပ်ဖြည့်ဆည်းမှု ဆက်လက်ရှင်သန်ခြင်းကြောင့်လုပ်ငန်းစုအဖွဲ့လက်တွဲညီညီ ဆောင်ရွက်နိုင်ခြင်း၊ | ▪ လုပ်ငန်းစုအဖွဲ့ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း အရည်အသွေး တိုးမြှင့်ရန်လိုအပ်ခြင်း၊ |

| ထိခိုက်မှု/ဆုံးရှုံးမှု | အခွင့်အလမ်း |
|---|---|
| ▪ လူသားအချင်းချင်းစာနာထောက်ထားမှုဆိုင်ရာများ လက်လှမ်း မှီနိုင်မှု၊<br>▪ ထောက်ပံ့ကူညီမှုများလွဲဖယ်သွေဖီသွားနိုင်ခြင်း၊<br>▪ တာဝန်ရှိသူများထံမှ လုပ်ငန်းအစီအစဉ်များ မျှဝေမှု အားနည်းနိုင်ခြင်း၊<br>▪ ပဋိပက္ခဖြစ်ပွားမှု ကြာမြင့်ခြင်း၊<br>▪ အရေးပေါ်အခြေအနေမှ လွတ်မြောက်နိုင်သည့် မဟာဗျူဟာအပေါ် နည်းပညာပိုင်းဆိုင်ရာ စိန်ခေါ်မှုများ၊<br>▪ ပြန်လည်ဆုတ်ခွာသော မဟာဗျူဟာ၊ | **ကွင်းဆင်းဒေသတွင် လုပ်ငန်းစုအဖွဲ့ စောင့်ကြည့်ထိန်း ကျောင်းခြင်းစနစ်ကို လုံလုံလောက်လောက်နှင့် ထိထိရောက်ရောက် အသုံးချနိုင်ခြြင်း၊**<br>▪ လုပ်ငန်းစုအဖွဲ့အချင်းချင်း ကျစ်လစ်ခိုင်မာစွာ တည်ဆောက်နိုင်ခြင်း၊ (CCCM & Health )<br>▪ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနိုင်ငံအဖွဲ့(HCT)နှင့် လုပ်ငန်းအသိပေးရှင်းလင်း ဆွေးနွေးနိုင်ခြင်း၊<br>▪ ဒေသဆိုင်ရာအထောက်အပံ့များ(RECA+UNICEF REWS)<br>▪ အတွေ့အကြုံနှင့်သင်ခန်းစာများရရှိနိုင်ခြင်း(လူထုစည်းရုံးလှုံ့ဆော်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ခြင်း)<br>▪ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် ဖြစ်လာနိုင်ချေဖွယ်ရှိသည့် ကိစ္စရပ်များ၊ |

## *အသွင်ကူးပြောင်းခြင်းနှင့်ပြန်လည်ဆုတ်ခွာသောမဟာဗျူဟာ*

ရေ/သန့် လုပ်ငန်းစုအဖွဲ့၏ လုပ်ငန်းစဉ်အဆင့်များ တစ်ဖြည်းဖြည်းပြောင်းလဲမှုအတွက် အချိန်သတ်မှတ်နိုင်ခဲ့ခြင်း မရှိသေးပေ။ သို့အတွက် အရေးပေါ်အခြေအနေနှစ်ရပ်စလုံးတွင် အချိန်ပိုမိုကြာမြင့်လာခဲ့သည်။ တုန့်ပြန်မှုနေးကွေးမှုကို ပြန်လည်စတင်နိုင်ရန် အောက်ပါဦးစားပေးအချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

- ➢ ရွှေ့ပြောင်းနေရာချထားခြင်းခံရသူဦးရေသည် ၈၀% ရာခိုင်နှုန်းသို့ လျော့ကျလာသည်။ လူဦးရေအများစုမှာ မိမိတို့နေထိုင်ရာနေအိမ်များသို့ ပြန်လည်သွားရောက်နေထိုင်နေကြပြီဖြစ်၍ ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ စောစီးစွာပြန်လည်ထူထောင်ပေးသည့် လုပ်ဆောင်ချက်များကို မိမိတို့အရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လာသူပြည်သူလူထုအတွက် အောင်မြင်စွာစတင်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း၊
- ➢ ရွှေ့ပြောင်းနေရာချထားခြင်းခံရသည့် လူဦးရေအသစ်များအတွက် သိသာထင်ရှားသည့် လုံခြုံရေး/ ကာကွယ်စောင့်ရှောက်မှု ဘေးအန္တရာယ်ဆိုင်ရာ ဆင့်ကဲဖြစ်စဉ်များ မပေါ်ပေါက်နိုင်ခြင်း၊
- ➢ ရေ/သန့်လုပ်ငန်းစုအဖွဲ့ မဟာဗျူဟာကို စခန်းအများအပြားတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ ဆိုလိုသည်မှာ-
  - ▪ ရေ/သန့် ဆိုင်ရာ အနိမ့်ဆုံးလိုအပ်သည့် ပံ့ပိုးပစ္စည်းများကို ရည်မှန်းဒေသများ၏ ၈၀% အထိ ပံ့ပိုးပေးပြီးဖြစ်သည်။
  - ▪ မဟာဗျူဟာအညွှန်းကိန်းများကို ပုံမှန်တိုင်းတာလေ့ရှိပြီး နောက်ဆုံးတွင် ပြီးမြောက်အောင်မြင်ခဲ့သည်။
  - ▪ အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ထိန်းသိမ်းပြုပြင်မှုကို ကြာရှည်ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့သည်။

- ရေရှည်ဆောင်ရွက်ရန် မလိုအပ်တော့သည့် လုပ်ငန်းများဖြစ်သော ယာဉ်များဖြင့်ရေသယ်ပို့ခြင်း၊ သို့မဟုတ် သန့်ရှင်းရေးပစ္စည်းများ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ပြီးဖြစ်သည်၊ သို့မဟုတ် ကာလရှည်ထိန်းသိမ်း ရမည့်စနစ်ဖြစ်သည့် တာရှည်ခံသောရေရရှိရာ ရေထွက်ပင်ရင်းများဖြစ်သည့် ကာကွယ်စောင့်ရှောက်ထား သော ရေတွင်းရေကန်များဖြင့် အစားထိုးခြင်း၊
- " အရေးပေါ်အခြေအနေတွင်ရေသန့်လုပ်ငန်း " ညှိနှိုင်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများကိုလည်း ရေသန့် လုပ်ငန်းဦးဆောင်အဖွဲ့နှင့် သို့မဟုတ် ဒေသဆိုင်ရာတာဝန်ရှိသူများ/အာဏာပိုင်များအား အောင်မြင်စွာ လွှဲ ပြောင်းပေးအပ်ခဲ့သည်။
- လတ်တလောဖြစ်ပွားခဲ့သည့် အရေးပေါ်အခြေအနေများမှရရှိခဲ့သော သင်ခန်းစာများကို မှတ်တမ်းပြုခဲ့ပြီး ရေ/သန့်လုပ်ငန်းစုအဖွဲ့က လတ်တလော ရှာဖွေထုတ်လုပ်ထားသော ပစ္စည်းကိရိယာများအားလုံး (မဟာ ဗျူဟာ၊ ဆန်းစစ်အကဲဖြတ်ခြင်းအစီရင်ခံစာ၊ "ဘ"လေးလုံး(4WMatrix)ပုံစံ၊ နည်းပညာဒီဇိုင်း) သည် တစ်နည်း တစ်လမ်းအားဖြင့် အောင်မြင်ဖြစ်ထွန်းလာပြီး အနာဂတ်အရေးပေါ်အခြေအနေများနှင့် လုပ်ဖော်ကိုင်ဖက်များ အတွက် မြန်မာနိုင်ငံအစိုးရ , MIMU, RECA နှင့် UNICEF, REWS တို့မှတစ်ဆင့် အလွယ်တကူ ရရှိနိုင်မည် ဖြစ်သည်။
- အနာဂတ်ဘေးအန္တရာယ်များအတွက် ရေ/သန့်အဖွဲ့၏ ဖြစ်လာနိုင်ခြေရှိသောကိစ္စရပ်များအတွက် အစီအစဉ် များကို အပြီးသတ်ရေးဆွဲထားပြီးဖြစ်ပြီး ဌာနပေါင်းစုံ၏ဖြစ်လာနိုင်ခြေရှိသောအစီအစဉ်တွင် ပေါင်းစည်းထား ပြီးဖြစ်သည်။

အရေးပေါ်အခြေအနေဖြစ်ပွားနေသည့် ဒေသနှစ်ခုစလုံးတွင် အနာဂတ်အခြေအနေများအတွက် ဆင့်ကဲဖြစ်စဉ်များကို ကြိုတင်သိမြင်နိုင်ရန်မှာ အခက်အခဲများစွာရှိနေသော်ငြားလည်း လုပ်ထုံးလုပ်နည်းနည်းလမ်းများကို အခိုင်အမာ ထည့်သွင်းစဉ်းစားကြရမည်ဖြစ်သည်။ ကောင်းမွန်သည့်ပြုပြင်ပြောင်းလဲမှု အဖွင့်လမ်းကြောင်းအဖြစ် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ပြင်ပအထောက်အကူများကို တဖြည်းဖြည်း ရုပ်သိမ်းနိုင်ရန်မှာ ပထမခြေလှမ်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်နှစ်ခုစလုံးတွင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသူများ နှင့်/သို့ မဟုတ် စီမံချက်မှ လုပ်ငန်းစတင်ဝင်ရောက်စဉ် ၂၀၁၄-ခုနှစ်က အသွင်ကူးပြောင်းခြင်းနှင့် အပြောင်းအလဲတစ်ချို့ကို တွေ့မြင်ခဲ့ကြရပြီးဖြစ်ရာ အချို့သောလူဦးရေအတွက် ဖြစ်နိုင်ခြေရှိသည့် ကြားဖြတ်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ခွင့်ပြုနိုင်ရန်နှင့် တိုက်တွန်းလှုံ့ဆော်ရန်လိုအပ်သည်။ ကြားဝင်ဆောင်ရွက်သည့်လုပ်ငန်း၏ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာနယ်ပယ်အတွက် ကျေနပ်ဖွယ်ရာအခြေအနေရရှိရန် အချို့အချို့သောအခွင့်အလမ်းများကို ဖွံ့ဖြိုး ရေးလုပ်ဆောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် နေရာဒေသအချို့/ရည်မှန်းလူဦးရေများကို ရုပ်သိမ်းခြင်းနှင့် လွှဲပြောင်းပေးအပ်ခြင်းကိုဦးတည်ပြီး လှုံ့ဆော်ဆွေးနွေးပေးရမည် ဖြစ်သည်။

အောက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းများကို အသုံးပြုရန် လိုအပ်ပါသည်။

- ပြန်လည်ဆုတ်ခွာသည့်မဟာဗျူဟာသည် တစ်နှစ်တာအတွက်သာ အသုံးပြုရမည့်နည်းလမ်းမဟုတ်ပေ။ သို့ရာ တွင် လာမည့်နှစ်ကာလများအတွင်း သာလွန်သည့်အနေအထားတွင် တိုက်ရိုက်လုပ်ဆောင်ရမည့် လုပ်ငန်းများကို ခွင့်ပြုကြရမည် ဖြစ်သည်။
- ဘေးအန္တရာယ်များမကျရောက်စေရေး ချဉ်းကပ်မှုနည်းလမ်းများကို ကျနသေချာစွာ ထည့်သွင်းစဉ်းစားရမည် ဖြစ် သည်။
- လုပ်ထုံးလုပ်နည်းများအပေါ်အခြေခံ၍ လူထုလိုအပ်ချက်များကို တုန့်ပြန်နိုင်ရန်မှာ အစိုးရအဖွဲ့က တာဝန်ယူကြ ရမည်ဖြစ်သည်။ အချို့သောအခြေအနေများတွင် တိုက်ရိုက်တုန့်ပြန်မှုများကို ဆောင်ရွက်ရန် ဖြစ်သည်။

၂၀၁၅-ခုနှစ်တွင် အောက်ဖော်ပြပါလုပ်ဆောင်မှုများကို ရှာဖွေဖော်ထုတ်နေပြီး ဖြစ်နေရမည်။

- သက်ဆိုင်ရာတာဝန်ရှိသူများအား တာဝန်ဝတ္တရားများနှင့် အနာဂတ်ကာလမျှော်မှန်းချက်များနှင့် ပတ်သက်သည့် အကြောင်းများကို OCHA နှင့် ညှိနှိုင်းဆောင်ရွက်ပြီး သတင်းအချက်အလက်များကို ရှင်းရှင်းလင်းလင်းနှင့် တိတိကျကျ ဖော်ထုတ်ပေးရမည်။
- အတွေ့အကြုံများဖလှယ်ခြင်းနှင့် အရေးပေါ်အခြေအနေဆိုင်ရာစံနှုန်းသတ်မှတ်ချက်များ ရှာဖွေဖော်ထုတ်ခြင်းများကိုရှေးရှု၍ ဒေသနှင့်အမျိုးသားအဆင့်တာဝန်ရှိသူများနှင့် ပိုမိုလက်တွေ့ကျသည့် အပြန်အလှန်ဖလှယ်မှုများကို ဖော်ထုတ်ခြင်း။
- ထိခိုက်ခံစားနေရသောလူဦးရေ၏ ဘဝအခြေအနေများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် မိမိလိုအပ်ချက်များကို မိမိဘာသာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့်စွမ်းရည် (သို့မဟုတ်) အမှီအခိုကင်းလွတ်သော စွမ်းရည်ကို ဖော်ထုတ်ပေးခြင်း၊
- မြို့နယ်၏ရေရှည်လိုအပ်ချက်များအတွက် ရေ/သန့်ဆိုင်ရာ အရေးပေါ်အခြေအနေတွင် လိုအပ်သည့် ပံ့ပိုးပစ္စည်းများဖွံ့ဖြိုးတိုးတက်လာအောင် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

## *ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ ၂၀၁၅-ခုနှစ်အတွက် လုပ်ငန်းအစီအစဉ်*

ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ လုပ်ဆောင်မှု ပြန်လည်သုံးသပ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက်လိုအပ်ချက်များကို လုပ်ငန်းစုအဖွဲ့၏ လုပ်ဖော်ကိုင်ဖက်နှင့် ရှာဖွေဖော်ထုတ်ခြင်းဖြင့် လုပ်ငန်းစုအဖွဲ့ကိုယ်တိုင်ဆက်နွယ်နေသည့် မဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်မှုအားလုံးနှင့် အထောက်အပံ့များ မျှော်မှန်းချက်နှင့် လုပ်ဆောင်ရမည့် စုပေါင်းလုပ်ငန်းများကို လုပ်ငန်းစုအဖွဲ့၏ လုပ်ငန်းအစီအစဉ်တွင် စုစည်းဖော်ပြထားသည်။ (နောက်ဆက်တွဲ-၁၂)

# ရခိုင်ပြည်နယ်ရေ/သန့်လုပ်ငန်းစုအဖွဲ့၏မဟာဗျူဟာဆိုင်ရာမူဘောင်သတ်မှတ်ချက်

## *နောက်ခံသမိုင်း*


ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သောပဋိပက္ခသည် လူနည်းစုမူစလင်နှင့်ရခိုင်တိုင်းရင်းသားတို့ ဆန့်ကျင်ဖက်ပြုကြရာမှ လူပေါင်း ၁၄၀,၀၀၀ကျော်ကို မြို့နယ်(၉)မြို့နယ်တွင် ရွှေ့ပြောင်းနေရာချထားပေးခဲ့ရသည်။ ဒေသခံပြည်သူအများ အပြားသာမက ဒေသ၏စီးပွားရေးလုပ်ငန်းများကိုပါ ဆိုးဝါးစွာသက်ရောက်ခဲ့ပါသည်။ ပထမအသုတ်နေရာချထား ခြင်းကို ၂၀၁၂-ခုနှစ် ဖွန်လကဆောင်ရွက်ခဲ့ပြီး ပြည်နယ်မြို့တော် စစ်တွေမြို့ပေါ်နှင့် အနီးအနားပတ်ဝန်းကျင်နေရာ များရှိ ကြီးမားသည့်စခန်းများတွင် နေရာချထားပေးခဲ့ရသည်။ ဒုတိယအကြိမ် အကြမ်းဖက်မှုနှင့်နေရာချထားခြင်းကို ၂၀၁၂-ခုနှစ် အောက်တိုဘာလကပေါ်ပေါက်ခဲ့ပြီး စစ်တွေစခန်းနှင့်အနီးပတ်ဝန်းကျင်နေရာများတွင် ဆက်တိုက် ဆို သလို လူပေါင်းများစွာကို တသီတတန်းကြီး ရွှေ့ပြောင်းနေရာချထားပေးခဲ့ရသည်။ ထို့အပြင်အခြားသောမြို့နယ်များ ဖြစ်သည့် ပေါက်တော၊ ကျောက်ဖြူ၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ရသေ့တောင်၊ ရမ္ဗြီနှင့် မြေပုံမြို့နယ်များရှိ ကြီးမားသည့် စခန်းသစ်ကြီးများတွင်လည်း ရွှေ့ပြောင်းနေရာချထားပေးခဲ့ရသည်။

အချို့သောဖြစ်ရပ်များတွင် လူထုကို အနီးအနားရှိ ယခင်မီးလောင်ပျက်စီးသွားသောကျေးရွာများတွင် အခြေချနေရာချ ထားပေးခဲ့ရသည်။ လူအများစု စိတ်ပိုင်းဆိုင်ရာအခက်အခဲဖြစ်နေသည့်အခြေအနေတွင် အဆိုပါ ကြီးမားသည့်စခန်း များတွင် လူ ၁၅,၀၀၀ ကျော်ခန့်အတွက် အရေးပေါ်ရေ/သန့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ သည်။ ၂၀၁၂-ခုနှစ်အစောပိုင်းကာလ စခန်းဖွင့်စအချိန်တွင် အပေါ့စားယာယီရေ/သန့်ဆိုင်ရာအထောက်အကူပြုပစ္စည်း များကိုသာ ဖန်တီးတည်ဆောက်ပေးခဲ့ကြသည်။ သို့သော်အဖွဲ့အစည်းများက မိုးရာသီအချိန်ကာလနှင့်ရေကြီးရေလျှံ သည့် အန္တရာယ်များမှကင်းလွတ်စေရန် ပိုမိုခိုင်ခန့်သည့်အဆောက်အအုံများဖြင့် အစားထိုးဆောက်လုပ်ပေးခဲ့သည်။ ၂၀၁၄-ခုနှစ်တွင် ဘေးဒုက္ခအန္တရာယ်များမကျရောက်စေရေးအမြင်ဖြင့် စခန်းနှင့်ထိခိုက်ခံစားနေရသည့် ဒေသများ/ ကျေးရွာများအနီးအနားရှိ ကျေးရွာများတွင် အဆိုပါလုပ်ဆောင်ချက်ကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။

၂၀၁၄-ခုနှစ် မတ်လ(၂၆)ရက်နှင့်(၂၇)ရက်နေ့ စစ်တွေမြို့ပေါ်တွင်ဖြစ်ပွားခဲ့သည့် ဆူပူအုံကြွမှုသည် ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအတွက် ထိုးနက်ချက်များပင်ဖြစ်သည်။ ဒေသခံပြည်သူလူထုဘက်က ဘက်လိုက် သည်ဟူသောအမြင်သက်ရောက်နိုင်စေသည့် လူဦးရေအမျိုးအစားတစ်ခုတည်းကိုသာ အထောက်အကူများကို ပံ့ပိုး ပေးခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြည်သူလူထုအနေနှင့် ရုံးများ၊ ကုန်လှောင်ရုံများ၊ ဂိုဒေါင်များနှင့် ပစ္စည်းကိရိယာများ သိသိသာသာပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်တွေ့မြင်ခဲ့ကြရသည်။ ထို့အပြင် ဝန်ထမ်းအများအပြား ကိုလည်း ပြည်နယ်မှယာယီဖယ်ရှားခဲ့သည်။ အဓိကရုဏ်းဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ်ရှိ ရေ/သန့်လုပ်ငန်း ဆောင်ရွက်နေသူအများအပြား လျော့ချခံရပြီး လုပ်ငန်းစွမ်းဆောင်ရည်များလည်း ကြီးမားစွာပိတ်ပင်ဖြတ်တောက်ခြင်း ခံကြရသည်။ ထို့အပြင် တစ်လအတွင်းလုပ်ငန်းခွင်သို့ ပြန်လည်သွားရောက်ဆောင်ရွက်နိုင်ရန်လည်း မဖြစ်နိုင်ပေ။ ခြွင်း ချက်အနေဖြင့် ဩဂုတ်လကုန်ပိုင်းအထိ အချို့သောမြို့နယ်များဖြစ်သည့် ရသေ့တောင်နှင့်ပေါက်တောမြို့နယ်များသို့ ပြတ်တောင်းပြတ်တောင်း ခရီးတိုကွင်းဆင်းခရီးစဉ်အနည်းငယ်မျှသာ ဆောင်ရွက်နိုင်ခဲ့သည်။ အဖြစ်အပျက်များနှင့် ဆက်စပ်၍ အစိုးရနှင့်လူထုကိုယ်စားလည်များအပါအဝင် အရေးပေါ်အခြေအနေညှိနှိုင်းဆောင် ရွက်မှုကော်မတီ (ECC)သည် တုန့်ပြန်မှုဆိုင်ရာညှိနှိုင်းဆောင်ရွက်မှုအတွက် ပံ့ပိုးကူညီနိုင်ရန် ပြည်နယ်ပြည်ထောင်စုနှင့် မြို့နယ်အဆင့် များတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ဆောင်ရွက်ပေးခဲ့သည်။ ပထမအဆင့်ဖွဲ့စည်းပုံတွင် ယေဘုယျ ရည်မှန်းချက်များသည် လူထုအဖွဲ့အစည်းများ၏မျှော်မှန်းချက်၊ ပဋိပက္ခဆိုင်ရာသိရှိခံစားနိုင်သောချဉ်းကပ်နည်းလမ်း

များနှင့် လူသားချင်းညှာတာထောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အကြောင်းကျိုးကြောင်းညီညွတ်မှုရှိစေရန် လိုအပ်လျက်ရှိနေသေးရာ တာဝန်နှင့်ဝတ္တရားများသည် အပြောင်းအလဲများဖြစ်ပေါ်လျက်ရှိသည်။
မတ်လအရေးအခင်းနှင့်အတူ ပဋိပက္ခဖြစ်နိုင်ချေရှိသောအခြေအနေသို့ရောက်ရှိရန် ဖန်တီးပေးမှုများအတွက် ပြည်သူလူထုအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းခွင်ပတ်ဝန်းကျင်အသစ်များ ဖန်တီးတည်ဆောက်ပေးသည့်နည်းလမ်းများကို ရေ/သန့်လုပ်ငန်းကဏ္ဍတွင် ၂၀၁၄-ခုနှစ် နှစ်စပိုင်းကတည်းက စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သော်လည်း နေ့စဉ်လုပ်ဆောင်မှုများအပေါ် တာဝန်ရှိသူများက စေ့စပ်သေချာစွာ အသေးစိတ်စိစစ်မှုများနှင့် ကုလသမဂ္ဂနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ဆောင်ရွက်ပေးမှုများ ပိုမိုမျှတမှုရှိစေရေးအတွက် ရှင်းလင်းအသိပေးဆွေးနွေးချက်များအပေါ် ဒေသခံပြည်သူလူထုက စဉ်ဆက်မပြတ်အာရုံစူးစိုက်မှုကြောင့် မြင်သာထင်ရှားမှုမှာ နိမ့်ကျလျက်ပင်ရှိနေသေးသည်ကို တွေ့မြင်ရသည်။ အချို့သောဖြစ်ရပ်များတွင် လူထုနှင့်မြို့နယ်အာဏာပိုင်များက အတိုက်အခံပြုလုပ်လေ့ရှိပြီး သို့မဟုတ် လုပ်ငန်းဆောင်ရွက်ပေးမှုများကိုလည်း လက်ခံရန်ငြင်းဆန်လေ့ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည် စက်တင်ဘာလအတွင်းက ရခိုင်ပြည်နယ်အတွင်း ရည်မှန်းချက်များပြည့်မီရန် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်မူကြမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ကြေညာချက်တွင် ဖြစ်နိုင်ချေရှိသော နေရာရွှေ့ပြောင်းချထားခြင်းများနှင့်ပတ်သက်၍ အကြံပြုထားသည်။ အဆိုပါလုပ်ငန်းစဉ်ပါအတိုင်း ထိရောက်သည့်အကောင်အထည်ဖော်ဆောင်ရွက်မှုများ ဖြစ်ပေါ်မလာသော်လည်း ပြည်နယ်တာဝန်ရှိသူများနှင့် အပြန်အလှန်ဖလှယ်မှုပြုလုပ်ခဲ့ခြင်းသည် အကျိုးသက်ရောက်မှုရှိခဲ့သည်။ အထူးသဖြင့် လက်ရှိကယ်ဆယ်ရေးစခန်းများတွင် အဆောက်အဦးသစ်များ ဆောက်လုပ်နိုင်ရေးအတွက် မြေနေရာများစီစဉ်ချမှတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။ ရခိုင်ပြည်နယ်အစိုးရက အဆိုပါလုပ်ဆောင်ရမည့်လုပ်ငန်းစဉ်အတွက် လတ်တလောညှိနှိုင်းဆွေးနွေးလျက်ရှိပြီး အပြီးသတ်ရုပ်လုံးကိုမူ မကြာမီထုတ်ပြန်မည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။ မည်သို့ပင်ဖြစ်စေ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသူများအတွက် ရေရှည်သီးခြား ကိုယ်ပိုင်အိမ်ယာသဖွယ်နေထိုင်နိုင်ရန် စစ်တွေမြို့ပေါ်ရှိ စက်ရုံစု(၁)စခန်းတွင် ပြောင်းရွှေ့နေရာချထားရန် လောလောဆယ်အတည်ပြုပြီးဖြစ်သည်။ စက်ရုံစု(၃) အတွက် နေရာအသစ်ကိုမူ လောလောဆယ်ရှာဖွေနေဆဲပင်ဖြစ်သည်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးကလည်း ပဋိပက္ခဖြစ်ပွားကြောင့် ခံစားနေရသည့်မိသားစုများ (ဥပမာ-ကျောက်တော်၊ မင်းပြားနှင့် မြောက်ဦးမြို့နယ်များရှိ မူလနေထိုင်ရာနေရာများတွင် ပြန်လည်နေထိုင်ကြသည့်မိသားစုများ)အတွက် နောင်တစ်ချိန်တွင် ရေရှည်နေထိုင်နိုင်သည့် သီးခြားကိုယ်ပိုင်အိမ်ခန်းများတည်ဆောက်နိုင်ရန် လိုအပ်သည့်ပစ္စည်းကိရိယာများပံ့ပိုးပေးရန် လိုအပ်ကြောင်းအကြံပြုထားသည်။ အခြားပဋိပက္ခဖြစ်ခဲ့သည့် မြို့နယ်များအတွက် လုပ်ဆောင်သည့်လုပ်ငန်းစဉ်သည် အချိန်ကန့်သတ်ချက်မရှိဘဲ ဆက်လက်ဖြစ်ပေါ်နေသည့် ခိုင်မာသည့်ဖြစ်စဉ်များနှင့် အခိုင်အမာချိတ်ဆက်လျက်ရှိနေမည်ဖြစ်သည်။




## *လက်တလောရေ/သန့်ဆိုင်ရာအခြေအနေ*

နိုင်ငံတော်အစိုးရအနေဖြင့် နေရာပြောင်းရွှေ့ချထားခြင်းလုပ်ငန်းစဉ်တွင် ထုထည်ကြီးမားသည့်ပြောင်းရွှေ့ခြင်းကို စိုးရိမ်ပူပန်မှုများဖြင့် ၂၀၁၃-ခုနှစ် ပထမနှစ်ဝက်ကာလအတွင်းက ဆောင်ရွက်ခဲ့သည်။ အိမ်တန်းလျားရှည်ကြီးများ ဆောက်လုပ်ခြင်းကို နားခိုစရာအဆောက်အဦးလုပ်ငန်းအဖွဲ့က ပံ့ပိုးကူညီပေးသည်။ အဆိုပါလုပ်ငန်းစဉ်ကြောင့် စစ်တွေတွင် ကယ်ဆယ်ရေးစခန်းပေါင်း(၄၁)ခုရှိခဲ့ရာမှ(၂၁)ခုအထိလျော့ကျသွားသည်။ သို့အတွက် နေရာပြောင်းရွှေ့ချထားခြင်းများ ပိုမိုများပြားလာပြီး ပြောင်းရွှေ့ချထားသည့်နေရာအသစ်များအတွက် ရေ/သန့်ဆိုင်ရာပံ့ပိုးမှုပစ္စည်းများ လိုအပ်လာသည်။ အကြောင်းမှာ မြေပြင်ရေများကိုအကာအကွယ်ပေးရန်နှင့် ညစ်ညမ်းစေမှုအန္တရာယ်များကိုလည်း လျော့ကျစေရန်ဖြစ်သည်။ ကယ်ဆယ်ရေးစခန်းအများစုမှာ ရေကြီးရေလျှံဖြစ်နိုင်ချေရှိသောနေရာဒေသများတွင်ဖြစ်ပြီး အချို့မှာ စပါးစိုက်ခင်းများအတွင်း တည်ရှိနေသည်။ ရေ/သန့်လုပ်ငန်းအဖွဲ့၊ နားခိုရာအဆောက်အဦးအဖွဲ့၊ CCCM လုပ်ငန်းအဖွဲ့များအကြား ညှိနှိုင်းဆက်သွယ်မှုကို ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသော်လည်း ရေ/သန့်လုပ်ငန်းအပါအဝင် လုပ်ငန်းခွင်နေရာချထားမှုလုပ်ငန်းစဉ်အတွက် စိန်ခေါ်မှုအများအပြားရှိနေပါသည်။ ရေ/သန့်ဆိုင်ရာပစ္စည်းများနှင့် အဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း ရက်သတ္တပတ်ပေါင်းများစွာ နှောင့်နှေးကြန့်ကြာလျက်ရှိနေသည်။

၂၀၁၄-ခုနှစ် မတ်လတွင်ဖြစ်ပွားခဲ့သောအရေးအခင်းသည် လုပ်ငန်းခွင်ဒေသနှင့်အလုပ်လုပ်သည့်ပတ်ဝန်းကျင်နေရာအသစ်သို့သွားရောက်နိုင်ရန် ကန့်သတ်ချက်များနှင့် စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်ရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်။ လုပ်ငန်းများပုံမှန်လုပ်ဆောင်နိုင်ရန် လပေါင်းများစွာဖြစ်နိုင်ချေမရှိခဲ့ပေ။ မိုးရာသီကာလပတ်ဝန်းကျင်အခြေအနေကြောင့် လုပ်ငန်းများဆောင်ရွက်ရန်မှာ ပိုမို၍ခက်ခဲရှုတ်ထွေးမှုများဖြစ်ပေါ်စေသည့်အတွက် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်လုပ်ဆောင်ရန် ကာလအတော်ကြာ နှောင့်နှေးနေခဲ့ရသည်။ တစ်ဖက်တွင်လည်း ကယ်ဆယ်ရေးစခန်းများတွင် အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းများအပြီးသတ်နိုင်ရန် လွန်စွာနှောင့်နှေး


ကြန့်ကြာလျက်ရှိနေသလို အခြားတစ်ဖက်တွင်လည်း လက်ရှိ ရှိနေသော အခြေခံအဆောက်အအုံများမှာလည်း သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။

ရေကြီးရေလျှံသည့်ဘေးဒဏ်ခံနိုင်သည့်အဆောက်အအုံများကို ထိထိရောက်ရောက်အသုံးချနိုင်ရန်မှာ စိန်ခေါ်မှုအဖြစ်ဆက်လက်တည်ရှိနေပေသေးသည်။ ထို့ပြင် ပံ့ပိုးပစ္စည်းများအတွက် နေရာအကန့်အသတ်များရှိနေပြီး ပံ့ပိုးပစ္စည်းများကိုလည်း တစ်စစီဖြိုဖျက်ပြီး လောင်စာထင်းအဖြစ်အသုံးပြုလျက်ရှိနေကြသည်။ နားခိုရန်အဆောက်အဦများ ဆောက်လုပ်ပြီးစီးသွားသော်လည်း ငွေကြေးလဲလှယ်မှုနှုန်းထားများ အဆမတန်မြင့်တက်နေခြင်းနှင့်အတူ ရေ/သန့်ဆိုင်ရာအဆောက်အအုံများ ဆောက်လုပ်မှုစရိတ်စကများမြင့်တက်လာခြင်း၊ အဆောက်အဦးများတည်ဆောက်ခြင်းအတွက်မြေပိုင်ရှင်များအား နစ်နာမှုလျော်ကြေးနှင့် ဆောက်လုပ်ရေးကန်ထရိုက်စရိတ်များ၊ ကန်ထရိုက်လုပ်ငန်းများခွင့်ပြုချက်အတွက်ဖိအားပေးခံရခြင်း၊ ထောက်ပံ့ရေးပစ္စည်းများအား ဖျက်ဆီးရန်ကြံဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ဝန်ထမ်းများအားအန္တရာယ်ပြုရန် ကွင်းဆင်းဒေသအဖွဲ့များအား အကြောင်းကြားခြင်းများကို မကြာခဏကြုံတွေ့ကြရသည်။ စခန်းကြီးကြပ်မှုကော်မတီသည် အဆိုပါဖိအားများအတွက် ကြီးမားသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ CCCM ရေ/သန့်လုပ်ငန်းအဖွဲ့နှင့်တာဝန်ရှိသူများသည် အဆိုပါစိန်ခေါ်မှုများကို အလေးထားဆောင်ရွက်လျက်ရှိနေသော်လည်း ယခုအချိန်အထိ အလားအလာကောင်းသည့် အဖြေရှာမတွေ့နိုင်သေးပေ။


ရခိုင်ပြည်နယ်ရှိ အန္တရာယ်ဖြစ်စေနိုင်သည့် ပတ်ဝန်းကျင်တွင် ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် တုန့်ပြန်မှုဆိုင်ရာကယ်ဆယ်ရေးလုပ်ငန်းစဉ်များတွင် အနီးပတ်ဝန်းကျင်ကျေးရွာများကို ထည့်သွင်းလုပ်ဆောင်မှုကို ၂၀၁၄-ခုနှစ်ကတည်းက တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ စီမံချက်လုပ်ငန်းအဆင့်အားလုံးတွင် 'ဘေးဒုက္ခအန္တရာယ်များမကျရောက်စေရေးနည်းလမ်း' ကို စနစ်တကျထည့်သွင်းဆောင်ရွက်ခဲ့သည်။ ပဋိပက္ခများဖြစ်လွယ်နိုင်သည့်အနေအထားဖြင့် အိုးအိမ်များမှစွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသူများအား ပံ့ပိုးကူညီမှုကို ဆက်လက်ဆောင်ရွက်နေစဉ် ပေါက်ကွဲလွယ်သည့်ပြည်သူလူထု၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ဆောင်မှုများအတွက် ကိုယ်တိုင်တွေမြင်ချက်များကိုလည်း အလေးထားဂရုပြုကြရမည်ဖြစ်သည်။ ထို့ပြင် ကျန်းမာရေးနှင့်ဆက်နွယ်နေသည့် သန့်ရှင်းရေးညံ့ဖျင်းသည့်အခြေအနေများနှင့် အန္တရာယ်ရှိနေမှုကိုလည်း အသိအမှတ်ပြုကြရမည်ဖြစ်သည်။ မတ်လအရေးအခင်းကာလအပြီး အဆိုပါကျေးရွာများ၏ဖွံ့ဖြိုးတိုးတက်မှုသည် ယာယီရပ်ဆိုင်းသွားပြီး လူထုကိုယ်တိုင် သို့မဟုတ် ဒေသခံအာဏာပိုင်များကလည်း ဟန့်တားပိတ်ပင်မှုများပြုလုပ်ခဲ့ကြသည်။ ကျေးရွာများတွင်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အခြေခံသတ်မှတ်ချက်များကို လုပ်ငန်းခွင်အတွေ့အကြုံများနှင့် ဆင့်ကဲဖြစ်ပေါ်နေသည့် ဆက်စပ်အကြောင်းအရာများအပေါ်အခြေခံ၍ ၂၀၁၄-ခုနှစ်က ထပ်မံဖော်ထုတ်ထားသည်။ ၂၀၁၄-ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြည်သူလူထုအတွင်း ကိုယ့်အားကိုယ်ကိုးသည့်စနစ်ဖွံ့ဖြိုးတိုးပွားစေရန်ရည်ရွယ်၍ ဆီလျော်လက်ခံနိုင်သည့်လုပ်ဆောင်ချက်များဖြင့် ရေ/သန့်ဆိုင်ရာလုပ်ဆောင်ချက်များကို ဒုက္ခသည်စခန်းများထက် ကျေးရွာများတွင်အကျိုးခံစားခွင့်ရှိသူများ အချိုးညီညီခံစားရရှိရေးကို ရည်မှန်းထားဆောင်ရွက်ခဲ့သည်။

ပတ်ဝန်းကျင်ကျေးရွာများ၏အတွေ့အကြုံအရ ဘေးအန္တရာယ်မကင်းသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာအခြေအနေများတိုးတက်ကောင်းမွန်လာစေရန် ဖြစ်နိုင်ပါကပိုမိုအလေးထားဦးတည်ဆောင်ရွက်ရန် လိုအပ်နေသေးသည့်နေရာများကျန်ရှိနေပါသေးသည်။ ပတ်ဝန်းကျင်ကျေးရွာများ၏ ဖြစ်ပျက်ခဲ့သည့်အတွေ့အကြုံများ အထူးသဖြင့် ရခိုင်ပြည်မြောက်ပိုင်း (မောင်းတော နှင့် ဘူးသီးတောင်) အခြေအနေများကို ကောင်းမွန်စွာထိန်းသိမ်းနိုင်ရန် ရေ/သန့်လုပ်ငန်းစုအဖွဲ့တွင်အားနည်းချက်များရှိနေသေးရာ အောက်ပါခွဲခြမ်းစိတ်ဖြာလေ့လာမှုသည် ရခိုင်ပြည်နယ်မြောက်ပိုင်းအတွက်ခြွင်းချက်များဖြစ်ပြီး အချို့သောခွဲခြမ်း လေ့လာမှုနှင့် ကြိုးပမ်းအားထုတ်မှုများသည် ၂၀၁၅-ခုနှစ်အတွက်ဆက်လက်မျှော်မှန်းနေရဦးမည်ဖြစ်သည်။

## ရေ/သန့်လုပ်ငန်းလုပ်ဆောင်နေသူများ၏နယ်မြေဒေသလွှမ်းခြုံနိုင်မှု




မြို့နယ်အလိုက်ရေ/သန့်လုပ်ငန်းဆောင်ရွက်နေသူများမှ ဒုက္ခသည်များအား လွှမ်းခြုံနိုင်မှု





Typology အလိုက်ရေ/သန့်လုပ်ငန်းဆောင်ရွက်နေသူများမှ လူဦးရေလွှမ်းခြုံနိုင်မှု


ကျောက်တော်မြို့ရှိ ပဋိပက္ခဖြစ်ပွားခဲ့သည့်နေရာသုံးနေရာတွင် အိုးအိမ်စွန့်ခွာထွက်ပြေးနေရသူ ခန့်မှန်းဦးရေ ၁၂၄၄-ဦး အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပံ့ပိုးကူညီသည့် အရေးပေါ်အိမ်သာအချို့မှလွဲ၍ ရေ/သန့်လုပ်ငန်း လုပ်ဆောင်နေသူများမှ ပံ့ပိုးဆောင်ရွက်ပေးမှုများ လုပ်ဆောင်ပေးနိုင်ခြင်းမရှိသေးပါ။ ဒေသခံပြည်သူလူထုမှ နိုင်ငံတကာ ဝန်ထမ်းများအားလက်ခံရန် အတိုက်အခံပြုခြင်း၊ စီမံခန့်ခွဲမှုဆိုင်ရာအခက်အခဲများဖြစ်ပေါ်စေခြင်းနှင့် နှေးကွေးသည့် လုပ်နည်းစနစ်များ၏လိုအပ်ချက်များကြောင့် အဆိုပါမြို့နယ်များတွင် ရေ/သန့်ဆိုင်ရာလုပ်ငန်းကွာဟမှုများ တာရှည်စွာ ဖြစ်ပေါ်နေပါသည်။ ၂၀၁၄-ခုနှစ် စက်တင်ဘာလတွင် ပထမအဆင့်လုပ်ငန်းဆောင်ရွက်မှုကို ပြည်သူလူထုနှင့် ရင်းနှီးဆက်ဆံမှု ပိုမိုတည်ဆောက်နိုင်ရေးကို စတင်ဆောင်ရွက်ရန်ဖြစ်ပြီး ရေ/သန့်လုပ်ငန်း၏ဒုတိယအဆင့်ကို ဖြစ်နိုင်ပါက ၂၀၁၅-ခုနှစ် အစောပိုင်းတွင် စတင်ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

ပဋိပက္ခဖြစ်ပွားခဲ့သည့် ဒေသတစ်ခုဖြစ်သော ပေါက်တောမြို့နယ် (ဘဂန်းချောင်းဝါးစု-အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေသူ ၉၇-ဦး) ဒေသတွင် ရေ/သန့်ဝန်ထမ်းများ၏ပံ့ပိုးကူညီမှုကို ၂၀၁၃-ခုနှစ် စက်တင်ဘာလကတည်းက ငြင်းဆန်ခဲ့ကြသည်။ အခြားသောဒေသများမှာ အကြောင်းအမျိုးမျိုးကြောင့် (ဥပမာ-ပေါက်တောမြို့နယ်အတွက် ပံ့ပိုးပစ္စည်း ကိရိယာအခက်အခဲ) အခက်အခဲများ သို့မဟုတ် လုံခြုံရေးဆိုင်ရာအခက်အခဲများ (ဥပမာ-မြေပုံမြို့နယ်)ကြောင့် လက်လှမ်းမီနိုင်မှု အခက်အခဲများစွာ ရှိလျက်နေပါသေးသည်။ တုန့်ပြန်မှုဆိုင်ရာလုပ်ငန်းများကို ၂၀၁၃-ခုနှစ် အောက်တိုဘာလက ရသေ့တောင်မြို့နယ်တွင် စတင်ဆောင်ရွက်နိုင်ခဲ့သော်လည်း ၂၀၁၄-ခုနှစ်မတ်လ အရေးအခင်းကာလအပြီး ဆိုးဝါးသည့်ဟန့်တားနောက်ယှက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သို့သော် အဆိုပါဖြစ်ရပ်သည် အချို့သော အလှမ်းကွာဝေးသည့်မြို့နယ်များတွင် ဆီလျော်ပြီး အလောတကြီးမလိုအပ်သည့် ထောက်ပံ့ကူညီမှုများကို လက်တွေ့ကျကျအသုံးချနိုင်ရန် အခက်အခဲများအပေါ် ကောင်းမွန်သည့်ဖြစ်ရပ်မှန် လေ့လာမှုတစ်ခုပင်ဖြစ်သည်။ ပဋိပက္ခဖြစ်နိုင်ချေကို သိရှိခံစားနိုင်သော ချဉ်းကပ်နည်းလမ်းများဖြင့် ပြည်သူလူထုလက်ခံနိုင်မှုကို စိတ်ရှည်ရှည်ဖြင့် ဦးစွာအသိပေး ဖော်ပြရန်လိုအပ်သည်။ ရေ/သန့်လုပ်ငန်းများလုပ်ဆောင်မှုကို ၂၀၁၄-ခုနှစ် အနှောင်းပိုင်းတွင် ပြန်လည်စတင် ဆောင်ရွက်နိုင်ခဲ့သည်။

## *သန့်ရှင်းသောသောက်/သုံးရေ လုံလောက်စွာ အညီအမျှနှင့် ရေရှည်ရရှိရေး*

<u>အကျိုးခံစားခွင့်ရှိသူအမျိုးအစား အားလုံး လွှမ်းခြုံနိုင်မှု</u>








ပုံ(၂)-မြို့နယ်အလိုက်ရေလိုအပ်ချက်လွှမ်းခြုံနိုင်မှု(ဘယ်) အကျိုးခံစားခွင့်ရှိသူအမျိုးအစားအလိုက်(ညာ)

အရေးပေါ်ရေပေးဝေမှုအပေါ် မှီခိုအားထားမှုများလျော့ကျလာသော်လည်း လုံးဝဖယ်ရှားရုပ်သိမ်းမှုမရှိသေးပါ။ အချို့သောနေရာဒေသများတွင် အရေးပေါ်နည်းစနစ်များနေရာတွင် အမြဲတမ်းနီးပါး အသုံးပြုနိုင်သည့် စနစ်/ကွန်ယက်များဖြင့် အောင်မြင်စွာအစားထိုးဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင်အကာအကွယ်များ၊ ပြုပြင်နိုင်ချေရှိသော ရေရရှိနိုင်သည့်နေရာများကို တည်ဆောက်ပေးခြင်း သို့မဟုတ် ပြန်လည်မွမ်းမံပြင်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

သို့ဖြစ်လင့်ကစား အထူးသဖြင့် ပေါက်တောမြို့နယ်တွင် လူဦးရေ ၁၆,၀၀၀-ခန့်မှာ ဘေးအန္တရာယ်များဆိုးဝါးစွာကျရောက်နိုင်ပြီး အရေးပေါ်ရေထောက်ပံ့ပေးဝေမှုအပေါ် မှီခိုအားထားနေကြရသည်။ ခြောက်သွေ့သောရာသီကာလပြီးဆုံးချိန် လှေများဖြင့်ရေသယ်ပို့ခြင်း သို့မဟုတ် အလုမ်းဝေးသည့်ရေကန်များမှ စက်များဖြင့်တွန်းပို့ခြင်းများအပေါ် မှီခိုအားထားနေကြရသည်။ အမှန်အားဖြင့် ဒေသ၏ ဘူမိဗေဒဆိုင်ရာသွင်ပြင်အနေအထားကြောင့် တွင်းတိမ်စက်ရေတွင်းများ သို့မဟုတ် စိမ့်စမ်းရေသွယ်တန်းသိုလှောင်ခြင်းများ ဖန်တီးပြုလုပ်ရန် အခြေအနေမပေးချေ။ အဆိုပါကွာဟချက်များကို လျော့ပါးသက်သာစေရန် အချို့သောနေရာဒေသများတွင် မိုးရေသိုလှောင်သည့်စနစ်များကို စမ်းသပ်ဆောင်ရွက်ခဲ့သည်။ အကယ်၍ အဆိုပါအရပ်ဒေသများတွင် လူအများနေထိုင်ရန် ရွှေ့ပြောင်းနေရာချထားမည်ဆိုပါက ပတ်ဝန်းကျင်နှင့် ရေနှင့်သက်ဆိုင်သော ဘူမိဗေဒဆိုင်ရာလေ့လာချက်များဖြင့် ရေအမြဲတမ်းရရှိနိုင်မည့်ရင်းမြစ်များကို သုတေသန ပြုလုပ်ကြရမည်ဖြစ်သည်။ တစ်နှစ်တာပတ်လုံး ရေအလုံအလောက်ရရှိရေး သေချာစေရန် အများကလက်ခံသဘောတူပြီး လုပ်ပိုင်ခွင့်များလည်း လိုအပ်နေဦးမည်ဖြစ်သည်။

**သက်ကယ်ပြင်ဒေသရေအရည်အသွေး**




ပုံ(၃)သက်ကယ်ပြင်(စစ်တွေ)တွင်ရေနမူနာစမ်းသပ်ချက်ရလဒ်

ရခိုင်ပြည်နယ်ရှိ ဘူမိဗေဒသွင်ပြင်ဆိုင်ရာပတ်ဝန်းကျင်အနေအထားသည် လွန်စွာရှုပ်ထွေးပြီး လုံးဝကွဲပြားခြားနားသော အခြေအနေများကိုလည်း ကီလိုမီတာအနည်းငယ်သာ အလှမ်းကွာဝေးသည့်နေရာများတွင် တွေ့မြင်နိုင်သည်။ ထို့ပြင် အရည်အသွေးနှင့် ရရှိနိုင်သည့် ရေအရင်းအမြစ်များမှာလည်း လွန်စွာကွဲပြားခြားနားလျက်ရှိသည်။(သဲဆန်သောနေရာများတွင် တွင်းတိမ်မြေအောက်ရေ၊ မြေပေါ်ရေနှင့် ကန်များတွင်မိုးရေစုဆောင်းခြင်း....)

ရိုးရိုးရေအရည်အသွေးစမ်းသပ်မှုကို လောလောဆယ်တွင် အချို့သောဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။ ရေရရှိရာ အရင်းအမြစ်တွင် ညစ်ညမ်းမှုအဆင့်ကို စောင့်ကြည့်ထိန်းကျောင်းနိုင်ရန် တိုးချဲ့လုပ်ဆောင်သွားမည့် အစီအစဉ်လည်းရှိသည်။ ကနဦး စမ်းသပ်စစ်ဆေးချက်အရ မိုးတွင်းနှင့်ခြောက်သွေ့သောရာသီကာလအကြား မြေပေါ်ရေတွင် မြင်သာထင်ရှားသည့် ညစ်ညမ်းမှုအရိပ်အယောင်များ မတွေ့ရှိရကြောင်း ဖော်ပြနေသော်လည်း စက်ရေတွင်းများမှာမူ အစဉ် ညစ်ညမ်းနေကြောင်း ဖော်ပြနေသည်။ ရေတိုင်နှင့်ရေငုပ်များအကျိုးသက်ရောက်မှုမြင့်တင်ရန်မှာ ရေညစ်ညမ်းမှုအဆင့်ကို စူးစမ်းလေ့လာရန် လိုအပ်လျက်ရှိနေပါသေးသည်။ ပရိုဂရမ်အစီအစဉ်နှင့် အခြေခံနှင့်အမာခံပစ္စည်းကိရိယာများပါဝင်သည့် ကာကွယ်တားဆီးသည့်တိုင်းတာချက်များကိုလည်း အခိုင်အမာစနစ်တကျ အသုံးပြုကြရမည်ဖြစ်သည်။ ရေတွင်နိုက်ထရိတ်ပါဝင်နေမှုကို အများဆုံးတွေ့ရှိနိုင်ပြီး ဓါတုပစ္စည်းများနှင့်အာဆင်းနစ်တစ်စိတ်ဒေသကင်းမဲ့နေသည်။ ရေရှည်ကျန်းမာရေးအတွက် အကျိုးသက်ရောက်မှုရှိနိုင်ပြီး နောက်ထပ်လည်း ခွဲခြမ်းစိတ်ဖြာလေ့လာရဦးမည်ဖြစ်သည်။


## မိုးရေများစုဆောင်းထားရှိမှုစနစ်

ရခိုင်ပြည်နယ်တွင်အစဉ်အလာရှိခဲ့သည့် ရေကန်များတွင် မိုးရေများစုဆောင်းထားရှိပြီး အများသုံးကန်အဖြစ် ကြာရှည်စွာအသုံးပြုလာခဲ့ပြီး ပြည်သူလူထုကလည်း အဆိုပါကန်ရေများကိုသာ မှီခိုအားထားခဲ့ကြသည်။ သို့ကြောင့် ရေပိုမိုစုဆောင်းသိုလှောင်ထားရှိလိုသောရည်မှန်းချက်ဖြင့် ရေကန်များကို လတ်တလောတိုးမြှင့်ပြုပြင်ခဲ့ကြသည်။ ကန်ချဲ့ခြင်း၊ ကန်တူးခြင်း၊ အဆင့်မြှင့်ခြင်းနှင့်ရေညစ်ညမ်းမှုအန္တရာယ်များလျော့ကျစေရန် တိရစ္ဆာန်များဝင်ရောက်မှုများမှ ကာကွယ်တားဆီးရန် စည်းရိုးများကာရံထားခြင်းများဖြင့် အဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့ကြသည်။ ဤလုပ်ဆောင်ချက်သည် သမရိုးကျဖြစ်သော်လည်း အကျိုးခံစားခွင့်ရှိသူပြည်သူအများက လွန်စွာလက်ခံခဲ့ကြသည်။ ကန်ရေများနှင့်ဆက်စပ်၍ ရေအတွင်းသို့ စိမ့်ဝင်ထိုးဖောက်ဝင်ရောက်မှုများကို လျော့ချစေရန် စမ်းသပ်စစ်ဆေးပြီးဖြစ်သော်လည်း ထိရောက်မှုရှိစေရန် ထပ်မံစမ်းသပ်စစ်ဆေးရန် လိုအပ်သည်။ စခန်းများတွင် နိုင်ငံတကာအနိမ့်ဆုံးစံနှုန်းများကို ရေ/သန့်လုပ်ငန်းများတွင် လက်ခံကျင့်သုံးလျက်ရှိသည်။ ကန်များမှရေခပ်ယူခြင်းသည် ကိုယ်ပိုင်ဖြန့်ဖြူးသည့်စနစ်များအပေါ် အန္တရာယ်ကင်းသည့် ရေပေးဝေခြင်းအတွက် တုန့်ပြန်မှုများ မသက်ရောက်စေနိုင်ပါ။ (အရေးပေါ်နှင့်သာမန်အခြေအနေ) ပိုးသန့်စင်ထားသောရေကို ဦးစားပေးဖြန့်ဝေပေးနိုင်ရန်မှာ စည်းကမ်းချက်များနှင့်အညီ မဖြစ်မနေဆောင်ရွက်ကြရမည် ဖြစ်သည်။

## ကြွေရေစစ်အိုး ရေသန့်စင်နည်းလမ်း


အခြားနည်းလမ်းတစ်ခုဖြစ်သည့် ကြွေရေစစ်အိုးများကို မိသားစုရေသန့်စင်သည့်နည်းလမ်းအဖြစ် စနစ်တကျအစားထိုးအသုံးပြုရန် ၂၀၁၄-ခုနှစ်က ဆုံးဖြတ်ခဲ့ကြသည်။ ကနဦးအကျိုးရလဒ်အဖြစ် လူထုကကောင်းမွန်စွာသဘောတူ လက်ခံပြီး ဆီလျော်စွာအသုံးပြုလျက်ရှိနေကြောင်း တွေ့ရှိနေရသည်။

အိမ်ထောင်စုအလိုက်ရေသန့်စင်သည့်နည်းလမ်းများအသုံးပြုသည့်လူဦးရေလွှမ်းခြုံမှုရာခိုင်နှုန်း





အိမ်ထောင်စုအလိုက် ရေ/သန့်စင်သည့်နည်းလမ်းကို ဖြစ်နိုင်ဖွယ်ရာရှိသည့် ဖြေရှင်းနည်းအဖြစ် လွန်ခဲ့သည့် မြန်မာ အတွေ့အကြုံများနှင့် လူထု၏ဗဟုသုတများအပေါ်အခြေခံ၍ ၂၀၁၃-ခုနှစ်က ဖော်ထုတ်သတ်မှတ်ခဲ့ကြပြီးဖြစ်သည်။ ရခိုင်ပြည်နယ်အတွက် ရေရှည်စဉ်းစားရမည့် ရေအရည်အသွေးဆိုင်ရာစီမံခန့်ခွဲမှုကို ကိုင်တွယ်ဖြေရှင်းလိုသည့် ရည်ရွယ်ချက်ဖြင့် ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် အရေးပေါ်အခြေအနေတွင် အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၁၄-ခုနှစ်က လမ်းညွှန်ချက်များကို ဖော်ထုတ်သတ်မှတ်ခဲ့သည်။ သတ်မှတ်ချက်တွင် ဘေးအန္တရာယ်များနှင့် လုပ်ငန်းဆောင်ရွက်မည့်နည်းလမ်းများ၏ ကန့်သတ်ချက်များဆိုင်ရာအခွင့်အလမ်းနှင့် အလေး ထားရမည့်အချက်များကိုလည်း ထည့်သွင်းဖော်ပြထားသည်။ ကြွေရေစစ်အိုးသည် ဆီလျော်သည့်နည်းလမ်းနှင့် လက်ငင်းဖြေရှင်းနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ပြီး ဒေသ၏ဘူမိဗေဒဆိုင်ရာ အခြေအနေများကြောင့် အကာအကွယ် ပြုထားသည့်ရေတိုင်များ ချက်ခြင်းပြုလုပ်နိုင်ရန်မှာ အခြေအနေမပေးသည့်အတွက် စခန်းနှင့်ကျေးရွာများ၏ လက်ရှိ အသုံးပြုနေသည့် အန္တရာယ်ကင်းပြီး အကာအကွယ်ပြုထားသည့် ရေအရင်းအမြစ်နေရာများတွင် အစားထိုး အသုံးပြု နိုင်သည့် နည်းလမ်းပင်ဖြစ်သည်။

အိမ်ထောင်စုများ၏ရေအရည်အသွေးဆိုင်ရာရလဒ်




ကြွေရေစစ်အိုးအသုံးပြုနေသူဦးရေ (၃-ပတ်/၃-လကြာပြီးနောက်)




၂၀၁၄-ခုနှစ်အတွင်း ကြွေရေစစ်ကိုစတင်အသုံးပြုခဲ့ရာ ပြည်သူလူထုအနေဖြင့် ကောင်းမွန်စွာ လက်ခံအသုံးပြုလျက် ရှိနေကြောင်း ကနဦးရလဒ်များကညွှန်ပြနေသည်။ ဤအချက်သည် လူထုလက်ခံလာနိုင်မှုကို ပံ့ပိုးပေးမည့် စိတ်ဝင်စား ဖွယ်ရာလုပ်ဆောင်ချက်တစ်ခုအဖြစ် ပေါ်ထွက်လာသည်။ အကောင်အထည်ဖော်ရ လွယ်ကူခြင်း၊ အားလုံးအကျုံးဝင် သည့်လွှမ်းခြုံမှု၊ ကျန်းမာရေးအတွက် ကြီးမားသည့်အကျိုးရလဒ်များ၊ ကြွေရေစစ်အသုံးပြုသည့် အိမ်ထောင်စုနှင့် အသုံး မပြုသည့် အိမ်ထောင်စုများအကြား အိမ်ထောင်စုအဆင့် ရေအရည်အသွေးစမ်းသပ်စစ်ဆေးခြင်းက (E.Coli) အီးကို လိုင်း ပါဝင်မှုတွင် သိသာထင်ရှားစွာခြားနားလျက်ရှိကြောင်း ဖော်ပြနေသည်။ ရေစီးဆင်းမှုနှုန်းနိမ့်ကျခြင်း၊ ကောလာ


ဟာလများနှင့် နားလည်မှုလွဲမှားခြင်း သို့မဟုတ် နေထိုင်ရာဂင်းအတွင်း မြေကွက်လပ်နေရာနည်းပါးခြင်း စသည်တို့သည် အဆိုပါကြွေရေစစ်အသုံးပြုမှုကို အဟန့်အတားဖြစ်စေနိုင်သည့် အလားအလာများ သက်ရောက်စေနိုင်ပါသည်။ ခုခံနိုင်စွမ်းရှိပြီး ထိခိုက်ပျက်စီးလွယ်သော အစိတ်အပိုင်းများကို စနစ်တကျအသုံးပြုနိုင်ရန်နှင့် လိုအပ်ချက်များကို အလေးထားရန် မကြာခဏဆောင်ရွက်ရမည့် နောက်ဆက်တွဲလုပ်ငန်းများသည် အန္တရာယ်ကင်းသည့် ရေတိုးမြှင့်မှု လုပ် ဆောင်ချက်များဖြင့် ချိတ်ဆက်လျက်ရှိနေသည်။ ရေပေးဝေမှုအတွက် ကြိုတင်ပြင်ဆင်ထားရန် ဦးစားပေးမှုသည် အဓိကအရေးပါပြီး ပြည်သူလူထုနှင့်လူထုခေါင်းဆောင်များ၏ စောစီးစွာပူးပေါင်းပါဝင်မှုလည်း လိုအပ်လျက်ရှိနေပါသည်။


အဆိုပါဖြစ်ရပ်များသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကနဦးရလဒ်များကို အားပေးကူညီမှုအပြင် အခွင့်အလမ်းများကိုပါ မီးမောင်းထိုးပြနေခြင်းဖြစ်သည်။ သို့သော်ငြားလည်း ရေ/သန့်လုပ်ငန်းတစ်ခုလုံးနှင့် သက်ဆိုင်သော စုပေါင်းလုပ်ငန်းအဖွဲ့က ဆုံးဖြတ်သောလုပ်ထုံးလုပ်နည်းများအပေါ် အလုံးစုံသောဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းကိုမူ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒေသရှိဈေးဆိုင်များတွင် ရေစစ်များရရှိနိုင်မှုမှာ မေးခွန်းထုတ်စရာဖြစ်နေရာ ရေစစ်များ၏ အချိန်ကြာအကျိုးသက်ရောက်မှုနှင့် မဟာဗျူဟာများ၏ ရေရှည်အသုံးပြုနိုင်မှုကိုလည်း ဆက်စပ်၍ လေ့လာဆန်းစစ်ကြရမည်ဖြစ်သည်။

## အကြံပြု ထောက်ခံခြင်း

ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ အလုံးစုံသောရည်မှန်းချက်ပန်းတိုင်မှာ အကာအကွယ်ပြုထားသော ရေတိုင်/ရေငုပ်များမှတစ်ဆင့် တာရှည်အသုံးပြုနိုင်သည့်ဖြေရှင်းချက်နည်းများကို ပံ့ပိုးပေးရန် သိပ်သည်းမှုမြင့်မားသည့် ဖုံနယ်မြေများတွင်ဖြစ်သည်။ အခြေခံအဆောက်အအုံများ၏ အရည်အသွေးနှင့် ယင်းတို့၏စွမ်းဆောင်ရည်ဖြင့် ညစ်ညမ်းမှုဘေးအန္တရာယ်ကို တတ်နိုင်သမျှလျော့ကျစေရန် တာဝန်ကျန်ရှိနေသေးသည်။ အကြောင်းမှာ ဒေသဆိုင်ရာ စွမ်းဆောင်ရည်များ ယေဘူယျအားဖြင့် အားနည်းချို့တဲ့နေခြင်းနှင့် အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍများအပါအဝင် အကာအကွယ်ရှိသည့် ရေပိုက်များ တည်ဆောက်ပေးရန်အတွက် လွန်ခဲ့သည့်အရင်းအနှီးများ နေသားတကျရှိနေစေရန်နှင့် ကျောက်စရစ်လောင်းလုပ်ငန်းများအပါအဝင် စက်ရေတွင်းများနှင့် ရေတွင်းများအတွက် နိုင်ငံတကာစံနှုန်းစံထားများအသုံးပြုမှု၊ မြန်မာနိုင်ငံအနေဖြင့် ပင်မအဆောက်အဦးများကိုအနားသတ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းများမှာ အများနှင့်ရင်းနှီးမှုမရှိသေးခြင်း၊ သောက်သုံးရေအဖြစ် ပြုပြင်ထားခြင်းမရှိသည့် ကန်ရေသည်သာ တစ်ခုတည်းသော ရေရရှိနိုင်သည့်နေရာအဖြစ် အသုံးပြုနေခြင်းကို ယေဘူယျလက်ခံထားခြင်း၊ ကဏ္ဍများအနေဖြင့် စိန်ခေါ်မှုအဖြစ် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ခြင်း၊ အခြားသောနည်းလမ်းအသစ်များကိုဖန်တီးခြင်း၊ ဥပမာ-စိမ့်စမ်းရေစုဆောင်းခြင်းလုပ်ငန်းများကို လေ့လာဖော်ထုတ်ရန်လိုအပ်သည်။ ရှင်းလင်းတိကျသည့် အခွင့်အလမ်းများလည်းရှိနေပြီဖြစ်ရာ ရေ/သန့်လုပ်ဖော်ကိုင်ဖက်များအနေဖြင့် ရည်ရွယ်ချက်ကြီးကြီးမားမားဖြင့် ဆုပ်ကိုင်မိစေရန် လိုအပ်သည်။

## ဘေးအန္တရာယ်ကင်းပြီး ရေရှည်သန့်ရှင်းရေးအခွင့်အလမ်းများ သာတူညီမျှရရှိစေရန်နှင့် ညစ်ညမ်းမှုကင်းမဲ့သော ပတ်ဝန်းကျင်တွင် အမြဲနေထိုင်နိုင်စေရန်



## စခန်းအနေအထား

စခန်းအနေအထားတွင် အရေးပေါ်အိမ်သာအခြေအနေမှ အမြဲတမ်းနီးပါးအသုံးပြုနိုင်သည့်အိမ်သာသို့ ပြောင်းလဲမှုသည် အားလုံးနီးပါးပြီးစီးနေပြီဖြစ်သည်။ အလုံးစုံသောလွှမ်းခြုံမှု (၁း၂၈) မှာလည်း အောင်မြင်လုနီးပါးသို့ ရောက်ရှိနေပြီဖြစ်သည်။ သို့သော်ငြားလည်း အချို့သောဒေသများတွင် နေရာလွတ်ရရှိနိုင်မှုအခြေအနေများကြောင့် အပိုအိမ်သာဆောက်လုပ်မှုကိုခွင့်မပြုပေ။ ၂၀၁၃ နှင့် ၂၀၁၄-ခုနှစ်ကာလတစ်လျှောက်လုံး အဆိုပါ အိမ်သာဒီဇိုင်းပုံစံကို အသုံးပြုခဲ့ကြပြီး တစ်ဆက်တည်းမှာပင် အမြဲတမ်းနီးပါးအသုံးပြုနိုင်သည့် အင်္ဂတေကျင်းပုံစံအိမ်သာကို ဆက်လက်အသုံးပြုခဲ့ကြသည်။ အိမ်သာအဆောက်အဦးသက်တမ်းမှာ သက်တမ်းတိုလွန်းကြောင်းဖော်ပြနေပြီး လောင်စာထင်းရှားပါးမှုကို ပေါင်းစပ်လျက် ရွှေ့ပြောင်းနေထိုင်သူများမှ ပံ့ပိုးပစ္စည်းများကို မကြာခဏခိုးယူနေကြခြင်းကြောင့်ဖြစ်သည်။ ထိုအဖြစ်အပျက်က ပြုပြင်ထိန်းသိမ်းရန် မဖြစ်မနေလိုအပ်ကြောင်း ဖော်ပြနေသည်။ ပြည်သူလူထုအနေနှင့် လုပ်ငန်းတာဝန်များကို ထိန်းသိမ်းထားရှိရန် ရည်ရွယ်ချက်နှင့် ပြုပြင်ထိန်းသိမ်းမှုများ လျော့ပါးသက်သာရန်မှာ အဆောက်အအုံတွင်အသုံးပြုသောပစ္စည်းများ၏ အစိတ်အပိုင်းများကို ပိုမိုတာရှည်စွာအသုံးပြုနိုင်ရန်မှာ အညစ်အကြေးများကို ပြန်လည်စွန့်ပစ်မှုအကြိမ်လျော့ပါးသွားစေရန် ဥပမာ-ပိုမိုကြီးမားသောကျင်းများ၊ ကွန်ကရစ်ကြမ်းခင်း၊ ပါးလွှာသည့်နံရံများ လိုအပ်သည်။ ရရှိခဲ့သည့်အတွေ့အကြုံသင်ခန်းစာနှင့်အတူ အိမ်သာအဆောက်အအုံ ဘေးအန္တရာယ်ကင်းရှင်းရေး၊ (အဓိကအားဖြင့် အိမ်သာကျင်းအဖုံး) တိကျပြီး ဘေးအန္တရာယ်ကင်းသည့်လမ်းညွှန်ချက်ကို တစ်စုတည်းဖြည့်သွင်းဖော်ပြထားရမည်။ ထို့ပြင် အခြားအိမ်သာဒီဇိုင်းပုံစံကိုလည်း ကလေးများထံမှတုန့်ပြန်မှုကို ပိုမိုစုစည်းဖော်ပြနိုင်ရန် ပြန်လည်သုံးသပ်ရန်လည်းလိုအပ်သည်။ ကနဦးလေ့လာမှုများအရ လူကြီးပိုင်းများက အိမ်သာကိုပုံမှန်အသုံးပြုကြသော်လည်း ကလေးငယ်များနှင့်သက်ကြီးပိုင်းများကမူ ယခုအချိန်ထိ အညစ်အကြေးများကို စနစ်တကျ စွန့်ပစ်ခြင်းမရှိသေးကြောင်း တွေ့ရှိရသည်။ အတွေ့အကြုံများ တစ်ခုတည်းဖြစ်စေရန်နှင့် အကြံပြုသုံးသပ်ချက်များကို မွမ်းမံပြင်ဆင်ထားနိုင်ရန် ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ လမ်းညွှန်ချက်များကို နောက်ဆုံးအခြေအနေထိ မွမ်းမံပြင်ဆင်ထားရမည်ဖြစ်သည်။

စခန်းများတွင် အိမ်သာများဆောက်လုပ်ပြီးစီးမှုနှင့် အသုံးပြုမှုပိုမိုများပြားလာခြင်းကြောင့် မစင်အညစ်အကြေးများကို ပြန်လည်စွန့်ပစ်မှုနှင့် ပြန်လည်ပြုပြင်သည့်စနစ်များလည်း လိုအပ်လာသည်။ ရေ/သန့်လုပ်ငန်း လုပ်ဖော်ကိုင်ဖက်များသည် မစင်အညစ်အကြေးများ အပြီးပြန်လည်စွန့်ထုတ်သည့်စနစ်နှင့် အညစ်အကြေးများ သယ်ယူပို့ဆောင်ခြင်းနှင့် အညစ်အကြေးများပြုပြင်သည့် အဆောက်အဦးကို စစ်တွေမြို့နယ် ဆေးသမကြီးဒေသတွင် နေရာချထားပေးခဲ့သည်။ စစ်တွေမြို့တွင် အညစ်အကြေးများ စနစ်တကျသယ်ယူစွန့်ပစ်သည့်လုပ်ငန်းကို ဒေသခံအစိုးရဌာနဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီများက တိုက်ရိုက်တာဝန်ယူဆောင်ရွက် နေကြောင်းကို ရေ/သန့်လုပ်ငန်းစုအဖွဲ့က ၂၀၁၃-ခုနှစ်ကာလကတည်းက ဖော်ထုတ်ထားခဲ့သော်လည်း လုပ်ငန်းအကြောင်းအသိပေးရှင်းလင်းရန်ကျန်ရှိနေပေသေးသည်။ အခြားသောမြို့နယ်များတွင် အညစ်အကြေးများပြုပြင်သည့်လုပ်ငန်းကို အကောင်အထည်ဖော်ဆဲဖြစ်သည်။ သို့သော် လုပ်ငန်းခွင်တစ်ခုချင်းအတွက် သယ်ယူပို့ဆောင်မှုသည် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ အိမ်သာပုံစံများကိုလည်း အဆိုပါဒေသများအတွက် သီးခြားအကြောင်းအရာများဖြစ်သည့် ဘူမိဗေဒဆိုင်ရာအနေအထားနှင့် အထောက်အပံ့ပစ္စည်းများကို သင့်လျော်ကိုက်ညီအောင် လက်ခံသုံးစွဲနိုင်ရေးအတွက် ပြန်လည်လေ့လာသုံးသပ်ရဦးမည်ဖြစ်သည်။

စခန်းများတွင် အမှိုက်သရိုက်များစနစ်တကျစွန့်ပစ်ရေးအတွက် ရေ/သန့် လုပ်ငန်းဆောင်ရွက်နေသည့်ဝန်ထမ်းများက စေတနာ့ဝန်ထမ်းများနှင့် လူထုအားစည်းရုံးလှုံ့ဆော်မှုဖြင့် စုစည်းဆောင်ရွက်လျက်ရှိသည်။ ခြွင်းချက်အနည်းမျှသာရှိနေသော်လည်း ပတ်ဝန်းကျင်အခြေအနေမှာ လက်ခံနိုင်ဖွယ်ရာဖြစ်သည်။ စွန့်ပစ်ပစ္စည်းများ အန္တရာယ်ကင်းစွာနောက်ဆုံးအဆင့်ထိပြုပြင်နိုင်သည့် မီးရှို့ပြာချစက်များ အကောင်အထည်ဖော် တည်ဆောက်ရေးကိုလည်း စခန်း

အများစုတွင် တိုးချဲ့ဆောင်ရွက်ရန်ကျန်ရှိနေပါသေးသည်။ အမှိုက်သရိုက်များနှင့် မိုးရေများစီးဆင်းနိုင်သည့် ရေနုတ်မြောင်းစနစ်များကိုလည်း ဖြစ်နိုင်ပါက တာရှည်ခံသည့်ပစ္စည်းများ (ဥပမာ-အုတ်) ကို စနစ်တကျ အသုံးပြုထားသည်ကို တွေ့ရှိရသည်။ စခန်းအများစုမှာ ရေကြီးရေလျှံနိုင်သည့်နေရာများ သို့မဟုတ် စပါးစိုက်ခင်းများတွင်ရှိနေသည့်အတွက် ရေနုတ်မြောင်းစနစ်အတွက် ဖြစ်နိုင်ချေမရှိပေ။ အကျိုးခံစားနေရသူများနှင့် လုပ်ဖော်ကိုင်ဖက်အချို့ ညှိနှိုင်းမှုအရ သီးခြားအနေဖြင့် အဂတ်လျှော်ဆိုင်/ပင်မင်းဆိုင်များကိုလည်း စီစဉ်ပေးထားသည်။


## ကျေးရွာများ

ကျေးရွာများတွင် ရေသန့်လုပ်ငန်းအဖွဲ့သည် လိုအပ်သည့်ပစ္စည်းအချို့ပံ့ပိုးပေးပြီး လူထုစည်းရုံးလှုံ့ဆော်မှုဖြင့် အိမ်သာများဆောက်လုပ်သုံးစွဲရေးလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ဒေသ၏ သီးခြားအခြေအနေများနှင့်အညီ ပစ္စည်းကိရိယာများနှင့် ဒေသတွင်ရရှိနိုင်မည့် ကျွမ်းကျင်မှုများရယူ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄-ခုနှစ်အတွင်း ရရှိခဲ့သောသင်ခန်းစာများအရ လူထုဘက်မှ ကောင်းမွန်မှန်ကန်စွာ ပြောဆိုဆက်ဆံလာပါက လုပ်ငန်းဆောင်ရွက်ရန် ကောင်းမွန်သောအခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်သည်။ ဝါးခွေဖြင့်ဆောက်လုပ်ထားသည့် အိမ်သာကျင်းများသည် မြေအောက်ရေ ညစ်ညမ်းမှုနှင့်ဆက်စပ်၍ ဘေးအန္တရာယ်ဖြစ်နိုင်ချေများရှိသော်လည်း ဤစနစ်သည် ရေရှည်အသုံးပြုနိုင်မည့်ဖြေရှင်းချက်များပင်ဖြစ်သည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန၏ သုံးသပ်အကြံပြုချက်များနှင့်အညီ ပြည်သူလူထုအား သန့်ရှင်းရေးလုပ်ငန်းများအကျိုးအတွက် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်စေရန်နှင့် ကိုယ့်အားကိုယ်ကိုးစနစ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်ပါသည်။


## *သန့်ရှင်းရေးအလေ့အကျင့်ကောင်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်အမူအကျင့်များပြောင်းလဲလာရေး*

### သန့်ရှင်းရေးအဆင့်မြင့်တင်ရေး

နေရာဒေသအလိုက်လစဉ်သန့်ရှင်းရေးအဆင့်မြင့်တင်ခြင်းကို လက်ခံရရှိသည့်လူဦးရေရာခိုင်နှုန်း




မြို့နယ်အလိုက်လစဉ်သန့်ရှင်းရေးအဆင့်မြင့်တင်ခြင်းကို လက်ခံရရှိသည့်လူဦးရေရာခိုင်နှုန်း




သန့်ရှင်းရေးအဆင့်မြင့်တင်ရေးအတွက် စိန်ခေါ်မှုများစွာရှိနေကြောင်း အထင်အရှားပြသလျက်ရှိသည်။ အကျိုးခံစားခွင့်ရှိသူများ၏ လက်ရှိသန့်ရှင်းရေးအလေ့အကျင့်များနှင့် ဗဟုသုတများမှာ အားနည်းချို့တဲ့လျက်ရှိနေသည်။ ရခိုင်ပြည်နယ်သည် နိုင်ငံအတွင်း အိမ်သာမသုံးဘဲ မြေပြင်တွင်အညစ်အကြေးစွန့်သည့် အလေ့အကျင့်အများဆုံးရှိသော နေရာဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအတွင်း လေ့ကျင့်သင်ကြားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့မှာလည်း ကြီးမားသည့်လိုအပ်ချက်များပင်ဖြစ်သည်။ မြို့ပေါ် သို့မဟုတ် ကျေးလက်ဒေသရှိ အကျိုးခံစားခွင့်ရှိသူများ၏ မူလနေထိုင်ရာနေရာနှင့် နောက်ခံသမိုင်းတို့မှာ များစွာကွဲပြားခြားနားလျက်ရှိသည်။ ပညာရေးအဆင့်အမျိုးမျိုးကွဲပြားခြားနားလျက်ရှိခြင်း၊ အများအားဖြင့် စာမတတ်ကြခြင်း၊ ဝန်ဆောင်မှုများအတွက်လက်လှမ်းမီနိုင်မှုနှင့် ပတ်ဝန်းကျင်

အခြေအနေ ကွဲပြားခြားနားမှုများသည် အားလုံးအတွက် စံနှုန်းမီနိုင်သည့် လုပ်ကိုင်ဆောင်ရွက်နိုင်မှုများ မရရှိနိုင်ပေ။ သန့်ရှင်းရေးဆိုင်ရာ အသိဉာဏ်၊ ခံယူချက်၊ အလေ့အကျင့်များနှင့်ပတ်သက်၍ လေ့လာထားချက်များအပေါ် ဆန်းစစ်အကဲဖြတ်ခြင်းများကို ၂၀၁၄-ခုနှစ်က ပထမအကြိမ် ထိရောက်စွာအသုံးပြုခဲ့သည်။ အကျိုးခံစားခွင့်ရှိသူများ၏ ပိုမိုကောင်းမွန်သော နားလည်သဘောပေါက်မှုများနှင့်အတူ အသိပေးဖော်ပြရန်လိုအပ်သည့် ကွာဟချက်များကိုလည်း ကျနစွာရှာဖွေ ဖော်ထုတ်ပေးခဲ့သည်။

ယနေ့စခန်းများတွင်နေထိုင်ရသော အိုးအိမ်စွန့်ခွာထွက်ပြေးနေရသူများသည် ကျေးရွာများတွင်နေထိုင်နေရသူများထက် သန့်ရှင်းရေးအဆင့်မြင့်တင်မှု ကနဦးဆောင်ရွက်ချက်များကို မကြာခဏထိတွေ့ခံစားနေကြရသည်။ ထို့အပြင် ကျေးရွာများအတွင်း ပဋိပက္ခနှင့်ထိတွေ့ရင်ဆိုင်ခဲ့ရခြင်းမရှိသည့် မိသားစုများနှင့်နှိုင်းယှဉ်ပါက အသိဉာဏ်ဖွံ့ဖြိုးမှုအဆင့်တွင် ကွဲပြားခြားနားလျက်ရှိသည်။ နောက်ပိုင်းတွင် ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ အကြံပြုသုံးသပ်ချက်များနှင့်အညီ သန့်ရှင်းရေးအဆင့်မြင့်တင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လာကြသည်။ အကျိုးခံစားခွင့်ရှိသူများဆိုင်ရာ အချက်အလက်များမှာလည်း ဒေသတစ်ခုနှင့်တစ်ခု တူညီမှုမရှိကြောင်းတွေ့ရှိရသည်။ ဖြစ်ရပ်တစ်ခုချင်းစီတွင် ပြုပြင်ပြောင်းလဲလွယ်သော ချဉ်းကပ်နည်းစနစ်များနှင့် အကြောင်းအရာအချက်အလက်များကို လိုက်ဖက်ညီစွာ လက်ခံကျင့်သုံးသွားရန် လိုအပ်သည်။ ဆီလျော်သည့်ချဉ်းကပ်မှု လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းများဖွံ့ဖြိုးတိုးတက်ရန်မှာ အတွေ့အကြုံရှိသည့် လုပ်ငန်းမန်နေဂျာများ၏ တိုက်ရိုက်ပါဝင်ပတ်သက်မှုနှင့် လမ်းညွှန်မှုများလိုအပ်ပါသည်။ ၂၀၁၄-ခုနှစ်အတွက် ဦးစားပေးသတ်မှတ်ချက်များသည် ဆင့်ကဲပြောင်းလဲမှုအခြေအနေများကြောင့် ဆိုးဂါးစွာအကျိုး သက်ရောက်မှုဖြစ်ပေါ်စေပြီး လုပ်ငန်းခွင်လက်လှမ်းမီနိုင်မှုနှင့် အခြေခံအဆောက်အဦးများ ပြီးစီးနိုင်မှုများအတွက်လည်း တုန့်နှေးမှုများဖြစ်စေနိုင်သည်။ အကျိုးခံစားခွင့်ရှိသူများ၏ ပါဝင်ဆောင်ရွက်မှုကို တိုးချဲ့ခြင်းနှင့် အမူအကျင့်ပြောင်းလဲရေးတို့အတွက် လူထုကိုယ်တိုင်ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ဆောင်ရွက်မှုဖြင့် တီထွင်ဖန်တီးထားသည့် နည်းလမ်းများအသုံးပြုမှုမှာ ရေ/သန့်လုပ်ငန်းအဖွဲ့စုမှ မကြာမီကပင် တစ်စုတည်းဖော်ထုတ်ထားပြီးဖြစ်သည်။

## သန့်ရှင်းရေးပစ္စည်းများ

၂၀၁၃-၂၀၁၄-ခုနှစ် စခန်းများနှင့်ကျေးရွာများရှိ ဒုက္ခသည်မိသားစုများအတွက် သန့်ရှင်းရေးပစ္စည်းများကို ရည်မှန်းဦးရေအတိုင်း ဖြန့်ဝေပေးခဲ့သည်။ ဒုက္ခသည်များအားလုံး နှစ်စဉ်သန့်ရှင်းရေးဆိုင်ရာပစ္စည်းများ အပြည့်အစုံ ရရှိနိုင်ခွင့်ရှိပြီး ပစ္စည်းများကိုလည်း လစဉ်ပြန်လည်ဖြည့်တင်းပေးလျက်ရှိသည်။ အိမ်ရှင်မိသားစုများလည်းခံစားခွင့်ရှိသည်။ သန့်ရှင်းရေးပစ္စည်းများမွမ်းမံပြင်ဆင်ခြင်းကို လုပ်ဖော်ကိုင်ဖက်များအားလုံးက စုစည်းဆောင်ရွက်ပေးလျက်ရှိသည်။ ပြီးခဲ့သည့် ပစ္စည်းများဖြန့်ဝေပေးမှု စောင့်ကြည့်ထိန်းကျောင်းခြင်း၏ ရလဒ်များကိုအခြေခံ၍ ရေ/သန့်လုပ်ငန်းဆိုင်ရာအေဂျင်စီများ၏ ခွဲခြမ်းစိတ်ဖြာလေ့လာမှုနှင့်အတူ ပထဂီအနေအထား(မြို့နယ်တစ်ခုချင်းစီ)နှင့် ဘေးအန္တရာယ်ဖြစ်စေနိုင်မှုများအပေါ် အခြေခံ၍ ထောက်ပံ့ပစ္စည်းများအတွက် အကြံးဝင်သူ လူဦးရေသတ်မှတ်ချက်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များကိုလည်း အခြေခံထားပါသည်။ စစ်တွေမြို့နယ်တွင် အကျိုးခံစားခွင့်ရှိသူများသည် အဓိကအားဖြင့် သန့်ရှင်းရေးသုံးပစ္စည်းများနှင့် ကိုယ်တိုက်ဆပ်ပြာများကို ဈေးထဲတွင်ပြန်လည်ရောင်းချလေ့ရှိကြသည်။ အခြားသောဝန်ဆောင်မှုများဖြစ်သည့် အစားအစာ၊ ဆေးဝါးနှင့်ပညာရေးစရိတ်များအတွက် ကာမိစေရန်ဖြစ်သည်။ သန့်ရှင်းရေးသုံးပစ္စည်းများသည် သန့်ရှင်းရေးလိုအပ်ချက်ထက် စားဝတ်နေရေးလိုအပ်ချက်ကို ပိုမိုအကျိုးသက်ရောက်မှုရှိနေကြောင်း ဖော်ပြနေသည်။

၂၀၁၅-ခုနှစ်တွင် ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် ဒုက္ခသည်များအတွက် သန့်ရှင်းရေးသုံးပစ္စည်းများဖြန့်ဝေခြင်းကို ကန့်သတ်မှုများပြုလုပ်ရန်နှင့် စခန်းများတွင်သာဖြန့်ဝေပေးရန် စုစည်းဆုံးဖြတ်ခဲ့ကြသည်။ ဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုကို (အထူးသဖြင့်-စားသောက်ဖွယ်ရာများမဟုတ်သည့် ပစ္စည်းများပံ့ပိုးသည့်လုပ်ငန်းစုအဖွဲ့တွင် သက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများအဖွဲ့) လက်ခံကျင့်သုံးကြရန်ဖြစ်သည်။ အဓိကအားဖြင့် ဒေသရှိဈေးများ

၏ ဈေးကွက်နှင့်ရောင်းဝယ်ဖောက်ကားမှု၊ မိသားစုအတွင်း ပေပုံကျစနစ်ကျင့်သုံးမှုနှင့် ဖြစ်နိုင်ချေရှိသည့် အသုံးချမှုဆိုင်ရာ အခြားနည်းလမ်းများ (ဥပမာ-ဘောက်ချာစနစ်) ပြေစာသုံးသည့်စနစ်များ စသည်တို့ကို လေ့လာစူးစမ်း ဖော်ထုတ်ရမည်ဖြစ်သည်။ အခြားသောမြို့နယ်များတွင် အကျိုးခံစားခွင့်ရှိသူများက ဖြန့်ဝေပေးသည့်ပစ္စည်းအမျိုးအစားအားလုံးကို အမှန်သုံးစွဲလျက်ရှိကြောင်း သာဓကများရှိခဲ့သော်လည်း ဈေးကွက်သို့ရောက်သွားနိုင်မှုမှာ အမျိုးမျိုးကွဲလွဲနိုင်ကြောင်းနှင့် ယခုထက်ပိုမို၍ အသေးစိတ်လေ့လာရန်လိုအပ်သည်။ ဒုက္ခသည်လူဦးရေအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများနည်းပါးမှုသည် ရေ/သန့်လုပ်ငန်းများအပေါ် မှီခိုအားထားမှုကို ပိုမိုဖြစ်ပေါ်စေပြီး ဝင်ငွေလည်ပတ်မှုလုပ်ငန်းများအဖြစ် မှတ်ယူနေကြခြင်းဖြစ်သည်။ သန့်ရှင်းရေးသုံးပစ္စည်းများကို ဈေးများတွင် ချက်ခြင်းသွားရောက်ရောင်းချကြပြီး အိမ်သာသန့်ရှင်းရေးလုပ်ငန်းမှ ဝင်ငွေရှာကြံနေကြသည်။ ဤမှီခိုအားထားမှုသည် အခြားသော ရေ/သန့်ဝန်ထမ်းများမှ ရည်မှန်းအသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများဖြင့် အစားထိုးမပေးမချင်း ပြောင်းလဲမှုများ မဖြစ်နိုင်သေးပေ။

## အကြံပြု ထောက်ခံခြင်း

ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် ဒေသအားလုံးနှင့်လူတစ်ဦးချင်းစီအတွက် စနစ်ကျသည့်သန့်ရှင်းရေးမြင့်တင်မှုလုပ်ငန်းကို ဆက်လက်တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး လူထုတစ်ရပ်လုံးကိုလည်း အသိပေးရှင်းလင်းပြကြရမည်ဖြစ်သည်။ တိကျသည့်ရည်မှန်းချက်များဖြင့် အမျိုးသမီးများ၊ ယောကျာ်း၊ မိန်းခလေးများ၊ ယောကျာ်းလေးများ၊ အသက်အရွယ်ကြီးသူများနှင့် ခန္ဓာကိုယ်ချို့တဲ့သူများအားလုံးအတွက် နည်းလမ်းများကိုလည်း ရှင်းလင်းအသိပေးရမည်ဖြစ်သည်။ မဟာဗျူဟာနည်းလမ်းများသည် အမူအကျင့်ပြောင်းလဲရေးကို ဦးတည်နေပြီး အပြုသဘောဆောင်သည့် ပြောင်းလဲမှုနှင့် အခက်အခဲအဟန့်အတားများကို ဖြတ်ကျော်ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၄-ခုနှစ်အတွင်း ရေ/သန့်လုပ်ငန်းဆိုင်ရာဝန်ထမ်းများ လတ်တလောအသုံးပြုနေသည့် သန့်ရှင်းရေးအဆင့်မြင့်တင်မှု နည်းလမ်းအမျိုးမျိုးအပေါ် ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ ယေဘူယျလေ့လာချက်အရ အရေးကြီးသည့်မညီမျှမှုများကို ကိုင်တွယ်ဖြေရှင်းနေရသည့်အကြောင်းရပ်များ၊ တိုက်ရိုက်ဖြန့်ဖြူးသည့်နည်းလမ်းကိုအသုံးပြုခြင်း သို့မဟုတ် သက်တူရွယ်တူအချင်းချင်း ပြည်သူလူထုအားသီးသန့်ခွဲခြားထားမှု (ယောကျာ်း-မိန်းမအလိုက် သို့မဟုတ် အသက်အရွယ်အလိုက်) လူထုခေါင်းဆောင်များ၏ ပူးပေါင်းပါဝင်မှုနှင့် ရလဒ်များအပေါ်တိုင်းတာခြင်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ပြင် ရေ/သန့်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်စေခြင်းမှတစ်ဆင့် ရလဒ်များကို ပြုပြင်ပြောင်းလဲပေးရန်နှင့် နည်းလမ်းများနှင့်ပစ္စည်းများကို (ပညာပေးအထောက်အကူပစ္စည်းများ) စုပေါင်းမျှဝေရန် နောက်ထပ်လုံ့ဆော်မှုအခွင့်အလမ်းများအတွက် မီးမောင်းထိုးပြလျက်ရှိသည်။

သန့်ရှင်းရေးမြင့်တင်ရေးလုပ်ငန်းအတွက် အခြေခံစနစ်များကို စည်းကမ်းတကျဖွဲ့စည်းထားရှိခြင်းသည် လူထုနှင့်ရင်းနှီးပြီး နေသားတကျဖြစ်အောင်လုပ်ဆောင်ခြင်းဖြစ်ပြီး နည်းလမ်းများနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ခွင့်ပြုစေခြင်းဖြစ်သည်။ လူထုပရိသတ်၏ ကျေနပ်ကောင်းမွန်သော နားလည်သဘောပေါက်မှုကိုအခြေခံ၍ စနစ်တကျ စောင့်ကြည့်ထိန်းကျောင်းခြင်းကို အထူးသဖြင့်လေ့လာစူးစမ်းခြင်းနှင့် အသိဉာဏ် သဘောထားနှင့် အလေ့အကျင့်များဆိုင်ရာ စစ်တမ်းကောက်ယူခြင်းများမှတစ်ဆင့်လည်း ဆောင်ရွက်ခွင့်ပြုပေးနိုင်သည်။ လုပ်ငန်းဆောင်ရွက်မှုပုံစံမှာ အရပ်ဒေသ၏သီးခြားဖြစ်တည်နေမှုများကိုအခြေခံသည့် အကြောင်းရပ်တစ်ခုနှင့်ဆက်စပ်၍ ပစ္စည်းအမျိုးအစားများ ဖြန့်ဝေပေးမှုအပါအဝင် ဆပ်ပြာနှင့်သန့်ရှင်းရေးဆိုင်ရာပစ္စည်းအမျိုးအစားများကို အားပေးတိုက်တွန်းခြင်း၊ လှုံ့ဆော်နှိုးဆွခြင်း သို့မဟုတ် ဆုချီးမြှင့်ခြင်းအားဖြင့် စိတ်ဝင်စားမှုကိုပြန်လည်ရယူခြင်း၊ အမူအကျင့်ပြောင်းလဲစေရန် အရှိန်မြှင့်တင်ခြင်းနှင့် အကျိုးခံစားခွင့်ရှိသူများကို တာဝန်လွှဲပြောင်းပေးခြင်းတို့ ပါဝင်သည်။ သန့်ရှင်းရေးအဆင့်မြင့်တင်ခြင်းသည် သာမန်ထိခိုက်လွယ်သည့် အခြေခံပစ္စည်းအစိတ်အပိုင်းများကို အလုံးစုံသော ရေ/သန့်လုပ်ငန်းအစီအစဉ်၏ အဆင့်တိုင်းတွင် မဖြစ်မနေထည့်သွင်းထားရမည်ဖြစ်သည်။ ရေ/သန့်ဝန်ထမ်းများ၏ အထွေထွေ အတွေ့အကြုံနှင့်

စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိနေသေးရာ နည်းလမ်းပေါင်းစုံမှ လတ်တလောစမ်းသပ်မှု တစ်ခုအဖြစ် လူမှုရေးဈေးကွက်ရှာကြံခြင်း သို့မဟုတ် ပူးပေါင်းပါဝင်ဆောင်ရွက်သည့် လုပ်နည်းလုပ်ဟန်များကို စိတ်ဝင်စားသည့်နည်းလမ်းများအဖြစ် ရရှိင်ပြည်နယ်အတွက် လေ့လာစူးစမ်းရန်နှင့် လက်ခံကျင့်သုံးလာစေရန် ကြိုတင်ရှာဖွေဖော်ထုတ်ပြီးဖြစ်သည်။

## *ရေ/သန့်လုပ်ငန်းဆိုင်ရာတုန့်ပြန်မှုအတွက် ကြားဖြတ်ပေါ်ထွက်လာသည့်အချက်အလက်များ စီးဆင်းရာလမ်းကြောင်း*

### ယောကျ်ား- မိန်းမဖြစ်မှုဆိုင်ရာ

၂၀၁၃-၂၀၁၄-ခုနှစ်အတွင်း ပြုလုပ်ခဲ့သော လေ့လာမှုမြောက်မြားစွာအရ ရေ/သန့်လုပ်ငန်းစဉ်များတွင် ယောကျ်ား-မိန်းမဖြစ်မှုဆိုင်ရာ အန္တရာယ်ဖြစ်လွယ်နိုင်ချေများကို တိုးချဲ့ထည့်သွင်းစဉ်းစားရန်လိုအပ်နေကြောင်း ဖော်ပြနေသည်။ ဒုက္ခသည်စခန်းများတွင် အိမ်သာနှင့်ရေချိုးခန်းနေရာများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံစိတ်ချရေးအတွက် စိုးရိမ်စရာနေရာများအဖြစ် အမြဲအစီရင်ခံလျက်ရှိသည်။ အများအားဖြင့် ထိခိုက်ပျက်စီးခြင်း၊ ယောကျ်ား-မိန်းမ သီးသန့်ခွဲခြားထားမှု အားနည်းခြင်း၊ လျှပ်စစ်မီးပြတ်တောက်ခြင်း သို့မဟုတ် သော့များခတ်ထားမှုကြောင့်ဖြစ်သည်။ ၂၀၁၄-ခုနှစ်တွင် 'ဘေးဒုက္ခအန္တရာယ်များမကျရောက်စေရေး' လုပ်ငန်းစဉ်ကို ဖော်ထုတ်ဆောင်ရွက်ခဲ့ပြီး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ဆောင်သည့်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ထပ်မံဖွံ့ဖြိုးတိုးတက်မှုကို ၂၀၁၅-ခုနှစ်က စီစဉ်ရေးဆွဲခဲ့သည်။ ထိုအစီအစဉ်တွင် ယောကျ်ား-မိန်းမဖြစ်မှုဆိုင်ရာနှင့် သီးသန့်လိုအပ်ချက်များရှိနေသည့် လူစုများအတွက် သီးခြားစီစဉ်ထားရှိမှုများလည်း ပါဝင်သည်။ ရေ/သန့်လုပ်ငန်းဆောင်ရွက်နေသူများသည် အိမ်သာအဆောက်အဦးများ တိုးတက်ကောင်းမွန်စေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ဆိုလာမီးစနစ်များနှင့် ယောကျ်ား-မိန်းမစုစည်းနိုင်ရေးအတွက် သန့်ရှင်းရေးဆိုင်ရာပစ္စည်းများကို လက်ခံသုံးစွဲလာစေရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် အမျိုးသမီးများလစဉ်သုံး သန့်ရှင်းရေးပစ္စည်းများအတွက် ပိုမိုအလေးထားစဉ်းစားလာစေရန် လမ်းညွှန်ချက်များကို ဖော်ထုတ်ချမှတ်ခဲ့သည်။ ယောကျ်ား-မိန်မဖြစ်ခြင်းဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ ကွင်းဆင်းအဖွဲ့များအား ထပ်မံသိရှိနားလည်လာစေရန် ယောကျ်ား-မိန်းမဖြစ်မှုဆိုင်ရာအေဂျင်စီ၏ အကြံပေးပုဂ္ဂိုလ်နှင့် အနီးကပ်ဆောင်ရွက်လျက်ရှိနေပါသည်။ လုပ်ငန်းဆောင်ရွက်မှုအားလုံးအတွက် ယောကျ်ား-မိန်းမဖြစ်မှုဆိုင်ရာနှင့်ဆက်စပ်၍ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အကြံပြုသုံးသပ်ချက်များကိုလည်း ပြန်လည်မွမ်းမံပြင်ဆင်ရမည်ဖြစ်သည်။

ရေ/သန့် လုပ်ငန်းဆောင်ရွက်နေသူများသည် အိမ်သာများဆောက်လုပ်ရာတွင် ထူးခြားသည့်အစီအစဉ်များစွာကိုလည်း ထည့်သွင်းဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် ခန္ဓာကိုယ်မသန်စွမ်းသူများအတွက် လွယ်လင့်တကူ လက်လှမ်းမှီနိုင်ရန်နှင့် စည်းရိုးအကာအရံများအပါအဝင် သီးခြားအိမ်သာပုံစံများကို ဆောက်လုပ်ပေးခဲ့သည်။ လတ်တလော လေ့လာသုံးသပ်ချက်များအရ အန္တရာယ်ဖြစ်နိုင်ဖွယ်ရှိသည့် အကျိုးခံစားခွင့်ရှိသူအများအပြားက ဒုက္ခသည်စခန်းမှ ရေ/သန့်ဆိုင်ရာ အဆောက်အဦးနှင့်ပတ်သက်၍ ကျေနပ်မှုမရှိကြသည်မှာ တစ်တပ်တည်းကျလျက်ရှိနေသည်။ ၂၀၁၄-ခုနှစ် ဩဂုတ်က ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ ဦးဆောင်မှုဖြင့် ဘေးဒုက္ခကြုံတွေ့ရသည့် လူဦးရေအပေါ် တာဝန်ခံမှုနှင့် တာဝန်ယူမှုဆိုင်ရာ စစ်တမ်းကောက်ယူရာတွင် ရေ/သန့်လုပ်ငန်းများနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိနေသူများ၏ အမြင်တွင် အားနည်းချက်များစွာရှိနေကြောင်းကို မီးမောင်းထိုးပြထားသည်။ စည်းကမ်းနှင့်အညီ တိုင်ကြားနိုင်သည့် လုပ်နည်းလုပ်ဟန်များ၊ စီမံချက်လုပ်ငန်း၏ ပန်းတိုင်နှင့်ရည်မှန်းချက်များနှင့်ဆက်စပ်၍ ပွင့်လင်းမြင်သာရန်နှင့် သတင်းအချက်အလက်များ မျှဝေပေးခြင်းများတွင် အားနည်းချို့တဲ့လျက်ရှိခြင်း၊ မျှော်မှန်းထားသည့် အကျိုးရလဒ်၊ အချိန်ကန့်သတ်ချက်၊ ဘဏ္ဍာရေးအနှစ်ချုပ်နှင့် ခန္ဓကိုယ်ချို့တဲ့နေသည့် ကလေးနှင့်လူကြီးများ၏ ပူးပေါင်းပါဝင်မှု အားနည်းခြင်း၊ ပုံမှန်တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းများတွင် မိန်းမနှင့်ကလေးများ ပါဝင်မှုအားနည်းခြင်းများကို ဖော်ပြလျက်ရှိသည်။

ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် OCHA ၏ လူထုနှင့်ဆက်သွယ်ဆောင်ရွက်ရေးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖြင့် အားနည်းချက်များကိုဖော်ပြရန် အကူအညီရယူရမည် ဖြစ်သည်။ ဒုက္ခသည်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဂုဏ်သိက္ခာအတွက် ရေ/သန့်ဆိုင်ရာ အနည်းဆုံးသဘောတူညီခွင့်ပြုချက်ဖြင့် လေးစားလိုက်နာမှုရှိစေရန် ဆက်လက်ပြီး စောင့်ကြည့်ထိန်းကျောင်း ကြရမည်ဖြစ်သည်။

## အရေးပေါ်အခြေအနေမှဖွံ့ဖြိုးတိုးတက်ရေးသို့ ဖြစ်နိုင်ချေရှိသည့် အသွင်ကူးပြောင်းမှုအတွက် အခွင့်အလမ်းများ

လုပ်ငန်းဆောင်ရွက်မှုအချိန် နှစ်နှစ်တာကြာပြီးနောက် ပဋိပက္ခကြောင့် ဘေးဒုက္ခခံစားခဲ့ရသည့် ကျေးရွာများ၊ ဒေသခံဒုက္ခသည်များ၊ သို့မဟုတ် ဒုက္ခသည်များကိုလက်ခံထားရသူများ၊ သို့မဟုတ် မိသားစုတွင်း ရေ/သန့်ဆိုင်ရာ အခြေအနေများသည် ပဋိပက္ခမဖြစ်မီကာလအခြေအနေများနှင့် ကွာခြားမှုမရှိကြောင်း ညွှန်ပြနေသည့် အရိပ်လက္ခဏာများ ပေါ်ပေါက်နေပါသည်။ ထို့အပြင် အချို့သောအခြေအနေများတွင် ဘေးပတ်ဝန်းကျင်ရှိ ကျေးရွာများထက်ပင် သာလွန်နေကြောင်း တွေ့ရှိရသည်။ ပြည်သူလူထုအတွင်းလည်း အမူအကျင့်ပြောင်းလဲမှုအတွက် အဆင့်တစ်ခုခုကို ရောက်ရှိနေကြောင်း ဖော်ပြနေသည်။ ကြွေရေစစ်များကို ဆီလျော်စွာနှင့်လက်ခံအသုံးပြုခြင်း၊ အိမ်သာများကို လူထုမှ လက်ခံအသုံးပြုခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းများကိုလည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့ကျန်းမာရေးဆိုင်ရာအသိဉာဏ် ဒုက္ခသည်များအတွင်းနှင့် မူလနေထိုင်ရာအနီးအနားရှိသူများအတွက် လူထု၏ဆောင်ရွက်မှုနည်းလမ်းများကို ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွက် အစိုးရ၏အစီအမံကို ထုတ်ဖော်အသိပေးခြင်းမရှိသေးသော်လည်း သက်ဆိုင်ရာဂန်ကြီး၏ အချို့မှတ်ချက်စကားများနှင့် ထုတ်ဖော်ပြောဆိုသောသတင်းအချက်အလက်များအရ အချို့လူစုများကို ၎င်းတို့၏မူလနေရာများတွင် ရေရှည်တစ်ကိုယ်ရေနေစရာများစီစဉ်ပေးပြီး ပြန်လည်နေရာချထားပေးမည့်အစီအစဉ်တစ်ရပ်ရှိသည်ဟု ယူဆရသည်။ ယင်းအစီအစဉ်မှာ ရေရှည်ဖြေရှင်းမှုဆီသို့ရောက်ရှိနိုင်သည့် ပထမဆုံးအခွင့်အလမ်းတစ်ရပ်ဖြစ်ဖွယ်ရှိသည်။ သို့ရာတွင် ထိုကိစ္စရပ်အပေါ် ရေ/သန့်လုပ်ငန်းစုအဖွဲ့၏အမြင်တစ်ရပ်တည်းနှင့်မသုံးသပ်သင့်ဘဲ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်တွင် အချက်အချာကျသောနေရာမှရှိမှုကိုကာကွယ်ရေးအပေါ်အလေးထားမှု နှင့် အကြိုအခြေအနေသတ်မှတ်မှုတို့လည်းပါဝင်သော ရေရှည်တည်တံ့သည်ဖြေရှင်းနည်းမူဘောင်တစ်ရပ်အတွင်းရှိ ကဏ္ဍအလိုက်သုံးသပ်မှုနှင့်ရှု့ထောင့်တစ်ရပ်ကိုလည်း လိုအပ်သည်။ ထိုကဲ့သို့ရေရှည်နေရာပြန်လည်ချထားမှုမျိုးတွင် လူသားချင်းစာနာမှုအခွင့်အလမ်းလည်းရှိလာမည်ဖြစ်သောကြောင့် ရွှေ့ပြောင်းအခြေချစခန်းများနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကို ထိခိုက်မှု မရှိရေးရှု့ထောင့်အမြင်ဖြင့် ပြန်လည်သုံးသပ်ပြီးကန့်သတ်ထားမှုရှိလာနိုင်သည်။ ယင်းနေရာအသစ်တွင် သာမန်ကျေးရွာ အဆင့်သို့လျော့ကျသွားသော အထောက်အပံ့ပစ္စည်းများသာ ပြည့်စုံမှန်ကန်စွာထားရှိခြင်းမျိုးဖြစ်နိုင်သည်။

ပိုမို၍အသေးစိတ်ဖော်ပြရလျှင် ယင်းကဲ့သို့သောလုပ်ငန်းစဉ်တွင် ရေ/သန့်နှင့် ယာယီတဲအဖွဲ့တို့သည် ပူးပေါင်းဆောင်ရွက်မှု ၊ ပူးပေါင်းအစီအမံချမှတ်မှု နှင့် ပူးပေါင်းညှိနှိုင်းအကောင်အထည်ဖော်ခြင်းတို့ကိုတိုးမြှင့်လုပ်ဆောင်ရမည်။ လုပ်ငန်းစုအဖွဲ့ နှစ်ရပ်လုံးသည် အစီအစဉ်ရေးဆွဲမှု၊ သုံးသပ်မှု၊ ရန်ပုံငွေမြှင့်တင်မှု နှင့် အစိုးရနှင့်အတူအကောင်အထည်ဖော်မှုတို့ကို ပူးပေါင်းလုပ်ဆောင်ခြင်းကို ဆက်လက်ထောက်ခံအားပေးရမည်။ ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ထပ်တိုးဆောင်ရွက်မှုမှာ စံချိန်မီနည်းစနစ်ပိုင်းလမ်းညွှန်ပြသမှု၊ အစိုးရအဖွဲ့ကိုစွမ်းဆောင်ရည်မြှင့်တင်ပေးမှု၊ ဖြစ်ပွားရာအရပ်၏အ နေအထားကို အကဲဖြတ်ပေးမှု နှင့် လိုအပ်ပါကရေ/သန့်လုပ်ငန်းပါဝင်ဆောင်ရွက်သူများနှင့် ရန်ပုံငွေအရင်းအမြစ်တို့ကဲ့သို့ အထမြောက် အောင်မြင်နိုင်ရေးအတွက် ဖြစ်နိုင်ဖွယ်အခြေအနေများကို ဖော်ထုတ်သတ်မှတ်ပေးခြင်းတို့ကို ထောက်ပံ့ရာ၌ရေရှည်တည်တံ့နိုင်သည့်ဖြေရှင်းနည်းမူ ဘောင်တစ်ရပ်ကို ကြိုတင်ခန့်မှန်းခြင်းဖြစ်သည်။

## တာဝန်ရှိသူများ၏လုပ်ပိုင်ခွင့်များနှင့်ဆက်ဆံရေးများတိုးမြှင့်ရေး

ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် ရခိုင်ပြည်နယ်ရှိ လူထုအားလုံးအတွက် အဓိကတာဝန်ရှိသည့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ခြင်းသည် လူထုအားလုံးအား စီမံကိန်းနှင့်စီမံချက်များကို ဆက်သွယ်ပညာပေးရန်နှင့် လူထုအား ကောင်းမွန်သည့် စုစည်းဆောင်ရွက်မှုများ ရရှိစေနိုင်မည်ဖြစ်သည်။ ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် တာဝန်ယူ ဆောင်ရွက်ခဲ့သည့် သီးခြားလုပ်ငန်းစဉ်များနှင့်ပတ်သတ်သည့် နမူနာပေါင်းမြောက်များစွာရှိခဲ့သည်။ နွေရာသီ ပြီးဆုံးချိန်ကာလ " အနောက်ရဲ (ပေါက်တောမြို့နယ်) " ဒုက္ခသည်စခန်းများအတွက် လှေ/သင်္ဘော များဖြင့် အရေးပေါ် ရေသယ်ယူပို့ဆောင်ပေးခဲ့ခြင်းသည် အောင်မြင်မှုရရှိခဲ့သည့် ဆောင်ရွက်ချက်တစ်ခုပင်ဖြစ်သည်။ ဤလုပ်ဆောင်ချက် ကို ၂၀၁၄-ခုနှစ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် SI တို့ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၅-ခုနှစ်တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ မြောက်ဦးမြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးအား အိမ်သာများပြုပြင်ရန် အိမ်သာခွက်နှင့်ပိုက်များကို ပံ့ပိုးပေးခဲ့သည်။ ထို့ပြင် ပဋိပက္ခကြောင့် ထိခိုက်ခံစားနေရသည့်လူထုမှ တောင်းဆိုမှုအပေါ် ပိုမိုပံ့ပိုးကူညီပေးရန်လည်း ကမ်းလှမ်းခဲ့သည်။

အခြားသောလုပ်ငန်းများဖြစ်သည့် အမှိုက်သရိုက်များစနစ်တကျစွန့်ပစ်ခြင်း၊ မစင်အညစ်အကြေးများကို စနစ်တကျ ပြန်လည်စွန့်ထုတ်ခြင်း၊ ရေကန်များပြန်လည်ပြုပြင်ထူထောင်ခြင်းများကို ကောင်းမွန်သည့် အခွင့်အလမ်းများအဖြစ် ရှာဖွေဖော်ထုတ်ခဲ့ပြီးဖြစ်သည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အား အဆိုပါလုပ်ငန်းများကို ဦးဆောင်လမ်းညွှန်မှု ပေးနိုင်ရန် အတွက် အားပေးတိုက်တွန်းရန်ဖြစ်သည်။ အစိုးရနှင့်ဆက်ဆံရေး ကောင်းမွန်တိုးမြှင့်လာစေရန်မှာ ရေ/သန့်လုပ်ငန်းစု အဖွဲ့သည် အစိုးရအဖွဲ့၏ဖွဲ့စည်းတည်ဆောက်ပုံများကို ပုံဖော်ပြသထားရမည်ဖြစ်သည်။ နောက်ပိုင်းတွင် အစိုးရ အဖွဲ့၏စွမ်းဆောင်ရည်များ၊ နည်းပညာရပ်ဆိုင်ရာခေါင်းစဉ်များအပေါ် ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ မှတ်တမ်းတင်ထားရှိ မှုနှင့်ဖလှယ်မှုများကို မျှဝေပေးခြင်း၊ လမ်းညွှန်ချက်များ/ တွေ့ကြုံခဲ့ရသည့်သင်ခန်းစာများကိုလည်း ပုံဖော်ပြသထားရ မည်ဖြစ်သည်။ နောက်ဆုံးတွင် ရခိုင်ပြည်နယ်အစိုးရနှင့် ယူနီဆက်ဖ်၏ ဖွံ့ဖြိုးရေးစီမံချက်များအကြား ချိတ်ဆက်မိနေရန် လတ်တလော တွန်းအားပေးတိုက်တွန်းလျက်ရှိနေပြီး ပိုမိုရေရှည်ခိုင်မာသည့် ချဉ်းကပ်နည်းလမ်းများနှင့် စွမ်းဆောင် ရည်တိုးမြှင့်လာစေလိုသော ရည်ရွယ်ချက်များဖြင့် အမျိုးသားအဆင့်ပေါ်လစီများကို ပြည်နယ်အဆင့်တွင် အသုံးပြုနိုင် စေရန်ဖြစ်သည်။ ရခိုင်ပြည်နယ်အစိုးရနှင့် နည်းပညာဆက်စပ်မှုသည် ညှိနှိုင်းဆောင်ရွက်မှုကို ကျော်လွန်နေသော်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအတွက် ကန့်သတ်ချုပ်ချယ်မှု မဖြစ်စေနိုင်ပါ။ ကျန်းမာရေးလုပ်ငန်းစုအဖွဲ့မှဖြစ်စေ သို့မဟုတ် တိုက်ရိုက်ဖြစ်စေ ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် ခိုင်မာသည့်ပေါင်းကူးတံတား တည်ဆောက်ကြရမည် ဖြစ်သည်။ သန့်ရှင်းရေးမြှင့်တင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းသည် အဆိုပါဆက်ဆံရေးအတွက် စတင် ဆောင်ရွက်ရန် ကောင်းမွန်သည့် အခွင့်အလမ်းတစ်ခုဖြစ်သော်လည်း ဝမ်းပျက်ဝမ်းလျှောရောဂါအန္တရာယ် အတွက် ရုတ်တရက် ရေ/သန့်ဆိုင်ရာတုန့်ပြန်မှုတွင် တာဝန်ရှိမှုသည် ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည်။

အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် ပြည်နယ်အဆင့်အတွက်သာမဟုတ်ဘဲ မြို့နယ်အုပ်ချုပ် ရေးမှူးများအနေဖြင့် စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီနိုင်ရန် ချိတ်ဆက်စီစဉ် ထားရှိရမည်ဖြစ်သည်။ တစ်စုံတစ်ခုသောအတိုင်းအတာတွင် သတ်မှတ်ချက်များ၊ အစီအစဉ်ရေးဆွဲခြင်းနှင့် ဆန်းစစ် အကဲဖြတ်ခြင်းများ ပါဝင်ပံ့ပိုးကူညီနိုင်ရန်ဖြစ်သည်။ မတူကွဲပြားသည့် လုပ်ဆောင်နေသူများအတွင်း ပွင့်လင်း မြင်သာမှု နှင့် စဉ်ဆက်မပြတ် ဆက်သွယ်ပညာပေးခြင်းများသည် အခိုင်အမာလိုအပ်လျက်ရှိသည်။ ထို့ပြင် နှစ်လတ်ကာလတွင် နှစ်ဦးနှစ်ဖက် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ခြင်းနှင့် RRSC ၏ ထပ်ခါတလဲလဲ မေတ္တာရပ်ခံချက်များလည်း အခိုင်အမာလိုအပ်သည်။

## *ချဉ်းကပ်မှုနည်းလမ်းများအခိုင်အမာတည်ရှိမှု*

**<u>ဒေသတစ်ခုအတွက်အဓိကထားဆက်သွယ်ရမည့် အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခု</u>**

၂၀၁၃ခုနှစ်အတွင်း ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ မဟာဗျူဟာတွင် အခိုင်အမာပြဆိုထားပြီးဖြစ်ရာ စခန်းတစ်ခုအတွက် ရေ/သန့်လုပ်ငန်းလုပ်ဆောင်သူတစ်ဦးကို တာဝန်ခံအဖြစ်ထားရှိခြင်းနှင့် ၂၀၁၄-ခုနှစ်တွင် ဒေသတစ်ခုအတွက် ရေ/သန့်လုပ်ငန်းလုပ်ဆောင်သူတစ်ဦး (စခန်းသို့မဟုတ်ကျေးရွာ) အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ဒေသရှိ ရေ/သန့်လုပ်ငန်း လုပ်ဆောင်နေသူသည် ရေ/သန့်ဆိုင်ရာအဓိကဆိုလိုသည့် အချက်အလက်အချို့အပေါ် ရေ/သန့်ဆိုင်ရာ ပံ့ပိုးပစ္စည်း အပြည့်အစုံဖြင့် ချဉ်းကပ်နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန်တာဝန်ရှိသည်။ အကျိုးခံစားခွင့်ရှိသူများ ရေ/သန့်ဆိုင်ရာ လိုအပ်ချက်များကို အပြည့်အဝလွှမ်းခြုံမှုရရှိစေရန် ရည်ရွယ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုစီတွင် အဖွဲ့၏စွမ်းဆောင်ရည်နှင့် လက်တွေ့ကျသည့် ဘဏ္ဍာရေးမျှော်မှန်းချက်များနှင့်အညီ ပထဝီသွင်ပြင်ဆိုင်ရာလွှမ်းခြုံမှု ရည်မှန်းချက်များ ဆီလျော်ဆက်စပ်မှုရှိနေစေရန် တာဝန်ရှိသည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် လွှမ်းခြုံမှုဧရိယာ အလွန်ကြီးမားကျယ်ပြန့်မှုကြောင့် စွန့်စားမှုများရှိနိုင်သည်။ သို့သော် နောက်ဆုံးတွင် ဒေသတစ်ခုချင်းစီတွင် တစ်ခါတစ်ရံမှသာ တုန့်ပြန်မှုပေးနိုင်မှုကိုမူ ရှောင်ကျဉ်ကြရမည်ဖြစ်သည်။ ပထမဦးဆုံး နေရာဒေသတစ်ခုချင်းအလိုက် ပစ္စည်းအပြည့်အစုံဖြင့် ချဉ်းကပ်နည်းကို ထိထိ ရောက်ရောက် အသုံးချရန်လိုအပ်သည်။ ဒုတိယအနေဖြင့် လွှမ်းခြုံမှုဆိုင်ရာ ခွဲခြမ်းလေ့လာခြင်းသည် ဘက်လိုက်မှုများဖြစ်ပေါ်စေနိုင်သည်။ အကျိုးခံစားခွင့်ရှိသူများ၏ လိုအပ်ချက်များ အလျင်အမြန်နှင့်ချောချောမွေ့မွေ့ တုန့်ပြန်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ရေးကမ်းလှမ်းနိုင်ရန် အခြားသောနည်းလမ်းဖြင့် အသစ်ဝင်လာနိုင်ဖွယ်ရှိသူများအား ကန့်သတ်ထားရှိခြင်းများလည်း ဖြစ်လာနိုင်ပါသည်။

အရန်ထားရှိသည့် ချဉ်းကပ်နည်းလမ်းများကို ၂၀၁၃-ခုနှစ်တွင် စနစ်တကျထားရှိပြီး မတ်လအရေးအခင်းကာလအပြီးတွင် စတင်အသုံးပြုခဲ့ကြသည်။ 'ဘ' လေးလုံး (4W) နည်းမှတစ်ဆင့် ပြဌာန်းသတ်မှတ်နိုင်ပြီး ကြိုတင်မမြင်နိုင်သည့်ဖြစ်ရပ်များကြောင့် အခက်အခဲများနှင့်ကြုံတွေ့နေသည်။ လုပ်ငန်းလုပ်ဆောင်နေသူများအတွက် ပြင်ပနှင့်ယာယီအထောက်အကူများရရှိနိုင်စေရန် ညှိနှိုင်းဆောင်ရွက်ခွင့် ရရှိစေရမည်ဖြစ်သည်။ နမူနာအနေဖြင့် အဆိုပါ အရန်ထားရှိသည့် အထောက်အကူများသည် လုပ်ငန်းအဖွဲ့မှတစ်ဆင့် ရုတ်တရက် မေတ္တာရပ်ခံတောင်းဆိုထားခြင်းဖြစ်သည်။ အကျိုးခံစားခွင့်ရှိသူများ ကျေနပ်ပျော်ရွှင်မှုအတွက် စောင့်ကြည့်ထိန်းကျောင်းခြင်း/ဆန်းစစ်အကဲဖြတ်ခြင်း အထောက်အထားများအပေါ်အခြေခံ၍ အဓိကအရေးပါသည့် စွန့်စားတွေးခေါ်မှုများနှင့် သို့မဟုတ် လုပ်ငန်းစုအဖွဲ့ကိုယ်တိုင် အလျင်အမြန် တုန့်ပြန်မှုပေးနိုင်မည် ဖြစ်သည်။

ဖော်ပြခဲ့သည့် နေရာချထားခြင်းကို ပံ့ပိုးဆွေးနွေးရန်နှင့် စေတနာရှင်များ ရှင်းရှင်းလင်းလင်းဖြစ်စေနိုင်ရေးအတွက် ကမ်းလှမ်းခြင်းများဆောင်ရွက်နိုင်ရန် အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် နေရာဒေသတစ်ခုချင်းစီအလိုက် မြေပုံရေးဆွဲခြင်းကို ဆောင်ရွက်ခဲ့ကြသည်။(နောက်ဆက်တွဲ-၁၂တွင်ကြည့်ပါ) အဆိုပါလုပ်ဆောင်မှုများအတွက် လုပ်ငန်းစုအဖွဲ့အား နောက်လာမည့်လများအတွင်း ကွာဟချက်များကို အဆင့်ဆင့်ဖော်ထုတ် သတ်မှတ်ခွင့်ပြုကြမည်ဖြစ်သည်။ အမှန်စင်စစ် ယခုအချိန်ထိ ဧရိယာအားလုံးသည် ကောင်းမွန်စွာ လွှမ်းခြုံမှုရရှိနေပြီဟု ယူဆရမည်ဖြစ်သည်။ သို့သော် လိုအပ်ချက်များ အတိုင်းအတာအပြည့်အဝ ရရှိစေရန် စေတနာရှင်/အလှူရှင်များ၏ ပံ့ပိုးမှုကို ယနေ့အချိန်အထိ အတည်ပြုချက် မရနိုင်သေးပေ။


<u>ဘေးဒုက္ခအန္တရာယ်များမကျရောက်စေရေးနှင့်ပဋိပက္ခများကာကွယ်တားဆီးရေး</u>

မတူကွဲပြားပြီး အပျက်သဘောဆောင်သည့် ဖြစ်နိုင်ချေရှိသော အကျိုးဆက်သုံးမျိုးကို ရှောင်ကြဉ်စေလိုသော ရည်ရွယ်ချက်ဖြင့် အောက်တွင်ဖော်ပြထားသော ချဉ်းကပ်နည်းစနစ်များကို ဖော်ထုတ်သတ်မှတ်ခဲ့သည်။ ဒုက္ခသည်စခန်းများတွင် ရေ/သန့်ဆိုင်ရာဝန်ဆောင်မှုများ ပိုမိုရရှိခံစားနိုင်စေရန် တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် ဒုက္ခသည်

စခန်းများနှင့် ပတ်ဝန်းကျင်ရှိ လူထုအကြား တင်းမာမှုများဖန်တီးခြင်း၊ ဒုက္ခသည်စခန်းများတွင် ရေ/သန့်ဆိုင်ရာဝန်ဆောင်မှုများ ပိုမိုရရှိခံစားနိုင်စေရန် တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် ဒုက္ခသည်စခန်းများနှင့် ပတ်သက်၍ အကျိုးရလဒ်များအပေါ် မတရားအခွင့်အရေးယူရန်ဖန်တီးခြင်း၊ ပဋိပက္ခကြောင့် တိုက်ရိုက်ခံစားနေသည်ဟူသော ယူဆချက်ဖြင့် အုပ်စုတစ်ခုတည်းကိုသာ ရေ/သန့်ဆိုင်ရာဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် သတ်မှတ်ဖော်ပြထားသည့် အလုံးစုံသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မဟာဗျူဟာများကို တန်ပြန်အကျိုးသက်ရောက်စေပြီး လူထုအဖွဲ့အစည်းများအကြား တင်းမာမှုများဖန်တီးခြင်းနှင့် ခံစားမှုများကို နှိုးဆွပေးခြင်းများဖြစ်သည်။

ရေ/သန့်လုပ်ငန်း လုပ်ဆောင်နေသူများသည် ပထမဦးစွာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လူ့အဖွဲ့အစည်းနှင့် နောက်ပိုင်းတွင် အိမ်ရှင်လူထုနှင့်ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းများအတွက် လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်းတိကျစွာ ဖော်ထုတ်သတ်မှတ်ရမည်ဖြစ်သည်။ ပညာရပ်ဆိုင်ရာ စကားလုံးများနှင့်ပတ်သတ်၍ ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် အောက်ပါသတ်မှတ်ချက်များကို ထည့်သွင်းစဉ်းစား ရန် ဆုံးဖြတ်ခဲ့ကြသည်။

- ***ရွှေ့ပြောင်းနေရာချထားသူများရှိသောကျေးရွာ---*** အခြားကျေးရွာများမှ ရွှေ့ပြောင်းနေရာချထားသူများကို လက်ခံထား သော(အိမ်ရှင်)ကျေးရွာများ၊ ( လူမျိုးစုအသိုက်အဝန်း၌ဖြစ်သော ပဋိပက္ခ၏နောက်ဆက်တွဲအကျိုးဆက်)
- ***ဒုက္ခသည်အိမ်ထောင်စုများရှိသည့်ကျေးရွာများ---*** လူမျိုးစုအသိုက်အဝန်းအတွင်း ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကြောင့် ဒုက္ခခံစားနေရသည့်မိသားစုများရှိသည့် ကျေးရွာများ ( အိုးအိမ်များဖျက်ဆီးခံရခြင်း၊ UNHCR ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှ စာရင်းပြုစုထားသည့် မိသားစုများ)၊
- ***အနီးအနားကျေးရွာများ ---***ဒုက္ခသည်စခန်းများအနီးပတ်ဝန်းကျင်ရှိကျေးရွာများ၊




- ဒုက္ခသည်များရှိသည့်စခန်းများ
- ဒုက္ခသည်များရှိသည့်ကျေးရွာများ
- ဒုက္ခသည်အိမ်ထောင်စုများရှိသည့်ကျေးရွာများ
- အနီးအနားရွာများ

☐ ရွှေ့ပြောင်းနေရာချထားသည့်(ဒုက္ခသည်များ)နှင့် ဒုက္ခသည်အိမ်ထောင်စုများ


☐ မူလနေထိုင်ရာရွာများရှိဒုက္ခသည်အိမ်ထောင်စုများ


☐ ဒုက္ခသည်များမရှိသည့်အိမ်ထောင်စုများ

ပုံ(၄) ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ လုပ်ငန်းခွင်ဖော်ပြချက် (Typology definition)

ပတ်ဝန်းကျင်ကျေးရွာများကိုဦးတည်၍ ဖော်ထုတ်သတ်မှတ်ရန် ကြိုးပမ်းအားထုတ်မှုကို ၂၀၁၄-ခုနှစ် ဩဂုတ်လ က OCHA မှ ဦးစီးဆောင်ရွက်ခဲ့သည်။ အန္တရာယ်ဖြစ်လွယ်နိုင်မှုအခြေအနေအပေါ် အခြေမခံဘဲ ပဋိပက္ခဖြစ်နိုင်ဖွယ်ရှိသော

အခြေအနေကို အခြေခံထားသည်။ အဓိကကျသည့် ဦးစားပေးသတ်မှတ်ချက်ကို အဆိုပြုရာတွင် ပဋိပက္ခကြောင့် ထိခိုက်ခံစားနေရသည့်ကျေးရွာအုပ်စု၊ တိုင်းရင်းသားလူမျိုးစုများရှိသောကျေးရွာအုပ်စု၊ နစ်ဘက်လူထုမှ မျှဝေသုံးစွဲနေသည့်အရင်းအမြစ်များ ပါဝင်သည်။ မည်သို့ပင်ဖြစ်စေ ကျေးရွာအဆင့် အကောင်အထည် တက်ကြွလှုပ်ရှားမှုနှင့် မြို့နယ်အဆင့်မျှော်မှန်းချက်များသည် သက်ဆိုင်နေသည့်သီးခြားလုပ်ငန်း လုပ်ဆောင်နေသူများနှင့် သူတို့၏ကဏ္ဍများနှင့် ချိတ်ဆက်မှုများ အလွန်ကောင်းမွန်ချောမွေ့နေကြောင်း ဖော်ပြနေသည်။ ဌာနအချင်းချင်း အမြင်မှ ကောက်ချက်ချရန်မှာ ဖြစ်နိုင်ဖွယ်ရာမရှိချေ။




ထို့ကြောင့် ရေ/သန့်လုပ်ငန်းလုပ်ဆောင်နေသူများသည် ဖြစ်ရပ်တစ်ခုချင်းအလိုက် လုပ်ငန်းနေရာရွေးချယ်ခြင်းကို စတင်ဆောင်ရွက်ခဲ့သည်။ ပုံတွင် typology တစ်ခုအလိုက် လူဦးရေနှင့်လုပ်ငန်းခွင်နေရာ အရေအတွက်ကို ဖော်ပြထားသည်။ ရေ/သန့်ဆိုင်ရာ အကျိုးခံစားနေရသူများ၏ထက်ဝက်မှာ လတ်တလောကျေးရွာများတွင် နေထိုင်လျက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်နေရာများ၏ ၇၅% နီးပါးခန့်မှာ ကျေးရွာများတွင် ဖြစ်သည်။

အဆိုပါနေရာဒေသများရှိ ကျေးရွာများတွင် ရေ/သန့်လုပ်ငန်းများကို အဆင့်အမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိသည်။ ပဋိပက္ခကြောင့် ထိခိုက်ခံစားနေသည့်အိမ်ထောင်စုများ သို့မဟုတ် ရွှေ့ပြောင်းနေရာချထားခံရသူများရှိသည့် ကျေးရွာများမှာ အထောက်အကူများကို နစ်အနည်းငယ်ခန့်ရရှိခဲ့သည်။ သို့သော်လည်း ကျေးရွာနေလူထုအားလုံးက အဆိုပါအထောက်အကူများကို အမြဲတမ်းမခံစားရပေ။ အချို့သောအခြေအနေများတွင် ပဋိပက္ခကြောင့် ထိခိုက်ခံစားနေရသော အိမ်ထောင်စုများသာခံစားကြရသည်။ ပတ်ဝန်းကျင်ကျေးရွာများကို နောက်ပိုင်းအဆင့်များတွင် ဆောင်ရွက်သွားမည်ဟု ယူဆရသည်။ ထို့ပြင် လူထုနှင့်ဒေသခံအာဏာပိုင်များ၏ လက်ခံသဘောတူညီမှုအတွက် ချဉ်းကပ်ရာတွင် အချိန်ပေးရမည်ဖြစ်သည်။ ရရှိခဲ့သည့် သင်ခန်းစာများက ကျေးရွာလူထုမှ လုပ်ငန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို အစပထမပိုင်းကတည်းကလက်ခံပြီး နားလည်သဘောပေါက်ရန် လိုအပ်နေကြောင်း ဖော်ပြလျက်ရှိသည်။ ယေဘုယျအကြောင်းအရင်းများကြောင့် အန္တရာယ်ဖြစ်လွယ်သူအများစုအတွက် လုပ်ငန်းလုပ်ဆောင်နေသူများက ပံ့ပိုးရန် အလောတကြီးဖြစ်နေခြင်းကြောင့် လအနည်းငယ်အတွင်း ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရသည်။ ပြည်သူလူထုဘက်မှ အတိုက်အခံ သို့မဟုတ် ငြင်းဆိုမှုများလည်း ရှိနေခြင်းကြောင့်ဖြစ်သည်။ ရေ/သန့်လုပ်ငန်းစုအဖွဲ့အနေဖြင့် ကျေးရွာများတွင် အလားတူလုပ်ငန်းမျိုးကို ထိထိရောက်ရောက်အသုံးချရန် တညီတညွတ်တည်းသဘောတူညီခဲ့ကြသည်။ ပဋိပက္ခနှင့် တိုက်ရိုက်ထိတွေ့ခံစားခဲ့ရသည့် ကျေးရွာဖြစ်သည့်အတွက် အိမ်ရှင်ကျေးရွာ သို့မဟုတ် ပတ်ဝန်းကျင်ပြည်သူလူထုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သဘောတရားနှင့် ပစ္စည်းကိရိယာများကို တတ်နိုင်သရွေ့အသုံးပြုရန် လစ်လျူရှုထားကြရမည်ဖြစ်သည်။ အဓိကအားဖြင့် ယူနီဆက်ဖ်နှင့်အမျိုးအဆင့်တွင် ဖော်ထုတ်ထားသည့် ကျောင်းတွင်းရေ/သန့်လုပ်ငန်းဆိုင်ရာပေါ်လစီများအောက်တွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျောင်းတွင်းရေ/သန့်ဆိုင်ရာလုပ်ငန်းများကို အရည်အချင်း ပြည့်ဝသည့် လုပ်ဆောင်ချက်နှင့် အခြေခံအဆောက်အဦးများ ထိန်းသိမ်းပြုပြင်ခြင်းတို့ကို စည်းရုံးရန် စွမ်းဆောင်ရည်နှင့်ကျွမ်းကျင်မှု ချို့တဲ့နေမှုကို အသိပေးဖော်ပြနိုင်ရန် ရည်ရွယ်ထားပါသည်။

ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် ပဋိပက္ခဖြစ်နိုင်ခြေရှိမှုအပေါ် အခြေခံ၍ ကျေးရွာများ ဖော်ထုတ်သတ်မှတ်ခြင်းကို ဦးတည် ဆောင်ရွက်သည့်လုပ်ငန်းမှာ အကောင်အထည်ဖော် ဆောင်ရွက်နေဆဲဖြစ်သည်။ နေရာဒေသရွေးချယ်ရန် ဆောင်ရွက် သည့်နည်းလမ်းမှာ အခြေအနေအရပ်ရပ်ပေါ် မူတည်၍ ကွဲပြားခြားနားမှုများရှိနိုင်သည်။ (နေရာဒေသ၊ လိုအပ်ချက်များ၊ လက်လှမ်းမီနိုင်မှု စသည်ဖြင့်) လိုအပ်ချက်များလွှမ်းခြုံနိုင်မှုနှင့်ပတ်သက်၍ နည်းပညာရပ်ဆိုင်ရာ ရည်မှန်းချက်များ လိုအပ်ချက်မှာ ကယ်ဆယ်ရေးအတွက် သတ်မှတ်ထားသည့်အနိမ့်ဆုံးစံနှုန်းပါ လမ်းညွှန်ချက်များနှင့် ကွဲပြားခြားနား လျက်ရှိသည်။ ၂၀၁၄-ခုနှစ် ဇူလိုင်လအတွင်း ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် ရခိုင်ပြည်နယ်တွင် လုပ်ငန်းဝင်ရောက် ဆောင်ရွက်မည့်နေရာဒေသနှင့် အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်ခဲ့သည်။

ကျေးရွာများတွင် လုပ်ငန်းဆောင်ရွက်မှုအဆင်ပြေချောမွေ့စေရန်မှာ ဆက်လက်ဆောင်ရွက်နေရဦးမည်ဖြစ်သည်။ လတ်တလောလုပ်ဆောင်နေခြင်းမှ ရရှိခဲ့သည့်သင်ခန်းစာများအပေါ်အခြေခံ၍ နည်းပညာရပ်ဆိုင်ရာ လုပ်ငန်း လုပ်ဆောင်သည့်အဖွဲ့မှတစ်ဆင့် ဖော်ထုတ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ အတည်ပြု ထောက် ခံချက်နှင့်အညီ၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စွမ်းဆောင်ရည်များကို ပံ့ပိုးပေးခြင်းအားဖြင့် တန်ဖိုးနည်းအိမ်သာ ပုံစံများ ထုတ်လုပ်မှုမှာလည်း ဆောင်ရွက်နေဆဲပင်ဖြစ်သည်။

## ရေနှင့်ပတ်သက်သော ဘူမိဗေဒသွင်ပြင်ဆိုင်ရာ အသိဉာဏ်တိုးမြှင့်ခြင်း၊

နွေရာသီကာလပြီးဆုံးတိုင်း ရေရှားပါးခြင်း၏နောက်ဆက်တွဲအဖြစ် အရေးပေါ်ရေပေးဝေရေးကို ဦးတည် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ရေညစ်ညမ်းမှုအန္တရာယ်မှ တတ်အားသရွေ့ လျော့ကျသွားစေရန် အဆောက် အဦးများ၏ အရည်အသွေးနှင့်ဝန်ဆောင်နိုင်မှုမှာ လိုအပ်ချက်များရှိနေသေးသည်။ ရေကို ကာကွယ်ထိန်းသိမ်း ထားရှိ နိုင်ရန်နှင့် အမြဲတမ်းလက်လှမ်းမီနိုင်မှုကို လုံခြုံစိတ်ချရစေရန် အမြဲတမ်းအသုံးပြုနိုင်သည့် ဖြေရှင်းနည်းများ ရှာဖွေ တွေ့ရှိရန်လိုအပ်သည်။ ရေ/သန့် ကဏ္ဍများအတွက် ရေနှင့်ပတ်သက်သည့် ဘူမိဗေဒသွင်ပြင်ဆိုင်ရာ အသိဉာဏ်များ ကို ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ မြေထုအနေအထားအပါအဝင် ရေရရှိ ရာနေရာများနှင့်ဆက်စပ်သည့် အချက်အလက် များ၊ အဓိကသတ်မှတ်ချက်နှင့် ရေအရည်အသွေးစသည့် အချက်အလက်များကို ရေ/သန့်လုပ်ဆောင်နေသူများ အားလုံးက စာရင်းကောက်ယူထားရမည်ဖြစ်သည်။ ဤအချက်သည် ပြည်နယ်အတွင်း မတူကွဲပြားသည့် ရေနှင့် ပတ်သက်သည့် ဘူမိဗေဒသွင်ပြင်ဆိုင်ရာ ပတ်ဝန်းကျင်များကို ဖော်ပြသည့်မြေပုံများကို ဖန်တီးရေးဆွဲထားရမည် ဖြစ်သည်။ (ရေနှင့်ပတ်သက်သည့် ဘူမိဗေဒသွင်ပြင်ဆိုင်ရာ ပတ်ဝန်းကျင်တစ်ခုချင်းစီနှင့် ဆီလျော်သည့်လုပ်ငန်း ဆောင်ရွက်မှုအတွက် ဦးဆောင်လမ်းညွှန်ရန် ရာသီဥတုဆိုင်ရာ ခွဲခြမ်းလေ့လာခြင်းအတွက် ကိရိယာနှင့်နည်းလမ်း များအဆိုပြုရန်နှင့် ရေရရှိရာနေရာနှင့်သက်ဆိုင်သည့် ဗဟုသုတများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့ နောက်ဆုံးလွှဲပြောင်းပေးနိုင်ရန် ပြင်ဆင်ထားရန် စသည်ဖြင့်) ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် အဆိုပါအချက်အလက်များ ကောက်ယူနိုင်မည့်နည်းလမ်းများကို ဖော်ထုတ်ရန်နှင့် ရေနှင့်ပတ်သက်သည့် ဘူမိဗေဒသွင်ပြင်ဆိုင်ရာ ခွဲခြမ်းလေ့လာ ရာတွင် လမ်းညွှန်မှုပေးရန် " ရေ နှင့်ပတ်သက်သည့် ဘူမိဗေဒသွင်ပြင်ဆိုင်ရာနယ်စည်းမခြား" နှင့် ပူပေါင်းဆောင်ရွက်မှု ကို ၂၀၁၄-ခုနှစ်က စတင်ဆောင်ရွက်ခဲ့သည်။ ရေ/သန့်လုပ်ငန်းဆောင်ရွက်နေသူများက အဆိုပါ အသိဉာဏ်များ စုစည်းရာတွင် စုပေါင်းပါဝင်လုပ်ဆောင်ကြရမည် ဖြစ်သည်။

## ကိုယ့်အားကိုယ်ကိုးခြင်းနှင့် လူထုအားတာဝန်လွှဲပြောင်းပေးအပ်ခြင်း

လူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် မည်သည့်စီမံခန့်ခွဲမှုစနစ်တွင်ဖြစ်စေ အဓိကအရေးပါသည်။ အကျိုးခံစားခွင့် ရှိသူများ၏ ကိုယ်အားကိုယ်ကိုးသည့်စနစ်ကို အားပေးတိုက်တွန်းရန် ဝန်ဆောင်မှုများပံ့ပိုးကူညီပေးခြင်း၊ ကိုယ်ပိုင် လုပ်ပိုင်ခွင့်များကို တိုးပွားလာစေရန်ပါဝင်ပံ့ပိုးခြင်းနှင့် ဒုက္ခသည်များ၏ဂုဏ်သိက္ခာများကို တစ်စုံတစ်ခုသော အတိုင်း

အတာအထိ ပြန်လည်ရရှိလာစေရန် ပါဝင်ဆောင်ရွက်ခြင်းများပါဝင်သည်။ အခွင့်အလမ်းများနှင့် ဖြေရှင်းနည်းများမှာ ဒေသတစ်ခုနှင့်တစ်ခု ကျယ်ကျယ်ပြန့်ပြန့် ကွဲပြားခြားနားလျက်ရှိသည်။ အခြေခံအဆောက်အအုံအမျိုးအစား၊ လူထု စွမ်းဆောင်ရည်နှင့် စည်းရုံးဆောင်ရွက်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ အကြောင်းအရာများ အပေါ်တွင်လည်း မူတည်နေသည်။

စစ်တွေမြို့ပေါ်ရှိ ဒုက္ခသည်စခန်းများတွင် ရွှေ့ပြောင်းနေထိုင်နေရသူများသည် စခန်းမှ ရေပေးဝေမှုလုံလောက်မှု မရှိ သည့်အခါ ငွေကြေးအချို့တတ်နိုင်ကြသူများက ရေဂယ်ယူသုံးစွဲရန်ဆန္ဒရှိနေကြသည်။ ဤအချက်သည် ရေရရှိရေး အပြင် အမှိုက်သရိုက်နှင့်လူ့မစင်အညစ်အကြေးများ စနစ်တကျစွန့်ပစ်နိုင်မှုအတွက် ကုန်ကျစရိတ်များ ပြန်လည်ကာမိ စေရေးအတွက် အစီအစဉ်တစ်ရပ်ဖော်ထုတ်ရန် တွန်းအားပေးလျက်ရှိသည်။ ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပူးတွဲ စီစဉ်ခြင်းဖြင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ နှင့်/သို့မဟုတ် အနာဂတ် မြို့ပြဆိုင်ရာလုပ်ငန်း လည်ပတ် နိုင်မှု ရေ့ပြေးစမ်းသပ်ချက်များဖြင့် အဆိုပါအစီအစဉ်သည် အဆင့်ဆင့်ပြောင်းလဲ ဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။

သက်မွေးဝမ်းကျောင်းဆိုင်ရာအခွင့်အလမ်းများ မရှိခြင်းနှင့်အတူ လှုပ်ရှားဆောင်ရွက်ရန် အကန့်အသတ်များကြောင့် ကျေးလက်ဒေသဒုက္ခသည်စခန်းများတွင် အခြေခံအဆောက်အဦးများအတွက် ကြီးမားသည့်ဖိအားများ ဖြစ်ပေါ်စေပါ သည်။ ထို့ပြင် ပံ့ပိုးပစ္စည်းများကို ထင်းအဖြစ်တစ်စစီဖြိုဖျက်နေခြင်း၊ စွမ်းအားအရင်းအနှီးများကို ထိခိုက်စေခြင်းနှင့် ရေ/သန့်လုပ်ဆောင်မှုရလဒ်များကို သိသိသာသာကျဆင်းစေခြင်းများကို ဦးတည်နေသည်။ အိမ်သာများကို တာရှည်ခံ သည့် အမျိုးအစားများဖြင့် အဆင့်တန်းမြှင့်ပေးခြင်း၊ ပိုမိုဆီလျော်စေရန် အိမ်သာပုံစံများကို ပြုပြင်ပြောင်းလဲပေးခြင်း များသည် လူထုမှပြုပြင်ထိန်းသိမ်းမှုကို သက်သာခွင့်ရစေမည်ဖြစ်သည်။ ထို့ပြင် ပိုင်ဆိုင်မှုအသိစိတ်ဓါတ်များကိုလည်း တိုးမြှင့်ပေးကြရမည်ဖြစ်သည်။ ရေ/သန့်လုပ်ငန်းဆိုင်ရာ ထိန်းသိမ်းစရိတ်များနှင့် အိမ်သာသန့်ရှင်းရေးအသုံးစရိတ်များ လျှော့ချရေးအတွက် ရေ/သန့်လုပ်ဆောင်နေသူများက နောင်တွင်ပခုံးပြောင်းတာဝန် လွှဲပြောင်းပေးနိုင်ရန်ဖြစ်သည်။ ကြာရှည်နေပြီဖြစ်သည့် ဤပဋိပက္ခဖြစ်စဉ်တွင် လူမှုရေးချဉ်းကပ်နည်းအချို့ အောင်မြင်နိုင်ရန်မှာ သင့်လျော်သည့် အသက်မွေးဝမ်းကျောင်းနှင့် အလားတူသောလုပ်ငန်းများအပေါ် ကြီးမားစွာမှီခိုနေရပြီး ဒုက္ခသည်များ၏ ဒဏ်ခံနိုင်မှု တိုးမြှင့်လာစေရန်အတွက် ပံ့ပိုးကူညီရမည်ဖြစ်သည်။
စခန်းများတွင် မိသားစုတစ်စုချင်းအလိုက် ကုန်ကျစရိတ်များ တဖြည်းဖြည်းပေးချေခွင့်ပြုသည့်နည်းလမ်းများဖြင့် အိမ်သာများခွဲဝေချထားပေးခြင်းကို စတင်ဆောင်ရွက်ခဲ့သည်။ သို့သော် နေရာတိုင်းတွင် အောင်မြင်မှု သို့မဟုတ် ဖြစ်နိုင် ချေရှိမှုများမရရှိခဲ့ပေ။ အဓိကကျသည့်အခက်အခဲများတွင် လွှမ်းခြုံနိုင်မှုနည်းပါးခြင်း သို့မဟုတ် ဒုက္ခသည်စခန်းများ တစ်လျှောက် ပံ့ပိုးပစ္စည်းများဖြန့်ဝေမှုအားနည်းခြင်း၊ ခွဲဝေချထားမှုများကိုစည်းရုံးရန် အေဂျင်စီများ၏ တိကျခိုင်မာသည့် ဦးဆောင်လမ်းညွှန်မှုများလိုအပ်ခြင်းများ ပါဝင်သည်။ ထို့ပြင် သန့်ရှင်းရေးဆိုင်ရာ ဗဟုသုတနည်းပါးခြင်းသည် ပုဂ္ဂလိက ပံ့ပိုးပစ္စည်းများနှင့် ဝင်ငွေများအကြား ဒုက္ခသည်များ၏ဦးစားပေးမှုအပေါ် တိုက်ရိုက်အကျိုးသက်ရောက်စေပါသည်။ အချို့သော ဖြစ်ရပ်အခြေအနေများတွင် အိမ်သာသန့်ရှင်းခထောက်ပံ့ငွေများသည် အိမ်ထောင်စုဝင်ငွေရရှိရာ အဓိက နေရာဖြစ်နေသည်။ လူဦးရေအလွန်ထူထပ်သော နေရာဒေသများတွင် မတူညီသည့်စခန်းများရှိ ဒုက္ခသည်များအကြား တင်းမာမှုများကိုလျှော့ချရန် ဒေသအားလုံးတွင် တစ်ပြိုင်နက်တည်း လျှော့ချရန်လိုအပ်သည်။ ပျက်ဆီးနေသည့် လက်နှိပ်တုံကင်အများအပြားကိုလည်း ပြန်လည်ပြုပြင်ရန် အခွင့်အလမ်းများတောင်းဆိုလျက်ရှိရာ လေ့ကျင့်သင်တန်း ပေးခြင်းနှင့် ပစ္စည်းကိရိယာနှင့်နည်းလမ်းများ ပံ့ပိုးပေးရေးအတွက် တစ်စုံတစ်ခုသောအတိုင်းအတာအတွင်း လူမှုရေး ဆိုင်ရာစီမံခန့်ခွဲခြင်းကိုလည်း ဆောင်ရွက်ပေးရန်လိုအပ်သည်။

ဤလူမှုရေးဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းသည် လတ်တလောစခန်းများ၏ စီမံခန့်ခွဲမှုဆိုင်ရာဖွဲ့စည်းပုံနှင့် လိုက်ဖက် ညီနေစေရမည်ဖြစ်သည်။ ဖြစ်ရပ်အခြေအနေအများစုတွင် ရေ/သန့်အသုံးပြုသူများအဖွဲ့က တင်ကြိုရောက်ရှိ နေတတ် သည်။ CCCM လုပ်ငန်းများဖြန့်ကျက်ထားခြင်းမရှိသေးမီ ရေ/သန့်လုပ်ငန်းလုပ်ဆောင်သူများက စီစဉ်ဖန်တီးထားခြင်း

ကြောင့်ဖြစ်သည်။ ဤအချက်သည် နီးကြားတက်ကြွပြီး ခိုင်မာသည့် လူထုစည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများအတွက် အဓိကကျသည့် အချက်များပင်ဖြစ်ပြီး ဒုက္ခသည်အားလုံးအတွက်လည်း အကျိုးသက်ရောက်မှုရှိစေမည် ဖြစ်သည်။ အဆိုပါ လူထုအခြေပြုအုပ်စုများသည် စခန်းများ၏စီမံခန့်ခွဲမှုဆိုင်ရာဖွဲ့စည်းပုံနှင့် ယခုအခါ မဖြစ်မနေချိတ်ဆက်မှု ရှိနေရမည်ဖြစ်သည်။ အလားတူစည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရမည်ဖြစ်ပြီး အစိတ်အပိုင်းတစ်ရပ်အနေဖြင့်လည်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ရေ/သန့်လုပ်ငန်းဆိုင်ရာ အသုံးပြုသူများအဖွဲ့၏ လုပ်ငန်းလမ်းညွှန်ချက်များကို ရေးဆွဲဖော်ထုတ်ပြီးဖြစ်သော်လည်း စခန်းအားလုံး၏ စီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့များနှင့် ချိတ်ဆက်မှုရရှိရန်မှာ ကျန်ရှိနေပါသေးသည်။

အလိုအလျောက်ဖြစ်ခြင်းနှင့် တုန့်ပြန်ခြင်းများတွင် အဖိုးတန်သည့်နမူနာများ အမြောက်အများရှိခဲ့သည်။ ဒုက္ခသည်စခန်းကဲ့သို့သောအခြေအနေများတွင် လူထုမှလူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုကို ထိထိရောက်ရောက် စွမ်းဆောင်နိုင်ခဲ့သည်။ ရှုပ်ထွေးသည့် အရေးပေါ်အခြေအနေတွင်ဖြစ်လင့်ကစား အရင်းအမြစ်များ၏ လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုဖြစ်ရပ်အားလုံးသည် တစ်ဖက်တွင်တိုက်တွန်းအားပေးခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် အခြားတစ်ဖက်တွင် အသိပေးအကြောင်းကြားခြင်းနှင့်တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျေးရွာများ၏ ဆက်စပ်အခြေအနေများတွင် အစိုးရက တီထွင်ဖန်တီးမှုဖြင့် လူထုအခြေပြုအဖွဲ့အစည်းများ ပေါ်ထွက်လာခဲ့သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီကိုလည်း လုပ်ငန်းဆောင်ရွက်မှု၏ အစောပိုင်းအဆင့်များမှာပင် စေ့စပ်ချိတ်ဆက်ထားရမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် အကျိုးခံစားခွင့်ရှိသူများအား တာဝန် လွှဲပြောင်းပေးအပ်ရာတွင် ကျေးရွာမိသားစုများအတွင်း လူထုစည်းရုံးရေးဆောင်ရွက်စဉ်နှင့် ကျေးရွာလူထုအား လေ့ကျင့်သင်တန်းပေးခြင်းနှင့် တိုးချဲ့စုစည်းရာတွင် ပူးပေါင်းပါဝင်ကြရန်လိုအပ်သည်။ ဒေသ၏စွမ်းဆောင်ရည် တက်ကြွလှုပ်ရှားမှုအပေါ် ပိုမိုကောင်းမွန်စွာနားလည်သဘောပေါက်ခြင်း၊ အရင်းအမြစ်များနှင့် စွမ်းဆောင်နိုင်မှုများ ရရှိနိုင်သည့်အသိဉာဏ်များလည်းပါဝင်သည်။ ရည်မှန်းချက်များနှင့်လုပ်ငန်းစဉ်များ၊ ကျေးရွာနှင့်ကျေးရွာရှိ ခေါင်းဆောင်များနှင့် ပွင့်လင်းမြင်သာမှုတိုးမြှင့်လိုက်ခြင်းသည် လူထုအဖွဲ့အစည်းမှ လက်ခံယုံကြည်လာစေမှုကို ဦးတည်လျက်ရှိပြီး လူထုအများအပြားက လက်ခံဆောင်ရွက်နေကြောင်း အထင်အရှားသက်သေပြလျက် ရှိသည်။
ရေ/သန့် လုပ်ငန်းလုပ်ဆောင်နေသူများနှင့် ပြည်သူလူထု စေ့စပ်ချိတ်ဆက်မှုတိုးမြှင့်စေရန်မှာ လူထုနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမှ အထောက်အပံ့အတွက် OCHA မှ ကောင်းမွန်သည့် ရွေးချယ်ပိုင်ခွင့်များကို ပံ့ပိုးပေးမည် ဖြစ်သည်။ အေဂျင်စီများနှင့် အကျိုးခံစားခွင့်ရှိသူများအကြား သတင်းအချက်အလက်များစီးဆင်းမှုနှင့် ပတ်သက်၍လည်းကောင်း၊ အရင်းအမြစ်များကို မည်ကဲ့သို့ခွဲဝေချထားမှုနှင့် ပတ်သက်၍လည်းကောင်း ကြောင်းကျိုးခိုင်လုံသည့် ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် လူထုအားလုပ်ပိုင်ခွင့်လွှဲပြောင်းပေးအပ်ရန်ဖြစ်သည်။ အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ပညာပေးခြင်း၊ လူထုပူးပေါင်းပါဝင်မှုဖြစ်စဉ်များအား ဆန်းစစ်အကဲဖြတ်ခြင်းနှင့် တိုးတက်ကောင်းမွန်လာစေရေးအတွက် အကြံပြုခြင်းနှင် ဆက်သွယ်ပညာပေးခြင်းအစီအစဉ်အား ပံ့ပိုးကူညီခြင်းများ ပါဝင်သည်။

## ပြုပြင်ပြောင်းလဲပေးရမည့် အခြေခံသဘောတရား

အချို့သောပုံစံဒီဇိုင်းများသည် ယဉ်ကျေးမှုအပြင် ပြည်သူလူထုနှင့်ဆီလျော်မှုမရှိကြောင်းနှင့် အသုံးပြုရန် ရည်မှန်းထားသော်လည်း လတ်တလော အသုံးပြုနေခြင်းမရှိကြောင်း အထင်အရှားဖော်ပြနေကြသည်။ အဓိကအနေဖြင့် အောက်ဖော်ပြပါအချက်အလက်များကို အကျိုးခံစားခွင့်ရှိသူများနှင့် ထဲထဲဝင်ဝင် ညှိနှိုင်းတိုင်ပင်ရန် လိုအပ်သည်။ ဒီဇိုင်းပုံစံများပြန်လည်စီစစ်ရန်နှင့် မျှော်မှန်းသည့်ရလဒ်များလည်း ပြည့်မီစေရန် ဖြစ်သည်။

- ***လက်ဆေးရန်ပုံပိုးပစ္စည်းများ*** - လတ်တလောအသုံးပြုနေသည့် "အိမ်သာ(၁၀)လုံးအတွက် ပံ့ပိုးပစ္စည်းတစ်စုံ" ပုံစံမှာ အသုံးပြုမှု နည်းပါးလျက်ရှိသည်။ အမှန်စင်စစ် မူစလင်လူ့အဖွဲ့အစည်းတွင် အိမ်သာထဲတွင်မစင်စွန့်ပြီး လက်ဆေးသည့်အခါ အိမ်သာရေဆေးရန် သယ်ယူလာသည့် ရေဖြင့်လက်ဆေးခြင်းကို ပြုလုပ်လေ့ရှိကြသည်။
- ***သောက်ရေအတွက်မိုးရေစုဆောင်းသိုလှောင်သည့်စနစ်များ*** - မိုးရေကိုသာ အားပြုနေရသောနေရာများတွင် ရေရှားမှုဒဏ်ကို လျော့ပါးသက်သာစေလိုသောသဘောဖြင့် မိုးရေစုဆောင်းသည့်အလေ့အထကို အစောဦးပိုင်း ကာလများကတည်းက ဆောင်ရွက်ခဲ့ကြသည်။ မိုးရာသီအစနှင့် အနှောင်းပိုင်းကာလများတွင် ကန်ရေကိုသာ အားပြုနေရခြင်းကို လျော့ချစေလိုသော ရည်ရွယ်ချက်လည်းဖြစ်သည်။ သို့သော်လည်း ဤစနစ်ကိုယ်တိုင်ပင်လျှင် ရေကို CGI roof အမိုးများမှ တိုက်ရိုက်စုဆောင်းခြင်းနှင့်နိုင်းစာလျှင် ဒုက္ခသည်များအတွက် ပိုမိုတန်ဖိုးရှိမှုကို ရယူပေးနိုင်ခဲ့ခြင်းမရှိပေ။ ထို့ပြင် ဤစနစ်သည် တဖြည်းဖြည်းပျက်စီးသွားပြီး အချို့သောဖြစ်ရပ်များတွင် သစ်သား နှင့်ရေစည်များကို အခြားသောကိစ္စရပ်များတွင် အသုံးပြုလျက်ရှိနေကြောင်း တွေ့ရှိရသည်။
- ***စခန်းများတွင် ရေချိုးရန်နေရာလွတ်*** - မိန်းကလေးများနှင့်မိန်းမများ၏ သီးခြားလိုအပ်ချက်များနှင့် ကိုက်ညီစေရန် လူထုထံမှအကြံဉာဏ်ရယူခြင်းနှင့် ဦးတည်အုပ်စုဆွေးနွေးခြင်းများမှတစ်ဆင့် ရေချိုးရန်နေရာဒီဇိုင်းကို ဖော်ထုတ် ခဲ့သည်။ သို့သော်လည်း မိန်းမများအနေဖြင့် အဆိုပါ အများရေချိုးသည့်နေရာများကို အသုံးမပြုကြပေ။ ထို့အပြင် အထိန်းအကွပ်မရှိခြင်း၊ ထင်းအဖြစ်အလွဲသုံးစွဲခြင်း သို့မဟုတ် အခြားသော မဆီလျော်သည့်ကိစ္စရပ်များတွင် အသုံး ပြုနေခြင်းများကြောင့် အများသုံးရေချိုးရန်နေရာမှာ အကျိုးခံစားခွင့်ရှိသူများလိုအပ်နေသည့် လွတ်လပ်မှု သို့မဟုတ် လုံခြုံစိတ်ချရမှုများကို အထောက်အကူပြုမည့်ပုံမပေါ်ချေ။ ရေ/သန့်လုပ်ငန်းလုပ်ဆောင်နေသူများက နားခိုရန်နေရာ သို့မဟုတ် အခြားနေရာတစ်ခုခုတွင် တစ်ဦးချင်းသုံး ရေပန်းများတပ်ဆင်ပေးရန် လောလောဆယ် အကောင်အထည်ဖော်လျက်ရှိသည်။ ရေပန်းတစ်ခုချင်းစီနှင့် ရေစီးဆင်းနိုင်ရန်ရေမြောင်းများ ချိတ်ဆက်ထားရှိ နိုင်မှုအတွက် စိန်ခေါ်မှုကို ကိုယ်တိုင်ဖြေရှင်းကြရဦးမည်ဖြစ်သည်။
- ***ကလေးသူငယ်များနှင့်ရင်းနှီးနေသည့်အိမ်သာ***- ကလေးငယ်များနှင့်တိုင်ပင်ညှိနှိုင်းခြင်းမှ ကနဦးပုံစံကို ဖော်ထုတ် နိုင်ခဲ့သော်လည်း ကလေးငယ်များထံမှတုန့်ပြန်မှုကို ပိုမိုစုစည်းဖော်ပြနိုင်ရန် ပြန်လည်စီစစ်သုံးသပ်ရန် လိုအပ်ချက် များရှိနေပါသည်။

## *ရှာဖွေဖော်ထုတ်ထားသည့် ဦးစားပေးရမည့်အချက်များ*

ရေ

- ရေအရည်အသွေးများကို နည်းပညာဆိုင်ရာ အနိမ့်ဆုံးစံနှုန်းများနှင့်အညီ အဆင့်တိုးမြှင့်ပေးခြင်း၊ စခန်းများ နှင့်ကျေးရွာများနှစ်ခုစလုံးတွင် အမြဲတမ်းအတွက်ဖြစ်စေ၊ အရေးပေါ်အခြေအနေဆိုင်ရာ အခြေခံအဆောက် အအုံများအတွက်ဖြစ်စေ၊ အရင်းအမြစ်များ၏ အရည်အသွေးကို တာရှည်ခံနိုင်စေရန် ပြုလုပ်ခွင့်ပေးခြင်း၊
- နေရာဒေသအားလုံးအတွက် ရေအရည်အသွေးစောင့်ကြည့်ထိန်းကျောင်းခြင်းကို တိုးချဲ့ဆောင်ရွက်ခြင်း၊
- အရေးပေါ်အခြေအနေ ရေပေးဝေရန်အတွက် ရေ၏ဂုဏ်သတ္တိဆိုင်ရာ စူးစမ်းလေ့လာမှုနှင့်/ သို့မဟုတ် ပတ်ဝန်း ကျင်ဆိုင်ရာစူးစမ်းလေ့လာမှုတို့မှတစ်ဆင့် ယုံကြည်စိတ်ချရသော အခြားရေရရှိရာနေရာများကို ရှာဖွေဖော်ထုတ် ခြင်း၊
- ရေအရင်းအမြစ်များနှင့် အနာဂါတ်ပြုပြင်ထိန်းသိမ်းရေးအတွက် လူမှုရေးဆိုင်ရာစီမံခန့်ခွဲခြင်း (သုံးစွဲသူများအဖွဲ့၊ အရည်အသွေးမြှင့်တင်ခြင်း၊ ပိုင်ဆိုင်မှု )
- အိမ်ထောင်စုအလိုက် ရေသန့်စင်သည့်နည်းလမ်းများ ( ဥပမာ - ကြွေရေစစ်အိုး) စောင့်ကြည့်ထိန်းကျောင်းခြင်းကို တိုးချဲ့ခြင်းနှင့် အလုံးစုံသောလုပ်ငန်းများကို ဆန်းစစ်အကဲဖြတ်ခြင်း၊

- ပြည်သူလူထုမှဦးဆောင်သည့် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပျက်ဆီးယိုယွင်းနေသော အခြေခံအစိတ်အပိုင်းများ ပြုပြင်ခြင်းလုပ်ငန်းများတွင် ပံ့ပိုးကူညီခြင်းနှင့်မြှင့်တင်ပေးခြင်း၊

## သန့်ရှင်းရေး

- အိမ်သာများရေရှည်အသုံးပြုနိုင်ရေးအတွက် အဆင့်မြှင့်တင်ခြင်း/ ပြုပြင်ခြင်း၊
- ဝေးလံသည့်မြို့နယ်များတွင် အညစ်အကြေးများ ပြန်လည်စွန့်ထုတ်ပြုပြင်သည့်စနစ်အတွက် နေရာများရှာဖွေဖော်ထုတ်ခြင်း၊
- ကျေးရွာများအတွက် စီးပွားရေးအဆင်ပြေနိုင်သည့်နည်းလမ်းများအား ချိန်ညှိပေးခြင်း၊
- လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု၊ မိသားစုတစ်စုချင်းအတွက် အိမ်သာဆောက်လုပ်အသုံးပြုနိုင်ရန် မြေနေရာချထားပေးခြင်း (အိမ်သာသန့်ရှင်းရေးအလုပ်သမားများအတွက် တိုးတက်မှုအပေါ်မူအပေါ်မူတည်၍ ငွေပေးချေခြင်း )
- အညစ်အကြေးများ စွန့်ပစ်သည့်လုပ်ငန်းကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နောက်ဆုံးအဆင့်အနေဖြင့် မီးရှို့ပြာချသည့် စနစ်ကျင့်သုံးခြင်း၊
- ကိုယ်အင်္ဂါချို့တဲ့နေသူများ/သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ပစ္စည်းများ စနစ်တကျအသုံးပြုနိုင်ရန် စီစဉ်ခြင်း၊

## တစ်ကိုယ်ရေသန့်ရှင်းရေးအဆင့်မြှင့်တင်ခြင်းနှင့် အမူအကျင့်ပြောင်းလဲရေးဆိုင်ရာနည်းလမ်းများ

- နေရာဒေသတိုင်းနှင့် လူတစ်ဦးချင်းစီတိုင်းအတွက် စနစ်တကျရှိသည့် သန့်ရှင်းရေးအဆင့်မြှင့်တင်ခြင်း ဆိုင်ရာချဉ်းကပ်ခြင်းနည်းများ၊
- စိတ်ဝင်စားမှုပြန်လည်ရနိုင်စေရန် အမူအကျင့်ပြောင်းလဲခြင်းအတွက် အရှိန်အဟုန်မြှင့်တင်နိုင်ရန်၊ အကျိုးခံစားခွင့်ရှိသူများအား တာဝန်လွှဲပြောင်းပေးအပ်နိုင်ရန်တို့အတွက် ကျန်းမာရေးအဆင့်မြှင့်တင်ခြင်း ချဉ်းကပ်နည်းများကိုအဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်စေခြင်း၊
- ဌာနခွဲများနှင့်ဆက်စပ်၍ လေ့လာခြင်း၊ စူးစမ်းလေ့လာခြင်းနှင့် လေ့လာဆန်းစစ်ခြင်းတို့မှတစ်ဆင့် အများစု၏အသိဉာဏ်နှင့် နားလည်သဘောပေါက်မှုများ တိုးပွားစေခြင်း။
- အကျိုးခံစားခွင့်ရှိသူ၏ လိုအပ်ချက်များ သတ်မှတ်ထားသည့် နည်းပညာရပ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများချိတ်ဆက်မှုရှိစေရန် အသေအချာ စီမံဆောင်ရွက်ထားရှိခြင်း။
- ယောကျာ်း-မိန်းမဖြစ်ခြင်းဆိုင်ရာ အဓိကအကြောင်းအရင်းများ သီးခြားခွဲခြားထားသည့်အခန်းကဏ္ဍ၊ သီးခြားအကြောင်းအရာ၊ အဆင်ပြေအောင် ညှိနှိုင်းနိုင်သည့်နည်းလမ်းများ၊
- အန္တရာယ်အများဆုံးဖြစ်လွယ်နိုင်သောသူများ၏ လိုအပ်ချက်များကို ပိုမိုအလေးထား အသိပေးဖော်ပြနိုင်ရန် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်းများနှင့်ချိတ်ဆက်၍ သန့်ရှင်းရေးပစ္စည်းများ အသုံးပြုသည့် မဟာဗျူဟာကို လက်ခံကျင့်သုံးလာစေခြင်း၊ (မြို့နယ်သီးခြားအလိုက်)
- ကွင်းဆင်းဝန်ထမ်းများ သက်တူရွယ်တူမှသက်တူရွယ်တူသို့၊ သီးခြင်းအုပ်စုများမှတစ်ဆင့် လူထုစည်းရုံး လှုံ့ဆော်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပညာပေးပစ္စည်းများနှင့် ပညာပေးနည်းလမ်းများကို စုစည်းမျှဝေပေးခြင်း၊

## ကြားဖြတ်ထွက်ပေါ်လာသည့် အချက်အလက်များ

- ယောကျာ်း-မိန်းမဖြစ်ခြင်းဆိုင်ရာ အခြေအနေများသည် နည်းပညာနှင့်လူမှုရေးဆိုင်ရာ ချဉ်းကပ်နည်းများတွင် အဓိက အကြောင်းရင်းခံများဖြစ်ခြင်းနှင့် နည်းလမ်းများနှင့်ပစ္စည်းကိရိယာများကို လက်ခံကျင့်သုံးလာစေခြင်းများ

ဖြင့် စောင့်ကြည့်ထိန်းကျောင်းခြင်း။ (ဤအချက်သည် ယခုအချိန်အထိ လုံလုံလောက်လောက် အသိပေးဖော်ပြနိုင်ခြင်းမရှိသေးသည့် အဓိကအကြောင်းရင်းခံ အချက်အလက်များပင် ဖြစ်သည် )

- ကိုယ်ခန္ဓာချို့တဲ့နေသူများ/သက်ကြီးရွယ်အိုများအတွက် အထောက်အပံ့ပစ္စည်းများ စနစ်တကျရရှိရေးနှင့် လူမှုရေးကဏ္ဍများတွင်လည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်နိုင်စေရေး၊
- အသက်မွေးဝမ်းကျောင်းဆိုင်ရာ ခွဲခြမ်းလေ့လာခြင်းတွင် ပိုမိုစုစည်းပါဝင်လာစေရေးကို တိုးတက်ဆောင်ရွက်ရန်၊
- ရေ/သန့်လုပ်ငန်းဆိုင်ရာ နည်းပညာရပ်များနှင့် လူမှုရေးစွမ်းဆောင်နိုင်စွမ်းအားလုံးတွင် အန္တရာယ်ဖြစ်လွယ်နိုင်သော အုပ်စုများ၊ ခန္ဓာကိုယ်ချို့တဲ့နေသည့် ကလေးငယ်များနှင့်လူကြီးပိုင်းများ၊ မိန်းမများနှင့် မိန်းခလေးများတို့၏ ကိုယ်စားပြုတင်ပြခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများ တိုးတက်လာစေရန်၊
- ရေ/သန့်လုပ်ငန်းများနှင့်ဆက်စပ်၍ တာဝန်ခံခြင်း/တာဝန်ယူခြင်းနှင့် အကျိုးခံစားခွင့်ရှိသူများ၏ တုန့်ပြန်ချက်များကို စုစည်းခြင်း၊
- စီမံချက်ပန်းတိုင်နှင့်ရည်မှန်းချက်များ၊ မျှော်မှန်းထားသည့်အကျိုးရလဒ်၊ အချိန်ကန့်သတ်ချက်များနှင့် ဆက်စပ်၍ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် သတင်းအချက်အလက်များ မျှဝေပေးခြင်း၊

## အရေးပေါ်အခြေအနေ တုန့်ပြန်မှုဆိုင်ရာ ကြိုတင်ပြင်ဆင်ထားရှိမှုများ

ရခိုင်ပြည်နယ်သည် ဆိုင်ကလုန်းမုန်တိုင်းဘေးအန္တရာယ်ဖြစ်နိုင်မှု အမြင့်မားဆုံးဒေသတစ်ခုဖြစ်ပြီး အဓိကအားဖြင့် မေလ သို့မဟုတ် အောက်တိုဘာ/ နိုဝင်ဘာများတွင် ဖြစ်ပွားလေ့ရှိသည်။ အရေးပေါ်အခြေအနေ တုန့်ပြန်မှုဆိုင်ရာ ကြိုတင်ကာကွယ်ရေးသတ်မှတ်ချက်နှင့် OCHA မှ ပံ့ပိုးစီစဉ်သည့် နှစ်စဉ်လုပ်ငန်းအစီအစဉ် ပြန်လည်စီစစ်ပြင်ဆင်ခြင်းများဖြင့် ရခိုင်ပြည်နယ် ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ ဖြစ်နိုင်ချေရှိသော အရေးပေါ်ကိစ္စဆိုင်ရာ လုပ်ငန်းအစီအစဉ်ကို ၂၀၁၄-ခုနှစ်က ဖန်တီးဖော်ထုတ်ခဲ့သည်။ သို့ရာတွင် ပြန်လည်စုစည်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။ OCHA အဖွဲ့အနေနှင့်လည်း ၂၀၁၅-ခုနှစ်တွင် လမ်းညွှန်ချက်အသစ်များကို မျှော်လင့်ထားပြီး ဧပြီလအကုန်မတိုင်မီ အပြီးသတ်ရန်ဖြစ်သည်။

ရေ/သန့်လုပ်ငန်းစုအဖွဲ့အဆင့်တွင် သုံးလပတ်စာရင်းနှင့် လူသားအရင်းအမြစ် နောက်ဆုံးအခြေအနေအထိ စာရင်းများမှလွဲ၍ တုန့်ပြန်မှုဆိုင်ရာလုပ်ငန်းအတွက် ဝန်ထမ်းများအရည်အသွေးတိုးမြှင့်လာစေရန် အရေးပေါ် ရေသန့်စင်သည့် အဆောက်အဦးဆောက်လုပ်ရေးနှင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နည်းဆိုင်ရာ လေ့ကျင့်သင်တန်းကို ရေ/သန့်လုပ်ငန်းလုပ်ဆောင်နေသူများကပူးတွဲ၍ စည်းရုံးဆောင်ရွက်ခဲ့သည်။ သင်တန်း၏ ရည်ရွယ်ချက်မှာ ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ လုပ်ဖော်ကိုင်ဖက်များ၏ အရေးပေါ်အခြေအနေ တုန့်ပြန်မှုဆိုင်ရာ စွမ်းဆောင်ရည်၏ အားနည်းချက်ကို ရှာဖွေဖော်ထုတ်ရန် အခွင့်အလမ်းရာခြင်းပင်ဖြစ်သည်။ စစ်တွေမြို့၏ အရေးပေါ်အခြေအနေတွင် တုန့်ပြန်နိုင်ရန် လုံလောက်သည့်ပစ္စည်းကိရိယာများ မရရှိနိုင်ခြင်း၊ ဒေသဆိုင်ရာအာဏာပိုင် နှင့်တာဝန်ရှိသူများတွင် အရေးပေါ်အခြေအနေတုန့်ပြန်မှုဆိုင်ရာ ဗဟုသုတမရှိခြင်းများသည်လည်း တုန့်ပြန်မှုဆောင်ရွက်နိုင်ရန် အားနည်းချက်များပင်ဖြစ်သည်။

၂၀၁၅-ခုနှစ်တွင် အရေးပေါ်အခြေအနေတုန့်ပြန်မှုဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေ/သန့်ကဏ္ဍ လျော့ပါးကျဆင်းလာမှုအတွက် ရခိုင်ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ၎င်း၏ လုပ်ငန်းလည်ပတ်နိုင်မှုအခြေအနေများနှင့် စွမ်းဆောင်ရည်များကို ပိုမိုတိုးမြှင့်လာစေရန် ရည်ရွယ်ပါသည်။ အဓိကကျသည့် အစီအစဉ်များအနက် ရခိုင်ပြည်နယ် အရေးပေါ်အခြေအနေ တုန့်ပြန်မှုဆိုင်ရာ ကြိုတင်ကာကွယ်ရေးအဖွဲ့အနေဖြင့် လက်ရှိ AWD ကြိုတင်ကာကွယ်ပြင်ဆင်ရေးနှင့် တုန့်ပြန်ရေးလုပ်ငန်းအစီအစဉ်ကို နောက်ဆုံးအခြေအနေထိ မွမ်းမံပြင်ဆင်ရာတွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ၂၀၁၃-ခုနှစ်က ဆောင်ရွက်ခဲ့သည့် AWD ၏ ဘေးအန္တရာယ်ဆိုင်ရာ ဆန်းစစ်လေ့လာခြင်းလုပ်ငန်းအပြီး သုံးသပ်အကြံပြုချက်အတိုင်း

လုပ်ငန်းလုပ်နည်းများအားဖြည့်ခြင်းကို ဆက်လက်မြှင့်တင်ရေးလုပ်ငန်းများ တွင်လည်း ပါဝင်ဆောင်ရွက်ရန်ဖြစ်သည်။ လုပ်နည်းလုပ်ဟန်များတွင် ရေ/သန့်လုပ်ငန်းလုပ်ဆောင်နေသူများအတွင်း ကြားဝင်စွက်ဖက်ခြင်းနှင့် နောက်ယုက် ဖျက်ဆီးခြင်းများမပါဝင်သည့် ယာယီပံ့ပိုးမှုများကို ခွင့်ပြုထားသည်။ (ကြားဖြတ်တားဆီးခြင်းနှင့် အောင်မြင်မှုရရှိထား သော သွင်ပြင်သဏ္ဍာန်နှင့် ရေ/သန့်ဆိုင်ရာ ဝန်ဆောင်မှုများကို အကူအညီပေးခြင်းသည် ' အဓိကကျသည့်ကဏ္ဍဆိုင်ရာ ရည်မှန်းချက်တစ်ခု- ဒုက္ခသည်စခန်းတစ်ခုအတွက် အဓိကဆက်သွယ်ရမည့် အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခု) အမှန်စင်စစ်အားဖြင့် ဒုက္ခသည်စခန်းများ၏ လိုအပ်ချက်များမှာ နေ့စဉ်အပိုအလိုထပ်နေခြင်းမရှိပဲ လုံလုံလောက် လောက်နှင့် ပြည့်စုံလျက်ရှိနေသည်။ လုပ်ငန်းစုအဖွဲ့၏ ပံ့ပိုးကူညီမှုနှင့် လုပ်ငန်းဆောင်ရွက်နေသူများအကြား ညှိနှိုင်း ဆောင်ရွက်ထားခြင်း ဖြစ်သည်။

## အသိပေးရှင်းလင်းဆွေးနွေးခြင်း

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခွင့်အရေးများနှင့်ဆက်စပ်သည့် အဓိကကျသည့် သတင်းအချက် အလက်များအားလုံးကို ကွင်းဆင်းဒေသနှင့်ရန်ကုန်အဆင့်တို့တွင် တက်ကြွသည့် ပါဝင်ဆောင်ရွက်ခြင်းနှင့် ပါဝင် အကြံပြုဆွေးနွေးခြင်း၊
- အကျိုးခံစားခွင့်ရှိသူများ၏ ရေ/သန့်လုပ်ငန်းဆိုင်ရာ အခြေအနေများကို RSG နှင့် နိုင်ငံကာအဖွဲ့အစည်းများသို့ ပွင့်ပွင့်လင်းလင်း အသိပေးအကြောင်းကြားခြင်းနှင့် မှတ်တမ်းပြုထားရှိခြင်းများကို ပုံမှန်ဆောင်ရွက်ခြင်း၊
- အများနှင့်ဆိုင်သော မြေယာနှင့်ပတ်သက်သည့် အချက်အလက်များကို ဖော်ပြအသိပေးရန် RRSC ဖြင့် ပူးပေါင်း ဆောင်ရွက်နိုင်ရန် တွန်းအားပေးခြင်းနှင့် အများနှင့်ဆိုင်သောပြဿနာများ၏ ဖြေရှင်းနည်းများကိုလည်း အသေ အချာ စီမံဆောင်ရွက်ထားရှိခြင်း၊
- ရခိုင်ပြည်နယ်၏ ကြိုးပမ်းအားထုတ်မှုများတွင်ပါဝင်လာစေရန် လုပ်ငန်းလုပ်ဆောင်နေသူများ၊ အလှူရှင်များ ဖွံ့ဖြိုး တိုးတက်မှုကို မြှင့်တင်ပေးခြင်း၊
- တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်၏ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှုဖြင့် အိုးအိမ်များမှ စွန့်ခွာထွက်ပြေးနေရသူများအတွက် ပြန်လည်နေရာချထားရေးဆိုင်ရာ အေဂျင်စီများအချင်းချင်း ရေရှည်အသုံးပြု နိုင်သည့် အခြေခံမူဘောင် သတ်မှတ်ချက်ကို မြှင့်တင်ပေးခြင်း၊

## ဦးစားပေးသတ်မှတ်ရမည့်နေရာဒေသများ

- ရေ/သန့်လုပ်ငန်း လုပ်ဆောင်နေသူများမှ ဒုက္ခသည်စခန်းများ လွှမ်းခြုံနိုင်မှုကို ထိန်းသိမ်းထားနိုင်ခြင်း၊
- ပဋိပက္ခဖြစ်နိုင်ဖွယ်ရာ အခြေအနေရှိသောကျေးရွာများတွင် လွှမ်းခြုံမှုရရှိနိုင်စေရန် တွန်းအားပေးခြင်း၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များအပေါ် ရည်မှန်းလှူအဖွဲ့အစည်းများ၏ မျက်မြင်အတည်ပြု ချက်များ၊ ကျန်းမာရေးနှင့်ဆက်စပ်နေသည့် လက်ရှိအခြေအနေမတိုင်မီကာလ သန့်ရှင်းရေးညံ့ဖျင်းမှု အခြေအနေ များကို ဘေးအန္တရာယ်ဖြစ်လွယ်သည့်အုပ်စုများ၏ အသိအမှတ်ပြုချက်များ၊
- ကျေးတော် - လွှမ်းခြုံမှု လုံးဝမရှိသေးသည့် ဘေးဒုက္ခခံစားနေရသည့် နေရာ (၃)နေရာ၊
- မြေပုံမြို့နယ်၊
- ပေါက်တောမြို့နယ် - အမြဲတမ်းရရှိနိုင်သည့်အခြားနည်းလမ်းများ ရှာမတွေ့မချင်း အရေးပေါ် ရေပေးဝေမှုစနစ်ကို မတ်လမှဖွန်လအထိ စီစဉ်ထားရှိခြင်း၊

## ရည်မှန်းလူဦးရေ ပြန်လည်သုံးသပ်ခြင်း

ရေ/သန့်လုပ်ငန်းအဖွဲ့စု၏ရည်မှန်းလူဦးရေမှာ မြန်မာ့လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်သတ်မှတ်ချက်များအတွင်း ပဋိပက္ခကြောင့် ဘေးဒုက္ခကြုံတွေ့ခဲ့ရသည့်လူဦးရေကို ဆိုလိုသည်။ ဘေးဒုက္ခကြုံတွေ့ခဲ့ရသူများသို့မဟုတ် ရွှေ့ပြောင်းနေရာချထားသူဦးရေမှာ ၁၃၈,၆၂၂ ဦးရှိကြောင်း CCCM လုပ်ငန်းစုအဖွဲ့က ခန့်မှန်းထားသည်။ ဒုက္ခသည်စခန်းများတွင် ၁၁၆,၁၈၃-ဦးနှင့် ကျေးရွာများတွင် ၂၃,၁၂၇-ဦး (မူလနေထိုင်ရာ ကျေးရွာများတွင် ပြန်လည်နေထိုင်သူဦးရေမှာ ၁၄,၉၆၉-ဦးရှိပြီး မိသားစုနေအိမ်များတွင် ပြောင်းရွှေ့နေထိုင်သူဦးရေမှာ ၈,၁၅၈-ဦး) ရှိကြောင်းခန့်မှန်းထားသည်။ ထို့ပြင် ဒေသခံရွှေ့ပြောင်းနေထိုင်သူနှင့် ဒုက္ခသည်မိသားစုများရှိသည့် ကျေးရွာများတွင် ၅၀,၄၁၅-ဦးနေထိုင်လျက်ရှိသည်။ အမှန်စင်စစ် ရေ/သန့်ဆိုင်ရာလုပ်ငန်းစဉ်သည် ကျေးရွာပတ်ဝန်းကျင်ရှိ ဒုက္ခရောက်နေသူတစ်ဦးချင်းစီအတွက် ဦးတည်၍မရနိုင်သည့်အပြင် ကျေးရွာလိုအပ်ချက်များကိုလည်း စုစည်းချဉ်းကပ်သည့်နည်းလမ်းများဖြင့်လည်း ဦးတည်ဆောင်ရွက်၍ မရနိုင်ပေ။

၂၀၁၄-ခုနှစ်တွင် လူဦးရေပြောင်းလဲဖြစ်နေမှုသည် ဌာနအချင်းချင်း ဘေးအန္တရာယ်များမကျစေရေး နည်းလမ်းများအတွက် ပိုမိုရှေးရှုလျက်ရှိသည်။ ဒုက္ခသည်စခန်းများနှင့် ပဋိပက္ခကြုံတွေ့ခဲ့ရသည့် ကျေးရွာများအနီးရှိ လူထုများကိုပါထည့်သွင်းပါဝင်စေလိုမှုကို ဦးတည်နိုင်သည့် ပိုမို၍ ပဋိပက္ခဖြစ်လွယ်နိုင်မှုကို မျှော်မှန်းထားခဲ့ကြသည်။ ၂၀၁၃-ခုနှစ်နှစ်ကုန်ပိုင်းက ပြုလုပ်ခဲ့သည့် လေ့လာသုံးသပ်မှုအားနည်းချက်ရလဒ်အရ ရည်မှန်းထားသည့်ဦးရေထက် လူဦးရေ ၅၀,၀၀၀ ခန့် ပိုမိုလာသည်ဟု အကြမ်းအားဖြင့် ခန့်မှန်းထားပါသည်။ မည်သို့ပင်ဖြစ်စေ ရည်မှန်းထားသည့် အဆိုပါလူဦးရေအတွက် အားလုံးကိုလွှမ်းခြုံနိုင်ရေး အလေးပေးဆောင်ရွက်ရန်မှာ လိုအပ်လျက်ပင်ရှိနေသေးသည်။ သို့သော်လူထုမှ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ လူထုကိုယ်တိုင်မှ လှုံ့ဆော်စည်းရုံးခြင်းကိုအခြေခံ၍လည်းကောင်း ပိုမိုဆောင်ရွက်ကြရန်လိုအပ်ပါသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းစဉ်အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသရှိ ရသေ့တောင်၊ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များတွင် ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အာဟာရချို့တဲ့မှုနှုန်းသည် အလွန်မြင့်မားနေကြောင်းရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ ဖြစ်နိုင်ချေရှိသည့် အဓိကအကြောင်းအရင်းမှာလည်း ရေ/သန့်ဆိုင်ရာ အခြေအနေများကြောင့်ဖြစ်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။ ဖြစ်ပွားခဲ့သည့်ပဋိပက္ခအခြေအနေများကြောင့်လည်း ပါဝင်ပါသည်။ မည်သို့ပင်ဖြစ်စေ အလားတူတုန့်ပြန်မှုဆိုင်ရာ အမျိုးအစားကို ဖော်ထုတ်သတ်မှတ်၍ မရနိုင်ပေ။ တိုက်ရိုက်လုပ်ဆောင်မှုဖြင့် မည်သူတို့ကို ရေ/သန့်လုပ်ငန်းမြှင့်တင်နိုင်မည်ကို အလွန်တိကျသေချာသည့် အဏုစိတ်ရည်မှန်းချက်/ ဦးတည်ချက်များကို ရှာဖွေဖော်ထုတ်ကြရမည်ဖြစ်သည်။ ရေ/သန့်ဆိုင်ရာ လိုအပ်ချက်နည်းလမ်းများကို တင်းကျပ်စွာ လုပ်ဆောင်ရမည့် အခြေအနေတစ်ရပ်တွင် အထူးသဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်မှတစ်ဆင့် တုန့်ပြန်မှုလုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုလိုအပ်နေဦးမည်ဖြစ်သည်။ မည်သည့် ရေ/သန့်လုပ်ငန်းဆိုင်ရာ တုန့်ပြန်မှုကိုမဆိုစုစည်းဆောင်ရွက်သည့် နည်းလမ်းများမှတစ်ဆင့် အာဟာရဌာနနှင့်အတူ ဖော်ထုတ်သတ်မှတ်ရမည်ဖြစ်သည်။ အနိမ့်ဆုံးအဆင့် မြေပုံများတွင်ရေးမှတ်ခြင်း၊ ဦးစားပေးအဆင့်သတ်မှတ်ခြင်းနှင့် လေ့လာဆန်းစစ်မှုများအပေါ် အခြေခံ၍ ဆက်လက်ဖော်ထုတ် သတ်မှတ်ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဤမဟာဗျူဟာသည် လက်တွေ့ဆန်ပြီးတာဝန်ရှိမှုများကိုမြှင့်တင်ပေးရန်၊ အပြန်အလှန်ဖလှယ်မှုကို နှိုးဆော်ပေးရန်နှင့် အခြေအနေများအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာရန် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။ လုပ်ငန်းစုအဖွဲ့အနေဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် လုပ်ငန်းအသိပေးရှင်းလင်းရေးလုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီပေးနိုင်ရန်ဖြစ်သည်။ မြန်မာ့လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်မှုလုပ်ငန်းစဉ်တွင် ဆိုးဝါးစွာဘေးအန္တရာယ်ဖြစ်နိုင်သည့် လူဦးရေမှာ ၁၇၇,၂၉၀- ခန့်ရှိကြောင်း ခန့်မှန်းထားသည်။

သို့အတွက် ရခိုင်ပြည်နယ်တွင် ရေ/သန့်ဆိုင်ရာကဏ္ဍအတွက် ရည်မှန်းလူဦးရေ စုစုပေါင်းမှာ ၃၀၉,၃၁၀-ဦး ရှိကြောင်း ခန့်မှန်းထားသည်။ အသေးစိတ်ကို အောက်တွင်ဖော်ပြထားသည်။

| ရေ/သန့်လုပ်ငန်းဆိုင်ရာ ရည်မှန်းလူဦးရေ | လူသားချင်းစာနာထောက်ထားမှုဆိုင်ရ လုပ်ငန်းစဉ် လိုအပ်နေသည့်လူထု | ဖြစ်ပျက်မှုပမာဏ ရေ/သန့်အဖွဲ့မှရည်မှန်းချက် |
|---|---|---|
| စခန်းများတွင်ရှိနေသည့် ရွှေ့ပြောင်းနေရာချထားခံရသူများ | ၁၁၆,၁၈၃ | ၁၁၄,၃၉၂ |
| မိသားစုနေအိမ်များတွင် ရွှေ့ပြောင်းရောက်ရှိနေသူများ | ၈,၁၅၈ | ၁၃,၇၂၄ |
| မူလနေထိုင်ရာကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းချထားခြင်းခံရသူများ | ၁၄,၉၆၉ | ၁၁,၁၉၄ |
| ရွှေ့ပြောင်းနေရာချထားခံရခြင်းမရှိသော သော မူလနေထိုင်ရာ ကျေးရွာများ | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ |
| ရွှေ့ပြောင်းနေရာချထားခြင်းခံ ရသူများမရှိသော ပတ်ဝန်းကျင် ကျေးရွာများ | | |
| ရွှေ့ပြောင်းနေရာချထားခြင်းခံ ရသူများမရှိသော ပဋိပက္ခ ဖြစ်ပွားခဲ့သည့်နေရာများ | ၁၇၇,၂၉၀ | ၇၀,၀၀၀ |
| စုစုပေါင်း | ၄၁၆,၆၀၀ | ၃၀၉,၃၁၀ |

## ခန့်မှန်းစရိတ်

### လုပ်ငန်းများအတွက်ခန့်မှန်းစရိတ်

| ဌာနခွဲ | လုပ်ငန်းများ | အရေအတွက် | ယူနစ် | ကုန်ကျစရိတ် | စုစုပေါင်း ကုန်ကျစရိတ် |
|---|---|---|---|---|---|
| ရည်မှန်းချက်-၁ ရေရရှိနိုင်မှု | ရေရရှိရာနေရာများအဆင့်တိုးမြှင့်ခြင်း | ၁,၀၄၁ | ယူနစ် | ၃၀၀ | ၃၁၂,၃၉၀ |
| | ရေရရှိရာနေရာအသစ်များတည်ဆောက်ခြင်း | ၁၉၇ | ယူနစ် | ၅၀၀ | ၉၈,၂၇၀ |
| | ရေရရှိရာနေရာများပြုပြင်ထိန်းသိမ်းခြင်း | ၁,၂၃၁ | ပြုပြင်သည့်နှစ် | ၂၃၀ | ၂၈၃,၀၁၅ |
| | ရေကန်များပြန်လည်ပြုပြင်ထူထောင်ခြင်း | ၁၅ | ယူနစ် | ၂၀၀၀ | ၃၀,၀၀၀ |
| | ကျောင်းများရှိ ရေ/သန့်လုပ်ငန်း | ၄၅ | ယူနစ် | ၁၅၀၀ | ၆၇,၅၀၀ |
| | အသုံးပြုသူများအဖွဲ့ ဖွဲ့စည်းခြင်းနှင့်သင်တန်းပေးခြင်း | ၃၆၈ | ကော်မတီ | ၁၀၀၀ | ၃၆၇,၈၇၁ |
| | ပြုပြင်ထိန်းသိမ်းရာတွင်အသုံးပြုသည့်ပစ္စည်းကိရိယာများ | ၃၆၈ | ပစ္စည်းကိရိယာများ | ၂၀၀ | ၇၃,၅၇၄ |
| | ဘူမိရူပဗေဒဆိုင်ရာစူးစမ်းရှာဖွေခြင်း | ၅၀ | ယူနစ် | ၁၀၀၀ | ၅၀,၀၀၀ |
| | အရေးပေါ် ရေသန့်စင်ခြင်း | ၁၀ | ယူနစ် | ၃၀၀၀၀ | ၃၀၀,၀၀၀ |
| | အရေးပေါ် ရေပေးဝေခြင်း(နွေရာသီ) | ၅ | ယူနစ် | ၁၃၀၀၀ | ၅၀,၀၀၀ |
| | ရေနမူနာစမ်းသပ်စစ်ဆေးခြင်း | ၈၀,၀၅၇ | စစ်ဆေးသည့်လ | ၄ | ၃၂၀,၂၂၆ |
| | အိမ်ထောင်စုအလိုက်ရေသန့်စင်ခြင်း | ၁၉,၁၇၃ | အကျိုးခံစားရသူများ | ၂၆ | ၄၉၈,၅၀၅ |
| | တစ်ဦးချင်းစီအတွက်ရေချိုးရန်နေရာ | ၁,၉၆၄ | ယူနစ် | ၃၀ | ၅၈,၉၂၃ |
| ရည်မှန်းချက်-၂ သန့်ရှင်းရေး | အိမ်သာများပြုပြင်ထိန်းသိမ်းခြင်းနှင့်အဆင့်မြှင့်တင်ခြင်း | ၅၉,၄၉၆ | ယူနစ်-လ | ၁၇ | ၁,၀၁၁,၄၃၂ |
| | အိမ်သာရှိသောကျေးရွာများ | ၁,၆၈၁ | ယူနစ် | ၂၅၀ | ၄၂၀,၁၂၈ |
| | အိမ်သာများသန့်စင်ခြင်း-CFW နှင့် ပစ္စည်းများ | ၃၉,၆၆၄ | နေ့ - မိသားစု | ၂၀ | ၇၉၃,၂၈၀ |
| | အညစ်အကြေးများပြန်လည်စွန့်ထုတ်ခြင်း၊ O&M သယ်ယူပို့ဆောင်ရေးနှင့်ပြုပြင်ခြင်း | ၃၄ | လုပ်ငန်းခွင် | ၃၀၀၀ | ၁၀၂,၀၀၀ |
| | မီးရှို့ပြာချစက် | ၁၉ | ယူနစ်-လုပ်ငန်းခွင် | ၁၀၀၀ | ၁၉,၀၄၀ |
| | ကျောင်းများရှိ ရေ/သန့်လုပ်ငန်း | ၄၅ | ကျောင်း | ၃၀၀၀ | ၁၃၅,၀၀၀ |
| | ကျေးရွာရှိအခြားသောလုပ်ငန်းများ(အကျိုးခံစားခွင့်ရှိသူများနှင့်အတူဖော်ထုတ်ရန်) | ၇၅ | လုပ်ငန်းခွင် | ၂၀၀၀ | ၁၅၀,၀၀၀ |
| | ရေစီးရေလာအတွက်ပြုပြင်ထိန်းသိမ်းခြင်း | ၂၀ | ကီလိုမီတာ | ၄၀၀ | ၈,၀၀၀ |
| ရည်မှန်းချက်-၃ သန့်ရှင်းရေးအဆင့်မြှင့်တင်ခြင်း | သန့်ရှင်းရေးမြှင့်တင်ရေးပစ္စည်းများ | ၁ | အလုံးအရင်း | ၇၅၀၀၀ | ၇၅,၀၀၀ |
| | သန့်ရှင်းရေးအဆင့်မြှင့်တင်ခြင်း | ၃၀၉၃၁၀ | အကျိုးခံစားခွင့်ရှိသူ | ၁၂ | ၃,၇၁၁,၇၂၀ |
| | သန့်ရှင်းရေးသုံးပစ္စည်းများ | ၂၀၂၃၉၀ | မိသားစု-လ | ၈ | ၁,၆၁၉,၁၂၃ |
| | သန့်ရှင်းရေးသုံးပစ္စည်းများ (အပြည့်အစုံ) | ၂၃၄၀၆ | မိသားစု-နှစ် | ၂၅ | ၅၈၅,၁၃၈ |
| | ဖြစ်ရပ်လှုပ်ရှားမှု၏ကော်မတီ၏လူထုစည်းရုံးလှုံ့ဆော်ရေး | ၁၃၀ | အဖြစ်အပျက် | ၈၀၀ | ၁၀၄,၀၀၀ |
| | ကျောင်းများရှိရေ/သန့်လုပ်ငန်း(ကျေးရွာများ) | ၄၅ | လုပ်ငန်းခွင် | ၁၀၀၀ | ၄၅,၀၀၀ |
| | သင်ကြားမှုဆိုင်ရာအထောက်အကူပြု ပစ္စည်းများ | ၁ | အလုံးအရင်း | ၃၀၀၀၀ | ၃၀,၀၀၀ |
| အခြား | ညှိနှိုင်းဆောင်ရွက်ခြင်း | ၁ | အလုံးအရင်း | ၆၀၀၀၀၀ | ၆၀၀,၀၀၀ |
| | လေ့လာသုံးသပ်ခြင်း၊ စူးစမ်းရှာဖွေခြင်း၊ လေ့လာခြင်း | ၅ | အလုံးအရင်း | ၂၀၀၀၀ | ၁၀၀,၀၀၀ |
| | NRS (တိကျသေချာစွာမသတ်မှတ်ရသေး) | ၇၀၀၀၀ | အကျိုးခံစားခွင့်ရှိသူ | ၃၀ | ၂,၁၀၀,၀၀၀ |
| | အထောက်အကူပြုစရိတ် + အထွေထွေအသုံးစရိတ် | ၂၀% | အချိုး | - | ၂,၄၀၃,၈၂၇ |

**၂၀၁၅ ရခိုင်ပြည်နယ်ရေ/သန့်လုပ်ငန်းစုအဖွဲ့၏မဟာဗျူဟာ လုပ်ငန်းစဉ် ကုန်ကျစရိတ် ၁၆,၅၂၂,၉၆၂**

## ကချင်ပြည်နယ်ရေ/သန့်လုပ်ငန်းစုအဖွဲ့၏မဟာဗျူဟာဆိုင်ရာဘောင်သတ်မှတ်ချက်/အခြေခံစနစ်

### *နောက်ခံသမိုင်း*

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ၂၀၁၁ ခုနှစ်ဇွန်လမှစတင်၍ လက်ရှိအချိန်ထိ ဖြစ်ပွားလျှက်ရှိသော အစိုးရ စစ်တပ်နှင့် သူပုန်တပ်များအကြား တိုက်ပွဲများကြောင့် အစိုးရထိန်းချုပ်မှုအောက်ရှိနယ်မြေနှင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၏ထိန်းချုပ်မှုအောက်ရှိနယ်မြေများသို့ ရွှေ့ပြောင်းနေရချခံရသော ဒုက္ခသည် စုစုပေါင်းမှာ ၁၂၀၀၀၀ အထိ ရှိနေပြီဖြစ်သည်။

ဗန်းမော်နှင့်မြစ်ကြီးနားခရိုင်အတွင်းရှိ ဒုက္ခသည်စခန်းအများစုကို လွန်ခဲ့သော ၃ နှစ်ခွဲခန့်(၂၀၁၁ ခုနှစ်၊ ဇူလိုင်) က စတင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ ထိုကာလအတွင်း အချို့ဒုက္ခသည်စခန်းများတွင် အငယ်စားအရေးပေါ်အခြေအနေ၊ လူဦးရေ ရွှေ့ပြောင်းမှု သို့မဟုတ် သဘာဝအလျောက်မိသားစုဝင်အရေအတွက်တိုးပွားမှုတို့ကြောင့် လူဦးရေတိုးပွားလာမှုများ ရှိခဲ့သည်။


ရွှေ့ပြောင်းနေရာချခံရသူစုစုပေါင်း၏ ၄၁ ရာခိုင်နှုန်းမှာ အစိုးရထိန်းချုပ်မှုပြင်ပရှိနယ်မြေ အတွင်း တည်ရှိသော ဒုက္ခသည်စခန်း ၂၁ ခုတွင်နေထိုင်လျှက်ရှိကြပြီး ကျန် ၅၉ ရာခိုင်နှုန်းမှာမူ အစိုးရထိန်းချုပ်မှုအောက်ရှိ နယ်မြေများအတွင်း တည်ရှိသော ဒုက္ခသည်စခန်း ၁၂၉ ခုတွင် နေထိုင်လျှက်ရှိကြသည်။ ဒုက္ခသည်စခန်းတစ်ခုလျှင် ပျှမ်းမျှ နေထိုင်သည့်လူအရေအတွက်မှာ အစိုးရထိန်းချုပ်မှုပြင်ပရှိ စခန်းများတွင် စခန်းတစ်ခုလျှင် လူ ၁၄၀၀ နှုန်း ရှိပြီး အစိုးရထိန်းချုပ်မှုအောက်ရှိ ဒုက္ခသည်စခန်းများတွင်မူ စခန်းတစ်ခုလျှင် လူ ၃၄၀ နှုန်းရှိသည်။

အစိုးရထိန်းချုပ်မှုနယ်မြေအတွင်းရှိ ရွှေ့ပြောင်းဒုက္ခသည်စခန်းအများစုကို ပရိုတက်စတင့်၊သို့မဟုတ် ကတ်သိုလစ်ခရစ်ယာန် ဘုရားကျောင်းများတွင်၊ သို့မဟုတ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများတွင် ဖွင့်လှစ်ထားပြီး အစိုးရမဟုတ်သောအဖွဲ့အစည်း များထိန်းချုပ်မှုနယ်မြေရှိ ဒုက္ခသည်စခန်းများမှာမူ မည်သည့်ဘာသာရေးအဖွဲ့အစည်းနှင့်မျှ စနစ်တကျပူးပေါင်းဖွင့်လှစ်ထား နိုင်ခြင်း မရှိချေ။ ရွှေ့ပြောင်းဒုက္ခသည်စခန်း ၁၇၀ မှာ ပထဝီဝင်အနေအထားအရ ကချင်နှင့် ရှမ်းပြည်နယ်အတွင်း အကျယ်အဝန်းအားဖြင့် အလျား ၂၉၀ ကီလိုမီတာနှင့် အနံ ၂၃၀ ကီလိုမီတာရှိ ထောင့်မှန်စတုဂံပုံသဏ္ဍာန်ဧရိယာ အတွင်းတွင် ပျံ့နှံ့တည်ရှိလျှက်ရှိသည်။ ယင်းကဲ့သို့ပျံ့နှံ့တည်ရှိပုံကြောင့် လားရှိုး၊ဗန်းမော်နှင့် မြစ်ကြီးနားတို့ရှိ ရေ/သန့်လုပ်ငန်းစု အဖွဲ့ ၃ ခုကို သက်ဆိုင်ရာနယ်မြေအလိုက် ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ တာဝန်များခွဲဝေပေးအပ်လုပ်ကိုင် စေခဲ့ရသည်။ ဒုက္ခသည်စခန်းအနည်းငယ်မှာမူ ၎င်းတို့၏တည်နေရာများအရ လမ်းပန်းဆက်သွယ်ရေးအရဖြစ်စေ၊ လုံခြုံရေးအရဖြစ်စေ သို့မဟုတ် တားမြစ်ချက်ထုတ်ပြန်ထားမှုများအရဖြစ်စေ ၎င်းတို့ထံသွားရောက်ရန် အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ ဗန်းမော် -ကချင်မှ မူဆယ်-ရှမ်းမြောက်သို့သွားသော လမ်းမကြီးမှာ ပိတ်ထားဆဲဖြစ်သဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်းသို့သွားရောက်နိုင်ရန်မှာ ခက်ခဲရှုပ်ထွေးလျှက်ရှိသည်။ လူမှုကူညီရေးအဖွဲ့အစည်းများ၊ ပြည်နယ်အာဏာပိုင် မဟုတ်သောအဖွဲ့အစည်းများနှင့် ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုများမှာလည်း နယ်မြေ ဖြတ်ကျော်လုပ်ငန်းများနှင့် နီးကပ်စွာဆက်စပ်လျှက်ရှိရာ လုပ်ငန်းတာဝန်များလုပ်ဆောင်ရာတွင် အကန့်အသတ် ရှိနေသည်။

လက်ရှိကချင်ပြည်နယ်၏နိုင်ငံရေးအခြေအနေအရ အရေးကြီးအချက်အလက်များ စုဆောင်းရာတွင် အခက်အခဲများဖြစ် ပေါ်လျှက်ရှိသည်။ အထူးသဖြင့် တိုင်းပြည်စွန့်ခွာထွက်ပြေးသူများ၏လှုပ်ရှားမှုအပေါ်ကန့်သက်ချက်များနှင့် လမ်းများ မကောင်းမွန်ခြင်း၊ ရေကြီးခြင်း နှင့် မြေပြိုခြင်း တို့ကဲ့သို့သော အဟန့်အတားများကြောင့် အပြည့်အဝတာဝန်ယူနိုင်သော ခိုင်မာမှန်ကန်သည့် အကဲဖြတ်ချက်တစ်ရပ်ပြုလုပ်နိုင်ရန်မှာ အလွန်ခက်ခဲလျှက်ရှိသည်။ သို့ရာတွင် ၂၀၁၃ ခုနှစ်နှစ်ကုန်ပိုင်းမှ ၂၀၁၄ ခုနှစ်၊

စက်တင်ဘာလအတွင်းတွင် နိုင်ငံတကာ လူသားချင်းစာနာမှုအဖွဲ့အစည်းများအတွက် အစိုးရက တာဝန်မယူနိုင်သောဒေသများသို့ အစိုးရ၏ခွင့်ပြုချက်ဖြင့် နယ်မြေဖြတ်ကျော်အဖွဲ့ ၂၀ ကျော်ကို စေလွှတ်နိုင်ခဲ့ခြင်း နှင့်အတူ အရေးပါသောတိုးတက်မှုများရှိခဲ့သည်။ ထိုအဖွဲ့များသည် ကွင်းဆင်းလေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ရေသန့်လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးများ နှင့် အစားအသောက်မဟုတ်သော ရေသန့်ဆိုင်ရာပံ့ပိုးပစ္စည်းများ ဖြန့်ဝေပေးခြင်းတို့ကို လုပ်ဆောင်နိုင်စေခဲ့သည်။ သို့ရာတွင် ၂၀၁၄ ခုနှစ်နှစ်ကုန်ပိုင်းတွင် လိုင်ဇာဒေသတွင်ဖြစ်ပွားသော တိုက်ပွဲများကြောင့် လူသားချင်းစာနာထောက်ထားမှုအဖွဲ့များ၏ လူသားချင်းစာနာမှုလုပ်ငန်းလုပ်ဆောင်သူများအနေအဖြင့် ယင်းဒေသသို့ရောက်ရှိရန် အကန့်အသတ်များရှိသွားခြင်းနှင့် ယင်းဒေသရှိဆောင်ရွက်ဆဲစီမံကိန်းများကိုထိခိုက်ခြင်းများ ဖြစ်ပေါ်လာစေခဲ့သည်။

မကြာမကြာပြန်လည်ဖြစ်ပွားလျှက်ရှိသော တိုက်ပွဲများသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နေထိုင်သူများ အတွက် အဓိကခြိမ်းခြောက်မှုတစ်ရပ်ဖြစ်နေဆဲဖြစ်ပြီး ရွှေ့ပြောင်းနေထိုင်မှုများကို ဖြစ်ပေါ်စေကာ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် အခက်အခဲများလည်းပေါ်ပေါက်စေခဲ့သည်။ ထိုအခက်အခဲများက အနည်းဆုံး ဒုက္ခသည်အသစ် ၁၅၀၀ မှ ၃၀၀၀ ကြား တိုးပွားလာရန် ဦးတည်သွားခဲ့သည်။ အခြေအနေပေါ်မူတည်၍ ရက်သတ္တပတ် အချို့ကြာပြီးနောက်တွင် ၎င်းတို့ ၏ မူလနေထိုင်ရာဒေသသို့ ပြန်လာသူများ၊ သို့မဟုတ် အဆိုးဆုံးသောကိစ္စများတွင် ၎င်းတို့မူလရောက်ရှိရာဒုက္ခသည်စခန်း များတွင်သော်လည်းကောင်း၊ စခန်းအသစ်များတွင်သော်လည်းဆက်လက်နေထိုင်ကြရသူများလည်း ရှိသည်။ ကချင်ပြည်နယ် မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လက်နက်ကိုင်တိုက်ပွဲများတိုးပွားလာပြီးသည့်နောက် အငယ်စား အရေးပေါ် ရွှေ့ပြောင်းမှုများ လည်း ဖြစ်ပေါ်ပြီးနေပြီဖြစ်သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်တွင် ယင်းကဲ့သို့သော အဖြစ်အပျက်များ မှာ ၂၀၁၄ ခုနှစ်ကထက်ပိုမိုအဖြစ်များလာမည်ဟု ခန့်မှန်းရပြီး အငယ်စားအရေးပေါ်ရွှေ့ပြောင်းမှုများအတွက် လုံလောက်သောနေရာ များလိုအပ်လာမည်မှာလည်း ထင်ရှားလျှက်ရှိသည်။




လူများအိုးအိမ်စွန့်ခွာထွက်ပြေးရမှုမှာ ၄ နှစ်တာကာလအတွင်းသို့ဝင်ရောက်လာစဉ်တွင် ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း တွင် လူသားချင်းစာနာမှုအခက်အခဲများမှာလည်း ရှည်ကြာလာခဲ့ရာ ပဋိပက္ခဖြစ်ပွားလျှက်ရှိသည့် နှစ်ဖက်တပ်များကြား သဘော တူညီမှုရရှိသည့်အချိန်ထိ တောင့်ခံနိုင်မည့် ရေရှည်ဖြေရှင်းနည်းများကို လိုအပ်လာခဲ့သည်။ ၂၀၁၄ ခုနှစ်အတွင်း လူသားချင်းစာနာမှုအခြေအနေအလုံးစုံမှာ ရေရှည်ခံမည့်ဖြေရှင်းနည်းမျိုးကို အထောက်အကူဖြစ်စေနိုင်ခြင်း မရှိခဲ့သော်လည်း ကချင်ပြည်နယ်အစိုးရက ရွှေ့ပြောင်းနေရာအချခံရသူများကို အရေအတွက်အကန့်အသတ်ဖြင့် ရွာအနည်းသို့ပြန်လာခွင့်နှင့်

ပြန်လည်အခြေချနေထိုင်ခွင့်ကို စတင်ခွင့်ပြုခဲ့သည်။ ထို့နောက် ၂၀၁၄ ခုနှစ်အတွင်းမှာပင် ကချင်ပြည်နယ်အစိုးရသည် မြစ်ကြီးနားမြို့အပြင်ဘက်ရှိ ဒုက္ခသည်စခန်းများမှ အိမ်ထောင်စု ၁၁၃ စုကို ပါလာနာ ဟုအမည်ရသည့် ရွာသစ်တွင် ပြန်လည် နေရာချထားပေးခဲ့သည်။ ထို့ပြင် အချို့သော ရွှေ့ပြောင်းနေရာချခံရသူအနည်းငယ်သည် ၎င်းတို့ကိုချထားပေးသော နေရာတွင် အပြီးအခြေချပြီး ရေရှည်အတွက်အဆင်ပြေမည့်နည်းလမ်းများ ရှာဖွေရန်ဆန္ဒရှိနေကြောင်း ပြသခဲ့ကြသည်။

ဤအခြေအနေတွင် လူသားချင်းစာနာမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သူများသည် ရေရှည်ပြန်လည်ထူထောင်ရေးအတွက် မဟာဗျူဟာတစ်ခု တိုးတက်ပေါ်ပေါက်လာစေရေးထောက်ပံ့ရန်နှင့် ကချင်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဒေသတွင်း ရွှေ့ပြောင်းနေရချထားခံရသူများအတွက် စနစ်ကျသောလုပ်ဆောင်ချက်များနှင့် ခိုင်မာသောချဉ်းကပ်မှုနည်းလမ်း များ ပေါ်ပေါက်စေရန်ရည်ရွယ်သော ဘက်ပေါင်းစုံပြန်လည်ပေါင်းစပ်မှု တို့ဖြစ်ပေါ်စေရန် ဌာနတွင်းပူးပေါင်းဆောင်ရွက်မှုနည်းလမ်း များနှင့် စတင်ထိတွေ့လုပ်ကိုင်ခဲ့ရသည်။


ရွှေ့ပြောင်းနေရာချထားခံရသူများအတွက် ရေရှည်ခိုင်မာမှုရှိသော ဖြေရှင်းနည်းများပေါ်ပေါက်ရန်မှာမူ နိုင်ငံအဆင့် အာဏာပိုင်များ၏ အဓိကတာဝန်ဖြစ်သည်။ လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သူများမှာမူ နိုင်ငံတော်အဆင့်တာဝန်ရှိသူများပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် အစိုးရနှင့် အစိုးရထိန်းချုပ်မှုပြင်ပရှိဒေသများတွင် နေရာချထားခြင်းခံရသူများကိုထောက်ပံ့ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်သည်။

ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် ရေ/သန့်လုပ်ငန်းဆိုင်ရာ ရေရှည်ဖြေရှင်းနည်းများအတွက် မူဘောင်တစ်ရပ်ရေးဆွဲနိုင်ရန် ဌာနတွင်းပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး အနာဂတ်တွင် ဒုက္ခသည်များ ၎င်းတို့နေရပ်သို့ပြန်နိုင်ရေး၊ သို့မဟုတ် အတည်တကျနေရာချထားပေးနိုင်ရေးတို့အတွက် ပြင်ဆင်သွားမည်ဖြစ်သည်။ ရေ/သန့်အဖွဲ့၏ကြားဝင်ဆောင်ရွက်မှုများအားလုံးသည် ရေရှည်ခံမည့်ဖြေရှင်းနည်းမူဘောင်များအတွက် ဌာနတွင်းပူးပေါင်း ဆောင်ရွက်မှုအရကြိုတင်သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီသာ ရှိမည်ဖြစ်သည်။

လက်တလောတွင် ပြတ်တောင်းပြတ်တောင်းရွှေ့ပြောင်းမှုများရှိနေပြီး အပစ်အခတ်ရပ်စဲရေးစာချုပ်တစ်ရပ် ပေါ်ပေါက်ရန်မှာ လည်းတိုးတက်မှုနှေးကွေးနေသေးသော်လည်း ၂၀၁၅ ခုနှစ်အတွင်းတွင် လူအများအပြားရွှေ့ပြောင်းမှုကြီးတစ်ရပ် ဖြစ်ပေါ်နိုင် ဖွယ်မရှိသေးချေ။ အချို့ရွှေ့ပြောင်းနေရာချထားခံရသူအချို့မှာ ၎င်းတို့၏မူလကျေးရွာများသို့ ပြန်သွားရန်ဆန္ဒရှိနေသော်   လည်း တိုက်ပွဲဖြစ်ပွားရာဒေသရှိ မြေမြုပ်မိုင်းများက ရွှေ့ပြောင်းမှုအသစ်များ မပေါ်ပေါက်စေရန် ဟန့်တားလျှက်ရှိသည်။

ထို့ကြောင့်ရလဒ်တစ်ရပ်အနေဖြင့် ရွှေ့ပြောင်းနေရချထားခံရသူအများအပြားမှာ ဒုက္ခသည်စခန်းများသို့ရောက်ရှိသည်မှာ ၂ နှစ်ကျော်ကြာမြင့်လာခဲ့ပြီး ၂၀၁၄ ခုနှစ်ကအတိုင်း တစ်ဝက်အတည်တကျအဆောက်အဦများ တည်ဆောက်ရန် ဖိအားပေးခံ နေရကာ လူဦးရေသိပ်သည်းလာမှုကိုကြံ့ကြံ့ခံရင်ဆိုင်ရန်ပါ ပြန်လည်ဖိအားပေးခံလာရသည်။ အကျိုးဆက်အနေဖြင့် အသက်မွေးဝမ်းကျောင်းရန်နည်းလမ်းမရှိမှု၊ ရာသီအလိုက်အလုပ်အကိုင်အခွင့်များရရှိလာရန်ခက်ခဲလာမှုနှင့် အခြေခံ အဆောက်အအုံများ အားနည်းလာမှုတို့နှင့် ရင်ဆိုင်လာရသည်။

## *လက်ရှိ ရေ/သန့် အခြေအနေ*




### <u>ရေ/သန့်လုပ်ငန်းစုအဖွဲ့၏လုပ်ဆောင်မှုအခြေအနေ</u>

ကချင်ပြည်နယ်ကို ရခိုင်ပြည်နယ်နှင့် နှိုင်းယှဉ်ကြည့်၍မရသည့် အကြောင်းရင်းများစွာရှိသည်။ တကယ်တမ်းတွင် ကချင် ပြည်နယ်သည် လူဦးရေအရ ပိုမို၍နိုင်နိုင်နင်းနင်းကိုင်တွယ်နိုင်မည့်ပုံရှိသည့်အပြင် အားကောင်းသောလူမှုအဖွဲ့အစည်းများ နှင့် ပညာရေးအဆင့်အတန်းတို့ရှိမှုကြောင့် ကောင်းမွန်သောလိုက်နာဆောင်ရွက်မှုနှင့်ဆက်နွှယ်နေသော ပိုမိုကောင်းမွန်သည့် မိလ္လာစနစ်ရှိခြင်းကဲ့သို့သော အခြေအနေများပေါ် ပေါက်ရန် အခွင့်အရေးကောင်းများရှိနေသည်။ သို့ရာတွင် ရေ/သန့်လုပ်ငန်း ဆိုင်ရာအခြေအနေတစ်ရပ်လုံးကိုခြုံကြည့်လျှင်မူ အချို့သောလူဦးရေများမှာ ဒုက္ခသည်စခန်းတွင် နေထိုင်လာသည်မှာ ၃ နှစ်ကျော်လာခဲ့ပြီဖြစ်သဖြင့် မြစ်ကြီးနား နှင့် ဗန်းမော်အနီး လွယ်လင့်တကူရောက်ရှိနိုင်သောနေရာများအပါအဝင် နေရာအများ အပြားတွင် နိမ့်ပါးသော ရေ/သန့် အခြေအနေများ မကြာခဏမြင်တွေ့ရလျှက်ရှိသည်။ ရေ/သန့်ဆိုင်ရာအခြေခံအဆောက်အအုံများ နိမ့်ပါးသည့်အခြေအနေတွင် ရှိနေရခြင်းမှာ နည်းစနစ်ပိုင်းဆိုင်ရာဗဟုသုတ နည်းပါးမှုကြောင့် ကနီဦးဒီဇိုင်းရေးဆွဲရာတွင် ညံ့ဖျင်းခြင်းနှင့် နည်းစနစ်ပိုင်းရွေးချယ်နိုင်စရာနည်းပါးခြင်းတို့ကြောင့်ဖြစ်သည်။ ထို့ပြင် ပြုပြင်ထိန်းသိမ်းမှုမရှိခြင်းကြောင့်လည်း ရှိပြီးသားအခြေခံအဆောက်အအုံများမှာ လျင်လျင်မြန်မြန်ယိုယွင်းပျက်စီး ကုန်ကြသည်။ ခိုင်မာအားကောင်းသောလူမှုစည်းလုံးညီညွတ်မှုရှိသော်လည်း ရွှေ့ပြောင်းနေရာချထားခံရသူများ၏ လူမှုဂန်းကျင်နောက်ခံအခြေအနေအရ ရေ/သန့်ဆိုင်ရာအခြေခံအဆောက်အဦများကို ၎င်းတို့ဘာသာပြုပြင်ထိန်းသိမ်းလာစေ ရေးဖန်တီးရန်မှာမူ ခက်ခဲလျှက်ရှိသည်။

ရရှိနိုင်သောမြေနေရာအကန့်အသတ်ရှိနေခြင်းနှင့် ဒုက္ခသည်စခန်းများ ပြည့်သိပ် ကျပ်ညပ်စွာတည်ရှိနေခြင်းကလည်း ရွှေ့ပြောင်းအခြေချသူများကို ပိုမိုသင့်လျော်သောရေ/သန့်ဆိုင်ရာပစ္စည်းများပေါ်ပေါက် လာစေရန်ထက် အထိခိုက်မခံနိုင်လောက်အောင်ယိုယွင်းလျှက်ရှိသည့်အခြေအနေတွင်သာ ဆက်လက်နေထိုင်ရန် တွန်းအားပေးလျှက်ရှိသည်။


ပြီးခဲ့သောနှစ်များအတွင်းလုံလောက်သောရန်ပုံငွေမရှိခဲ့ခြင်းကြောင့်လည်း နေရာအများအပြားတွင် နိုင်ငံတကာစံနှုန်းများနှင့် ကြည့်ပါကအလွန်တရာစိုးရိမ်စရာကောင်းသော ရေ/သန့်အခြေအနေများကိုမြင်တွေ့နေရပြီး အခြေခံအဆောက်အအုံများ၏ အရည်အသွေးမှာလည်း အလွန်တရာနိမ့်ပါးလျှက်ရှိသည်။ ကချင်နှင့် ရှမ်းမြောက်ရှိ ဒုက္ခသည်စခန်းများတွင် အရေးပေါ်သုံး တွင်းအိမ်သာ ၁၆၈၀ လုံးရှိနေသေးသလို ဘေးကင်းသောသောက်ရေရရှိနိုင်သည့်နေရာမှာလည်း အကန့်အသတ်ရှိနေဆဲ ဖြစ်သည်။

အချို့နေရာတွင် ခြောက်သွေ့သောရာသီဥတုဒဏ်ကိုခံရပြီး ၃ လဆက်တိုက်ရေနည်းပါးမှုနှင့်ကြုံတွေရကာ အခြားနေရာများ တွင်လည်း ဆောင်းတွင်းတွင် အပူချိန်အလွန်အမင်းကျဆင်းမှုကြောင့် ရေပြတ်လပ်မည့်အန္တရာယ်နှင့် ရင်ဆိုင်ရလျှက်ရှိသည်။

## ရေ/သန့် ဆိုင်ရာလုပ်ငန်းလုပ်ဆောင်သူများ၏ ရောက်ရှိနိုင်မှု

အောက်ပါဇယားသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ အချက်အလက်များပေါ်အခြေခံကာ ရေ/သန့်စီမံကိန်းခြုံလွှမ်းမှုနှင့် အခြား ဆက်နွယ်ထိရောက်သော လူဦးရေတို့ကို ဖော်ပြထားသည်။

January 2014 - WASH presence




## ရွှေ့ပြောင်းအခြေချခံဒုက္ခသည်စခန်းများ

၂၀၁၄ ခုနှစ်နှစ်ကုန်တွင် ရေ/သန့်လုပ်ငန်းဆိုင်ရာစီမံကိန်းမရှိသည့် ဒုက္ခသည်စခန်း ၃၇ ခုအနက် ရေ/သန့်လုပ်ငန်းစုအဖွဲ့ ၏ကိုယ်စားလှယ်မရှိသည့်စခန်းမှာ ၆ ခုသာရှိသည်။ ယင်းစခန်း ၆ ခုမှာ ကချင်ပြည်နယ်မြောက်ပိုင်း ဝေးလံခေါင်းဖျားသော မြို့နယ်များတွင် တည်ရှိပြီး စုစုပေါင်း ၂၄၁ ဦးခန့်နေထိုင်လျှက်ရှိကာ ကျန်းမာရေးဂန်ထမ်းအရေ အတွက်မှာလည်း

အကန့်အသတ်ရှိနေသည်။ရေ/သန့်လုပ်ငန်းဆိုင်ရာစီမံကိန်းမရှိသည့် ကျန် ဒုက္ခသည်စခန်း ၃၁ ခုမှာ ယခင်က ရေ/သန့် လုပ်ငန်းစုအဖွဲ့၏ကိုယ်စားလှယ်များတာဝန်ယူရာဒေသများတွင်တည်ရှိသော်လည်း ရန်ပုံငွေလစ်ဟာမှုကြောင့် ရေ/သန့်ဆိုင် ရာလုပ်ငန်းများလုပ်ဆောင်ရန် နှောင့်နှေးမှုများနှင့် ရင်ဆိုင်နေရသည်။

လုပ်ဆောင်ဆဲ ရေ/သန့်လုပ်ငန်းစီမံကိန်းများနှင့်အတူ ရေ/သန့်လုပ်ငန်းဆောင်ရွက်သူများ ဒုက္ခသည်စခန်းများသို့ ရောက်ရှိ နိုင်မှုမှာ ၂၀၁၄ ခုနှစ်တွင် သိသိသာသာမြင့်တက်လာခဲ့ရာ နှစ်လယ်ပိုင်းတွင်အမြင့်ဆုံးဖြစ်ခဲ့ပြီး ဒုက္ခသည်စခန်းအားလုံး၏ ၉၇.၅ ရာခိုင်နှုန်းထိ ရေ/သန့်လုပ်ငန်းစီမံကိန်းတစ်ရပ်ဖြင့် ရည်မှန်းချက်ထားနိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်၊နှစ်ကုန်တွင် ဒုက္ခသည်စခန်းစုစုပေါင်း၏ ၅၂ ရာခိုင်နှုန်းကိုသာ ရေ/သန့်လုပ်ငန်းဆောင်ရွက်သူများရောက်ရှိနိုင်ခဲ့ရာမှ ၂၀၁၄ ခုနှစ် နှစ်ကုန် ချိန်တွင် ရေ/သန့်လုပ်ငန်းကိုယ်စားလှယ်အဖွဲ့ ၁၁ ခု၏ ရေ/သန့်စီမံကိန်း ၁၂ ခုနှင့်အတူ ဒုက္ခသည်စခန်းစုစုပေါင်း၏ ၇၆ ရာခိုင် နှုန်းသို့ ရောက်ရှိနိုင်ခဲ့သည်။ ကြက်ခြေနီအဖွဲ့၊ ရေ/သန့်လုပ်ငန်းနှင့်ဆက်နွယ်သောအာဏာပိုင်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် ကုလသမဂ္ဂအေဂျင်စီများမှာ ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ကိုယ်စားလှယ်အဖြစ်မည်သည့်အခါကမျှတိုက်ရိုက်လုပ်ဆောင်ခြင်း မရှိခဲ့သော်လည်း အမျိုးမျိုးသောကြားဝင်ဆောင်ရွက်မှုများမှတဆင့် ရေ/သန့်လုပ်ငန်းဆိုင်ရာ လူသားချင်းစာနာမှုတုံ့ပြန်လုပ် ဆောင်ချက်များကို မျှဝေလုပ်ဆောင်ခဲ့ကြသည်။

ကချင်ပြည်နယ်တွင် ရေ/သန့်ဆိုင်ရာလုပ်ငန်းများတုံ့ပြန်လုပ်ဆောင်ရန် ရန်ပုံငွေမလုံလောက်မှုကြောင့် ခြုံလွှမ်းရောက်ရှိ နိုင်သည့်နေရာများပြားလာသော်လည်း ရေ/သန့်လုပ်ငန်းဆိုင်ရာကိုယ်စားလှယ်များတည်ရှိရာနေရာများမှာ ရေ/သန့်လုပ်ငန်း ဆိုင်ရာစီမံကိန်း ပြတ်တောက်ခြင်းနှင့်ဆက်နွယ်သော မတည်ငြိမ်မှုများနှင့် အလွန်အမင်းကြုံတွေ့နေရဆဲဖြစ်သည်။ ထိုကဲ့သို့ သော စီမံကိန်းပြတ်တောက်မှုများမှာ များသောအားဖြင့် ကာလတိုသာဖြစ်သော်လည်း ပိုမို၍အရည်အသွေးပြည့်ဝသော တုံ့ ပြန်လုပ်ဆောင်မှုများဆောင်ရွက်ရန်၊ အခြေခံအဆောက်အဦများအတွက် ထိန်းသိမ်းစောင့်ရှောက်မှုစည်းကမ်းများ ရှင်းလင်းမှု ရှိစေရန်တို့ကို ဟန့်တားလျှက်ရှိပြီး အစိုးရမဟုတ်သောအဖွဲ့များအတွက်သာမက အကျိုးခံစားရမည့်သူများ၏ လုပ်ကိုင်နိုင်စွမ်း အတွက်လည်း အနှောက်အယှက်ဖြစ်လျှက်ရှိသည်။

## ဒုက္ခသည်စခန်းဝန်းကျင်ရှိ ကျေးရွာများ/ရပ်ကွက်များ

ကမ္ဘာအနှံ့တည်ရှိလျှက်ရှိသော ရေ/သန့်လုပ်ငန်းဆိုင်ရာစီမံကိန်းများသည် ကျေးရွာများ/ရပ်ကွက်များတွင် နည်းနေဆဲ ဖြစ်ပြီး အားကောင်းအောင်လုပ်ဆောင်ရန်လိုအပ်လျှက်ရှိသည်။ ထိခိုက်မှုမရှိစေရေးချဉ်းကပ်မှုအပေါ်အခြေခံသော ၂၀၁၄ ခုနှစ် မဟာဗျူဟာသည် ဒုက္ခသည်စခန်းအနီးဝန်းကျင်နှင့် သီးခြားခွဲထုတ်ဖော်ပြရန်လိုအပ်သည့် ကျေးရွာများရှိ စာသင်ကျောင်းများ နှင့် ကျန်းမာရေးစင်တာများတွင် ရေ/သန့်ဆိုင်ရာအခြေခံလိုအပ်ချက်များကို ဟောပြောပညာပေးရန် ထောက်ခံချက်ပေးထား ပြီး ဖြစ်သည်။

၂၀၁၄ ခုနှစ်ဒုတိယနှစ်ဝက်တွင် လူသားချင်းစာနာမှုအဖွဲ့များ၏တာဝန်ယူဆောင်ရွက်မှုများဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကွတ်ခိုင်မြို့နယ် နှင့် ကချင်ပြည်နယ်တောင်ပိုင်းရှိ ဗန်းမော်၊ မိုးမောက် နှင့် ရွှေဂူ သုံးမြို့နယ် တို့ရှိ ကျေးရွာများ/ရပ်ကွက်များ သို့ ရေ/သန့်ဆိုင်ရာလုပ်ငန်းများ မြန်ဆန်စွာရောက်ရှိသွားခဲ့သည်။ ထိုကဲ့သို့ရောက်ရှိခဲ့သည့် ကျေးရွာ/ရပ်ကွက် အများစုမှာ ဒုက္ခသည်စခန်းများဝန်းကျင်ရှိကျေးရွာများ၊ သို့မဟုတ် တိုက်ပွဲများဒဏ်ကိုတိုက်ရိုက်ခံခဲ့ရသည့် (ဥပမာ- အိမ်များ မီးလောင်ခြင်း) ရွာများဖြစ်သည်။ သို့ရာတွင် လက်ခံထားသည့်ရွှေ့ပြောင်းအခြေချခံရသူအရေအတွက်မှာမူ ကျေးရွာ/ရပ်ကွက် များ၏ လူဦးရေနှင့်ကြည့်ပါက နည်းပါးသည်။ ဤအချက်ပေါ်အခြေခံ၍အကဲဖြတ်ကြည့်လျှင် ရွှေ့ပြောင်းအခြေချခံရသူများ ရောက်ရှိလာမှုမှာ မူလနယ်ခံမိသားစုများ၏ ရေ/သန့်ဆိုင်ရာအခြေအနေအပေါ် ကြီးမားသောသက်ရောက်မှု မရှိကြောင်းနှင့် ပဋိပက္ခဖြစ်ပွားပြီးနောက် ကျေးရွာများတွင် ရေ/သန့်ဆိုင်ရာလိုအပ်ချက်သိသိသာသာပေါ်ပေါက်ခြင်းမရှိကြောင်း

တွေ့ရှိရသည်။ သို့ရာတွင် အချို့သောကျေးရွာကျောင်းများနှင့် လူ့အဖွဲ့အစည်းများ၏ ရေ/သန့်ဆိုင်ရာအခြေအနေမှာ ရေ/သန့်ဆိုင်ရာလုပ်ငန်း ဆောင်ရွက်သူများက ၎င်းတို့၏ ဒုက္ခသည်စခန်းများတွင်လုပ်ဆောင်ရမည့် အလုံးစုံ ရေ/သန့်လုပ်ငန်းဆိုင်ရာ သဘောတူညီချက်အခြေအနေများအတိုင်း အားဖြည့်ပေးရန်လိုအပ်သည်။ ၂၀၁၅ ခုနှစ်၊ ပထမ ၄ လပတ်အတွင်းတွင် ကချင်ပြည်နယ်တောင်ပိုင်းရှိကျေးရွာများတွင် ရေ/သန့်ဆိုင်ရာလိုအပ်ချက်များ ကို ပိုမိုနားလည်စေရန်နှင့် ယင်းကိစ္စရပ်များတွင်၎င်းတို့၏လုပ်ဆောင်နိုင်စွမ်းတို့ကို သိနားလည်စေရန် ရေ/သန့်ဆိုင်ရာ အကဲဖြတ် ချက်များကိုလုပ်ဆောင်သွားမည်ဖြစ်သည်။ ၂၀၁၅ခုနှစ်အတွင်းတွင် လုပ်ဆောင်ရန်လိုအပ်သည်၊ သို့မဟုတ် သီးခြား ချဉ်းကပ်မှု တစ်ခုဖန်တီးလုပ်ဆောင်ရန် မလိုအပ် ဆိုသည်ကို ကွင်းဆင်းအကဲဖြတ်ချက်များမှအပြီးသတ်တွေ့ရှိရမှုများအပေါ် မူတည်ဆုံးဖြတ်မည်ဖြစ်သည်။


## ၂၀၁၄ -ခုနှစ်အတွင်းပိုမိုညီမျှလာသည့်တုံ့ပြန်လုပ်ဆောင်မှုတစ်ရပ်

အစိုးရထိန်းချုပ်မှုအောက်ရှိဒေသများနှင့် အစိုးရထိန်းချုပ်မှုပြင်ပဒေသများရှိ ဒုက္ခသည်စခန်းများအကြား ရေရရှိရေး လွှမ်းခြုံမှုမှာ လွန်စွာကွဲပြားခြားနားလျက်ရှိကြောင်း ၂၀၁၃-ခုနှစ်၊ ဒီဇင်ဘာလက စောင့်ကြည့်လေ့လာချက်အရ သိရှိရသည်။ ( အစိုးရထိန်းချုပ်မှုအောက်ရှိဒေသများတွင် ရေရရှိမှုလွှမ်းခြုံမှုမှာ ၈၆% ရှိပြီး၊ အစိုးရထိန်းချုပ်မှုပြင်ပရှိ ဒေသများတွင် ရေရရှိမှုမှာ ၄၀%သာရှိသည်) (၂၀၁၃-ခုနှစ် ဒီဇင်ဘာလ 4W အရ) "ဘ" လေးလုံး လေ့လာတွေ့ရှိချက်များ ကိုလည်း ၂၀၁၄- ခုနှစ်အလွန် ရေ/သန့်လုပ်ငန်းစုအဖွဲ့ အဖွဲ့ ဝင်များက အခိုင်အမာ တင်ပြထားပါသည်။ သို့နှင့် ၂၀၁၄-
ခုနှစ် ဒီဇင်ဘာတွင် အစိုးရထိန်းချုပ်မှုအောက်ရှိဒေသများနှင့် အစိုးရထိန်းချုပ်မှုပြင်ပဒေသများရှိ ရေရရှိမှုလွှမ်းခြုံမှုမှာ ကွာခြားမှု မရှိသလောက်နီးပါးရှိနေကြောင်း တွေ့ရှိရသည်။ (အစိုးရထိန်းချုပ်မှုအောက်ရှိဒေသများတွင် လွှမ်းခြုံမှုမှာ ၉၈% ရှိပြီး အစိုးရထိန်းချုပ်မှု ပြင်ပရှိဒေသများတွင် လွှမ်းခြုံမှုမှာ ၉၇% ခန့်ရှိသည်။ (4W ဒီဇင်ဘာ ၂၀၁၄-ခုနှစ်)

အစိုးရထိန်းချုပ်မှုပြင်ပရှိဒေသများအား လက်လမ်းမီှနိုင်မှုမှာ အကန့်အသတ်များရှိနေလင့်ကစား ဒေသခံအစိုးရ မဟုတ်သောအဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုမှာ ထူးထူးခြားခြားမှတ်တမ်းတင်ထိုက်ပေသည်။ အစိုးရထိန်းချုပ်မှု အောက်ရှိဒေသများနှင့် အစိုးရထိန်းချုပ်မှုပြင်ပရှိဒေသများအကြား အရေအတွက်အားဖြင့် လွှမ်းခြုံမှုမှာ သိသိသာသာ ကွာဟမှုများမရှိကြောင်း ကောက်ချက်ချနိုင်သည်။ ၂၀၁၄-ခုနှစ် ဒီဇင်ဘာလက ဆောင်ရွက်ခဲ့သည့် 4W "ဘ" လေးလုံး လေ့လာချက်မှ ထုတ်ပြန်ထားသောကိန်းဂဏန်းများအရ အစိုးရထိန်းချုပ်မှုအောက်ရှိဒေသများနှင့် အစိုးရထိန်းချုပ်မှု ပြင်ပဒေသများကြား ရေ/သန့်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုနှင့်ပတ်သက်သည့် တုန့်ပြန်မှုမှာ အညီအမျှပင် ဖြစ်ကြောင်းတွေ့ ရှိရသည်။ လက်လှမ်းမီှနိုင်မှုအကန့်အ သတ်များကြောင့် ကျန်းမာရေး
အဆင့်မြင့်တင်ရေးလုပ်ငန်းများ
၏ အကျိုးသက်ရောက်မှုများကို ကောင်းစွာမှတ်တမ်းတင်ထားနိုင်ခြင်းမရှိခြင်းကြောင့် အစိုးရထိန်းချုပ်မှုအောက်ရှိ ဒေသများနှင့် အစိုးရထိန်းချုပ်မှုပြင်ပရှိဒေသများအတွက် နှိုင်းယှဉ်ဖော်ပြနိုင်ခြင်းမရှိသေးပေ။

ရေရရှိရေးလွှမ်းခြုံမှုအလုံးစုံသည် သန့်ရှင်းရေးထက် ပိုမိုမြင့်မားလျက်ရှိနေသေးသည်။ ၂၀၁၅-ခုနှစ်သည် သန့်ရှင်းရေး ပစ္စည်းများ ပံ့ပိုးမှုဆိုင်ရာအရေအတွက်ကို သေချာတိကျစွာ အလေးထားဆောင်ရွက်နေရဦးမည်ဖြစ်ရာ ရေနှင့်သန့်ရှင်း ရေးဆိုင်ရာ တုန့်ပြန်မှုများအကြား ကွာဟချက်များကို အသိပေးဖော်ပြပေးနိုင်ရန်လိုအပ်သည်။

၂၀၁၃-ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၄-ခုနှစ် ဒီဇင်ဘာလအတွင်း ကချင်ပြည်နယ်နှင့်မြောက်ပိုင်းရှမ်းပြည်ဒေသများ၏ ဒုက္ခ သည်စခန်းများတွင် အလုံးစုံသော ရေရရှိရေးဆိုင်ရာလွှမ်းခြုံမှုသည် ၆၃% ရှိခဲ့ရာမှ ၂၀၁၃-ခုနှစ် ဒီဇင်ဘာလအတွင်း ၉၇% အထိမြင့်တက်ခဲ့သည်။ အိမ်သာအရေအတွက်လွှမ်းခြုံမှုမှာ ၅၈% မှ ၈၀% အထိ မြင့်တက်လာခဲ့သလို အလုံးစုံ သော ရေချိုးရန်ပံ့ပိုးမှုများမှာလည်း ၁၂% ရှိခဲ့ရာမှ ၄၃% အထိမြင့်တက်လာခဲ့သည်။




သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများလွှမ်းခြုံမှုမှာ နေးကွေးနေရာမှ ၂၀၁၄-ခုနှစ်နှစ်ကုန်ပိုင်းတွင်တိုးတက်လာကြောင်း တွေ့ရှိရသည်။ မြေနေရာအဆင်ပြေနိုင်မှုအခြေအနေသည် တစ်စိတ်တစ်ဒေသအဖြစ်ပါဝင်နေသကဲ့သို့ ငွေကြေးရရှိနိုင်မှုအကန့်အသတ်များလည်း ပါဝင်နေသည်။

ရေ/သန့်လုပ်ငန်း လုပ်ဆောင်နေသူများနှင့် စီမံချက်လုပ်ငန်းများကို ရာခိုင်နှုန်းပြည့်လွှမ်းခြုံမှုဖြင့် ပေါင်းစပ်ခြင်းဖြင့် ရေ/သန့်လုပ်ငန်းဆိုင်ရာအေဂျင်စီများ၏ ချဉ်းကပ်နည်းများသည် ၂၀၁၄-ခုနှစ်လွန်များတွင် ကချင်နှင့်ရှမ်းပြည်နယ် မြောက်ပိုင်းဒေသရှိ ဒုက္ခသည်စခန်းများတွင် ရေ/သန့်ပံ့ပိုးမှုဆိုင်ရာလွှမ်းခြုံမှုများ သိသာထင်ရှားစွာ တိုးတက်လာကြောင်းတွေ့မြင်ရသည်။ ထို့ပြင် (4Wmatrix) "ဘ" လေးလုံးလေ့လာချက်မှ စုစည်းထုတ်ပြန်ထားသော ကိန်းဂဏန်းများအား စောင့်ကြည့်ထိန်းကျောင်းမှုနည်းလမ်းသည်လည်း အဆိုပါတိုးတက်မှုအတွက် အထောက်အကူပြုစေပါသည်။ အမှန်တကယ်လိုအပ်ချက်များကို ပိုမိုနားလည်သဘောပေါက်လာစေရန်နှင့် လက်တွေ့ကျကျ ဖြစ်နိုင်ချေရှိသည့် ၁၀၀% ပြည့်လွှမ်းခြုံမှုရရှိစေရန်ရွှေ့ပြောင်းနေရာချထားသည့် နေရာဒေသများတွင်ကျန်ရှိနေသေးသည့် သန့်ရှင်းရေး လိုအပ်ချက်များကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

## *ရေ/သန့် လုပ်ငန်းနှင့်ဆက်နွယ်နေသော အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရေးနည်းလမ်းများ*

### ရေ/သန့်လုပ်ငန်းနှင့်ဆက်နွယ်နေသောအဓိကအာဏာပိုင်များ

ကချင်ပြည်နယ်ရှိ ရေ/သန့်လုပ်ငန်းနှင့်ဆက်နွယ်နေသော အဓိကအစိုးရဌာနများမှာ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန နှင့် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေး ဦးစီး ဌာနတို့ဖြစ်သည်။ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနသည် လမ်း၊တံတား၊ လျှပ်စစ်နှင့် ကျေးလက်ရေရရှိရေးတို့ကို လုပ်ဆောင်ရန် တာဝန်ရှိပြီး အဓိကတာဝန်တစ်ရပ်အနေဖြင့်မဟုတ်သော်လည်း အိမ်သာစီမံကိန်းများကိုလည်း အကောင် အထည်ဖော် ဆောင်ရွက်ပေးနိုင်သည်။ မိလ္လာစနစ်နှင့်တစ်ကိုယ်ရေသန့်ရှင်းမှုအသိပညာမြှင့်တင်ပေးခြင်း နှင့်သက်ဆိုင်သောလုပ်ငန်းဆောင်တာအားလုံးမှာမူ ကျန်မာရေးဦးစီးဌာန၏တာဝန်ဖြစ်ပြီး ၎င်းဌာနအနေဖြင့်အိမ်သာ တည်ဆောက်ရေး လုပ်ငန်းများတွင် ပိုက်များနှင့်အိမ်သာခွက်များ ထောက်ပံ့ပေးခြင်းကိုလည်း လုပ်ဆောင်နိုင်သည်။

ပညာရေးဦးစီးဌာနသည်လည်း အစိုးရကျောင်းများတွင် ရေ/သန့်ဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ရန်တာဝန်ရှိသော ဌာန ဖြစ်သည်။

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့ပြဆိုင်ရာဝန်ဆောင်မှုများနှင့် အထူးသဖြင့် မြို့ပြရေရရှိရေးအတွက် တာဝန် ရှိသည်။ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများသည် ပြည်နယ်/တိုင်းဝန်ကြီးချုပ်၏ လက်အောက်တွင်ရှိသည်။

## အခြားအစိုးရအာဏာပိုင်အဖွဲ့အစည်းများ

လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်ရှိ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည်လည်း ရေ/သန့် ဆိုင်ရာ လုပ်ငန်းများနှင့် နီးနွယ်သောဌာနဖြစ်သည်။ ယင်းဌာနအနေဖြင့် တိုက်ရိုက်ဆောင်ရွက်မှုများမလုပ်ဆောင်သော်လည်း ကယ်ဆယ်ရေးလုပ်ငန်းဆောင်တာများတွင် ကြီးကြပ်ရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရေထောက်ပံ့ရေးနှင့် နယ်စပ်နှင့်ကျေးလက်ဒေသရှိကျောင်းများအပါအဝင် ကျယ်ပြန့်သော လုပ်ငန်းဆောင်တာများအတွက် တာဝန်ရှိသည်။

ပြည်နယ်နှင့်တိုင်း တို့၏ စီမံရေးရာဖွဲ့စည်းပုံမှာ မူလကနဦးကတည်းကကြိုတင်တည်ရှိခဲ့သော အထွေထွေစီမံရေးရာဦးစီးဌာန ကဲ့သို့ပင်ဖြစ်သည်။ အထွေထွေစီမံရေးရာဦးစီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနတစ်ခုဖြစ်ပြီး ပြည်ထောင်စုအဆင့် စီမံခန့်ခွဲမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် အဓိကအခန်းကဏ္ဍမှလုပ်ဆောင်သည်။ ၎င်းဌာနတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးမှ ကျေးလက်အဆင့်စာရေးအထိ ရာထူးအဆင့်အားလုံးရှိသည်။

## အစိုးရအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

အစိုးရထိန်းချုပ်မှုအောက်ရှိနယ်မြေများတွင် အစိုးရအာဏာပိုင်များသည် ဒုက္ခသည်စခန်းစီမံခန့်ခွဲမှုတွင် များစွာပါဝင်ပတ်သတ်လေ့မရှိဘဲ ပရိုတက်စတင့်နှင့် ကတ်သိုလစ်ဘုရားကျောင်းများ၊ သို့မဟုတ် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း များကဲ့သို့သော အမျိုးမျိုးသောပုဂ္ဂလိကဘာသာရေးအဆောက်အဦများသာ ပိုမိုပါဝင်ပတ်သတ်လျှက်ရှိသည်။

ရေ/သန့်လုပ်ငန်းဆိုင်ရာနည်းစနစ်ပိုင်းလုပ်ဆောင်နိုင်စွမ်းနှင့် ကျေးလက် ရေ/သန့်ဆိုင်ရာအဆောက်အဦတည်ဆောက်ခြင်း တို့ကို ပေးအပ်ဖြင်းဖြင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပူးပေါင်းလုပ်ဆောင်မှုမှာ ၂၀၁၄ ခုနှစ်တွင် အစပျိုးပြီး အားကောင်း လာခဲ့သည်။ ထိုအားကောင်းလာသောပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၅ခုနှစ်တွင် ရေ/သန့်လုပ်ငန်းစုအဖွဲ့ခွဲများနှင့် ကျေးလက်ဖွံ့ဖြိုးမှုဌာနတို့ မြစ်ကြီးနားနှင့် ဗန်းမော်တွင် ပူးပေါင်းဦးစီးဦးဆောင်ပြုမှုများကို ဖြစ်ထွန်းစေမည်ဖြစ်သည်။ ထိုပူးပေါင်း ဦးစီးဦးဆောင်ပြုမှုများတွင် လုပ်ငန်းစဉ်ပူးတွဲပြင်ဆင်ခြင်း၊ ပူးတွဲပံ့ပိုးပေးခြင်းများနှင့် အစည်းအဝေးမှတ်တမ်းများ ပူးတွဲတင်ပြခြင်း တို့ပါဝင်သည်။

ရေ/သန့်လုပ်ငန်းစုအဖွဲ့နှင့် ကျေးလက်ဖွံ့ဖြိုးမှုဌာနတို့ ပူးတွဲဦးစီးဦးဆောင်ပြုမှုသည် လူအများကို နိုင်ငံအအဆင့်နှင့်နိုင်ငံတကာ အဆင့် လူသားချင်းစာနာမှုစံနှုန်းများနှင့်အညီဖြစ်သော ရေ/သန့်လုပ်ငန်းဆိုင်ရာတုံ့ပြန်မှုများကို အရေးပေါ်ကာလနှင့် အရေးပေါ်ကာလလွန်အချိန်များတွင် ဆောင်ရွက်နိုင်စေရန် ဒေသတွင်း ရေ/သန့်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်နိုင်စွမ်းကိုမြှင့်တင် နိုင်ရန်အတွက် နည်းစနစ်ပိုင်းအခက်အခဲများကို စုဆောင်းကိုင်တွယ်ရန် အခွင့်အရေးတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။ ၎င်းသည် အခြား ရေ/သန့်နှင့်ဆက်နွယ်သောအာဏာပိုင်အဖွဲ့များနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရေ/သန့်လုပ်ငန်းဆောင်ရွက်သူများ အကြားတွင် အချိတ်အဆက်ရှိစေခြင်းဖြင့် အရေးပေါ်ရေ/သန့် ဆိုင်ရာအရေးကိစ္စရပ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပိုမိုကောင်းမွန်သောချိတ်ဆက်မှုတစ်ခုကိုလည်း တိုးတက်ပေါ်ပေါက် လာစေမည်ဖြစ်သည်။

ထိုကဲ့သို့ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ပူးတွဲဦးစီးဦးဆောင်ပြုမှုအပြင် ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချ ထားရေး
ဌာန၊ ကျန်းမာရေးဌာန နှင့် မြို့နယ်ဖွံ့ဖြိုးရေးကောင်စီ တို့ကဲ့သို့သောအခြားအာဏာပိုင်အဖွဲ့ အစည်းများသည်လည်း
ရေ/သန့် လုပ်ငန်းစုအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် ရေ/သန့်လုပ်ငန်းစု အဖွဲ့အစည်းအဝေးနှင့်
နည်းစနစ်ပိုင်းလုပ်ဆောင်မှု အဖွဲ့များ တို့ကို ပုံမှန်တက်ရောက်လေ့ရှိပြီး ရေ/သန့်
လုပ်ငန်းစုအဖွဲ့၏အစည်းအဝေးအစီရင်ခံစာများကိုလည်း ထိုအာဏာပိုင်အဖွဲ့များထံ ပေးပို့သည်။
ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် ၂၀၁၅ ခုနှစ်တွင် ရေ/သန့်လုပ်ငန်းဆိုင်ရာအာဏာပိုင် အဖွဲ့များအားလုံးနှင့်
ပူးပေါင်းဆောင်ရွက်ပြီး အလုံးစုံရေ/သန့်လုပ်ငန်းဆိုင်ရာတုံ့ပြန်မှုများကို သင့်မြတ်အောင်မြင်အောင် ဆောင်ရွက်
နိုင်ရေးအတွက် ရည်ရွယ်အားထုတ်သွားမည်ဖြစ်သည်။

## အစိုးရမဟုတ်သောအာဏာပိုင်များနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

အစိုးရထိန်းချုပ်မှုအောက်တွင်မရှိသောနယ်မြေများတွင် အစိုးရမဟုတ်သောအာဏာပိုင်အဖွဲ့များနှင့်
ပူးပေါင်းဆောင်ရွက်ခြင်း ကို ရွှေ့ပြောင်းအခြေချခံရသူများနှင့်ဒုက္ခသည်များ
ကယ်ဆယ်ရေးကော်မတီကတာဝန်ယူဆောင်ရွက်ပြီး အဓိကအားဖြင့် အခြားရွေးချယ်ရန်နည်းလမ်းမရှိတော့ဘဲ
နယ်စပ်ဖြတ်ကျော်အဖွဲ့များကိုစေလွှတ်ဆောင်ရွက်သည့်အချိန်တွင် တာဝန် ယူသည်။
အစိုးရထိန်းချုပ်မှုလက်လှမ်းမမီသောဒေသများမှာ ကန့်သတ်ထားသ၍
အစိုးရမဟုတ်သောအာဏာပိုင်အဖွဲ့အစည်းများနှင့်
ပုံမှန်ပူးပေါင်းဆောင်ရွက်မှုတည်ဆောက်ရန်မှာစိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်ရှိနေဦးမည်ဖြစ်သည်။

## *လုံလောက်သောသောက်ရေ၊သုံးရေပမာဏ ရေရှည်ညီညီမျှမျှရရှိရေး*


### ဘေးကင်းသောရေအရည်အသွေးရရှိမှု


အကောင်ဆုံး ရေပမာဏလွှမ်းခြုံနိုင်မှုအပြင် ဘေးကင်းသောအရည်အသွေးကောင်းမွန်သည့်ရေကို
ရွှေ့ပြောင်းအခြေချခံရသူ များထံ ပေးဝေနိုင်ရေးမှာလည်း ကချင်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတွင်
အခက်အခဲတစ်ရပ်ဖြစ်နေဆဲ ဖြစ်သည်။

၂၀၁၄ ခုနှစ် ဩဂုတ်လ မှ ဒီဇင်ဘာလအထိ ရွှေ့ပြောင်းအခြေချစခန်း ၉၅ ခုတွင် ရေ/သန့်လုပ်ငန်းစုအဖွဲ့
အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် ပြုလုပ်ခဲ့သော စောင့်ကြည့်ထိန်းကျောင်းရေ့ပြေးစမ်းသပ်အစီအစဉ်တစ်ခုအရ
လက်ယက်တွင်း ၃၃ ရာခိုင်နှုန်း နှင့် ရေလှောင်ကန် ၂၇ ရာခိုင်နှုန်းတို့မှာ
ရာသီအလိုက်ရေပြတ်တောက်မှုဖြစ်လွယ်ကြောင်း တွေ့ရှိခဲ့ရသည်။ ကချင်ပြည်နယ် ဒေသအချို့၊ အထူးသဖြင့်
ဖားကန့်ဒေသ သည် ခြောက်သွေ့သောရာသီတွင် ရေပြတ်လပ်လေ့ရှိသည်။ မြင့်မားသောတောင်
ပေါ်ဒေသတွင်ရှိသည့် ရွှေ့ပြောင်းအခြေချစခန်းတစ်ခုမှာလည်း အေးလွန်းပြီးရေခဲမှုကြောင့် ရေပြတ်လပ်မှုနှင့်
ကြုံတွေ့ရသည်။ ယင်းကဲ့သို့ ရေပြတ်လပ်မှုဖြစ်ပေါ်နိုင်ချေများက ရေသယ်ပို့ပေးခြင်းကဲ့သို့သော အရေးပေါ်
ရေအခက်အခဲ ဖြေရှင်းနည်းများ စီစဉ်ထားရှိရန် ညွှန်ပြလျှက်ရှိသည်။

မိုးရေခံခြင်းစနစ်ကိုလည်း အချို့ရွှေ့ပြောင်းအခြေချစခန်းများတွင် ရေရရှိမှုသေချာစေရေးအတွက်
အခြားရေအရင်းအမြစ် တစ်ခု အဖြစ်တပ်ဆင်ထားလေ့ရှိသည်။ ၂၀၁၄ ခုနှစ် 4W အချက်အလက်များအရ
ရွှေ့ပြောင်းအခြေချခံရသူဦးရေ၏ ၁၄ ရာခိုင်နှုန်းမှာ မိုးရေခံစနစ်မှရေရှိမည်ဖြစ်သည်။
၎င်းတို့၏လက်ခံရရှိမှုနှင့်ဆက်နွယ်ပတ်သတ်မှုမှာမူ ရွှေ့ပြောင်းအခြေချခံရသူ ဦးရေပေါ်မူတည်၍
အမျိုးမျိုးကွဲပြားသည်။ ရွှေ့ပြောင်းအခြေချစခန်း ၆ ခုတွင်ပြုလုပ်သော အသိဉာဏ်၊ခံယူချက်နှင့် လိုက်နာ လုပ်ဆောင်မှု


စစ်တမ်းတစ်ရပ်အရ အစိုးရထိန်းချုပ်မှုအောက်ရှိနယ်မြေများမှ ရွှေ့ပြောင်းအခြေချခံရသူများထဲတွင် မိုးရေစနစ် အသုံးပြုသူမှာ ၈၄ ရာခိုင်နှုန်းအထိရှိပြီး အစိုးရထိန်းချုပ်မှုပြင်ပရှိနယ်မြေများတွင်မူ ၃၃ ရာခိုင်နှုန်းသာ ရှိသည်ကို တွေ့ရသည်။ အောက်ပါဂရပ်သည် ထိုအသိဉာဏ်၊ခံယူချက်နှင့် လိုက်နာ လုပ်ဆောင်မှု စစ်တမ်း မှတဆင့် ရေးဆွဲထားခြင်းဖြစ်ပြီး ရွှေ့ပြောင်းအခြေချခံရသူများ၏ မိုးရေအသုံးပြုမှုကို ပြသသည်။






ထို့ပြင် စောင့်ကြည့်စစ်ဆေးခံ ရေ/သန့်ဆိုင်ရာပစ္စည်းများမှာ အနည်းငယ်၊ သို့မဟုတ် ဆိုးရွားစွာ နောက်ကျိုလွယ်တတ်သည် ကိုလည်းတွေ့ရသည်။ ထိုစောင့်ကြည့်စစ်ဆေးမှုအရ လူဦးရေ ထူထပ်သောကချင်နှင့် ရှမ်းမြောက်ပိုင်းရှိ ဒုက္ခသည် စခန်းများတွင် ရေသိုလှောင်ရာနေရာအများစုမှာ ကျန်းမာရေးအတွက်အန္တရာယ်ကြီးကြီးမားမား ရှိနိုင်သည့် အညစ် အကြေးများ ရေအတွင်းသို့ဝင်ရောက်ခြင်းမဖြစ်ပေါ်စေရန် အကာအကွယ်ပြုလုပ်ထားခြင်း မရှိကြောင်းတွေ့ရသည်။

တိမ်သောမြေအောက်ရေတွင် သံဓါတ်ပမာဏမြင့်မားစွာပါဝင်နေခြင်းကို ရွှေ့ပြောင်းအခြေချသူများ၏ ပြောကြားချက်အရ သိရပြီး အချို့ရွှေ့ပြောင်းအခြေချစခန်းများတွင် လေ့လာမှုများပြုလုပ်ခဲ့သည်။ စစ်ဆေးအကဲဖြတ်ရခြင်းမရှိသေးသော်လည်း တရုတ်နိုင်ငံနှင့်နယ်စပ်တွင် စိုက်ပျိုးရေးသုံးဓါတုပစ္စည်းများအသုံးပြုလျှက်ရှိခြင်း၊ ရွှေတူးဖော်ရေးလုပ်ငန်းများတွင် ရွှေထုတ်ယူ ရန်အတွက် ပြဒါးကို အသုံးပြုနေခြင်းတို့က ယင်းဒေသဂန်းကျင်တွင်နေထိုင်သူများအတွက် သဘာဂပတ်ဂန်းကျင်နှင့် ကျန်းမာရေးအန္တရာယ်များမြင့်တက်စေဖွယ်ရှိနေသည်။



ဒုက္ခသည်စခန်း ၉၁ ခုမှ ရွှေ့ပြောင်းအခြေချခံရသူ ၄၁၀ ဦးနှင့် ၂၀၁၄ ခုနှစ် ဒုတိယနှစ်ဝက်အတွင်းတွင် တွေ့ဆုံမေးမြန်း ထားသည့် စောင့်ကြည့်ထိန်းကျောင်းမှု တစ်ရပ် အရ မေးမြန်းခံရသူများ၏ ၉၃ ရာခိုင်နှုန်းသည် ရေကို သောက်ရန်အတွက်အသုံးပြုကြောင်းတွေ့ရှိရသည်။ အောက်ပါဂရပ်တွင် သောက်ရေရရန်အတွက်ပြုမှုပုံအမျိုးမျိုးကို ဖော်ပြ ထားသည်။ ကျိုချက်ခြင်း နှင့် စစ်ခြင်းမှာ အိမ်တွင် အဓိကအသုံးပြုသည့်နည်းလမ်းများဖြစ်ကြသည်။ ယင်းရေသန့်စင်သည့် နည်းလမ်းနှစ်ခုမှာ ထိုစောင့်ကြည့်ထိန်းကျောင်းမှာပင် လေ့လာတွေ့ရှိထားသည့် အလွန်နောက်ကျိသည့်ရေများနှင့် ကိုက်ညီ မှုရှိသည်။ သီးခြားရေစစ်ရန်ကိရိယာမရှိသည့်မိသားစုများကြားတွင် အဝတ်စများသုံး၍ရေစစ်ခြင်းနည်းလမ်းကို တွင်တွင်ကျယ် ကျယ်အသုံးပြုလျှက်ရှိသည်။




ရေအရည်အသွေးစိတ်ချရမှုရှိစေရန် နှင့် ရေရယူရာနေရာများ သန့်ရှင်းမှုရှိစေရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး မြှင့်တင်မှု လုပ်ဆောင်ချက်များတွင်ပါရှိလျှက်ရှိသည့် မြေရေစစ်များကို အိမ်ထောင်စုများထံ ဖြန့်ဝေပေးခြင်းလုပ်ငန်းကို ရေ/သန့်လုပ်ငန်းကိုယ်စားလှယ်အဖွဲ့အချို့ကတာဝန်ယူဆောင်ရွက်လျှက်ရှိသည်။

## ၂၀၁၅ ခုနှစ်တွင် လုပ်ဆောင်သင့်သည့် လုပ်ငန်းများ

ရေရှည်ရရှိနိုင်မှုနှင့် ရေအရည်အသွေးပိုင်းဆိုင်ရာ အလုံးစုံတိုးတက်လာစေရန်အတွက် ရေထောက်ပံ့မှုပစ္စည်းများကို နည်းစနစ်ပိုင်းအဆင့်မြှင့်တင်ခြင်းကို သင့်လျော်သော အကောင်အထည် ဖော်မှုနှင့်ထိန်းသိမ်းမှု လုပ်ငန်းဆောင်တာများနှင့် ပေါင်းစပ်လုပ်ဆောင်ရန်မှာလည်း အရေးပါသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။ လက်နှိပ်တုံကင်များအတွက် ကွန်ကရစ်အကာ များ ပြုလုပ်ပေးခြင်း၊ လက်ယပ်တွင်းများအတွက် အဖုံးနှင့်သင့်လျော်မည့်ဘေးဘောင်များပြုလုပ်ပေးခြင်း၊ ရေလှောင်ကန်များ တွင် အဖုံးများထားရှိပေးခြင်း၊ ရေနုတ်မြောင်းများဖောက်လုပ်ပေးခြင်း၊ ရေရရှိရာနေရာများသို့ အညစ်အကြေးများ မဝင်ရောက် အောင်ကာကွယ်ပေးခြင်း၊ ရေနောက်ကျိသည့်နေရာများတွင် ရေစစ်နှင့်အနည်ထိုင်စေသည့်စနစ်များတပ်ဆင်ပေးခြင်း၊ တွင်းတူးခြင်းနှင့် တည်ဆောက်ရေးဆိုင်ရာနည်းစနစ်များတိုးတက်အောင်ပြုလုပ်ခြင်း တို့ကဲ့သို့သော ကြားဝင်ဆောင်ရွက်ပေးမှု အားလုံးသည် ရေ/သန့်လုပ်ငန်းစုအဖွဲ့ဝန်ထမ်းများကြားတွင် တိုးတက်ဖြစ်ပေါ်လာရမည့် နည်းစနစ်ပိုင်းဆိုင်ရာအရည်အသွေး များဖြစ်သည်။

အချို့ရေအရည်အသွေးစစ်ဆေးမှုများကို ရေ/သန့်လုပ်ငန်းကိုယ်စားလှယ်အဖွဲ့များက လုပ်ဆောင်ခြင်းဖြစ်သော်လည်း ရွှေ့ပြောင်းအခြေချခံရသူများကို ထောက်ပံ့သည့် ရေအတွင်းဗက်တီးရီးယားပိုးပါဝင်မှုကို စစ်ဆေးခြင်းလုပ်ငန်းကိုမူ လုပ်ငန်းစု အဖွဲ့အဆင့်ဖြင့် စနစ်တကျတာဝန်ယူဆောင်ရွက်မှုမျိုးမရှိသေးချေ။ ၂၀၁၄ ခုနှစ်အတွင်းက ဒေသခံရေ/သန့် လုပ်ငန်းလုပ်ဆောင်သူများကို သင်ကြားလေ့ကျင့်ပေးခဲ့သည့် ရေအရည်အသွေးစစ်ဆေးမှုသင်တန်းများနှင့် လက်ရှိ

လုပ်ဆောင်ဆဲ ဖြစ်သော ရေ/သန့်လုပ်ငန်းကိုယ်စားလှယ်အဖွဲ့များ၏ ရေအရည်အသွေးစစ်ဆေးမှုကိရိယာများဝယ်ယူမှု လုပ်ငန်း တို့မှတဆင့် ၂၀၁၅ ခုနှစ်တွင် ရေအရည်အသွေးစောင့်ကြည့်ထိန်းကျောင်းမှုနည်းလမ်းများပိုမိုတိုးတက်လာ ကာရေ/သန့် လုပ်ငန်းစုအဖွဲ့၏ ပင်မအလုံးစုံစောင့်ကြည့်ထိန်းကျောင်းမှုတွင် ပါဝင်လာစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

ကချင်ပြည်နယ်အရေးတွင် သင့်လျော်သောအိမ်သုံးရေသန့်စနစ် တွင်ကျယ်လာအောင်လုပ်ဆောင်သင့်ပြီး ယင်းစနစ်၏ ထိရောက်အကျိုးရှိမှုကိုလည်း စောင့်ကြည့်ထိန်းကျောင်းရမည်ဖြစ်သည်။

ကြိုတင်ကာကွယ်မှုများ၊ ပြီးမြောက်အောင် ဆောင်ရွက်ရမည့်ပြုပြင်တည့်မတ်ပေးမှုနည်းလမ်းများနှင့် ရေကြောင့် ဖြစ်ပွားနိုင်သောအဓိကကျန်းမာရေးအန္တရာယ်များကိုဖော်ထုတ်အတည်ပြုခြင်းတို့အပါအဝင် ရေအတွက် စိတ်ချရစေရေး အခြေခံ အစီအမံများကို ရွှေ့ပြောင်းအခြေချစခန်းအဆင့်တွင် ချမှတ်ထားသင့်သည်။


## ဘေးအန္တရာယ်ကင်းရှင်းပြီးရေရှည်သန့်ရှင်းရေးအခွင့်အလမ်းများအညီအမျှရရှိစေရန်နှင့် ညစ်ညမ်းမှုကင်းမဲ့သောပတ်ဝန်းကျင်တွင် နေထိုင်နိုင် စေရေး


### သန့်ရှင်းရေးဆိုင်ရာအထောက်အကူပစ္စည်းများအဆင့်မြင့်တင်ရေး

ယာယီအသုံးပြုနိုင်သည့်အိမ်သာများလွှမ်းခြုံနိုင်မှုမှာ ၂၀၁၃-ခုနှစ် ဒီဇင်ဘာလအတွင်းက ၃၆-ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၁၄-ခုနှစ် ဒီဇင်ဘာလတွင် ၅၁-ရာခိုင်နှုန်းအထိ တိုးမြင့်လာခဲ့ကြောင်း ကချင်နှင့်ရှမ်းပြည်မြောက်ပိုင်းဒေသများရှိ ဒုက္ခသည်စခန်းများ၏ မှတ်တမ်းများအရ တွေ့မြင်နိုင်သည်။ ယာယီအသုံးပြုနိုင်သည့် အိမ်သာဦးရေပေါင်း ၂၃၀၀-ကျော်မှာ လတ်တလောအသုံးပြုလျက်ရှိသည်။ ယင်းကဲ့သို့ ယာယီသုံးအိမ်သာလွှမ်းခြုံနိုင်မှုတိုးတက်မှုနှင့်အတူ ရွှေ့ပြောင်းအခြေချစခန်းများတွင် ကူးစက်ရောဂါပျံ့ပွားခြင်းကိုကာကွယ်ရန်နှင့် ပိုမိုကောင်းမွန်သောလူနေမှုပတ်ဝန်းကျင်ပေါ်ပေါက်စေရေး အတွက် အိမ်သာများဖယ်ရှားသည့်လုပ်ဆောင်ချက်များကိုလည်း ဆောင်ရွက်ခဲ့သည်။

အိမ်သာများကို များသောအားဖြင့် အိမ်ထောင်စုများကြားမျှဝေသုံးစွဲလေ့ရှိပြီး ပုံမှန်အားဖြင့် အိမ်သာတစ်လုံးလျှင် မိသားစု ၅ စု ထိသာသုံးစွဲရမည်ဖြစ်သည်။ ထိုကဲ့သို့မိသားစုများကြား အိမ်သာမျှဝေသုံးစွဲရာတွင် အိမ်သာများကို အနည်းဆုံး ကျား၊မ ခွဲခြား ထားရမည်။ အိမ်သာသုံးစွဲမှုနှင့်ပတ်သတ်ပြီး နောက်ထပ်ချမှတ်ထားလေ့ရှိသည့် အစီအမံတစ်ခုမှာ ယာယီတဲအလိုက်၊ သို့မဟုတ် လူတစ်ဦးတစ်ယောက်စီမံခန့်ခွဲမှုအောက်ရှိ လူစုအလိုက် အိမ်သာများခွဲခြား ထားရှိပေးထားခြင်း ဖြစ်သည်။

ယာယီသုံးအိမ်သာလွှမ်းခြုံနိုင်မှုမြင့်တက်လာခြင်းက အိမ်သာများ၏အဘက်ဘက်သန့်ရှင်းမှုကိုပါတိုးတက်စေသည်။ အောက်ပါဂရပ်သည် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လမှ ဒီဇင်ဘာလအတွင်း အစိုးရထိန်းချုပ်မှုအောက်ရှိဒေသများမှ ရေ/သန့်လုပ်ငန်းစုအဖွဲ့ စောင့်ကြည့်တာဝန်ယူဆောင်ရွက်လျက်ရှိသော ရွှေ့ပြောင်း အခြေချစခန်း ၈၁ ခု၏ အချက်အလက် များ အရရေးဆွဲထားခြင်းဖြစ်ပြီး အိမ်သာဒီဇိုင်းပေါ်မူတည်၍ ယင်ကောင်အနည်းအများ နှင့် အညစ်အကြေးများစနစ်တကျ စွန့် ထုတ်နိုင်ခြင်း ရှိ၊မရှိ တို့ကိုဖော်ပြသည်။ ယာယီသုံးအိမ်သာများ၏ဒီဇိုင်းများက ယင်ကောင်များကို သိသိသာသာလျှော့ချနိုင် ပြီး အညစ်အကြေးစွန့်ထုတ်မှုကိုလည်း ပိုမိုကောင်းမွန်စေသည်။




အိမ်သာများကိုအသုံးပြုသူများက ၎င်းတို့ဘာသာသန့်ရှင်းရေးပြုလုပ်ရမည်ဖြစ်သည်။ အိမ်သာများကို ပုံမှန်အားဖြင့် သော့ခတ်ထားရမည်ဖြစ်ပြီး သော့ကိုဝေမျှသုံးစွဲသူများကြားမျှဝေထားရမည်ဖြစ်ကာ ယင်းမျှဝေသုံးစွဲသူများအနေဖြင့် အလုံးစုံ ထိန်းသိမ်းစောင့်ရှောက်မှုကို တာဝန်ယူရမည်ဖြစ်သည်။

ဒုက္ခိတများအသုံးပြုနိုင်သည့်အိမ်သာများကို လိုအပ်ပါက ဖြည့်ဆည်းပေးနိုင်ရန်နှင့် စာသင်ကျောင်းများ၊ ယာယီစာသင်ကြား ရာနေရာများနှင့် ကလေးများစုဝေးတတ်သည့်နေရာများတွင် ကလေးများအသုံးပြုရလွယ်ကူသည့် အိမ်သာများတည်ဆောက် ပေးနိုင်ရန် ရေ/သန့်လုပ်ငန်းစုအဖွဲ့ အဖွဲ့ဝင်များက တာဝန်ယူဆောင်ရွက်ရသည်။

လူဦးရေထူထပ်သော ရွှေ့ပြောင်းအခြေချစခန်းများတွင် နေရာလွတ်မရှိခြင်းနှင့် ပိုင်ဆိုင်မှုအရမြေနေရာချဲ့ထွင်နိုင်မှု နည်းပါး ခြင်း၊ သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာအတားအဆီး( ကျောက်သားမြေအမျိုးအစား) တို့မှာ ကချင်နှင့် ရှမ်းမြောက်တွင် ယာယီသုံးအိမ်သာလွှမ်းခြုံနိုင်မှုတိုးတက်ရေးကို တားဆီးနေသည့် အချက်များဖြစ်သည်။ ၂၀၁၃ ခုနှစ်နှစ်ကုန်တွင် ကချင်နှင့် ရှမ်းမြောက်တွင် ရေဆိုးခွဲဝေထုတ်သန့်စင်စနစ်အသုံးပြုလာစေရန်ဆောင်ရွက်သင့်မသင့်ကို မြစ်ကြီးနားမြို့တွင် စစ်တမ်းငယ် တစ်ခု ကောက်ယူခဲ့သည်။ ထိုစစ်တမ်းအရ ရေရှည်အတည်တကျတည်ရှိမည့် စာသင်ကျောင်းများတွင် ရေဆိုးခွဲဝေထုတ် သန့်စင်စနစ်ကို ထားရှိပေးသင့်ကြောင်းနှင့် ယင်းစနစ်အသုံးပြုရန်အတွက် ရင်းနှီးမြုပ်နှံသင့်ကြောင်း တွေ့ရှိခဲ့ရသည်။

မိလ္လာစနစ်ဆိုင်ရာအခြေခံအဆောက်အဦများကို ယာယီသုံးအဆင့်သို့အဆင့်မြှင့်တင်ပေးခြင်းက ရွှေ့ပြောင်းအခြေခံရသူများ ၏ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း၊ ရောဂါပိုးကူးစက်ပျံ့ပွားနိုင်ချေကိုလျှော့ချနိုင်ခြင်းနှင့် ၎င်းတို့ကိုယခင်ထက် အသက်ရှည်စေခြင်းတို့ဖြစ်ပေါ်စေရန် အထောက်အကူပြုခဲ့ပြီး ပြောင်းလဲတိုးတက်မှုဖြစ်စဉ်အတွက်အဖြေရှာရာတွင်လည်း အထောက်အပံ့ဖြစ်ခဲ့သည်။ အရေးပေါ်သုံးအိမ်သာများမှာ ပြည့်သွားလျှင်ဆက်လက်အသုံးမပြုနိုင်တော့သော်လည်း ယာယီ သုံးအိမ်သာများမှာမူ အနည်အနှစ်ကျခြင်းလုပ်ဆောင်ချက်အတွက် လိုအပ်ချက်အသစ်များကိုဖြည့်ဆည်းနိုင်ရန်တည်ဆောက် ထားခြင်းဖြစ်သဖြင့် ဆက်လက်အသုံးပြုနိုင်မည်ဖြစ်သည်။ ကချင်ပြည်နယ်တွင် သင့်လျော်သောအနည်အနှစ်စွန့်ပစ်ရာနေရာ မရှိခြင်းက အနီးဝန်းကျင်ရှိ လူ့အဖွဲ့အစည်းများကို သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာဘေးအန္တရာယ်များ ပေါ်ပေါက်စေနိုင်သည်။

<u>မိလ္လာအနည်အနှစ်များဖယ်ရှားခြင်း</u>

ပုံမှန်ပုဂ္ဂလိကကဏ္ဍဝန်ဆောင်မှုမရှိခြင်းနှင့် စည်ပင်သာယာဆိုင်ရာလုပ်ဆောင်မှုများနိမ့်ကျခြင်းတို့ကြောင့် ကချင်နှင့် ရှမ်းမြောက်တွင် မိလ္လာအနည်အနှစ်များဖယ်ရှားရန်မှာ အခက်အခဲတစ်ရပ်ဖြစ်လျက်ရှိသည်။ မိလ္လာအနည်အနှစ်များဖယ်ရှား ရန် ကုန်ကျစရိတ်ကြီးမြင့်ခြင်းကြောင့် ရွှေ့ပြောင်းအခြေချခံရသူအများစုမှာ အိမ်သာများမှမိလ္လာအနည်အနှစ်များဖယ်ရှားခြင်း ကို မလုပ်ဆောင်နိုင်ကြသဖြင့် ဖယ်ရှားရန်လိုအပ်နေသော

အရေးပေါ် သုံးအိမ်သာများမှာ အသုံးမဝင်ဖြစ်ကုန်လျှက်ရှိသည်။ လက်ရှိအချိန်တွင် ထိုကုန်ကျစရိတ်ကို အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ယင်းကုန်ကျစရိတ်ကိုတတ်နိုင်သည့် ရှားရှားပါးပါးရွှေ့ပြောင်းအခြေချခံရသူအနည်းငယ်တို့ကိုယ်တိုင်က စိုက်ထုတ်ထောက်ပံ့ လျှက်ရှိသည်။ မြစ်ကြီးနားမြို့နယ်ဖွံ့ဖြိုးရေးကောင်စီတွင်ရော ဗန်းမော်မြို့နယ်ဖွံ့ဖြိုးရေးကောင်စီတွင်ပါ မိလ္လာထရပ်ကားတစ်စီးစီ ရှိကြသည်။ ထို့အတူ လိုင်ဇာစည်ပင်သာယာအဖွဲ့တွင် မိလ္လာထရပ်ကားတစ်စီးရှိသည်။

မြို့နယ်ဖွံ့ဖြိုးရေးကောင်စီ၏ မိလ္လာအနည်အနှစ်ဖယ်ရှားရေးလုပ်ဆောင်နိုင်စွမ်းမှာ အကန့်အသတ်ရှိလျှက်ရှိရာ ၎င်း၏လုပ် ဆောင်နိုင်စွမ်းပေါ် မူတည်၍ မြို့နယ်ဖွံ့ဖြိုးရေးကောင်စီသည် ပုဂ္ဂလိကမိလ္လာအဖွဲ့များနှင့်ဆက်သွယ်ခြင်း၊ မိလ္လာကားထောက်ပံ့ ပေးခြင်း၊ မိလ္လာအနည်အနှစ်တည်နေရာသတ်မှတ်ဖော်ထုတ်ပေးခြင်းစသည့် မိလ္လာအနည်အနှစ်ဖယ်ရှားခြင်းဆိုင်ရာ လုပ်ငန်း များပူးပေါင်းဆောင်ရွက်မှုကို ကြီးကြပ်ပေးပြီး ၎င်း၏လုပ်ဆောင်နိုင်စွမ်းကိုကျော်လွန်သောအခြားနေရာများတွင်မူ တည်နေရာ သတ်မှတ်ဖော်ထုတ်ပေးရန်၊ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍကလုပ်ကိုင်စေရေးညွှန်ကြားရန် အကန့်အသတ်ရှိနေနိုင်သည်။

ရွှေ့ပြောင်းအခြေချစခန်းများတွင် မိလ္လာအနည်အနှစ်ဖယ်ရှားခြင်းကို နည်းလမ်း ၃ မျိုးဖြင့်လုပ်ဆောင်လျှက်ရှိသည်။ ၎င်းတို့မှာ -

(၁) မိလ္လာကန်ရရှိနိုင်သည့်အခါမျိုးတွင် မြို့နယ်ဖွံ့ဖြိုးရေးကောင်စီ၏ မိလ္လာထရပ်ကားကို အသုံးပြုခြင်း။ မိလ္လာကားကို အသုံးပြု၍ မိလ္လာအနည်အနှစ်များဖယ်ရှားရာတွင် နည်းစနစ်ပိုင်းအကန့်အသတ်ရှိမှု (ကျင်းအတွင်း အစိုင်အခဲများရှိနေခြင်း) အပေါ် မူတည်၍ လူအားဖြင့်လုပ်ဆောင်ရ ခြင်းများလည်းရှိနိုင်သည်။ ကချင်ပြည်နယ်တွင် မိလ္လာအနည်အနှစ်စွန့်ပစ်ရန် သတ်မှတ်ထားသော၊ သင့်လျော်သောနေရာမရှိဘဲ အမှိုက်ပုံများ၊ သို့မဟုတ် အခြားအဆင်ပြေရာနေရာများတွင်သာ စွန့်ပစ်လျှက်ရှိရာ ရေနှင့်မြေအရင်းအမြစ်များညစ်ညမ်းမှုဖြစ်ပေါ် စေရန် ဦးတည်လျှက်ရှိသည်။

(၂)မိလ္လာကန်၊ သို့မဟုတ်မိလ္လာကား မရရှိနိုင်သောအခါတွင် လူအားဖြင့် မိလ္လာအနည်အနှစ်ဖယ်ရှားခြင်း။ လူအားဖြင့် မိလ္လာအနည်အနှစ် ဖယ် ရှားခြင်းကို ပုဂ္ဂလိကမိလ္လာကျင်းတူးအဖွဲ့ဖြင့်လုပ်ဆောင်သလို ရွှေ့ပြောင်းအခြေချခံရသူများကိုယ် တိုင်လည်းလုပ်ဆောင်သည်။ လူအားဖြင့်မိလ္လာအနည်အနှစ်ဖယ်ရှားခြင်းမှာ လုပ်ကိုင်သူများအနေဖြင့် သင့်လျော်သော ကိရိယာများ အသုံးမပြုနိုင်ပါက ၎င်းတို့အတွက်အလွန်အန္တရာယ်များလှသည်။ အညစ်အကြေးများကို ပြည့်သွားသောကျင်းဘေးတွင် ကျင်းအသစ်တူး၍လောင်းထည့်ခြင်းဖြင့်သော်လည်းကောင်း၊ မိလ္လာကားထဲသို့ သယ်ပို့ခြင်းဖြင့် သော်လည်းကောင် ဖယ်ရှားသည်။

(၃) ပြည့်သွားသောအိမ်သာကိုစွန့်ပစ်၍ အသစ်တစ်လုံးတည်ဆောက်ခြင်း ။ ဤနည်းလမ်းသည် နေရာလွတ်ရရှိရန် အကန့်အသတ်ရှိနေသောအချိန်တွင် အခက်အခဲနှင့်ရင်ဆိုင်ရသည်။

သင့်လျော်သောမိလ္လာအနည်အနှစ်ဖယ်ရှားခြင်းနည်းလမ်းအတွက်သုတေသနလုပ်ငန်းမှာ ၂၀၁၄ ခုနှစ်အတွင်း ရေ/သန့် လုပ်ငန်းစုအဖွဲ့၏ ကြိုးပမ်းအားထုတ်မှုများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ခဲ့ပြီး သီးခြားအထူးပြု နည်းစနစ်ပိုင်းလုပ်ငန်းအဖွဲ့ တစ်ခု၏ သိသာထင်ရှားသောတိုးတက်မှုများလည်း ရရှိခဲ့သည်။ ယင်းနည်းစနစ်ပိုင်းလုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်များသည် မိလ္လာအနည်အနှစ်ဖယ်ရှားခြင်းလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်များနှင့် အတားအဆီးများကို ရှာဖွေဖော်ထုတ်ရန်ရည် ရွယ်သော အကဲဖြတ်ချက်တစ်ရပ်ပေါ် ပေါက်အောင်လုပ်ဆောင်နိုင်ခဲ့သည်။ ယင်းအကဲဖြတ်ချက်အရ အညစ်အကြေးများကို မူလနေရာမှာပင်စွန့်ပစ်ခြင်းမှာ မြေနေရာအခက်အခဲနှင့် လူမှုထုံးတမ်းဓလေ့အတားအဆီးများကြောင့် ရွေးချယ်သင့်သော နည်းလမ်းမဟုတ်ကြောင်းတွေ့ရှိခဲ့ရသည်။ ထို့ပြင်

စံနှုန်းမီမိလ္လာအနည်အနစ်ဖယ်ရှားခြင်းလုပ်ငန်းစဉ်များကို ရွှေ့ပြောင်းအခြေ ချသူများကို စနစ်တကျလေ့ကျင့်သင်ကြားပေးပါက မိလ္လာအနည်အနစ်ဖယ်ရှားခြင်းလုပ်ငန်းသည် ရွှေ့ပြောင်းအခြေချသူများ အတွက် ဝင်ငွေရလမ်းတစ်ရပ်ဖြစ်လာနိုင်ကြောင်းကိုပါ ယင်းအကဲဖြတ်ချက်အရ သုံးသပ်နိုင်ခဲ့သည်။

<u>၂၀၁၅ ခုနှစ်ရည်မှန်းချက်များ</u>

(၁)မိလ္လာအနည်အနစ်ဖယ်ရှားခြင်းဆိုင်ရာအခက်အခဲများကို ဒေသတွင်းအာဏာပိုင်များ၊ ဖွံ့ဖြိုးတိုးတက်ရေးလက်တွဲ လုပ်ဆောင်နေသူများပါဝင်လျှက်ရှိသည့် ရေဆိုးထုတ်စနစ်တစ်ရပ်လုံး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်နှင့် အရေးပေါ် အခြေအနေအနေအရရော ဖွံ့ဖြိုးတိုးတက်မှု ရှုထောင့်မှပါ ကိုင်တွယ်ဖြေရှင်းရန်
(၂) ၂၀၁၅ ခုနှစ်အတွင်း မိလ္လာအနည်အနစ်ဖယ်ရှားခြင်းလုပ်ဆောင်ချက်များ အဆင့်မြင့်တက်လာရန်နှင့် လွယ်ကူချောမောလာစေရန် ဒေသတွင်းအာဏာပိုင်များနှင့် ပူးပေါင်းပြီး အညစ်အကြေးစွန့်ပစ်ရန်နေရာများ ဖော်ထုတ်နိုင်ရေးလေ့လာရန်
(၃) မိလ္လာအနည်အနစ်ဖယ်ရှားခြင်းနှင့် စွန့်ပစ်ခြင်းဆိုင်ရာလိုအပ်ချက်များကို စောင့်ကြည့်ကြပ်မတ်ရန်
(၄)လိုအပ်လာသည့်အချိန်တွင် မိလ္လာအနည်အနစ်များအချိန်မီဖယ်ရှားနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ (ရွှေ့ပြောင်းအခြေချခံရသူများ၊ CCCM ၊ အစိုးရမဟုတ်သောအဖွဲ့များ၊ အစိုးရအာဏာပိုင်များ) ကြားတွင် မိလ္လာအနည်အနစ် ဖယ်ရှားခြင်းဆိုင်ရာတာဝန်ဝတ္တရားများကို ခွဲဝေပေးရန်နှင့် အပြန်အလှန်ဆက်ဆံရေးလမ်းကြောင်းများ ဖော်ဆောင်ပေးရန်
(၅) ရွှေ့ပြောင်းအခြေချစခန်းများ၏ သက်ဆိုင်ရာသွင်ပြင်လက္ခဏာများပေါ်အခြေခံပြီး မိလ္လာအနည်အနစ်ဖယ်ရှားခြင်း နည်းလမ်းအမျိုးမျိုး ဖော်ထုတ်ရန်

## <u>အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှု</u>

လက်ရှိအသုံးပြုလျှက်ရှိသော အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ းစီမံခန့်ခွဲမှုနည်းလမ်းများတွင် အောက်ပါတို့ပါဝင်သည်။

(၁) မြို့နယ်ဖွံ့ဖြိုးရေးကောင်စီ က အမှိုက်အိတ်များကို ပုံမှန်သိမ်းဆည်းပေးခြင်း

(၂) CCCM က လုပ်ပိုင်ခွင့်ပေးထားသော ပုဂ္ဂလိကဝန်ဆောင်မှုများက အမှိုက်အိတ်များကို သိမ်းဆည်းပေးခြင်း

(၃) အမှိုက်ကျင်းများတူးဖော်ခြင်း နှင့် မီးရှို့ဖျက်ဆီးခြင်း

(၄) လူသူဝေးရာအရပ်သို့စွန့်ပစ်အစိုင်အခဲများကို စွန့်ပစ်ခြင်း။ စွန့်ပစ်ပစ္စည်းများမှာ လုံလောက်သော သိမ်းဆည်းစနစ် တစ်ရပ်မရှိသဖြင့် ယင်းသို့စွန့်ပစ်ရာအရပ်များတွင် စုပုံနေလေ့ရှိသည်။

(၅) မီးရှို့ဖျက်ဆီးရန် မီးပြင်းဖိုများထားရှိခြင်း

ပုံမှန်အားဖြင့် အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာစီမံခန့်ခွဲမှုနှင့်ပတ်သတ်ပြီး ရွှေ့ပြောင်းအခြေချစခန်းများတွင် ကောင်းမွန်သည့် စည်းရုံးလှုံ့ဆော်မှုအသိုင်းအဝိုင်းတစ်ရပ် ရှိတတ်ပြီး ရွှေ့ပြောင်းအခြေချသူများကြား အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ စီမံခန့်ခွဲမ အတွက် ရည်ရွယ်သည့် အခကြေးငွေကောက်ခံမှုကိုလည်း အချို့ရွှေ့ပြောင်းအခြေချစခန်းများတွင် လေ့လာသုံးသပ်လျှက် ရှိသည်။

ကချင်နှင့်ရှမ်းမြောက်တွင်ရှိသော ရေ/သန့်လုပ်ငန်းစုအဖွဲ့စောင့်ကြည့်ကြပ်မတ်မှုအောက်ရှိ ရွှေ့ပြောင်းအခြေချစခန်း ၉၁ ခုတွင် အနည်းဆုံး ၃၂ ခုမှာ မီးပြင်းဖိုများထားရှိရန် နည်းစနစ်ပိုင်းအရသင့်လျော်ပြီး( မြေနေရာလွတ်ရှိခြင်း ၊ အခြားနည်းလမ်းများ အသုံးမပြုနိုင်ခြင်း)လူမှုဝန်းကျင်အရ ( ရွှေ့ပြောင်းအခြေချခံရသူများက လိုလားကြောင်း ဖော်ပြချက်အရ) ရန်လည်းသင့်လျော်သည်ကို တွေ့ရှိရသည်။

၂၀၁၅ ခုနှစ်ရည်မှန်းချက်များ

(၁) ရေဆိုးနှုတ်စနစ်တစ်ရပ်လုံး၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် မိလ္လာအနည်အနှစ်ဖယ်ရှားခြင်း နှင့် အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ဒေသအာဏာပိုင်များနှင့်အတူ ကိုင်တွယ်ဖြေရှင်းရန်

(၂) မြို့နယ်ဖွံ့ဖြိုးရေးကောင်စီနှင့်အတူ လက်တွေ့လုပ်ဆောင်နိုင်မည့်အစီအမံများ ဖြစ်နိုင်သမျှဖော်ဆောင်ရန်

(၃) အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သတ်ပြီး လူမှုဝန်းကျင်အတွင်းဆော်ဩလုပ်ဆောင်မှုများကို အားဖြည့်ပေးရန်

(၄)မြို့နယ်အာဏာပိုင်များ၏ခွင့်ပြုချက်ရသည့်နေရာတိုင်းတွင် မီးရှို့ဖျက်ဆီးနိုင်သည့်နေရာများ ပို၍စနစ်တကျဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရန် (ကျေးလက်ဒေသများတွင် ခွင့်ပြုလေ့မရှိ)။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း 'ဘ' ၄ လုံးတိုင်းတာချက်များက ကချင်ပြည်နယ်မြောက်ပိုင်းရှိ ရွှေ့ပြောင်းအခြေချစခန်း ၉ တွင် မီးရှို့ဖျက်ဆီးရန်မီးပြင်းဖို ၁၇ ခုသာတပ်ဆင်ထားကြောင်းဖော်ပြလျှက်ရှိရာ  ကချင်နှင့်ရှမ်းမြောက်တွင် မီးပြင်းဖိုများတပ်ဆင်ခြင်းနည်းလမ်းကိုအသုံးပြုရန်မှာ ဖြစ်နိုင်ချေအလွန်နည်းပါးလျှက်ရှိနေသေးသည်။

(၅) မီးပြင်းဖိုများတည်ဆောက်ရန်အတွက် နည်းစနစ်ပိုင်းကျွမ်းကျင်မှုများမြှင့်တင်ရန်

## *တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ဆောင်ချက်များနှင့် အပြုအမူများပြောင်းလဲရေး တိုးတက်ဖြစ်ထွန်းမှု*

### တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာအသိပညာပေးခြင်း


ရေ/သန့်လုပ်ငန်းစုအဖွဲ့ကလုပ်ဆောင်သည့် အသိပညာ၊သဘောထားခံယူချက်နှင့်လိုက်နာလုပ်ဆောင်မှု စစ်တမ်းအမျိုးမျိုး အရ ရွှေ့ပြောင်းအခြေချသူများ၏ တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အသိပညာနှင့်လိုက်နာလုပ်ဆောင်မှုများမှာ အဖက်ဖက်မှ ကောင်းမွန်ကြောင်းတွေ့ရှိရသဖြင့် ရေ/သန့်ဆိုင်ရာလုပ်ငန်းလုပ်ဆောင်သူများ၏ တစ်ကိုယ်ရေသန့်ရှင်းမှုအသိပညာပေးမှု လုပ်ငန်းများမှာ ရွှေ့ပြောင်းအခြေချသူများအကြား ကျန်းမာရေးဆိုင်ရာဘေးအန္တရာယ်များကိုလျော့ချနိုင်ခဲ့ကြောင်း သိရှိရသည်။ ယင်းစစ်တမ်းများမှာ တစ်ကိုယ်ရေးသန့်ရှင်းမှုဆိုင်ရာအသိပညာနှင့်ပတ်သတ်ပြီး အစိုးရထိန်းချုပ်မှု အောက်ရှိ နယ်မြေများနှင့် အစိုးရထိန်းချုပ်မှုပြင်ပရှိနယ်မြေများကြား ကွာခြားမှုကို ထင်ထင်ရှားရှား ဖော်ပြနိုင်ခြင်းမရှိသော်လည်း အချို့သောညွှန်းကိန်းများက အစိုးရထိန်းချုပ်မှုပြင်ပရှိနယ်မြေများ တွင် ပို၍အားနည်းလျှက်ရှိကြောင်းဖော်ပြလျှက်ရှိသည်။ အစိုးရထိန်းချုပ်မှုပြင်ပရှိနယ်မြေများသို့ ဝင်ရောက်ခွင့်ရရန်အကန့်အသတ်ရှိနေခြင်းက အဖွဲ့ခွဲအဆင့်တွင် အစိုးရနယ်မြေနှင့်အစိုးရထိန်းချုပ်မှုပြင်ပနယ်မြေ တို့ အကြားတိတိကျကျနှိုင်းယှဉ်ရန် လိုအပ်သောအချက်အလက်များ လုံလုံလောက်လောက်ရရှိအောင်စုဆောင်းရာတွင် အတားအဆီးဖြစ်လျှက်ရှိသည်။

အောက်တွင်ဖော်ပြထားသောဂရပ်သည် ရွှေ့ပြောင်းအခြေခံရသူများအကြား လက်ဆေးခြင်းကိုလိုက်နာလုပ်ဆောင်သူ အခြေအနေကို ဖော်ပြသည်။ ( အချက်အလက်အရင်းအမြစ် - ကချင်နှင့်ရှမ်းမြောက်ရေ/သန့် လုပ်ငန်းစုအဖွဲ့၏ ၂၀၁၄ ခုနှစ်ဒုတိယနှစ်ဝက် ရေ့ပြေးစောင့်ကြည့်ကြပ်မတ်မှုအစီရင်ခံစာ)

အသိပညာ၊သဘောထားခံယူချက်နှင့် လိုက်နာလုပ်ဆောင်မှုစစ်တမ်းများအရ အားတက်ဖွယ်ရလဒ်များကိုမြင်တွေ့နေရ သော်လည်း ရွှေ့ပြောင်းအခြေချစခန်းများတွင် မသင့်လျော်သောလုပ်ဆောင်မှုအချို့ရှိနေဆဲဖြစ်သည်။ ၂၀၁၄ ခုနှစ်အစပိုင်းက မန်စီမြို့နယ်တွင်ဖြစ်ပွားသော ဝမ်းလျှောရောဂါကူးစက်မှုက ရ/သန့်လုပ်ငန်းစုအဖွဲ့လုပ်ဆောင်ချက်များ၏ ညွှန်ကြားချက် အစိတ်အပိုင်းများမှာ

လူဦးရေထူထပ်သောဒုက္ခသည်စခန်းများနှင့် ရေ/သန့်လုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံအားနည်းသောနေရာများရှိ ရေ/သန့်လုပ်ငန်းအစီအမံများမှာ အတိမ်းအစောင်းမခံသောအနေအထားတွင်ရှိနေသေးကြောင်းပြသလျှက်ရှိသည်။ ရာသီအလိုက်ဝမ်းလျှောရောဂါကူးစက်မှုများကို အထူးသဖြင့် ၅ နှစ်အောက်ကလေးငယ်များကြားတွင် တွေ့ရှိနေရဆဲ ဖြစ်သည်။

ကချင်ပြည်နယ်တွင် ရေ/သန့်လုပ်ငန်းဆိုင်ရာ တုန့်ပြန်မှုအတွက် သန့်ရှင်းရေးအဆင့်မြှင့်တင်ရေး ချဉ်းကပ်နည်းလမ်းများနှင့် ပံ့ပိုးပစ္စည်းများအပေါ် ၂၀၁၄-ခုနှစ်ဖွန်လပိုင်းက ပြုလုပ်ခဲ့သည့် ရုတ်တရက်လေ့လာသုံးသပ်ချက်မှတွေ့ရှိချက်များအရ အစိုးရထိန်းချုပ်မှုအောက်ရှိဒေသများတွင်ရှိသောရေ/သန့်လုပ်ငန်းကို အဓိကထားဆောင်ရွက်နေသည့် အေဂျင်စီများ ၏ ၉၀% ရာခိုင်နှုန်းမှာ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို လူထုပါဝင်ဆောင်ရွက်မှု ဖြင့်အသွင် ကူးပြောင်းခြင်း (PHAST) နည်းလမ်းကို အသုံးပြုခဲ့ကြသည်။ ဒုက္ခသည်စခန်းအချို့တွင် လူမှုရေးဈေးကွက်ဆိုင်ရာ နည်းလမ်းများကို ရေ့ပြေးစမ်းသပ်အသုံးပြုခဲ့ကြသည်။ အများဆုံးအသုံးပြုနေသည့် လူထုပါဝင်ဆောင်ရွက်သည့်နည်းလမ်းများအနက် အေဂျင်စီများ အသုံးပြုနေသည့်နည်းလမ်းများမှာ လူထုမှမြေပုံ ရေးဆွဲဖော်ပြသည့် လေ့ကျင့်ခန်းများ၊ ဦးတည်အုပ်စုဆွေးနွေးခြင်း၊ ဆွေးနွေးပွဲများနှင့် လူထုစည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများတွင် လှုံ့ဆော်မှုရရှိရန် အထောက်အကူပစ္စည်းများအသုံးပြုသည့် လေ့ကျင့်ခန်းများ၊ ဥပမာ-အပုံသုံးပုံခွဲ၍ရွေးထုတ်ခြင်း၊ ညစ်ညမ်းမှုကွင်းဆက်၊ အိတ်ငယ်များပါသော ပုံစံကားချပ်ဖြင့်ဆန္ဒပြုခြင်းများ စသည်တို့ဖြစ်သည်။ အစိုးရထိန်းချုပ်မှုပြင်ပရှိနယ်မြေများတွင် ရွှေ့ပြောင်းအခြေချစခန်းများသို့ ဝင်ရောက်ခွင့် အကန့် အသတ်ရှိနေခြင်းက ပါဝင်ဆောင်ရွက်မှုချဉ်းကပ်နည်းများဖြစ်ပေါ်နိုင်ချေကို ကန့်သတ်လျှက်ရှိသည်။ လုပ်ဆောင်နိုင်စွမ်း တိုးတက်ရန် လိုအပ်မှုကြောင့် ရေ/သန့်လုပ်ငန်းဆိုင်ရာစီမံချက်များအတွက် အသိပညာ၊သဘောထားခံယူချက်နှင့် လိုက်နာလုပ်ဆောင်မှုစစ်တမ်းများမှာ ကချင်ပြည်နယ်ရှိ ရေ/သန့်လုပ်ငန်းဆောင်ရွက်သူများအားလုံးအတွက် စနစ်ကျသောချဉ်းကပ်မှု တစ်ရပ်မဖြစ်လာသေးချေ။ ထို့နောက် ၂၀၁၄ ခုနှစ်တွင် သက်ဆိုင်ရာနည်းနစ်ပိုင်း လုပ်ငန်းအဖွဲ့ ၏ ပါဝင်ဆောင်ရွက်မှုဖြင့် အသိပညာ၊ သဘောထားနှင့် လိုက်နာလုပ်ဆောင်မှုစစ်တမ်းပုံစံတစ်ခုကို ဖော်ထုတ်နိုင်ခဲ့သည်။ထိုစစ်တမ်းပုံစံသည် ရေ/သန့် ကိုယ်စားလှယ်အဖွဲ့များ၏ တစ်ကိုယ်ရေသန့်ရှင်း အသိပညာပေးအဖွဲ့များကို အသိပညာ၊သဘောထားနှင့်လိုက်နာ လုပ်ဆောင်မှု စစ်တမ်းနှင့် ထိတွေ့ပေးရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်သည်။ ထို့ပြင် အရေးပေါ်အခြေအနေတွင် တစ်ကိုယ်ရေသန့်ရှင်းရေးအသိပညာပေးမှုချဉ်းကပ်နည်းနှင့်ပတ်သတ်ပြီး လေ့ကျင့်သင်ကြားမှုများကိုလည်း ၂၀၁၄ ခုနှစ်တွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဒေသတွင်းအာဏာပိုင်အဖွဲ့များမှ ဝန်ထမ်း ၁၀၀ ကျော်ကို ပို့ချနိုင်ခဲ့သည်။



## ၂၀၁၅ ခုနှစ်အတွင်းလုပ်ဆောင်ရန်

တစ်ကိုယ်ရေအသိ ပညာပေးမှု ချဉ်းကပ်နည်းများခွဲခြားလုပ်ဆောင်နိုင်ရန်နှင့် အလိုအပ်ဆုံးအဖွဲ့များကို အဓိကအချက်များ ပြောပြနိုင်ရန်အတွက် အသိပညာ၊ သဘောထားခံယူချက်နှင့်လိုက်နာလုပ်ဆောင်မှု အခြေခံ နှင့် အပြီးသတ်စစ်တမ်းများကို ရေ/သန့်စီမံချက်များ၏အစိတ်အပိုင်းတစ်ရပ်အဖြစ် စနစ်တကျလုပ်ဆောင်သင့်သည်။ ကချင်ပြည်နယ်အရေးနှင့်လိုက်ဖက် အောင်ဖန်တီးထားသော ပညာပေးအထောက်အကူပစ္စည်းများနှင့် ကချင်ရေ/သန့်အဖွဲ့က ထုတ်လုပ်ထားသောပစ္စည်းများ ကို တစ်ကိုယ်ရေသန့်ရှင်းရေးအသိပညာပေးမှုလုပ်ဆောင်ချက်များတွင် တွဲဖက်အသုံးပြုသင့်သည်။ ကျပန်းတစ်ကိုယ်ရေသန့်ရှင်း ရေးအသိပညာပေးမှုများကို အများပြည်သူပါဝင်ဆောင်ရွက်ခြင်းကဲ့သို့သော စံတစ်ကိုယ်ရေ သန့်ရှင်းရေးအသိပညာပေးမှု နည်းလမ်းများကို အသုံးပြုသည့် ကမ္ဘာ့အဆင့်တစ်ကိုယ်ရေ သန့်ရှင်းရေးအသိပညာပေးမှုများနှင့် တဖြည်းဖြည်းချင်း အစား ထိုးသွားသင့်ပြီး လူမှုဂန်းကျင်စီမံခန့်ခွဲမှုနှင့် အမူအကျင့်ပြောင်းလဲရေးတို့ကိုလည်း ထို့အတူလုပ်ဆောင်သွားရမည်။ သို့ရာတွင် စံနည်းစနစ်များသည် သက်ဆိုင်ရာဒေသအခြေအနေအခွင့်အလမ်းများနှင့် လိုက်လျောညီထွေလည်း ရှိရမည် ဖြစ်သည်။

## အစားအသောက်မဟုတ်သောရေ/သန့်ပံ့ပိုးပစ္စည်းများ

ရွှေ့ပြောင်းအခြေချခံမိသားစုသည် ဘေးကင်းစေသောတစ်ကိုယ်ရေသန့်ရှင်းမှုလုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရန် အတွက် လိုအပ်သောပစ္စည်းပစ္စယများရရှိနိုင်ရမည်ဟူသော မူအပေါ်အခြေခံ၍ ကချင်နှင့်ရှမ်းမြောက်ရှိ ရေ/သန့်လုပ်ငန်းစု အဖွဲ့ အဖွဲ့ဝင်များသည် အိမ်ထောင်စုတစ်စုအတွက်တစ်နှစ်လျှင် သန့်ရှင်းရေးသုံးပစ္စည်းတစ်စုံစာ နှင့် ထပ်မံဖြည့်တင်းအသုံး ပြုရန်ပစ္စည်းများကို ဖြန့်ဝေပေးရန် ထောက်ခံချက်ပေးထားသည့် နိုင်ငံအဆင့်ရေ/သန့်လုပ်ငန်းစုအဖွဲ့၏မဟာဗျူဟာ အတိုင်း လိုက်နာလုပ်ဆောင်ခဲ့ကြသည်။ ၂၀၁၄ ခုနှစ်၊ ဖွန်လတွင် အစိုးရနယ်မြေများတွင် သန့်ရှင်းရေးသုံးပစ္စည်းအစုံလိုက် လွှမ်းခြုံနိုင်မှုမှာ ၈၀ ရာခိုင်နှုန်းရှိခဲ့ပြီး အစိုးရထိန်းချုပ်မှုပြင်ပ နယ်မြေတွင် ၉၅ ရာခိုင်နှုန်းရှိခဲ့သည်။ နယ်စပ်ဖြတ်ကျော် အဖွဲ့များမှတဆင့် သန့်ရှင်းရေးသုံးပစ္စည်းများကိုအလုံးအရင်း နှင့်ဖြန့်ဝေခဲ့ခြင်းကြောင့် အစိုးရထိန်းချုပ်မှုပြင်ပနယ်မြေ တွင် လွှမ်းခြုံနိုင်မှုမြင့်မားခဲ့ပြီး အစိုးရနယ်မြေတွင်မှု ရေ/သန့်လုပ်ငန်းစုအဖွဲ့ အဖွဲ့ဝင်များ၏ မှတ်တမ်းတင်ရန်၊ စောင့်ကြည့်ကြပ်မတ်ရန်နှင့် သန့်ရှင်းရေးသုံးပစ္စည်းများ ဖြန့်ဝေခြင်းကိုစီမံခန့်ခွဲရန်တို့တွင် လုပ်ဆောင်နိုင်စွမ်း ကန့်သတ်ခံရ မှုများကြောင့် သန့်ရှင်းရေးသုံးပစ္စည်းလွှမ်းခြုံနိုင်မှု မမြင့်မားခဲ့ချေ။

၂၀၁၄ ခုနှစ်ဒီဇင်ဘာလ ' ဘ ' ၄ လုံးတိုင်းတာမှုများအရမူ သန့်ရှင်းသုံးပစ္စည်းလွှမ်းခြုံနိုင်မှုမှာ အစိုးရနယ်မြေတွင် ၅၄ ရာခိုင်နှုန်း ရှိခဲ့ပြီး အစိုးရထိန်းချုပ်မှုပြင်ပနယ်မြေတွင် ၃၉ ရာခိုင်နှုန်းရှိခဲ့သည်။ နယ်စပ်ဖြတ်ကျော်အဖွဲ့များရပ်ဆိုင်းလိုက် ခြင်းနှင့် ရန်ပုံငွေကန့်သတ်လိုက်ခြင်းတို့ကြောင့် တစ်နှစ်တာအတွင်း သန့်ရှင်းရေးသုံးပစ္စည်းလွှမ်းခြုံနိုင်မှုမှာ လျော့ကျသွား ခဲ့ခြင်းဖြစ်သည်။

သန့်ရှင်းရေးသုံးပစ္စည်းများဖြန့်ဖြူးပြီးနောက် ရေ/သန့်လုပ်ငန်းစုအဖွဲ့ဝင်များ လုပ်ဆောင်သည့် ကုန်ပစ္စည်းအချက်အလက်စီ မံခန့်ခွဲမှုတစ်ရပ်အရ ဖြန့်ဝေလိုက်သော သန့်ရှင်းရေးသုံးပစ္စည်းအများစုမှာ ငွေကြေးရရှိရန်ရည်ရွယ်ချက်ဖြင့် ပြန်လည်ရောင်း ချခံရခြင်းမရှိခဲ့ဘဲ အိမ်ထောင်စုအဆင့်တွင် အကျိုးရှိစွာသုံးစွဲကြသည်ကို တွေ့ရသည်။ သို့ရာတွင် ထိုကုန်ပစ္စည်းအချက်အလက်စီမံခန့်ခွဲမှုအတွက် အစိုးရနယ်မြေရှိ ရွှေ့ပြောင်းအခြေချခံရသူများနှင့် တွေ့ဆုံမေးမြန်းရာတွင် အချို့တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများမှာဝယ်ယူရရှိနိုင်ခြင်းမရှိသေးသော်လည်း ရွှေ့ပြောင်းအခြေချခံရသူများသည် ယင်းပစ္စည်းအချို့ကိုဝယ်ယူရန်ငွေကြေးတတ်နိုင်ကြသည်ကိုတွေ့ရှိခဲ့ရသည်။

အစိုးရထိန်းချုပ်မှုပြင်ပနယ်မြေတွင်မူ ရွှေ့ပြောင်းအခြေချခံရသူအများစုသည် ၎င်းတို့အနေဖြင့် အဆိုပါပစ္စည်းများဂယ်ယူရန်ငွေကြေးမတတ်နိုင်ကြောင်း ပြောကြား ခဲ့ကြသည်။

ထိုကုန်ပစ္စည်းအချက်အလက်စီမံခန့်ခွဲမှုက သန့်ရှင်းရေးသုံးပစ္စည်းများသုံးစွဲခြင်း ရှိမရှိ ငွေကြေးအခြေအနေတစ်ခုတည်းနှင့် သက်ဆိုင်ခြင်းမရှိဘဲ ဈေးကွက်အတွင်းဂယ်ယူရရှိနိုင်ခြင်း ရှိမရှိနှင့်ပါသက်ဆိုင်နေကြောင်း ပြသခဲ့သည်။

<u>၂၀၁၅ ခုနှစ်အတွင်းဆောင်ရွက်ရန်</u>

ကချင်နှင့်ရှမ်းမြောက် ပဋိပက္ခများ၏ကာလကြာမြင့်သည့်သဘောသဘာဂအရ ရေ/သန့်ဆိုင်ရာပံ့ပိုးပစ္စည်းများ အလုံးအရင်းနှင့် ဖြန့်ဝေပေးခြင်းကို ပြန်စဉ်းစားပြီး ပြောင်းလဲနေသောလိုအပ်ချက်များနှင့်ကိုက်ညီမှုရှိစေရန် လူသားချင်း စာနာမှုအထောက်အပံ့များကိုမှီခိုနေရသည့်အခြေအနေမျိုး မဖန်တီးမိစေရန်အတွက် မျှမျှတတရှိသောချဉ်းကပ်ပုံသို့ ပြောင်းလဲသင့်သည်။

၂၀၁၅ ခုနှစ်တွင် အလုံးအရင်းနှင့်ဖြန့်ဝေခြင်းကို အရေးပေါ်အခြေအနေ၊ သို့မဟုတ် ရေ/သန့်ဆိုင်ရာပံ့ပိုးပစ္စည်းလိုအပ်မှု သိသိသာသာဖြစ်ပေါ်လျှက်ရှိသော အရေးကြီးအနေအထားတို့တွင်သာ ပြုလုပ်သင့်သည်။ ဒေသတွင်းဈေးကွက်အတွင်း ရေ/သန့်ပံ့ပိုးပစ္စည်းများ ရရှိရန်ခက်ခဲသည့် ဝေးလံခေါင်းဖျားဒေသများ၊ လူမှုဂန်းကျင်အားနည်းချက်ရှိသောအဖွဲ့များ၊ သို့မဟုတ် ရေ/သန့်ဆိုင်ရာအခြေအနေနိမ့်ကျသောနေရာများ၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့်ပတ်သတ်ပြီး ဗဟုသုတအလွန်နည်း ပါးသောအသိုင်းအဝိုင်းများ၊ အခြေချခါစအသိုင်းအဝိုင်းများကို အလုံးအရင်းနှင့်ဖြန့်ဝေမှုပြုလုပ်ရန် စဉ်းစားနိုင်သော နမူနာနေရာများအဖြစ် မှတ်ယူနိုင်သည်။

ရွှေ့ပြောင်းအခြေချခံရသူများ၏လူမှုဂန်းကျင်အဆင့်အတန်းနှင့် ရေ/သန့်ပံ့ပိုးပစ္စည်းရရှိနိုင်မှုတို့နှင့်ပတ်သတ်ပြီး ကောင်းမွန် သော ဗဟုသုတရှိထားပါက အချို့တဲ့ဆုံး ရွှေ့ပြောင်းအခြေချခံအဖွဲ့များကို ရှာဖွေဖော်ထုတ်အတည်ပြုရာတွင် အကူအညီ ဖြစ်မည်ဖြစ်သည်။ ရွှေ့ပြောင်းအခြေချသူများ ဒေသတွင်းမှာပင် ရေ/သန့်ပံ့ပိုးပစ္စည်းအချို့ရရှိသည့်နည်းလမ်းများကို ပုံတူကူး လုပ်ဆောင်ခြင်းကို ပိုမိုကောင်းမွန်စွာမှတ်တမ်းတင်ခြင်းနှင့် ဖြန့်ဝေပြီးနောက်စောင့်ကြပ်ခြင်းတို့ကိုလည်း ရွှေ့ပြောင်းအခြေချ သူများ၏ ရေ/သန့် ပံ့ပိုးပစ္စည်းအခြေအနေပိုမိုကောင်းမွန်လာစေရန် လုပ်ဆောင်သင့်သည်။

ရေ/သန့်ပံ့ပိုးပစ္စည်း ဖြန့်ဝေခြင်းကို ထိခိုက်မှုမရှိသည့်ချဉ်းကပ်ပုံတစ်ရပ်ဖြင့်လုပ်ဆောင်သင့်သည်။ ဆိုလိုသည်မှာ ပစ္စည်းများ လက်ခံမည့်သူများကိုရွေးချယ်ရာတွင် သဘောတူထားသည့်စံနှုန်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ ဖြစ်ရမည်ဖြစ်သည်။ လူ့အဖွဲ့အစည်းများကြားတင်းမာမှုများမဖြစ်ပေါ်စေရန်အတွက် ရေ/သန့်ပံ့ပိုးပစ္စည်းဖြန့်ဝေမှုများသည် အထောက်အထား နှင့် ရွှေ့ပြောင်းအခြေချခံအသိုင်းအဝိုင်းကလက်ခံထားမှုအပေါ် အခြေခံသည့် ဖြန့်ဝေမှုများ ဖြစ်ရမည်။

ရေ/သန့်ဆိုင်ရာပစ္စည်းများကို ဒေသတွင်းမှဂယ်ယူခြင်းကိုလည်း အားဖြည့်လုပ်ဆောင်သင့်သည်။ ကူပွန်စနစ်ချဉ်းကပ်မှုကို ရေ/သန့်ကိုယ်စားလှယ်အဖွဲ့တစ်ခုတည်းက ၂၀၁၄ ခုနှစ်အတွင်းတွင် စတင်၊စမ်းသပ်၊လုပ်ဆောင်၊ မှတ်တမ်းတင်ခဲ့ရာ ယင်းစနစ်သည် ဒေသတွင်းအခြေအနေနှင့်ကိုက်ညီမှုကိုမြှင့်တင်နိုင်သော နည်းလမ်းတစ်ရပ်ဖြစ်လာနိုင်ကြောင်း တွေ့ရှိရသည်။ ထိုကူပွန်စနစ်သည် ရွှေ့ပြောင်းအခြေချခံရသူများကို တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းမျိုးစုံထဲကမှ ၎င်းတို့ အလိုအပ်ဆုံးပစ္စည်းကိုရွေးချယ်ရယူနိုင်စေခဲ့သည်။ ထို့ပြင် ရေ/သန့်ပံ့ပိုးပစ္စည်းဖြန့်ဝေရန်အခြားနည်းလမ်းတစ်ရပ်ဖြစ်သော ကူပွန်စနစ်ကို

တစ်ကိုယ်ရေသန့်ရှင်းရေးအသိပညာပေးရာတွင် လက်တွေ့လုပ်ဆောင်ကြည့်ရာတစ်ခုအဖြစ်အသုံးပြုရန် လည်း စဉ်းစားသုံးသပ်သင့်သည်။

ဤလုပ်ငန်းနှင့်ပတ်သတ်ပြီး ကုသိုလ်ဖြစ်ရိပ်သာ/CCCM/NFI တို့နှင့် ပူးပေါင်းလုပ်ဆောင်မှုများကိုလည်း ဆောင်ရွက်ရမည်။

ထို့ပြင် ရွှေ့ပြောင်းအခြေချခံရသူများ၏ စီးပွားရေးအခြေအနေတိုးတက်လာပြီး ယင်းကဲ့သို့သောပစ္စည်းများကို ရေ/သန့်အဖွဲ့ ၏ ပြင်ပအထောက်အပံ့မပါဘဲ ၎င်းတို့ဘာသာဝယ်ယူနိုင်လာစေရန် အသက်မွေးမှုအထောက်အပံ့များပေးအပ်ရန်လည်း လိုအပ်သည်။

## *ရေ/သန့်လုပ်ငန်းနှင့် ကာကွယ်စောင့်ရှောက်ရေး*

ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် ပင်မကာကွယ်စောင့်ရှောက်ရေးအရေးကိစ္စများကို ရေ/သန့်လုပ်ငန်းအစီအစဉ် လုပ်ဆောင်ချက် များတွင်ပါဝင်စေပြီး ပြည့်စုံသောလိင်ခွဲခြားချဉ်းကပ်မှုဖြစ်စေရေး၊ မျှတသောချဉ်းကပ်မှုဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းများ ဖြန့်ဝေခြင်း နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပညာပေးလုပ်ဆောင်ချက်များသည် ရှုထောင့်စုံအပယူအဆတစ်ရပ် ဖြစ်စေရေးတို့အတွက် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍနှင့် အနီးကပ်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

ကချင်ပြည်နယ်တွင် လူ့အဖွဲ့အစည်းအထောက်အကူပြုနည်းလမ်းတစ်ရပ်အဖြစ် ဘော်ဒါကျောင်းများကို ချဲ့ထွင်ဖွင့်လှစ်လျှက် ရှိပြီး အထူးသဖြင့် အစိုးရထိန်းချုပ်မှုပြင်ပနယ်မြေတွင် မတည်ငြိမ်သောအခြေအနေမျိုးတွင် ပညာဆက်လက်သင်ကြား နိုင်ရေးအတွက် ဘော်ဒါကျောင်းများတိုးချဲ့ဖွင့်လှစ်လျှက်ရှိသည်။ ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် ထိုဘော်ဒါကျောင်းများရှိ ရေ/သန့်လုပ်ငန်းဆိုင်ရာ အရေးကြီးသောကွာဟချက်များကို ဖော်ထုတ်နိုင်ရေးအတွက် ပညာရေးဌာနနှင့် ကလေးသူငယ် ကာကွယ်ရေးဌာနခွဲတို့နှင့် ပူးပေါင်းလုပ်ဆောင်လျှက်ရှိသည်။ သို့ရာတွင် ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ကြားဝင်ဆောင်ရွက်မှု များသည် ၂၀၁၄ ခုနှစ်တွင် ပညာရေးဌာနနှင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဌာနခွဲတို့ ရေးသားပြုစုခဲ့သည့် မထိခိုက်စေရေးရှုထောင့်အရ ကလေးသူငယ်များအတွက် အန္တရာယ်ပေါ်ပေါက်နိုင်ချေရှိသည့်ကိစ္စရပ်အားလုံးကို ရှောင်ကျဉ်ရန် ဟူသည့် ထောက်ခံရေးသားချက်၏ ချည်နှောင်မှုကိုခံရလျှက်ရှိသည်။ ထိုကဲ့သို့သောကိစ္စရပ်များတွင် ဘုံအချက်အလက်များဖန်တီးပေးထားပြီး ဖြေရှင်းရန်နည်းလမ်းကို ၎င်းတို့မိသားစုဝင်များအား စိတ်ကြိုက်ရွေးချယ်ခွင့် ပြုရမည် ဖြစ်သည်။

ရေ/သန့်လုပ်ငန်းစုအဖွဲ့အဖွဲ့ဝင်များကို OCHA GENCAP ၏ သင်ကြားလေ့ကျင့်ပေးမှု ရရှိမည့် အခွင့်အလမ်း များကို စောင့်ကြည့်သွားမည် ဖြစ်ပြီး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အရေးကိစ္စရပ်များကိုလည်း ရေ/သန့် လုပ်ငန်းစု အဖွဲ့အစည်းအဝေးအစီအစဉ်တစ်ရပ်အဖြစ် ဆက်လက် ထည့်သွင်း သွားမည် ဖြစ်သည်။

## *ခိုင်လုံသည့်ချဉ်းကပ်နည်းများ*

### <u>လုပ်ငန်းစဉ်တစ်ရပ်လုံးအတွက် အဓိကအချက်</u>

နေရာဒေသတစ်ခု (စခန်းသို့မဟုတ်ဒေသခံပြည်သူလူထုတစ်ခုအတွက်) ရေ/သန့်လုပ်ငန်းများကို အဖွဲ့အစည်းတစ်ခု ကသာ တာဝန်ယူဆောင်ရွက်ရန် သတ်မှတ်ထားသည်။ ရေ/သန့် ဆိုင်ရာလုပ်ငန်းခွဲ များ၏ ပင်မလုပ်ငန်းများအပါအဝင် ရေ/သန့်ဆိုင်ရာ စီမံချက်လုပ်ငန်းတစ်ခုလုံးအတွက် ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ယူဆောင်ရွက်ရန်ဖြစ်သည်။ အကျိုးခံစားခွင့်ရှိသူများ၏ လိုအပ်ချက်များကိုလည်း အပြည့်အဝခံစား ရရှိစေလိုသော ရည်ရွယ်ချက်လည်းဖြစ်သည်။ အစိုးရ

မဟုတ်သောအဖွဲ့အစည်းတစ်ခုချင်းအနေဖြင့်လည်း မိမိတို့တာဝန်ယူနေရာဒေသများတွင် လွှမ်းခြုံမှုရရှိစေရန် ဒေသတွင်းလူအင်အားနှင့် အမှန်တကယ်ရရှိလာမည့် ရန်ပုံငွေမျှော်မှန်းချက်များနှင့်အညီ တက်စွမ်းသမျှ တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်သည်။
အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် အလွန်ကျယ်ပြန့်ကြီးမားသည့် နေရာဒေသများကို တာဝန်ယူ လွှမ်းခြုံမိနိုင်မှာ စွန့်စားမှုတစ်ရပ်ပင်ဖြစ်သည်။ သို့ရာတွင်နယ်မြေဒေသများအတွက် တစ်ခါတရံမျှသာ လုပ်ငန်းများဆောင်ရွက်ပေးခြင်းကိုမူ ရှောင်ကြည်ကြရမည်ဖြစ်သည်။ ဦးစွာ နယ်မြေတစ်ခုချင်းစီအတွက် စီမံချက်လုပ်ငန်းအားလုံးကို စနစ်တကျ စီမံဆောင်ရွက်ပေးရန်ဖြစ်ပြီး၊ ဒုတိယအနေဖြင့် နယ်မြေဒေသ ခွဲခြမ်းလေ့လာရာတွင် ဘက်လိုက်မှုမရှိစေဘဲ၊ အခြားသောနည်းလမ်းများဖြင့် အသစ်ဝင်ရောက်လာနိုင်ဖွယ်ရာရှိသူများကိုလည်း အကန့်အသတ်များ ထားရှိရမည်ဖြစ်သည်။ စခန်းနှင့်/ သို့မဟုတ် ရေ/သန့်ဝ် ကော်မတီများသည်  ရေ/သန့်လုပ်ငန်းကိုယ်စားလှယ်အဖွဲ့ အစည်းများ၏ ချဉ်းကပ်
ဆောင်ရွက်နေမှုများကိုလည်း အလေးထားစောင့်ကြည့်ရန် လိုအပ်ပါသည်။

## စွမ်းဆောင်ရေဖွံ့ဖြိုးတိုးတက်ရေး

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် ရေ/သန့် အရေးပေါ်အခြေအနေဆိုင်ရာ တုန့်ပြန်မှုလုပ်ငန်းများကို ဒေသခံ ရေ/သန့်လုပ်ငန်းအဖွဲ့အစည်းများက အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။
အဆိုပါအဖွဲ့အစည်း
များသည် အစိုးရထိန်းချုပ်မှုပြင်ပတွင် ရောက်ရှိနေသော နယ်မြေဒေသများအပါအဝင် ပဋိပက္ခဖြစ်ပွားခဲ့သည့် နေရာဒေသများကို ပုံမှန်သွားလာပြီး လုပ်ငန်းများဆောင်ရွက်နေသော အဖွဲ့အစည်းများဖြစ်သည်။ ဒေသခံအဖွဲ့ အစည်းများသည် ပဋိပက္ခဖြစ်ပွားမှုများနှင့်ဆက်စပ်၍ အရေးပေါ် ရေ/သန့်လုပ်ငန်း အတွေ့ အကြုံများ အားနည်းလျက်ရှိနေသေးသည်။ ကချင်နှင့်မြောက်ပိုင်းရှမ်းပြည်ဒေသများတွင် ရေ/သန့်လုပ်ငန်းစုအဖွဲ့ခွဲများ အချင်းချင်းညှိနှိုင်းဆောင်ရွက်ခြင်းများကို အချေချအားဖြည့်ပေးခြင်းဖြင့် ဒေသခံအဖွဲ့အစည်းများ၏ နည်းပညာစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေခြင်းသည် လုပ်ငန်းစုအဖွဲ့၏ အဓိကရည်မှန်းချက်တစ်ခု ဖြစ်သည်။

ထို့ပြင် ၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့်  ဒေသတွင်းမှပူးပေါင်း ဆောင်ရွက်သူများ ကို အရည်အသွေးမြှင့်တင်မှုများလုပ်ဆောင်ပေးရန်မှာ အကန့်အသတ်များစွာရှိနေဆဲဖြစ်ပြီး ရံဖန်ရံခါတွင် ယင်းနိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့များဖွဲ့စည်းမှုမှာ ဒေသခံအစိုးရမဟုတ်သောအဖွဲ့များထက်ပင် စွမ်းဆောင်ရည်ပိုင်း တိုးတက်ရန် တူညီသောလိုအပ်ချက်များရှိနေတတ်သည်။ ၂၀၁၄ ခုနှစ်နှစ်ကုန် ကွင်းဆင်းစောင့်ကြည့်ကြပ်မတ်မှုအရ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့များအောက်ရှိ အချို့ဒုက္ခသည်စခန်းများသည် အခြေခံအဆောက်အဦအရည်အသွေးနှင့် လိုအပ်ချက်စောင့်ကြည့်ဖြည့်ဆည်းပေးမှု တို့ကဲ့သို့သော ပိုမိုကောင်းမွန်သည့် ရလဒ်များကို ထင်ထင်ရှားရှားရရှိခဲ့ခြင်း မရှိသည် ကိုတွေ့ရှိရသည်။ သို့ရာတွင် ၂၀၁၄ ခုနှစ် နှစ်လယ်တွင် တိုးတက်မှုကိုလေ့လာတွေ့ရှိရပြီး စုပေါင်းပါဝင်သူများအတွက် ပိုမိုကောင်းမွန်သော ဘုံလေ့ကျင့်သင်ကြားမှုအရင်းအမြစ်များဖြစ်စေရန် လုပ်ငန်းစုအဖွဲ့၏ထောက်ပံ့မှုဖြင့် ဒေသခံနှင့် နိုင်ငံတကာ ရေ/သန့်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများကြားတွင် အထူးပြုအတွေ့အကြုံများနှင့် ဗဟုသုတများကိုမျှဝေရာတွင် တိုးတက်မှုရှိလာ ခဲ့ခြင်းက စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုသည် စီမံကိန်းအနှစ်သာရ၏ ပင်မအကြောင်းအရာဖြစ်သင့်ပြီး အထူးသဖြင့် ပူးပေါင်းဆောင်ရွက်မှုစိတ်ဓါတ်တစ်ခုအတွင်းရှိ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း စီမံချက်များတွင်ပို၍ပင် ရှိသင့်သည်ဟူသော ရှင်းလင်းသည့်မဟာဗျူဟာ တင်ပြချက်တစ်ရပ်ဆီသို့ ဦးတည်သွားခဲ့သည်။

OCHA/ERF ၏ထောက်ပံ့မှုဖြစ်သော နောက်ဆုံးနှင့်လျှင်လျှင်မြန်သောတုံ့ပြန်မှုအရေးပေါ်စီမံကိန်းသည် အထူးသီးခြားတုံ့ပြန်မှုလိုအပ်ချက်များ အတွက် ပင်မစွမ်းဆောင်ရည်မြှင့်တင်ရေးချဉ်းကပ်မှုအတွက် ဥပမာကောင်းတစ်ခုဖြစ်ခဲ့သည်။

စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာကို ရေ/သန့်လုပ်ငန်းဆိုင်ရာအခြေအနေများကို စောင့်ကြည့် ထိန်းကျောင်းခြင်းနှင့် ခွဲခြမ်းလေ့လာချက်များအပေါ် အထူးအလေးထား၍ ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရန် လိုအပ်သည်။

စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေခြင်း၏ ရည်မှန်းချက်များမှာ -

- လုပ်ငန်းပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအရည်အသွေးကို ကောင်းမွန်တိုးတက်စေခြင်း၊
- ပြည်တွင်းနှင့်နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများ အပြန်အလှန် နီးနှောဖလှယ်ခြင်း၊
- သတင်းအချက်အလက်များ စီမံခန့်ခွဲမှု၏ တိုးတက်ကောင်းမွန်အပေါ် အခြေခံ၍ ကွာဟချက်များနှင့် ဦးစားပေးမှုများ ဖော်ထုတ်သတ်မှတ်နိုင်ရန် တွန်းအားပေးတိုက်တွန်းခြင်း၊
- နည်းပညာနှင့်ညှိနှိုင်းဆောင်ရွက်မှုများကို စနစ်တကျ စီမံဆောင်ရွက်ခြင်းများမှတစ်ဆင့် အရေးပေါ်အခြေအနေများတွင် စွမ်းဆောင်ရည်နှင့် လိုက်လျောညီထွေစွာ စွမ်းဆောင်နိုင်မှုများ တိုးတက်လာစေခြင်း၊ တို့ဖြစ်သင့်သည်။

စွမ်းဆောင်ရည်လိုအပ်ချက်များ သတ်မှတ်ထားချက်ကိုလိုက်နာ၍ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ/ချဉ်းကပ်နည်းလမ်းများကို လုပ်ငန်းအမျိုးမျိုး၊ မျှော်မှန်းထားသည့်ရလဒ်နှင့် အကျိုးရလဒ်များ၏ ဖော်ပြချက်များကို အောက်တွင်ဖော်ပြထားသည့် ပုံပြဇယားအတိုင်း ရှာဖွေဖော်ထုတ်ထားပြီး ဖြစ်သည်။

ရေ/သန့်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ရေ/သန့်လုပ်ငန်းအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်မှု ရည်မှန်းချက်အတွက် အဓိကျသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ရေ/သန့်လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်သူများ၏ မေတ္တာရပ်ခံမှုအပေါ် အခြေခံ၍ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လိုအပ်ချက်များ လေ့လာသုံးသပ်ခြင်း၏ တွန်းအားပေးမှုများလည်း ပါဝင်သည်။ ကချင်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ရေ/သန့်လုပ်ငန်း ဆောင်ရွက်နေသူများအတွင်း အသိပညာကျွမ်းကျင်မှုများ၊ နည်းပညာရပ်ဆိုင်ရာ မှတ်တမ်းပြုခြင်းများနှင့် သတင်းအချက်အလက်များရယူနိုင်မှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရကွ် ပေးနိုင်ခဲ့ခြင်းသည် ထူးခြားသည့် အောင်မြင်မှုများပင် ဖြစ်သည်။ ၂၀၁၄-ခုနှစ်တွင် လုပ်ငန်းစွမ်းဆောင်ရည်များကို လေ့လာသုံးသပ်ခဲ့ရာ ဒေသခံရေ/သန့် လုပ်ငန်းဆောင်ရွက်နေသူများနှင့် အစိုးရပိုင်းမှ အလားတူပုဂ္ဂိုလ်များ အပါအဝင် ရေ/သန့်လုပ်ငန်း၏နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များတွင် ဥပမာ - နည်းပညာရပ်ဆိုင်ရာ အသိပညာ၊ အကောင်းဆုံးသော အလေ့အကျင့်များ၊ စံနှုန်းသတ်မှတ်ခြင်းနင့် ရေ/သန့်လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်နှင့် ကိန်းဂဏာန်းများ ရရှိနိုင်မှုနှင့် မျှဝေသုံးစွဲခြင်းများ စသည်ဖြင့် လိုအပ်ချက်များ အမျိုးမျိုးကွဲပြားလျက်ရှိသည်။ အရည်အသွေး မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၁၅-ခုနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး စောင့်ကြည့်ထိန်းကျောင်းခြင်းလုပ်ငန်းများနှင့် သာမန် အရေးပေါ်အခြေအနေများတင်ွ ကြိုတင်ပြင်ဆင်ထားရှိခြင်းနှင့် ပြန်လည်တုန့်ပြန်ခြင်းလုပ်ငန်းများကို အဓိကဦးတည်၍ လေ့ကျင့်ဆောင်ရွက်သွားရန် ဖြစ်သည်။

| | | | | |
|---|---|---|---|---|
| အကျိုးသက်ရောက်မှု | ဒုက္ခသည်စခန်းများ၊ဒေသခံပြည်သူလူထုများ၊ကျောင်းများနှင့်ကျန်းမာရေးဌာနများတွင်ရေ/သန့် လုပ်ငန်းဝန်ဆောင်မှုများကိုစီမံခန့်ခွဲရန်နှင့်ရေရှည်ထိန်းသိမ်းထားနိုင်ရန်အတွက်ပဋိပက္ခကြောင့် ဒုက္ခခံစားနေရသည့်လူထု၏စွမ်းဆောင်ရည်များကိုတိုးမြှင့်ပေးရာတွင်ပါဝင်ဆောင်ရွက်ခြင်း; | | | |
| အကျိုးရလဒ် | ကယ်ဆယ်ရေးအတွက်သတ်မှတ်ထားသောအနိမ့်ဆုံးစံနှုန်းများနှင့်ရေသန့်လုပ်ငန်းစုအဖွဲ့၏ မဟာဗျူဟာများနှင့်အညီ အရေးပေါ်အခြေအနေများတွင်ရေ/သန့်လုပ်ငန်းဆိုင်ရာလိုအပ်ချက် များကို တုန့်ပြန်ဆောင်ရွက်နိုင်ရန်ဒေသခံအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အစိုးရပိုင်းမှ တာဝန်ရှိသူများ၏နည်းပညာရပ်ဆိုင်ရာစွမ်းဆောင်ရည်များတိုးမြှင့်ဆောင်ရွက်ခြင်း | | | |
| ထုတ်လုပ်ပေးသည့် ပမာဏ | အရေးပေါ်အခြေအနေတွင်ရေ/သန့်လုပ်ငန်း ဆိုင်ရာတုန့်ပြန်မှုနှင့်ကြိုတင်ပြင်ဆင်ထားမှုနှင့် ပတ်သက်၍ရေ/သန့်လုပ်ငန်းတွင်လုပ်ဖော် ကိုင်ဖက်များ၏ပညာရပ်ဆိုင်ရာအသိပညာ ကျွမ်းကျင်မှုများတိုးမြှင့်ပေးခြင်း | အကောင်းဆုံးသောအမူအကျင့် နှင့်ရရှိခဲ့သောသင်ခန်းစာများ စုစည်းထားရှိသည့်လုပ်ဆောင်မှု ပိုမိုတိုးတက်ကောင်းမွန်လာခြင်း | ရေ/သန့်လုပ်ငန်းဆိုင်ရာစံနှုန်း သတ်မှတ်ချက်များနှင့်နည်းပညာရပ် ဆိုင်ရာလမ်းညွှန်ချက်များကိုဖော် ထုတ်သတ်မှတ်ခြင်းနှင့် ရေ/သန့် လုပ်ငန်းစုအဖွဲ့နှင့်မျှဝေဖလှယ်ခြင်း | ဒုက္ခသည်စခန်းများရှိရေ/သန့် ဆိုင်ရာကိန်းဂဏန်းများနှင့် အချက်အလက်များအရည် အသွေးတိုးတက်ကောင်း မွန်လာခြင်း |
| လုပ်ဆောင်ချက်များ | ရေ၊သန့်ရှင်းရေးနှင့်တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့်ဆက်စပ်၍နည်း ပညာဆိုင်ရာသင်တန်းပို့ချခြင်း၊ အဆိုပြုလုပ်ငန်းများဖွံ့ဖြိုးတိုး တက်စေခြင်း၊စီမံချက်လုပ်ငန်း ဆိုင်ရာအစီအစဉ်ရေးဆွဲခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်းနှင့် အစီရင်ခံခြင်း၊စီမံချက်လုပ်ငန်း ဆိုင်ရာအစီအစဉ်ရေးဆွဲခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်း နှင့် အစီရင်ခံခြင်းတို့အတွက် နည်းလမ်းများ၊ပုံစံဇယားများ သတ်မှတ်ပေးခြင်း | အကောင်းဆုံးအလေ့အကျင့်များ စုစည်းထားရှိနိုင်ရန်ပုံစံဇယားများ ပံ့ပိုးကူညီခြင်း၊အကောင်းဆုံးသော လုပ်ဆောင်မှုများကိုပြန်လည်သုံးသပ် ခြင်းနှင့်နည်းပညာရပ်ဆိုင်ရာတုန့်ပြန်မှု ပံ့ပိုးပေးခြင်း၊အကောင်းဆုံးသောအလေ့ အကျင့်များမျှဝေပေးနိုင်ရန်အလုပ်ရုံ ဆွေးနွေးပွဲများစီစဉ်ပြုလုပ်ပေးခြင်း | ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းလုပ်ဆောင် သည့်အဖွဲ့များဖွဲ့စည်းခြင်း၊အဖွဲ့နှင့်လုပ်ငန်း လမ်းညွှန်ချက်များဖော်ထုတ်သတ်မှတ်ခြင်း ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းလုပ်ဆောင်သည့် အဖွဲ့အစည်းအဝေးများတွင်နည်းပညာ ဆိုင်ရာလမ်းညွှန်မှုပေးခြင်း၊အဖွဲ့၏ ရလဒ်များကို ပြန်လည်သုံးသပ်ခြင်း နှင့်တုန့်ပြန်ချက်များပံ့ပိုးပေးခြင်း | ရေ/သန့်ဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းနှင့်ခွဲခြမ်းလေ့လာခြင်းများ အတွက်နည်းလမ်းများနှင့်ပုံစံများဖော်ထုတ် သတ်မှတ်ပေးခြင်း၊ကျွမ်းကျင်မှုဆိုင်ရာ လမ်းညွှန်မှုပေးခြင်း ရေ/သန့်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုသူများကို သင်တန်းပို့ချခြင်း |

## လူအဖွဲ့အစည်းကိုယ်တိုင် စွမ်းဆောင်လာနိုင်စေရန်ဆောင်ရွက်ခြင်း၊ရေ/သန့်ဆိုင်ရာ အထောက်အပံ့ပစ္စည်းများ အသုံးချခြင်း နှင့် ထိန်းသိမ်းမှု

ပဋိပက္ခများဖြစ်ပွားသည်မှာ သုံးနှစ်ကျော်ကြာမြင့်လာခြင်းနှင့် ကချင်နှင့်ရှမ်းမြောက်တွင်ဖြစ်ပွားသောပဋိပက္ခများ၏ရှည်ကြာဖွယ်ရှိသည့်အနေအထားတို့ကြောင့် ကုန်ကျစရိတ်နှင့်ထိုက်တန်သောအကျိုးကျေးဇူးဖြစ်စေရန်အတွက် ရေ/သန့်ဆိုင်ရာ အထောက်အပံ့ပစ္စည်းများအသုံးချခြင်း နှင့် ထိန်းသိမ်းခြင်းလုပ်ငန်းမှာ ရေ/သန့်လုပ်ငန်းဆိုင်ရာလုပ်ဆောင်ချက်များ၏ အလွန်အရေးကြီးသုံးကဏ္ဍတစ်ရပ်ဖြစ်လာခဲ့သည်။ အောက်ပါဂရပ်တွင် အစိုးရထိန်းချုပ်မှုအောက်ရှိဒေသတွင်ရှိသော ရွှေ့ပြောင်းအခြေချစခန်း ၈၁ ခု၏ ရေနှင့်ပတ်သတ်သောအထောက်အပံ့ပစ္စည်းများ အသုံးချခြင်းနှင့်ထိန်းသိမ်းခြင်းအတွက် အဓိကတာဝန်ရှိသောဖွဲ့စည်းပုံများကို ဖော်ပြထားသည်။

ရွှေ့ပြောင်းအခြေချစခန်းအချို့တွင် ရေကို ရေတွင်းမှရေကို ရေသိုလှောင်ကန်အတွင်းသို့ ပန့်နှင့်စုပ်တင်သိုလှောင်ပြီး ပေးဝေ သည်။ သို့ရာတွင် ထိုကဲ့သို့သောစနစ်များမှာ အထူးပြုပြုပြင်ထိန်းသိမ်းမှုရှိရန်လိုအပ်သည့်အပြင် ကုန်ကျစရိတ်လည်း မြင့်မား သည်။ လက်ရှိအချိန်ထိ ထိုကဲ့သို့ကုန်ကျစရိတ်ကြီးမြင့်သောရေထောက်ပံ့မှုပုံစံများကို အစိုးရမဟုတ်သောအဖွဲ့အစည်းများက ထောက်ပံ့ပေးလျှက်ရှိသလို ရံဖန်ရံခါတွင် ရေ/သန့်ကိုယ်စားလှယ်အဖွဲ့၊ သို့မဟုတ် CCCM ထံမှရသော ရွှေ့ပြောင်းအခြေချ စခန်းကုန်ကျစရိတ် တို့မှလည်း ကျခံသုံးစွဲလေ့ရှိသည်။ လည်ပတ်ကုန်ကျစရိတ်ကို ရေ/သန့်ကဏ္ဍတစ်ခုထဲမှ ရေရှည်အနေဖြင့် မကျခံသင့်ဘဲ လူအဖွဲ့အစည်းကိုစည်းရုံးလှုံ့ဆော်ခြင်း၊ CCCM ထောက်ပံ့မှု၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သို့မဟုတ် စောလျင်စွာပြန်လည်ထူထောင်ရေးစီမံကိန်း တို့ဖြင့်သာ ကိုင်တွယ်ဖြေရှင်းသင့်သည်။
ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ ၂၀၁၄ ခုနှစ်အတွင်းက ရွှေ့ပြောင်းအခြေချစခန်း ၉၁ ကို စောင့်ကြည့်ကြပ်မတ်မှုများအရ ယင်းစခန်းများ၏ ၇ ရာခိုင်နှုန်းကသာ ရေ/သန့်ဆိုင်ရာအထောက်အပံ့ပစ္စည်းများအတွက် လိုအပ်ငွေကို ပုံမှန်အားဖြင့် ရရှိသည်ကို တွေ့ရသည်။

၎င်းတို့၏ဘဏ္ဍာရေးအခြေအနေရေရှည်တည်တံ့မှုရှိစေရေးအတွက် သင့်လျော်ပြီးကုန်ကျစရိတ်သက်သာသော လူမှုစီးပွား ဆိုင်ရာရေ/သန့် အထောက်အပံ့ပစ္စည်းများ အသုံးပြုမှုမြှင့်တင်ခြင်းကို ဦးစားပေးဆောင်ရွက်သင့်သည်။ ထောက်ပံ့မှုများနှင့် သာတူညီမျှသောချဉ်းကပ်မှုဆက်လက်ဖြစ်ပေါ်နေစေရန် ရေရှည်သဘောဆောင်သောကချင်ပြည်နယ်အရေးတွင် ရေ/သန့် အထောက်အပံ့ပစ္စည်းများ အသုံးချင်ခြင်းနှင့်ထိန်းသိမ်းမှုကုန်ကျစရိတ်အတွက် ပိုမိုကောင်းမွန်သောကြိုတင်ပြင်ဆင်မှုကို ယခုပင်လုပ်ဆောင်ရန်လိုအပ်နေပြီဖြစ်သည်။ အသုံးချခြင်းနှင့်ထိန်းသိမ်းမှုကုန်ကျစရတ်အတွက် ပိုမိုကောင်းမွန်သော မှတ်တမ်းတင်မှုလိုအပ်ပြီး ရွှေ့ပြောင်းအခြေချစခန်းရှိရာနေရာတစ်ခုလုံးအတက်နှင့် ရေဆိုင်ရာအထောက်အပံ့ပစ္စည်းများ တစ်ခုစီအတွက် ရေ/သန့်ကိုယ်စားလှယ်အဖွဲ့များက ကြိုတင်ခန့်မှန်းမှုများလုပ်ဆောင်ထားသင့်သည်။ သတင်းပေးပို့မှုရှိသော ရွေးချယ်ဆုံးဖြတ်မှုများ ဖြစ်စေရန်အတွက် ယင်း အသုံးချခြင်း နှင့် ထိန်းသိမ်းမှုကန်ကျစရိတ်ကို သက်ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများ( ရွှေ့ပြောင်းအခြေခံရသူများ၊ CCCM၊ ဘာသာရေး ခေါင်း ဆောင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ...စသည်) ထံရှင်းရှင်းလင်းလင်းတင်ပြသင့်သည်။

ရေ/သန့်ကိုယ်စားလှယ်အဖွဲ့၏ အသုံးချခြင်းနှင့်ထိန်းသိမ်းမှုအတွက် ဘဏ္ဍာရေးအရထောက်ပံ့နိုင်မှုကို ရွှေ့ပြောင်းအခြေချခံ လူအဖွဲ့အစည်း၊ ၎င်းတို့၏ကိုယ်စားလှယ်များ နှင့် CCCM တို့ကို ရှင်းရှင်းလင်းလင်းနှင့် ပွင့်လင်းမြင်သာရှိစွာ အသိပေးထား သင့်သည်။ ရေ/သန့်ကိုယ်စားလှယ်အဖွဲ့၏ ဘဏ္ဍာရေးအရထောက်ပံ့နိုင်မှု၊ ဘဏ္ဍာရေးအစီအမံများအပေါ် အခြေခံ၍ အသုံးချခြင်း နှင့်ထိန်းသိမ်းမှုကုန်ကျစရိတ်ကိုကာမိစေရန် CCCM နှင့်

ရေ/သန့်ကိုယ်စားလှယ်အဖွဲ့တို့သည် သက်ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများနှင့် တို့နှင့်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး ရေ/သန့်ဆိုင်ရာလုပ်ငန်းများအားလုံး ( မိလ္လာစနစ်၊ အမှိုက်စွန့်ပစ်မှုစီမံခန့်ခွဲမှု) ကိုထည့်သွင်းတွက်ချက်ထားသင့်သည်။ လူ့အဖွဲ့အစည်းစည်းရုံးလှုံ့ဆော်မှု၊ ရွှေ့ပြောင်းအခြေချခံ ရသူများ၏ ရေရရှိရန်အတွက် အခကြေးငွေပေးနိုင်မှုနှင့် ပေးရန်ဆန္ဒရှိမှု၊ ပါဝင်ဆောင်ရွက်သူတစ်ဦးစီတိုင်း၏ အသိပေးထား သောဘဏ္ဍာရေးအရတတ်နိုင်စွမ်း၊ CCCM ၏အခန်းကဏ္ဍ၊ ချို့ယွင်းမှုအရှိဆုံးလူများအတွက်ထောက်ထားညှာတာမှု၊ ဖြစ်နိုင်ချေရှိသောလူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှုတို့ကို ဘဏ္ဍာရေးအစီအစဉ်ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည်။ အသုံးပြုခြင်းနှင့်ထိန်းသိမ်းမှုကုန်ကျစရိတ်ခန့်မှန်းခြင်းနှင့် ရေရှည်တည်တံ့သောလူမှုစီးပွားဆိုင်ရာရေ/သန့် အထောက်အပံ့ပစ္စည်းများ အသုံးချမှုမြှင့်တင်ခြင်းတို့မှာ ရေ/သန့်ကိုယ်စားလှယ်အဖွဲ့တွင်တာဝန်ရှိသော်လည်း ဘဏ္ဍာရေးအစီအစဉ်ချမှတ်မှုနှင့် အသုံးချခြင်းနှင့်ထိန်းသိမ်းမှုကုန်ကျစရိတ်ကိုထောက်ပံ့ရန်တို့ကိုမူ ပါဝင်ဆောင်ရွက်သူများ အားလုံးကမျှဝေဆောင်ရွက်ရမည်ဖြစ်သည်။

အသုံးချခြင်းနှင့်ထိန်းသိမ်းမှုလုပ်ဆောင်ချက်များတွင် ယာယီတဲများအပါအဝင် ရုပ်ဝတ္ထုဆိုင်ရာအထောက်အပံ့ပစ္စည်းများ အားလုံးကိုထည့်သွင်းစဉ်းစားရမည်။ ထို့ကြောင့် ရွှေ့ပြောင်းအခြေချစခန်းများရှိ ရုပ်ဝတ္ထုပိုင်းပစ္စည်းများအသုံးချခြင်းနှင့် ထိန်းသိမ်းမှု ရေရှည်တည်တံ့ရေးစိန်ခေါ်မှုများအားလုံးကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ယင်းအသုံးချခြင်းနှင့်ထိန်းသိမ်းမှုထောက်ပံ့ရေးလုပ်ငန်းတွင် ရေ/သန့်အဖွဲ့နှင့် ဂေဟာ/CCCM အဖွဲ့များ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်းကိုဆက်လက်လုပ်ဆောင်သွားရမည် ဖြစ်သည်။

အသုံးချခြင်းနှင့်ထိန်းသိမ်းမှုကုန်ကျစရိတ် ခွဲဝေမှုစာရင်းကို ၂၀၁၄ ခုနှစ်၊ ပထမ ၄ ပတ်အတွင်းတွင် ပြုစုသွားမည်ဖြစ်သည်။

## ထိခိုက်မှုများမခံစားရစေရေးအတွက် ဒုက္ခသည်စခန်းအခြေချရာဒေသများ နှင့် ကျောင်းများတွင် ရေ/သန့်လုပ်ငန်းလုပ်ဆောင်ခြင်း

ဒုက္ခသည်စခန်းများတွင် ရေ/သန့်လုပ်ငန်းများဆောင်ရွက်ခြင်းကို ရခိုင်နှန်းပြည့် အာရုံစူးစိုက် ဆောင်ရွက်လျက်ရှိသည်။ ဝမ်းနည်းဖွယ်ရာတစ်ခုမှာ ဘေးဒုက္ခ အန္တရာယ်များမကျရောက်စေရေး ချဉ်းကပ်နည်းများအပေါ် စိတ်ဝင်စားမှုနည်းပါးလျက်ရှိနေကြသည်။ အမှန်စစ်စစ် ပြည်သူလူထုအနေဖြင့် မူလကတည်းကပင် ပဋိပက္ခများနှင့် ဆက်နွယ်မှုနှင့် နီးစပ်မှုမရှိခဲ့ခြင်းများကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မည်သည့်ဖြစ်နိုင်ချေရှိသည့် ဆက်စပ်အကြောင်းအရပ်များ၌ပင်ဖြစ်စေ၊ ပံ့ပိုးပစ္စည်းများဖွံ့ဖြိုးတိုးတက်စေရေးတွင် ညီမျှမှုမရှိခြင်းသည် လူမှုရေးနှင့်ဆက်နွယ်၍ ပြဿနာများ ဖြစ်ပေါ်စေနိုင်သည်။
ထို့ပြင် ဒုက္ခသည်စခန်းများသည် အများအားဖြင့် ဒေသခံကျေးရွာများ၏ အနီးပတ်ဝန်းကျင်တွင်လည်းကောင်း၊ ကျေးရွာများအကြား သို့မဟုတ် ကျေးရွာအတွင်း စုစည်းတည်ရှိလျက် ရှိနေကြသည်။ တိုက်ရိုက်ဖြစ်ပေါ်နေသည့် အကျိုးဆက်မှာ ကျေးရွာအတွက် ပံ့ပိုးထားသောပစ္စည်းများကို မျှဝေသုံးစွဲနေကြကြောင်း တွေ့မြင်နေကြခြင်းဖြစ်သည်။ ဤတွေ့မြင်နေရသည့်မြင်ကွင်းမှာ လက်ရှိကျေးရွာ၏ ဖွဲ့စည်းမှုအတွက် ဖိအားတစ်ခု ဖြစ်ပေါ်စေနိုင်သည်။
ကျောင်းများအတွက် ရေ/သန့်လုပ်ငန်းများကို ရေ/သန့်လုပ်ငန်းဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များက ဖော်ထုတ်သတ်မှတ်ထားပြီး သဘောတူညီမှုလည်း ရရှိခဲ့ကြသည်။ ကျောင်းများသည် ရေ/သန့်လုပ်ငန်းများဆောင်ရွက်ရန် အသင့်တော်ဆုံးသောနေရာတစ်ခုဖြစ်ပြီး ဒေသခံပြည်သူလူထုအတွက် အနိမ့်ဆုံးပံ့ပိုးမှုလည်းဖြစ်သည်။ ဒုက္ခသည်များတည်ရှိနေမှုနှင့် ဆက်စပ်၍ ဒေသခံပြည်သူများအတွက် လုပ်ငန်းများကို တိုက်ရိုက်ဆောင်ရွက်သွားရန် ကမ်းလှမ်းချက်များလည်း ဖြစ်သည်။

ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် ကျောင်းများတွင် နှင့် အထူးသဖြင့် ရွှေ့ပြောင်းအခြေချခံကျောင်းသားများ ကိုလက်ခံထား ရသည့် ကျောင်းများတွင် ရေ/သန့်ဆိုင်ရာလိုအပ်ချက်များကို ဖော်ထုတ်နိုင်ရေးအတွက် ပညာရေးဌာနနှင့် အတူဆက်လက် လုပ်ဆောင် သွားမည်ဖြစ်သည်။

## စောလျင်စွာပြန်လည်ကောင်းမွန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့်ချိတ်ဆက်မိရေး

စောလျင်စွာပြန်လည်ကောင်းမွန်ရေးကို ရေ/သန့်လုပ်ငန်းဆောင်ရွက်ချက်များ၏ ပင်မအချက်အဖြစ် ပဋိပက္ခစတင်ဖြစ်ပွား သည့်အချိန်ကတည်းကပင် စတင်သတ်မှတ်ထားသည်။ ရေ/သန့်လုပ်ငန်းဆိုင်ရာ အထောက်အပံ့ပစ္စည်းများ ပံ့ပိုးခြင်း၊ ထောက်ပံ့ခြင်းနှင့်အပြိုင် တစ်ကိုယ်ရေသန့်ရှင်းရေးအသိပညာပေးလုပ်ငန်းများလုပ်ဆောင်ခြင်းဖြင့် ရွှေ့ပြောင်းအခြေချခံရ သူများကို အသက်ရှင်ရပ်တည်ခက်ခဲသည့်အခြေအနေတွင် ကြံ့ကြံ့ခံရပ်တည်နိုင်လာစေသည်။ ရေ/သန့်ဆိုင်ရာအထောက်အပံ့ပစ္စည်းများကို အမြဲတစေအသုံးပြုနိုင်သောဒီဇိုင်းများ ပိုမိုဖြစ်လာစေရန် အဆင့်မြှင့်တင်ခြင်း နှင့်အတူ သက်ဆိုင်ရာအသိုင်းအဝိုင်းအတွင်း ဆော်သြစည်းရုံးခြင်းနှင့် လုပ်ဆောင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း ကြီးကြပ်မှု ဖွဲ့စည်း ပုံများ ရေးဆွဲခြင်းတို့သည် ရေ/သန့်ဆိုင်ရာအထောက်အပံ့ပစ္စည်းများကို ရေရှည်တည်တံ့နိုင်စေမည် ဖြစ်သည်။ ဒေသတွင်းအစိုးရမဟုတ်သောအဖွဲ့များနှင့် အစိုးရအာဏာပိုင်အဖွဲ့များအပါအဝင် ရေ/သန့် လုပ်ငန်းဆောင်ရွက်သူများ၏ အရည်အသွေးတိုးတက်မှုသည်လည်း ရေ/သန့်လုပ်ငန်းဆောင်ရွက်ထားမှုများကို ရေရှည်တည်တံ့စေမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ရွှေ့ပြောင်းအခြေချစခန်းများနှင့် ယင်းစခန်းများဝန်းကျင်ရှိလူ့အဖွဲ့အစည်းများတွင် ရေ/သန့်ဆိုင်ရာ အခြေအနေ ကောင်းမွန်စေရေးလုပ်ဆောင်မည့် ရေ/သန့်လုပ်ငန်းနှင့် ဆက်နွယ်နေသော အာဏာ ပိုင်များ၏ လုပ်ဆောင်မှုများကို ရေ/သန့်လုပ်ငန်းစုအဖွဲ့နှင့် DRD တို့ ပူးတွဲဦးဆောင်ကာ အားဖြည့်ပံ့ပိုးသွားမည်ဖြစ်သည် ။ ထို့ပြင် ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် တစ်ကိုယ်သန့်ရှင်းရေးသုံးပစ္စည်းများရောင်းဝယ်မှု ကိုဒေသတွင်းဈေးကွက်တွင် ပြလုပ်လာပြီး ဒေသတွင်းစီးပွားရေးအတွက်ပါအကျိုးရှိ စေရန်အတွက် တိုကင်စနစ်ကိုစတင်အကောင်အထည်ဖော်ခဲ့သည်။ မိလ္လာအနည်အနှစ်ဖယ်ရှားခြင်း နှင့် အမှိုက်စွန့်ပစ်မှုစီမံခန့်ခွဲခြင်း၊ နောက်ဆုံးတွင် စနစ်ကျသောပတ်ဝန်းကျင်တစ်ရပ်ဖြစ်ရန် ကြိုးစားခြင်းတို့ကဲ့သို့သော ကိစ္စများတွင် ဖော်ထုတ်တွေ့ရှိရသည့် အမျိုးမျိုးသော လိုအပ်ချက်များအတွက် ဖြေရှင်းရန်နည်းလမ်းအချို့ကို တာဝန်ရှိအာဏာပိုင်အဖွဲ့များ၊ အထူးသဖြင့် မြို့နယ်အဆင့်အာဏာပိုင်များနှင့်အတူ ဖော်ထုတ် တွေ့ရှိနိုင်သည်။ စံလုပ်ငန်းစဉ်များအတိုင်းမိလ္လာအနည်အနှစ်များဖယ်ရှားခြင်းလုပ်ငန်းမှတဆင့် ရွှေ့ပြောင်းအခြေချခံရသူများ အသိုင်းအဝိုင်းတွင် ဝင်ငွေရရှိနိုင်သောနည်းလမ်းများဖော်ဆောင်နိုင်ရန်လည်း လုပ်ဆောင်လျှက်ရှိသည်။ ရွှေ့ပြောင်းအခြေချစခန်းများတည်ရှိရာနေရာများတွင် ဖော်ဆောင်သည့် နည်းစနစ်ပိုင်းဖြေရှင်းနည်းများသည် ဖွံ့ဖြိုးတိုးတက် မှုလုပ်ငန်းစဉ်အတွင်း ပြောင်းလဲတိုးတက်နိုင်သောနည်းလမ်းများ ဖြစ်သင့်သည်။ သက်ဆိုင်ရာအသိုင်းအဝိုင်းအတွင်း စည်းရုံး လှုံ့ဆော်မှုကို အာရုံစိုက်လုပ်ဆောင်ရမည်ဖြစ်ပြီး ကာလရှည်ပဋိပက္ခဖြစ်ပွားလျှက်ရှိရာ ကချင်နှင့် ရှမ်းမြောက်ရှိ ကာလရှည်ပဋိပက္ခဖြစ်ရာနေရာများတွင် သင့်လျော်ခိုင်မာမှုရှိသည်နည်းပညာဆိုင်ရာ ရွေးချယ်စရာနည်းလမ်းများ ဖြစ်သည်။ လုပ်ထုံးလုပ်နည်းများကို ပုံတူကူးယူခြင်း၊ ရွှေ့ပြောင်းအခြေချခံရသူများ၏ လူမှုစီးပွားဘဝအခြေအနေ နှင့် စောလျင်စွာ ပြန်လည်ကောင်းမွန်လာစေရေးဖြစ်နိုင်ချေများအပေါ် အဘက်ဘက်သုံးသပ်ချက်များကို ပိုမိုကောင်းမွန်စွာနားလည်ခြင်းဖြင့် ပိုမိုကောင်းမွန်သောပုံစံဒီဇိုင်းနှင့် ရေရှည်တည်တံ့မည့် ရေ/သန့်ဆိုင်ရာလုပ်ဆောင်ချက်များကို အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။

ရေရှည်တည်တံ့သောဖြေရှင်းနည်း

၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပေါ်ရန်မျှော်လင့်ချက်နည်းပါးသော်လည်း လူသားချင်းစာနာမှုအခြေခံသဘောတရားများအရ ပိုမို၍လိုက်လျောညီထွေရှိပြီး အခွင့်အလမ်းများ တိုးတက်ပေါ်ထွန်းလာစေရန်မည့် ကွဲပြားခြားနားသော တိုးတက်ဖြစ်ထွန်းမှုများတွင် ကချင်ပြည်နယ်အတွက် ရေရှည်တည်တံ့မည့်ဖြေရှင်းနည်းမူဘောင်ချမှတ်ရန် နှင့် ဒေသတွင်းအကောင် အထည် ဖော်ဆောင်ရွက်သူများနှင့်ပူပေါင်းဆောင်ရွက်ရေး ပြင်ဆင်ရန်တို့မှာ အရေးကြီးကိစ္စရပ်များဖြစ်လာခဲ့သည်။

အောက်ပါတို့သည် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအရပ်ရပ်ဖြစ်ပြီး သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင် ရွက်မှုမြှင့်တင်နိုင်မည်ဟုလည်း မျှော်လင့်ရသည်။

**ပြင်ဆင်ဆဲအဆင့်**

- ရွှေ့ပြောင်းအခြေချစခန်းတည်ရှိရာဒေသများတွင် တစ်ကိုယ်ရည်သန့်ရှင်းရေးပညာပေးလုပ်ဆောင်ချက်များကို ဒေသခံပူးပေါင်းလုပ်ဆောင်သူများနှင့်အတူ PCA ဖြင့်လုပ်ဆောင်ရန်
- စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ဆောင်ချက်များလုပ်ဆောင်ခြင်းဖြင့် ရေ/သန့်ဆိုင်ရာရေရှည်တည်တံ့မည့်ဖြေရှင်းနည်းများစီမံချ မှတ်ရန်အတွက် ဒေသတွင်းအာဏာပိုင်အဖွဲ့များကို ထောက်ပံ့ရန်( နည်းစနစ်ပိုင်းအကဲဖြတ်ချက်နည်းလမ်း၊ အသိပညာ၊ သဘောထား နှင့် လိုက်နာလုပ်ဆောင်မှု စစ်တမ်း၊ ဈေးကွက်အကဲဖြတ်ချက်များ၊ စိတ်ချရသောရေရရှိရေးအစီအမံ၊ ..စသည်)
- ရေ/သန့်လုပ်ငန်းဆောင်ရွက်သူများကို ဘက်တီးရီးယားဆိုင်ရာရေအရည်အသွေးစစ်ဆေးမှုလေ့ကျင့်သင်ကြားမှုများပေးအပ်ရန်
- ရေ/သန့်လုပ်ငန်းစုအဖွဲ့ဝင်များအတွင်း နည်းစနစ်ပိုင်းလုပ်ငန်းစုအဖွဲ့များဖြင့် သင့်လျော်သောလုပ်ထုံးလုပ်နည်းဒီဇိုင်းများတိုးတက်လာ အောင် လုပ်ဆောင်ရန်
- WinS မူဝါဒနှင့် ရေ/သန့်လုပ်ငန်းလုပ်ဆောင်သူများ၏ လေ့ကျင့်သင်ကြားမှုများကို ဖြန့်ဖြူးရန်
- ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် တိုးတက်လာနိုင်ချေရှိသော ရွှေ့ပြောင်းအခြေချစခန်းများတွင် ရေ/သန့်လုပ်ငန်းဆိုင်ရာ ရေရှည်တည်တံ့မည့် ဖြေရှင်းနည်းများအတွက် ရှေ့ပြေးစမ်းသပ်စီမံကိန်းများ လုပ်ဆောင်ရန်
- ကချင်နှင့်ရှမ်းမြောက်ရှိ ရေ/သန့်လုပ်ငန်းစုအဖွဲ့တွင် ရေ/သန့်လုပ်ငန်းလုပ်ဆောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ရေးနှင့် အဖွဲ့အတွင်း၊ ဌာနခွဲများအတွင်း ပူးပေါင်းဆောင်ရွက်ရေးတို့အားကောင်းလာအောင်လုပ်ဆောင်ရန်
- လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရေ/သန့်လုပ်ငန်းဆိုင်ရာ လုပ်ဆောင်ချက်များ ကို ချိတ်ဆက်ရန်
- ပြန်လည်နေရာချထားရေးအစီအမံများနှင့် ရေ/သန့်အထောက်အပံ့ပစ္စည်းများကဲ့သို့သော ရေ/သန့်လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ အတွက် ဒေသတွင်းအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်

**ပြန်လည်ဝင်ရောက်နေထိုင်ခြင်း နှင့်/သို့မဟုတ် ပြန်လည်နေရာချထားသောအဆင့်**

- အခြေခံတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများအပါအဝင် ကနဦးလိုအပ်သောပစ္စည်းတစ်စုံ၊ ပညာပေးအထောက်အကူပြုပစ္စည်း နှင့် ပြန်လည်ဝင်ရောက်နေထိုင်သူများအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးအသိပညာပေးဟောပြောပို့ချမှုများကို ဖြန့်ဝေခြင်း
- ရေ/သန့်ဆိုင်ရာ ရေရှည်တည်တံ့သောဖြေရှင်းနည်းများနှင့် တိုးတက်ဖြစ်ပေါ်မှုများနှင့်အညီဖြစ်စေရန်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း လုပ်ဆောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း

**ပြန်လည်ကောင်းမွန်လာခြင်းနှင့် ပြန်လည်သဟဇာတဖြစ်လာသောအဆင့်**

- နိုင်ငံအဆင့် ရေ/သန့်ဆိုင်ရာမူဝါဒများ၊ စံနှုန်းများ၊ စံအဆင့်များဖော်ထုတ်ရန်

## သာတူညီမျှမှုရှိသော ချဉ်းကပ်မှု

ချို့တဲ့နွမ်းပါးမှုအရှိဆုံးအုပ်စုကို ဦးစားပေးရွေးချယ် သတ်မှတ်ရန်ဖြစ်သည်။ လိုအပ်ချက်များအပြင်းအထန် လိုအပ်နေသည့် အုပ်စုများကိုဦးတည်ပြီး လုပ်ဖော်ကိုင်ဖက်တိုင်းက ဖော်ထုတ်သတ်မှတ်ထားရန် လိုအပ်သည်။ သီးခြားအန္တရာယ်ဖြစ်လွယ်နိုင်သောအုပ်စုများ သို့မဟုတ် သီးခြားပထဝီအနေအထားရှိသည့် နေရာဒေသများကို ရေ/သန့် လုပ်ငန်းများ ဝင်ရောက်ဆောင်ရွက်နိုင်ရန်နှင့် အကျိုးရလဒ်များ အများဆုံး အသုံးချနိုင်စေရန် ရွေးချယ်သတ်မှတ်ရမည်ဖြစ်သည်။

## *ဦးစားပေးအဆင့်များ သတ်မှတ်ခြင်း*

### ရေ

_ အလှမ်းဝေးသည့် ဒုက္ခသည်စခန်းများအတွက် လက်ခံနိုင်ဖွယ်ရှိသည့် ဖြေရှင်းနည်းများကို ဖော်ထုတ် သတ်မှတ်ပေးခြင်း၊

_ ဒုက္ခသည်စခန်းများရှိ ရေ/သန့်ဆိုင်ရာပံ့ပိုးပစ္စည်းများကို နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန် အဆင့်တိုးမြှင့်ပေးခြင်း၊ စံနှုန်းသတ်မှတ်ချက်များဆိုရာတွင် အရည်အသွေးများကို ဆိုလိုခြင်းဖြစ်ပြီး အရေးပေါ်အခြေအနေများတွင် ဂန်ဆောင်မှုပေးခြင်းများအပါအဝင် ဖြစ်နိုင်ဖွယ်ရာရှိသည့် နည်းပညာဆိုင်ရာ ဖြေရှင်းနည်းများဖြင့် ဆောင်ရွက်ခြင်း၊

_ လူမှုရေးအဖွဲ့အစည်းများနှင့် အနာဂတ်ကာလ ထိန်းသိမ်းပြုပြင်ခြင်းများအတွက် လွတ်လပ်စွာ ကိုယ်ထူကိုယ်ထ ဆောင်ရွက်နိုင်ရေးကို ဦးတည်၍ တွန်းအားပေးတိုက်တွန်းခြင်း၊ (Link. CCCM)

_ လုပ်ငန်းစုအဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် ရေအရည်အသွေးဆိုင်ရာ စောင့်ကြည့်ထိန်းကျောင်းသည့်စနစ်ကို အလျင်အမြန် ဖော်ထုတ်သတ်မှတ်ခြင်း၊

_ နည်းပညာရပ်ဆိုင်ရာဖြေရှင်းနည်းများသည် ရေနှင့်ဆက်စပ်သည့်ပညာရပ်များနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စူးစမ်းရှာဖွေမှုများမှတစ်ဆင့် အရေးပေါ်အခြေအနေတွင် ဂန်ဆောင်မှုလုပ်ငန်းဆိုင်ရာ မဟာဗျူဟာများကို ဖော်ထုတ်သတ်မှတ်နိုင်ခြင်း၊

### ရေဆိုးနုတ်စနစ်

- စခန်းများတွင် ရာခိုင်နှုန်းပြည့် လွှမ်းခြုံနိုင်မှုအတွက် အိမ်သာများဆောက်လုပ်မှု လိုအပ်ချက်များ ပြည့်မီစေရန်ဆက်လက်ဆောင်ရွက်ခြင်း၊
- မစင်အညစ်အကြေးများ ပြန်လည်စွန့်ထုတ်သည့်လုပ်ငန်းကို ပတ်ဝန်းကျင်မထိခိုက်စေရေးအတွက်စီစဉ်ဆောင်ရွက်ခြင်း၊
- လိုအပ်သောနေရာများတွင် မိလ္လာအနည်အနစ်စွန့်ပစ်ရန်နေရာများ ဖော်ဆောင်ခြင်း
- မီးရှို့ပြာချသည့်နည်းလမ်းကို လူမှုအခြေအနေနှင့် အညစ်အကြေးစွန့်ထုတ်နိုင်မှုတို့ပေါ်မူတည်ဆက်စပ်၍ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ခြင်း၊

## တစ်ကိုယ်ရေသန့်ရှင်းရေးအသိပညာပေးခြင်း

- ကျပန်းတစ်ကိုယ်ရေသန့်ရှင်းရေးအသိပညာပေးပို့ချမှုများနေရာတွင် လူထုပူးပေါင်းပါဝင်သောပို့ချချက်များကဲ့သို့သော ပို၍စံနှုန်းနှင့်ကိုက်ညီသည့်ပို့ချချက်များကိုအစားထိုးရန်နှင့် တစ်ချိန်တည်းတွင် ဆက်စပ်အခြေအနေများအရ အကောင်အထည်ဖော်ဆောင်ရွက်မှုများလိုက်လျောညီထွေရှိစေရန်

- အစိုးရထိန်းချုပ်မှုပြင်ပရှိနယ်များတွင် အသိပညာ၊ဗဟုသုတနှင့်လိုက်နာလုပ်ဆောင်မှု စစ်တမ်းများမှ တွေ့ရှိချက်များပေါ်အခြေခံ၍ ပြန်လည်ဖြည့်ဆည်းပေးခြင်းနှင့်အတူ တည်နေရာအားလုံးတွင် စနစ်ကျသော တစ်ကိုယ်ရေသန့်ရှင်းရေး ပညာပေးမှုများဖြင့် ချဉ်းကပ်ရန်

- အသိပညာပေးမြှင့်တင်ခြင်းနှင့် စံနှုန်းကိုက်ညီသောကိရိယာများအသုံးပြုရန် ( ကချင်ပြည်နယ်၏ဖွံ့ဖြိုးမှုရှိပြီးနေရာများ နှင့် ရောက်ရှိနိုင်သောနေရာများတွင် ပညာပေးအထောက်အကူပြုပစ္စည်းများဖြန့်ဝေခြင်း)

- သက်ဆိုင်ရာ တစ်ကိုယ်ရေးသန့်ရှင်းရေးအသိပညာပေးပို့ချမှုများမှတဆင့် ရာသီအလိုက်ဖမ်းရောဂါကူးစက်ပျံ့ပွားမှု လျှော့ချခြင်းကို ပံ့ပိုးရန်

## လူမှုအဖွဲ့အစည်းအတွင်းစည်းရုံးလှုံ့ဆော်ခြင်း

- ရွှေ့ပြောင်းအခြေချစခန်းတစ်ခုစီတိုင်း၏ ရေ/သန့်ဆိုင်ရာလုပ်ငန်းကုန်ကျစရိတ်ကို ပိုမိုကောင်းမွန်စွာမှတ်တမ်းတင်ရန်

- ရေ/သန့်ပံ့ပိုးပစ္စည်းများ၏ O&M ကုန်ကျစရိတ်များကို ထောက်ပံ့ရန်အတွက် သက်ဆိုင်ရာပါဝင်ဆောင်ရွက်သူများနှင့် ဖြစ်နိုင်ချေရှိသော ဘဏ္ဍာရေးအစီအမံများ ချမှတ်ရန်

- ရွှေ့ပြောင်းအခြေချစခန်းအားလုံးရှိ စေတနာ့ဝန်ထမ်းများ၏ပါဝင်မှုဖြင့် လူမှုစည်းရုံးလှုံ့ဆော်မှုလုပ်ဆောင်ရန်

- ရွှေ့ပြောင်းအခြေချစခန်းတည်ရှိရာနေရာများရှိ အခြေခံအဆောက်အဦများကို ထိန်းသိမ်းနိုင်ရန် ဂေဟာ/ CCCM တို့နှင့် ပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ထောက်ကူရန်

- ရည်မှန်းလူဦးရေအတွက် အကျိုးသက်ရောက်မှုပြန်ရချက်နည်းလမ်းများနှင့် ပွင့်လင်းမြင်သာရှိမှုတို့ကို အားဖြည့်လုပ်ဆောင်ရန်

- ရွှေ့ပြောင်းအခြေချစခန်းနှင့် ရေ/သန့်ကော်မတီများဆီသို့ ရေ/သန့်ကိုယ်စားလှယ်များ၏ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းအောင်မြှင့်တင်ရန်

## တစ်ကိုယ်ရေသန့်ရှင်းရေးအထောက်အကူပြုပစ္စည်းများ

- စီးပွားရေးလှေလာသုံးသပ်ချက်ပေါ်တွင်အခြေခံပြီး ဦးစားပေးသတ်မှတ်မှုနှင့်ရှိပြီးသားမဟာဗျူဟာများအပါအဝင် အသက်မွေးမှုကဏ္ဍနှင့်နီးကပ်စွာဆက်စပ်လျက်ရှိသည့်ပြင်ပတစ်ကိုယ်ရေသန့်ရှင်းရေးအထောက်အကူပြုပစ္စည်းများ လိုအပ်မှု ကို အကဲဖြတ်ရန်

- ရွှေ့ပြောင်းအခြေချသူများအသိုင်းအဝိုင်းနှင့်ကိုက်ညီပြီးချမှတ်ထားသော သွင်ပြင်လက္ခဏာများအပေါ်အခြေခံသည့် သတ်မှတ်ချက်ထားတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများဖြန့်ဝေခြင်း နှင့် သာတူညီမျှရှိသောချဉ်းကပ်မှုသို့ ပြောင်းလဲရန်

- သင့်လျော်သည့်အခြေအနေတိုင်းတွင် တုံကင်စနစ်ကို ဖော်ဆောင်ရန်

- အမူအကျင့်ပြောင်းလဲမှုများလွယ်ကူစွာဖြစ်ပေါ်စေရန် တစ်ကိုယ်ရေသန့်ရှင်းအသိပညာပေးမှုလုပ်ဆောင်ရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများဖြန့်ဝေခြင်းကိုပါ လုပ်ဆောင်ရန်

- ရေ/သန့်အထောက်အကူပြုပစ္စည်းများဒေသတွင်းဈေးကွက်၏ အသိပညာဗဟုသုတမြင့်တက်လာစေရေး ထောက်ပံ့ကူညီရန်

## အရေးပေါ်အခြေအနေအတွက်အရန်သင့်ရှိမှု

ကချင်ပြည်နယ်သည် သဘာဝဘေးအန္တရာယ် ဖြစ်လေ့ဖြစ်ထနည်းပါးသော ဒေသတစ်ခုဖြစ်သည်။ မိုးသည်းထန်စွာ ရွာလေ့ရှိသော်လည်း တောင်ကမ်းပါးပြိုခြင်းနှင့် အခြေခံအဆောက်အအုံ အနည်းအကျဉ်းမျှသာ ပျက်ဆီးဆုံးရှုံးမှုများ ဖြစ်ပေါ်လေ့ရှိသည်။

၂၀၁၄-ခုနှစ်အတွင်းက ဖြစ်ပွားခဲ့သောအဖြစ်အပျက်၏ ဖြစ်ရပ်အကြောင်းအရာများသည် ယခုအချိန်အထိ တည်ငြိမ်မှု မရှိသေးကြောင်း သတိပေးလျက်ရှိပြီး လက်နက်ကိုင်ပဋိပက္ခနှင့်အတူ လူပေါင်းများစွာ ရုတ်တရက် ထွက်ပြေးတိမ်း ရှောင်နေရကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။ ဤအဖြစ်အပျက်သည် ရေ/သန့်လုပ်ငန်းစုအဖွဲ့အား အရေးပေါ် အခြေအနေများအတွက် ချက်ခြင်းတုန့်ပြန်နိုင်သည့် စွမ်းဆောင်ရည်များကို အမြဲထိန်းသိမ်းထားရန် သတိပေးနိုးဆော် လျက်ရှိသည်။ ဤလိုအပ်ချက်များသည် အများအားဖြင့် သာမန်ဖြစ်စဉ်တိုင်းအတွက် လူဦးရေ ၅၀၀၀-ထက် လျော့ နည်းပြီး လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ပြုပြင်ပြောင်းလဲလွယ်သည့် ကျိုးကြောင်းဆက်စပ်သော လိုအပ်ချက်များကို

ဖြစ်ရပ်တစ်ခုချင်းစီတွင် အသုံးချနိုင်ရန်ဖြစ်သည်။ ဒေသခံ အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် တုန့်ပြန် မှု လုပ်ငန်းစဉ်တွင် ရေ့ ဆုံးမှပါဝင်ဆောင်ရွက်လျက်ရှိပြီး ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများသို့လည်း ကောင်းမွန်စွာ သွားရောက်ဆောင်ရွက်နိုင်ခဲ့ကြသည်။ သို့သော် လုံလောက်သည့် တုန့်ပြန်မှုဆိုင်ရာလုပ်ငန်းများအတွက် ပံ့ပိုးကူညီရန် စွမ်းဆောင်ရည်နှင့်ရန်ပုံငွေမှာ အားနည်းလျက်ပင် ရှိနေသေးသည်။ လုပ်ငန်းစုအဖွဲ့မှတစ်ဆင့် နိုင်ငံတကာအစိုးရ မဟုတ်သောအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ချက်ခြင်းတုန့်ပြန်နိုင်မှုအတွက် သင့်လျော်သည့် ဆောင်ရွက်မှုနည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်သည်။ ကချင်ပြည်နယ်တွင် အစိုးရထိန်းချုပ်မှုပြင်ပရှိ ဒေသ များသို့ လက်လှမ်းမှီသွားရောက်နိုင်ရေးမှာ အကြီးမားဆုံးသော အဟန့်အတားဖြစ်သည်။

နောက်ဆုံးမိနစ်အချိန်ပိုင်းမှသာ

တရားဝင်ခွင့်ပြုချက်ရလေ့ရှိပြီး တိုတောင်းလှသောအချိန်ကာလအတွက် ပြန်လည်လုပ်ဆောင်ရန်နှင့် ပြုပြင်လွယ်သည့် တုန့်ပြန်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များရရှိရန်လိုအပ်သည်။

OCHA ကမတည်ပေးသည့် ရေ/သန့်လုပ်ငန်းဆိုင်ရာအရေးပေါ်အခြေအနေတုံ့ပြန်ရန်ရန်ပုံငွေတစ်ရပ်ကို ၂၀၁၄ ခုနှစ်တွင် ကချင်ပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စတင်ထူထောင်ခဲ့သည်။
အရေးပေါ်အခြေအနေတုံ့ပြန်ရန်ရန်ပုံ ငွေ တွင်အောက်ပါတို့ပါဝင်သည်။
- အိုးအိမ်စွန့်ခွာထွက်ပြေးရမှုသို့မဟုတ် သဘာဝဘေးအန္တရာယ်အသစ်များဖြစ်ပေါ်လျှင် အငယ်စားရေ/သန့်လုပ်ငန်းဆိုင်ရာ အရေးပေါ်အခြေအနေတုံ့ပြန်ရာတွင် ထောက်ပံ့ရန်
- စီမံကိန်းမှအကျိုးခံစားခွင့်ရှိသူအရေအတွက်စုစုပေါင်းမှာ လူ ၅၀၀၀ ဖြစ်သည်။

အရေးပေါ်အခြေအနေတစ်ရပ်ပေါ်ပေါက်ပြီးနောက် လုပ်ဆောင်ရမည့်မတူညီသောအဆင့်အမျိုးမျိုးတွင် အောက်ပါတို့ ပါဝင်သည်။

- ရေ/သန့်လုပ်ငန်းစုအဖွဲ့က 'ဘ' ၄လုံးတိုင်းတာမှုမှတိုးချဲ့ဖော်ဆောင်ထားသည့် အခြေခံကိရိယာများနှင့် MIRA အကဲဖြတ်ချက်ပုံစံတို့ကိုအသုံးပြုပြီး ရေ/သန့်ဆိုင်ရာအချက်အလက်များစုဆောင်းပြီး ကဏ္ဍစုံအကဲဖြတ်မှုအလျှင်အမြန် လုပ်ဆောင်ရန်

- ကောက်ယူရရှိသောအချက်အလက်များနှင့် ပါဝင်ဆောင်ရွက်မှုဖွင့်ဆိုချက်ကို ပေါင်းစည်းခြင်းနှင့် လေ့လာသုံးသပ်ခြင်း

- အရေးပေါ်ရန်ပုံငွေကြီးကြပ်သူဖြစ်သည့် ရေ/သန့်အေဂျင်စီမှ အရေးပေါ်အခြေအနေအတွက်လိုအပ်သည့်ပစ္စည်းများကို ထုတ်ပေးခြင်း

ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် ဤ အရေးပေါ်ရန်ပုံငွေအသုံးပြုပုံကို ၂၀၁၅ ခုနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး အရေးပေါ်အခြေအနေများအတွက်သင့်လျော်သည့် အောက်ပါ တို့အပေါ်အခြေခံသော တုံ့ပြန်ပုံတစ်ရပ်ကို ဖော်ဆောင်မည် ဖြစ်သည်။

- လက်တွဲလုပ်ဆောင်သူများထံလွှဲပြောင်းပေးရမည့် အနိမ့်ဆုံးအရေအတွက်ပြည့်မီစေရန်စိစစ်ထားသော အရေးပေါ်အထောက်အပံ့ပစ္စည်းများ စုဆောင်းခြင်း

- ထိုကဲ့သို့သောဖြစ်ရပ်များအတွင်း အကဲဖြတ်ချက်များနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုများကို ပြန်လည်အားဖြည့်လုပ် ဆောင်ခြင်း

- တရားဝင်ကြားဝင်ဆောင်ရွက်မှုလုပ်ငန်းစဉ်သတ်မှတ်ခြင်း

- ရေ/သန့်လုပ်ငန်းဆောင်ရွက်သူများကို စွမ်းဆောင်ရည်မြှင့်တင်ခြင်း

မဟာဗျူဟာသတ်မှတ်ချက်အရ အနိမ့်ဆုံးတုံ့ပြန်မှုပမာဏအဖြစ် အသစ်ထပ်မံရွှေ့ပြောင်းအခြေခံရသူအရေအတွက်ကို ၂၀၀၀၀ ဟုသတ်မှတ်ထားသည်။

ထိုအငယ်စားအရေးပေါ်အခြေအနေများဖြစ်ပေါ်ပြီးနောက်တုံ့ပြန်မည့် လူသားချင်းစာနာမှုဆိုင်ရာရေ/သန့်လုပ်ငန်းများတွင် ရေ/သန့်အကဲဖြတ်ချက်၊ ရေသန့်အထောက်အကူပစ္စည်းဖြန့်ဝေခြင်းနှင့် ရေ/သန့်ဆိုင်ရာအဆောက်အဦအသစ်များ တည်ဆောက်ခြင်း တစ်ကိုယ်ရေသန့်ရှင်းရေးပညာပေးလုပ်ဆောင်ချက်များ နှင့် ရေ/သန့်လုပ်ငန်းစုအဖွဲ့ဝင်များကြား ညှိနှိုင်း အစည်းအဝေးများ ပါဝင်သည်။လုံခြုံရေးဆိုင်ရာအရေးကိစ္စများ၊ ရွှေ့ပြောင်းအခြေချစခန်းများမှာ ပထဝီဝင်အနေအထားအ ပြန့်ကျဲတည်ရှိနေမှု၊ သက်ဆိုင်ရာနေရာသို့သွားရောက်ခွင့်မရခြင်း နှင့် အပြန်အလှန်ဆက်သွယ်ရေးဆိုင်ရာအဖက်ဖက်အခက် အခဲများက ရေ/သန့်ဆိုင်ရာလုပ်ငန်းများ ဝင်ရောက်ဆောင်ရွက်ခြင်းကို အငယ်စားအရေးပေါ်အခြေအနေများတွင် ကြုံတွေ့ရန်မျှော်လင့်ထားသော အခက်အခဲများထက် ပိုမို၍ရှုပ်ထွေးစေသည်။

## တိုက်တွန်းချက်

- စီမံကိန်းနှင့် ကချင်ရေ/သန့်ဆိုင်ရာတုံ့ပြန်မှုအစီအစဉ်အတွက် ရန်ပုံငွေမှာ ၂၀၁၄ ခုနှစ်ကထက် တိုးမြင့်လာသဖြင့် နေရာအလိုက် ပို၍တည်ငြိမ်သောတုံ့ပြန်မှုများဖြင့် ပိုမိုအရည်အသွေးပြည့်ဝအောင်လုပ်ဆောင်ရမည်။
- ရေ/သန့်လုပ်ငန်းစုအဖွဲ့သည် နေရာဒေသအားလုံးရှိ အကျိုးခံစားခွင့်ရှိသူများထံ အပြည့်အဝရောက်ရှိရေးအတွက် ဆက်လက်ထောက်ပံ့ သွားရမည်။
- အထူးတာဝန်ထမ်းဆောင်မည့်အဖွဲ့၏ လုပ်ထုံးလုပ်နည်းများကို ကြားဖြတ်ဆောင်ရွက်သည့် လုပ်ဆောင်မှုသည် တိုက်ရိုက်အသုံးပြုနိုင်မည့် အခွင့်အလမ်းများ ကွာဟမှုကို တစ်စိတ်တစ်ဒေသကာမိစေရန် အသုံးတည့်သော နည်းစနစ်တစ်ခုပင်ဖြစ်သည်။ လုပ်ငန်းစုအဖွဲ့အနေဖြင့် အဆိုပါဖြစ်နိုင်ဖွယ်ရာများကို ဆက်လက်အလေးထား ရမည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်သည့်နည်းစနစ်ကို လက်ခံဆောင်ရွက်ရုံသာမဟုတ်ဘဲ၊ လုပ်ငန်းတစ်ခုလုံး အတွက် လက်ခံကျေနပ်ဖွယ်ရာမရှိခြင်းများကိုလည်း အလုံးစုံထည့်သွင်းစဉ်းစားကြရမည်ဖြစ်သည်။ ရည်မှန်းချက် အတွက် တိုက်ရိုက်အသုံးပြုနိုင်သည့် အခွင့်အလမ်းများလည်း ကျန်ရှိနေဦးမည်ဖြစ်သည်။ အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဝင်ရောက်ဆောင်ရွက်မှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များအတွက် သိသာမြင်သာရှိသည့် နည်းလမ်းသဖွယ် အလုံးစုံထည့်သွင်းအလေးထားရန်မလိုကြောင်း လက်ခံသဘောတူ ထားကြသည်။ အကျိုးဆက်အနေဖြင့် လုပ်ငန်းစုအဖွဲ့သည် အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဝင်ရောက် ဆောင်ရွက်ခြင်းအတွက် လိုအပ်ချက်များကို ခွဲခြမ်းလေ့လာရာတွင် အင်တိုက်အားတိုက် ပံ့ပိုးကူညီခြင်းကို ဦးစား ပေးဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လက်ရှိစီမံချက်လုပ်ငန်းများ (ဥပမာ-ပစ္စည်းများဖြန့်ဖြူးပေးခြင်း) နှင့်

တစ်ထပ်တည်းမကျရောက်စေရန်နှင့် ရေ/သန့်လုပ်ဖော်ကိုင်ဖက်များ၏ လုပ်ငန်းအစီအစဉ်များကိုလည်း အဟန့်အတားမဖြစ်စေရန်လည်း အလေးထားရမည်ဖြစ်သည်။

- အချို့ကိစ္စရပ်များတွင် အလုံးစုံချဉ်းကပ်နိုင်မှုအတွက် လုပ်ငန်းစုအဖွဲ့၏ ' ဘ ' ၄ လုံးကိရိယာများ၏ ထောက်ပံ့မှုဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပို၍အားကောင်းသော အချိတ်အဆက်ဖော်ဆောင်ရမည်။
- အာဏာပိုင်များ၏နည်းစနစ်ပိုင်းစွမ်းဆောင်ရည်တိုးတက်မှုလုပ်ဆောင်ရမည်။
- စီမံကိန်းများအားလုံးတွင် ပင်မစွမ်းဆောင်ရည်မြှင့်တင်ပေးရမည်။
- CCCM ဖွံ့ဖြိုးမှုအတွက် ပို၍အားကောင်းသော ထောက်ပံ့မှုများပေးရမည်။
- ရွှေ့ပြောင်းအခြေချစခန်းများတွင် အသက်မွေးမှုစီမံချက်များ ပို၍အားကောင်းလာအောင်လုပ်ဆောင်ရမည်။

## ဦးစားပေးနေရာများသတ်မှတ်ခြင်း

- အစိုးရထိန်းချုပ်မှုပြင်ပကို ဦးစားပေးနေရာတစ်ရပ်အဖြစ်သတ်မှတ်ထားသော်လည်း အစိုးရထိန်းချုပ်မှုအောက်တွင်ရှိသော်လည်း ဝေးလံခေါင်ဖျားသောဒေသဖြစ်သည့် ကချင်ပြည်နယ်မြောက်ပိုင်းရှိ အဖွဲ့နံပါတ် ၁၀    ကိုလည်း ဦးစားပေးနေရာအဖြစ်သတ်မှတ်ရ စဉ်းစားသင့်သည်။

-ဖားကန့်ဒေသကဲ့သို့သော ဒေသများတွင် ရေပြတ်တောက်မှုပြဿနာပေါ်ပေါက်လေ့ရှိသည်။

- ယာယီတဲအသစ်များတည်ရှိရာနေရာများ - အထူးအားဖြင့်၂၀၁၅ နှစ်ဆန်းတွင်တိုက်ပွဲများထပ်မံဖြစ်ပွားခဲ့သည့် ဖားကန့်နှင့် ရှမ်းမြောက်ပိုင်းဒေသများကို ဦးစားပေးမှုအဆင့်မြင့်မြင့်မားမားသတ် မှတ်သင့်သည်။

- ကချင်ပြည်နယ်တောင်ပိုင်းရှိ ကျေးရွာများနှင့်ရပ်ကွက်များကို ပိုမိုကောင်းမွန်စွာမှတ်တမ်းတင်ထားသင့်ပြီး ဖော်ထုတ်တွေ့ရှိရသော လိုအပ်ချက်များအရ ရေ/သန့်ဆိုင်ရာဝင်ရောက်ဆောင်ရွက်မှုများကို အကောင်အထည်ဖော်ရမည်။

## *ရည်မှန်းလူဦးရေ ပြန်လည်သုံးသပ်ခြင်း*

ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ ရည်မှန်းလူဦးရေသည် ပဋိပက္ခကြောင့် ထိခိုက်ခံစားနေရသည့် ရည်မှန်းလူဦးရေအတွက် မြန်မာ့လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မဟာဗျူဟာအစီအစဉ်၏ ကန့်သတ်ချက်များနှင့် တပြေးတည်း တည်ရှိနေသည်။
မဟာဗျူဟာမြောက်နည်းလမ်းများသည် ကချင်ပြည်နယ်နှင့်ရှမ်းပြည်မြောက်ပိုင်း နှစ်နေရာစလုံးအတွက် ရည်မှန်းဦးတည်ထားသည်။

အစိုးရထိန်းချုပ်မှုအောက်ရှိ နေရာဒေသများရှိ ဒုက္ခသည်စခန်းများနှင့် အစိုးရထိန်းချုပ်မှု ပြင်ပရှိ နေရာဒေသများရှိ ဒုက္ခသည်စခန်းများတွင် အကျိုးခံစားခွင့်ရှိသူ ၉၉၀၇၀ (မှတ်ပုံတင်ထားသည့်  ၈၉,၃၆၁-ဦး, မှ ၁၂၆၈၄ ဦးမှာ မိသားစုနေအိမ်များတွင် ရွှေ့ ပြောင်းရောက်ရှိနေသူများ ဖြစ်သည်။)

လာမည့်နှစ်ကာလများတွင် အများဆုံးဖြစ်လာနိုင်ချေရှိသည့် အကျိုးခံစားခွင့်ရှိသူအသစ် ၂၀၀၀၀- အတွက် တုန့်ပြန်မှုပေးရန် သာမန်အရေးပေါ်အခြေအနေတွင် တုန့်ပြန်မှုဆိုင်ရာလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

ဘေးဒုက္ခခံစားနေရသူများအနေဖြင့် သူတို့၏ မူလနေထိုင်ရာအရပ်ဒေသများသို့ အလုံးအရင်းနှင့် ဝင်ရောက်လာမှု အခြေအနေကို ကြိုတင်ခန့်မှန်းရခက်သည်။ အမှန်တကယ် ဖြစ်ရပ်အခြေအနေများတွင် ဒုက္ခသည်များ၏ အများဆုံး ၅% ခန့်သာ ပြန်လည်ဝင်ရောက်နိုင်မည်ဟု ခန့်မှန်းထားသည်။

ဖော်ပြပါ ထည့်သွင်းစဥ်းစားရမည့်အချက်များသည် အောက်ဖော်ပြပါအနှစ်ချုပ်ဇယားကို ဦးတည်ဖြစ်ပေါ်စေသည်။

| လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်မှုအစီအစဉ် ရည်မှန်း သတ်မှတ်ချက် | ရေ/သန့် လုပ်ငန်းဆိုင်ရာ ရည်မှန်းလူဦးရေ | ဖြစ်ပွားမှုပမာဏ |
|---|---|---|
| စခန်းများတွင်ရှိနေသည့် ရွှေ့ပြောင်းနေရာချထားခံရသူများ | အစိုးရထိန်းချုပ်မှုအောက်ရှိစခန်းများ ရွှေ့ပြောင်းနေရာချထားခြင်းခံရသူများ | ၃၉,၃၉၂ |
| | အစိုးရထိန်းချုပ်မှုပြင်ပရှိစခန်းများတွင် ရွှေ့ပြောင်းနေရာချထားခြင်းခံရသူများ | ၄၆,၉၉၄ |
| မိသားစုနေအိမ်များတွင် ရွှေ့ပြောင်းရောက်ရှိနေသူများ | အစိုးရထိန်းချုပ်မှုအောက် | ၃၈၆၅ |
| | အစိုးရထိန်းချုပ်မှုပြင်ပ | ၈၈၁၉ |
| ကျေးရွာများ | ကျောင်းသူကျောင်းသားများ | ၁၀,၀၀၀ |
| | ကျေးရွာများ | ၁၀,၀၀၀ |
| ပန်လည်နေရာချထားခြင်းခံရသူများ | | ၅၃၁ |
| | အနည်းအကျဉ်းမျှသာဖြစ်သော အရေးပေါ်အခြေအနေ | ၂၀,၀၀၀ |
| | စုစုပေါင်း ရည်မှန်းအကျိုးခံစားရသူများ | ၁၁၉,၈၀၁ |
| | | |

# လုပ်ငန်းများအတွက်ခန့်မှန်းစရိတ်

| ဌာနခွဲ | လုပ်ငန်းများ | အရေအတွက် | ယူနစ် | ကုန်ကျစရိတ် | စုစုပေါင်းကုန်ကျစရိတ် |
|---|---|---|---|---|---|
| ရည်မှန်းချက်-၁ ရေရရှိနိုင်မှု | ရေရရှိရာနေရာများအဆင့်တိုးမြှင့်ခြင်း | ၁၇၂ | ယူနစ် | ၃၀၀ | ၅၁၄၅၀ |
| | ရေရရှိရာနေရာအသစ်များတည်ဆောက်ခြင်း | ၈၈ | ယူနစ် | ၅၀၀ | ၄၃၈၇၈ |
| | ကွန်ယက်များတိုးချဲ့ခြင်း | ၁၀၀၀ | မီတာ | ၁၅၀ | ၁၅၀၀၀၀ |
| | ရေရရှိရာနေရာများပြုပြင်ထိန်းသိမ်းခြင်း | ၄၆၆ | ပြုပြင်သည့်နှစ် | ၂၃၀ | ၁၀၇၀၈၂ |
| | ကျောင်းရေသန့်လုပ်ငန်း | ၆၅ | ကျောင်း | **၁၅၀၀** | **၉၇၅၀၀** |
| | အသုံးပြုအဖွဲ့ တည်ဆောက်ခြင်း နှင့် သင်တန်းပေးခြင်း | ၁၈၁ | ကော်မတီ | ၆၀၀ | ၁၀၈၈၈၇ |
| | ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာပစ္စည်းကိရိယာများ | ၁၈၁ | ပစ္စည်းကိရိယာများ | ၂၀၀ | ၃၆၂၉၆ |
| | ဘူမိရူပဆိုင်ရာသွင်ပြင်စူးစမ်းရှာဖွေခြင်း | ၂၀ | ယူနစ် | ၁၀၀၀ | ၂၀၀၀၀ |
| | အရေးပေါ်ရေသန့်စင်ခြင်း | ၅ | ယူနစ် | ၃၀၀၀၀ | ၁၅၀၀၀၀ |
| | ရေစမ်း သပ် စစ်ဆေးခြင်း | ၂၂၃၄၈ | လစဉ် စမ်းသပ်မှု | ၅ | ၁၁၁၇၃၈ |
| | အိမ်ထောင်စုအလိုက် ရေစမ်း သပ် စစ်ဆေးခြင်း | ၆၃၀၆ | ယူနစ် | ၂၆ | ၁၆၃၉၆၇ |
| | ရေချိုးရန်နေရာ | ၁၀၅၄ | ယူနစ် | ၂၅၀ | ၂၆၃၅၅၇ |
| | ရေစုဆောင်းသိုလှောင်သည့်စနစ် | ၆၇၁ | ယူနစ် | ၂၀၀ | ၁၃၄၁၀၁ |
| ရည်မှန်းချက်-၂ သန့်ရှင်းရေး | အိမ်သာများဆောက်လုပ်ခြင်း | ၁၉၇၅ | ယူနစ် | ၄၀၀ | ၇၈၉၉၅၂ |
| | အိမ်သာသန့်စင်ဆေးကြောသည့် ပစ္စည်းများကိရိယာများ | ၆၀၅၂၅ | မိသားစု | ၈ | ၄၈၄၁၉၈ |
| | အညစ်အကြေးများပြန်လည်စွန့်ထုတ်သည့် ပစ္စည်းကိရိယာများ | ၁၇၀ | လုပ်ငန်းခွင် | ၃၅၀၀ | ၅၉၅၀၀၀ |
| | မီးရှို့ပြာချစက် | ၅၀ | ယူနစ်-လုပ်ငန်းခွင် | ၁၀၀၀ | ၅၀၀၀၀ |
| | ကျောင်းအိမ်သာများ | ၆၅ | ယူနစ် | ၃၀၀၀ | ၁၉၅၀၀၀ |
| | ကျန်းမာရေးဌာန | ၁၅ | ဌာန | ၃၀၀၀ | ၄၅၀၀၀ |
| | အခြားလုပ်ငန်းများ | ၁၇၀ | အလုံးအရင်း | ၁၅၀၀ | ၂၅၅၀၀၀ |
| | ရေအမြစ်းဆင်းနိုင်သည့် ရေမြောင်းများ | ၅ | ကီလိုမီတာ | ၁၀၀၀ | ၅၀၀၀ |
| ရည်မှန်းချက်-၃ သန့်ရှင်းရေး အဆင့်မြှင့်တင်ခြင်း ရည်မှန်းချက်-၄ အိမ်ရှင်လူမှုအဖွဲ့ | သန့်ရှင်းရေးမြှင့်တင်ရေး ပစ္စည်းများ | ၁ | အကျိုးခံစားခွင့်ရှိသူ | ၄၅၀၀၀ | ၄၅၀၀၀ |
| | သန့်ရှင်းရေးအဆင့်မြှင့်တင်ခြင်း | ၁၁၉၅၇၀ | အကျိုးခံစားခွင့်ရှိသူ | ၁၂ | ၁၄၃၄၈၄၀ |
| | သန့်ရှင်းရေးသုံး ပစ္စည်းများ | ၁၉၂၂၈ | နှစ်စဉ် မိသားစုလိုက် | ၂၅ | ၄၈၀၇၀၀ |
| | ပြန်လည် နေရာချ ထားရေး ပစ္စည်းများ | ၂၀၀၀ | နှစ်စဉ် မိသားစုလိုက် | ၁၀၀ | ၂၀၀၀၀၀ |
| | ကျောင်းရေသန့်လုပ်ငန်း | ၆၅ | ကျောင်း | ၁၀၀၀ | ၆၅၀၀၀ |
| | ဖြစ်ရပ်လှုပ်ရှားမှုကော်မတီ၏လူထုစည်းရုံးလှုံ့ဆော်ရေးလုပ်ငန်း | ၁၇၀ | ဖြစ်ပျက်မှု | ၆၀၀ | ၁၀၂၀၀၀ |
| | သင်ကြားမှုဆိုင်ရာအထောက်အကူပြု ပစ္စည်းများ | ၁ | အလုံးအရင်း | ၅၀၀၀၀ | ၅၀၀၀၀ |
| ရည်မှန်းချက်-၅ လူထုစည်းရုံးလှုံ့ဆော်ရေး | ရေ/သန့်ကော်မတီဖွဲ့စည်းခြင်း | ၂၀၀ | ကော်မတီ | ၁၅၀ | ၃၀၀၀၀ |
| | ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာပစ္စည်းကိရိယာများ | ၂၀၀ | ပစ္စည်းကိရိယာများ | ၁၅၀ | ၃၀၀၀၀ |
| | ကော်မတီများအတွက်လေ့ကျင့်သင်တန်းပေးခြင်း | ၆၀၀ | သင်တန်းအချိန်အလိုက် | ၁၅၀ | ၉၀၀၀၀ |
| | ဖြစ်ရပ်လှုပ်ရှားမှုကော်မတီ၏လူထုစည်းရုံးလှုံ့ဆော်ရေးလုပ်ငန်း | ၇၀ | ဖြစ်ပျက်မှု | ၁၀၀၀ | ၇၀၀၀၀ |
| | သင်ကြားမှုဆိုင်ရာအထောက်အကူပြု ပစ္စည်းများ | ၁ | အလုံးအရင်း | ၅၀၀၀၀ | ၅၀၀၀၀ |
| အခြား | ပြန်လည် နေရာချ ထားရေး/ပြန်လည်ရောက်ရှိမှု | ၁၀၀၀၀ | အကျိုးခံစားခွင့်ရှိသူ | ၇၀ | ၇၀၀၀၀၀ |
| | အသေးအဖွဲတုန့်ပြန်မှု / သာမန်တုန့်ပြန်မှု | ၁၄၀၀၀ | အကျိုးခံစားခွင့်ရှိသူ | ၅၀ | ၇၀၀၀၀၀ |
| | ညှိနှိုင်းဆောင်ရွက်ခြင်း | ၁ | အလုံးအရင်း | ၅၀၀၀၀၀ | ၅၀၀၀၀၀ |
| | လေ့လာသုံးသပ်ခြင်း | ၁ | အလုံးအရင်း | ၂၀၀၀၀ | ၁၀၀၀၀၀ |
| | အထောက်အကူပြုစရိတ် + အထွေထွေအသုံးစရိတ် | ၂၀% | အချိုး | - | ၁၆၄၇၀၂၉ |

၂၀၁၅-ခုနှစ်အတွက် ကချင်ပြည်နယ် ရေ/သန့်လုပ်ငန်းစုအဖွဲ့၏ မဟာဗျူဟာအတွက် လုပ်ငန်းဆောင်ရွက်မှု စရိတ်များ- ၉,၈၈၂,၁၇၆

ACTION CONTRE LA FAIM ACTED AVSI www.avsi.org CDN KMSS Oxfam

RELIEF INTERNATIONAL RESCUE Save the Children SOLIDARITÉS INTERNATIONAL Kachin Baptist Convention KBC DRC DDG cesvi

unicef
unite for children